ဆုတောင်းပြည့်မယ်လမုစေတီတော်
အဘိဓမ္မာသင်တန်း

# အဘိဓမ္မတ္ထသင်္ဂဟ

(တတိယဆင့်)

(သမုစ္စည်း–ပစ္စည်း–ကမ္မဋ္ဌာန်း)

ပို့ချချက်များ

မဟာသဒ္ဓမ္မဇောတိကဓဇ
ဦးကိုကိုမြိုင်
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီ-အေ)

ဆုတောင်းပြည့်မယ်လမုစေတီတော်
**အဘိဓမ္မာသင်တန်း**

# အဘိဓမ္မတ္ထသင်္ဂဟ

## (တတိယဆင့်)

## (သမုစ္စည်း - ပစ္စည်း - ကမ္မဋ္ဌာန်း)

## ပို့ချချက်များ


မဟာသဒ္ဓမ္မဇောတိကဓဇ

**ဦးကိုကိုမြိုင်**

တက္ကသိုလ်ဘျူင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

ပထမအကြိမ် * ၂၀၀၅-ခုနှစ်
အုပ်ရေ * ၁၅၀၀

**ထုတ်ဝေသူ**

* * *

ဦးထွန်းမြအောင် (ယာယီ-၅၄၉)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊
သာသနာရေးဝန်ကြီးဌာန၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

* * *

ဦးအောင်မြင့်သိန်း (မြဲ- ၀၆၃၆၄)
"အင်ကြင်းမြိုင်" ပုံနှိပ်တိုက်
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန စာကြည့်တိုက်
အမှတ် ၂၈၅၂၅
ရက်စွဲ ၂၄.၉.၂၀၁၃

# အမှာစာ

ဤကမ္ဘာလောကတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဂေါတမ ပွင့်ထွန်းပေါ်ပေါက်ခဲ့သည်။ ထိုဗုဒ္ဓဂေါတမ ပွင့်ထွန်းပေါ်ပေါက်စဉ်အချိန်၌ကား ဤကမ္ဘာလောကကြီးကို လေ့လာစုံစမ်း၊ စမ်းသပ်သုတေသနပြုကြသော သိပ္ပံပညာရှင်တို့သည် မပေါ်ပေါက်သေးသလို သိပ္ပံပညာ၏စွမ်းအားသည်လည်း ယခုလောက် တိုးတက်ဖွံ့ဖြိုးမှုမရှိသေးပါချေ။ ယခုခေတ်တွင် သဘာဝဓမ္မတို့ကို လေ့လာစုံစမ်းသုတေသနပြုပြီး သိပ္ပံပညာရှင်တို့က လောကလူသားတို့အတွက် ရုပ်မြင်သံကြား၊ လေယာဉ်ပျံ၊ ဂြိုဟ်တုအဆုံး အလုံးစုံအံ့မခန်းချည်းတို့ကို ဖော်ထုတ်ပြုလုပ်ခဲ့ကြပါသည်။

သိပ္ပံပညာရှင်တို့က စကြဝဠာတစ်ခုလုံးရှိ ရုပ်ဓာတ်စွမ်းအားများသည် မည်သည့်အခါမျှ လျော့သွားသည်မရှိ၊ နဂိုရှိသလောက်ပင်တည်ရှိသည်၊ စွမ်းအားတစ်မျိုးမှတစ်မျိုးသို့ ပြောင်းလဲသွားခြင်းသာရှိသည်ဟု ဆိုကြပါသည်။ ရုပ်ဓာတ်စွမ်းအားကိုသာ သိရှိသဘောပေါက်ခဲ့ကြသော သိပ္ပံပညာရှင်များ ဤမျှစွမ်းဆောင်နိုင်၍ အံ့မခန်းဖြစ်နေလျှင် ရုပ်ဓာတ်စွမ်းအင်ကိုသာမက နာမ်ဓာတ်စွမ်းအင်ကိုပါ သိရှိအသုံးချနိုင်မည်ဆိုပါက ပို၍ပင် အံ့သြဖွယ်ရာအတိ ဖြစ်ကြပေလိမ့်မည်။

ဗုဒ္ဓဂေါတမသည် သိပ္ပံပညာ မထွန်းကားသေးသော လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဤစကြဝဠာရှိ ရေ-မြေ-တော-တောင်တို့၏ မဟာဘူတ ဓါတ်ကြီးလေးပါးက တည်ဆောက်ပုံ၊ စကြဝဠာအတွင်းရှိ ကုဋေများစွာသော နတ်၊ ဗြဟ္မာအမျိုးမျိုး၊ လူအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးဖြစ်ပေါ်နေပုံ၊ ရုပ်ဓာတ်စွမ်းအင်၊ နာမ်ဓာတ်စွမ်းအင်၂မျိုးရှိနေပုံ အလုံးစုံကို အသေးစိတ် ခရေစေ့တွင်းကျ ဟောဖော်ထုတ်ပြခဲ့ပါသည်။

ထိုတွင်မက ထိုရုပ်စာတ်-နာမ်စာတ်ဖြစ်ပေါ်လာပုံကို ဟောပြောပြသလို သိပ္ပံပညာရှင်တို့ ယခုထက်ထိ မဖော်ထုတ်နိုင်သေးသော ထိုရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ချုပ်ငြိမ်းစေသောနည်းလမ်းကိုလည်း ထုတ်ဖော်ဟောကြားခဲ့ပါသည်။

ဤရုပ်ဓာတ်၊ နာမ်ဓာတ် သဘာဝနိယာမတို့ဖြစ်ပေါ်မှုကိုလည်းကောင်း၊ ချုပ်ငြိမ်းစေမှုကိုလည်းကောင်း ဖော်ထုတ်ပေးသောတရားမှာ ဗုဒ္ဓဂေါတမ၏ အဘိဓမ္မာတရားပင်ဖြစ်ပါသည်။

အဘိဓမ္မာတွင် ရုပ်ဓာတ်၊ နာမ်ဓာတ်စွမ်းအားကြီးများကို အပြီးပိုင်ချုပ်ငြိမ်းပျောက်စေသောနည်းများရှိသည်။ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို ထပ်တလဲလဲဖြစ်စေသော အနုသယကိလေသာဓာတ်တို့ကို ပယ်ထုတ်နိုင်သော၊ ငြိမ်းစေနိုင်သောနည်းအမျိုးမျိုးကို အဘိဓမ္မာတရား၌ သမထ ဝိပဿနာတရားဟူသော နည်းလမ်းဖြင့် လမ်းညွှန်ဟောပြထားခဲ့ပါသည်။

သိပ္ပံပညာရှင်များ ဉာဏ်မမီနိုင်လောက်အောင် ဗုဒ္ဓဘုရားရှင်၏ ရုပ်ဓာတ်၊ နာမ်ဓာတ် အသေသတ်နိုင်သောနည်းလမ်းသည် အဘိဓမ္မာတရားတစ်ခုတည်းတွင်သာ ရှိပါသည်။

ဗုဒ္ဓအဘိဓမ္မာတရားကို သင်ယူခြင်းဖြင့် ပစ္စုပ္ပန်ဘဝတွင်သာမက ဘဝအဆက်ဆက် ကောင်းကျိုး၊ မကောင်းကျိုးပေးနိုင်သော နာမ်ဓာတ်စွမ်းအားမျိုးစေ့ကို ကောင်းစွာ သိရှိနိုင်ပါသည်။ မိမိသန္တာန်ဝယ် ကောင်းကျိုးပေးမည့် နာမ်ဓာတ်စွမ်းအားမျိုးစေ့များ တိုးပွားလာအောင်ပြုလုပ်နည်း၊ ထိုနာမ်ဓာတ်ကလေး ချုပ်ငြိမ်းပြီး အငြိမ်းဓာတ် သန္တိသုခနိဗ္ဗာန်ကို ရနိုင်မည့်နည်းကို ပေးထားပါသည်။

ဤနည်းများသည် ဤ **အဘိဓမ္မတ္ထသင်္ဂဟ-သမုစ္စည်း-ပစ္စည်း-ကမ္မဋ္ဌာန်းပိုင်း** တွင် အပြည့်အစုံဖော်ပြထားပါသည်။

ဤအပိုင်းကို လေ့လာသင်ယူသောအားဖြင့်-

-ရုပ်နာမ်တရားများကို ပိုင်းခြားသိမြင်နိုင်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရနိုင်သည်။

- ရုပ်နာမ်ခန္ဓာတရားများ၌ ပညာမျက်စိကန်းနေရသော အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ်ဘဝသို့ ရောက်ရှိနိုင်သည်။
- ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ရန် ပါရမီမျိုးစေ့ရနိုင်သည်။
- ဘာသာရေးစာပေများကို လေ့လာရာမှာဖြစ်စေ၊ တရားဒေသနာများကို နာကြားရာမှာဖြစ်စေ၊ ကိုယ်တိုင် သမထဝိပဿနာတရားကို အားထုတ်ရာမှာဖြစ်စေ အဘိဓမ္မာကို သင်ယူတတ်မြောက်ထားသဖြင့် သူတကာထက် ပိုမိုတတ်သိနားလည်လွယ်သည်။ ကျင့်ကြံအားထုတ်မှု၌ သဘောပေါက်လွယ်သည်။

ဤအကျိုးများကို မုချဆတ်ဆတ်ရသဖြင့် ဤအပိုင်းသည် လူသားတို့အတွက် အလွန်အရေးကြီးသောအပိုင်း ဖြစ်ပါသည်။

ဤအပိုင်းကို လွယ်လင့်တကူ သင်ယူဖတ်ကြားသိရှိနိုင်စေရေးအတွက် စာရေးသူသည် အတတ်နိုင်ဆုံး ရှင်းလင်းရေးသားပြထားပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရေးသားပြုစုပေးရန် မေတ္တာရပ်ခံခဲ့သော မယ်လမုစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌကြီး ဦးသန်းမောင်၊ စာအုပ်များ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ငွေအားဖြင့်ကူညီခဲ့သော မယ်လမုအဘိဓမ္မာသင်တန်းကော်မတီမှ အတွင်းရေးမှူး ဗိုလ်မှူးကြီးသန်းမြင့် [ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)]၊ ဤစာအုပ်ရေးသားနိုင်ရန်အတွက် အစစအရာရာကူညီခဲ့သော သင်တန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းလွင်၊ အဖွဲ့ဝင် ဦးလှစိုးတို့နှင့် မယ်လမုစေတီဂေါပကအဖွဲ့ဝင်တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

အားလုံးသောအဘိဓမ္မာတရား နာယူ, ဖတ်ကြား, သင်ယူသူအပေါင်း အနုသယကိလေသာပြတ်၍ အငြိမ်းဓာတ်သန္တိသုခရနိုင်ကြပါစေ…

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယဘီ-အေ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁။ သမုစ္စည်းပိုင်း** | |
| ၁။ | ပရမတ္ထတရားကိုယ် ၄-ပါး | ၁ |
| ၂။ | အကုသလသင်္ဂဟ (ပါပသင်္ဂဟ) | ၃ |
| ၃။ | မိဿကသင်္ဂဟ | ၁၆ |
| ၄။ | ဗောဓိပက္ခိယသင်္ဂဟ | ၂၄ |
| ၅။ | သဗ္ဗသင်္ဂဟ | ၃၁ |
| | **၂။ ပစ္စည်းပိုင်း** | |
| ၁။ | ကြောင်းကျိုးဆက်နွယ်ပုံ ၂-နည်း | ၄၃ |
| ၂။ | ပဋိစ္စသမုပ္ပါဒ်နည်း | ၄၄ |
| ၃။ | ပဋ္ဌာန်းနည်း | ၆၄ |
| ၄။ | ၂၄-ပစ္စည်းတို့၏ ပစ္စည်း-ပစ္စယုပ္ပန်ကျေးဇူးပြုပုံများ | ၆၉ |
| ၅။ | ပစ္စယသတ္တိ ကျေးဇူးပြုပုံ ၆-မျိုး | ၈၅ |
| ၆။ | ပညတ်ခန်း | ၁၄၀ |

| စဉ် | အကြောင်းအရာ | စာမျက် |
|---|---|---|

## ၃။ ကမ္မဋ္ဌာန်းပိုင်း


| | | |
|---|---|---|
| ၁။ | သမထကမ္မဋ္ဌာန်း (သမထဘာဝနာ-၄၀) | ၁၅၀ |
| ၂။ | သပ္ပါယဘေဒ | ၁၅၅ |
| ၃။ | ဂေါစရဘေဒ | ၁၅၇ |
| ၄။ | ဘာဝနာဘေဒ | ၁၅၉ |
| ၅။ | ဝသီဘော် ၅-ပါး | ၁၆၆ |
| ၆။ | အဘိညာဉ် | ၁၇၂ |
| ၇။ | ဝိပဿနာကမ္မဋ္ဌာန်း | ၁၇၅ |
| ၈။ | ဝိသုဒ္ဓိ ၇-ပါး | ၁၇၆ |
| ၉။ | လက္ခဏာ ၃-ပါး | ၁၈၁ |
| ၁၀။ | ဝိပဿနာဉာဏ် ၁၀-ပါး | ၁၈၁ |
| ၁၁။ | ဝိပဿနုပက္ကိလေသ ၁၀-ပါး | ၁၈၄ |
| ၁၂။ | ပုဂ္ဂလဘေဒ | ၁၉၈ |
| ၁၃။ | သမာပတ္တိဘေဒ | ၂၀၀ |
| ၁၄။ | ဝိမောက္ခဘေဒ | ၂၀၃ |

# သမုစ္စည်းပိုင်း

**သမုစ္စယ** = သမုစ္စည်း

- ယှဉ်ထိုက်သလို သဘောတူတရားတို့ကို စုပေါင်း၍ ဖော်ပြသောအပိုင်း ဖြစ်သည်။

## ပရမတ္ထတရားကိုယ် ၄–ပါး

စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ဖန္နရုပ် ၁၈-ပါး၊ နိဗ္ဗာန်-၁

ဤပရမတ္ထတရားကိုယ်တရား ၇၂-ပါးသည်-

**သလက္ခဏာ**

- ကိုယ်ပိုင်သဘာဝလက္ခဏာအသီးသီးရှိကြသည်။

**ဝတ္ထုဓမ္မာ**

- ပရမတ်အလို အထည်ကိုယ်လည်း ရကောင်းပါသည်။
  (အနိပ္ဖန္နရုပ် ၁၀-ပါးသည် သလက္ခဏ ရကောင်းသော်လည်း ဝတ္ထုဓမ္မမရကောင်း၍ ဤအပိုင်းတွင် ချန်ထားရပါသည်။)

**စိတ် ၁-ပါး**

- စိတ်သည် စေတသိက်နှင့်ယှဉ်၍ အကျဉ်း-၈၉၊ အကျယ်-၁၂၁ ရှိသော်လည်း စိတ်၏သဘောမှာ အာရုံကိုသိရုံမျှသာ သိသောကြောင့် သဘာဝချင်း စွမ်းရည်ချင်း တူကြ၍ ရောနှော၍ရသဖြင့် စိတ် ၁-ပါးသာရှိသည်။

- စိတ်တို့ကို ရေနှင့်တူသည်ဟု ဥပမာပြုသည်။ ရေကန်ထဲရှိ မိုးရေ၊ အိုးထဲရှိမိုးရေ၊ ရေခွက်ထဲရှိမိုးရေတို့ကို စုပေါင်းက မိုးရေတစ်မျိုးတည်းသာ ရသကဲ့သို့ စိတ်သည်လည်း အမည်ကွဲနေသော်လည်း သဘာဝချင်းတူ၍ တစ်မျိုးတည်းသာရပါသည်။

**စေတသိက် ၅၂-ပါး**

- စေတသိက်တို့တွင် ဖဿ၊ ဝေဒနာ၊ လောဘ၊ ဒေါသ၊ သဒ္ဓါ၊ သတိ စသည်တို့သည်ကား သူ့စွမ်းရည်နှင့်သူရှိကြပြီး သဘာဝချင်းမတူ-ကွဲပြားကြသောကြောင့် စေတသိက် ၅၂-ပါးလုံးကို ယူရသည်။

**ရုပ် ၁၈-ပါး**

- ရုပ်သည် နိပ္ဖန္နရုပ် ၁၈-ပါး၊ အနိပ္ဖန္နရုပ် ၁၀-ပါးအားဖြင့် ၂၈-ပါး ရှိသော်လည်း အနိပ္ဖန္နရုပ် ၁၀-ပါးကား ရုပ်အစစ် မဟုတ်၊ နိပ္ဖန္နရုပ် ၁၈-ပါး၏ အရိပ်မျှသာ ဖြစ်သည်။ ရုပ်စစ်စစ်ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါးကိုသာ ဤ၌ ပြဆိုပါသည်။

**နိဗ္ဗာန် - ၁**

- နိဗ္ဗာန်ကိုလည်း-၁ အနေနှင့် ပြဆိုပါသည်။

## ပြဆိုသောသင်္ဂဟများ

သမုစ္စည်းပိုင်းတွင် ပရမတ်တရား ၇၂-ပါးကို စုပေါင်း ပြဆိုရာ၌ အခန်း ၄-ခန်း ခွဲ၍ ပြဆိုပါသည်။

၁။ အကုသလသင်္ဂဟ - ပရမတ်တရား ၇၂-ပါးထဲမှ အကုသိုလ်နှင့်ဆိုင်ရာတရားများကို စုပေါင်း၍ပြသည်။

၂။ မိဿကသင်္ဂဟ - ၇၂-ပါးထဲမှ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားများကို စုပေါင်း၍ပြသည်။

၃။ ဗောဓိပက္ခိယသင်္ဂဟ - ၇၂-ပါးထဲမှ မဂ်ဉာဏ်၏ အစုအသင်းဝင်တရားများကို စုပေါင်း၍ပြသည်။

၄။ သဗ္ဗသင်္ဂဟ - ၇၂-ပါးထဲမှ အလုံးစုံသောတရားအပေါင်းကို စုပေါင်း၍ပြသည်။

# အကုသလသင်္ဂဟ (ပါပသင်္ဂဟ)

အပြစ်ရှိ၍ မကောင်းသောအကျိုးကိုပေးတတ်သော တရားတို့ကို စုပေါင်း၍ ပြသောအခန်းဖြစ်သည်။

ဤအခန်းတွင် အပြစ်ရှိ၍ မကောင်းကျိုးကိုပေးတတ်သော အကုသိုလ်နှင့် ဆိုင်ရာ သဘာဝတရားများကို စုပေါင်း၍ အခန်း ၁၀ ခန်းဖြင့် ဖော်ပြထားပါသည်။

၁။ အာသဝ ၄-ပါး
၂။ ဩဃ ၄-ပါး
၃။ ယောဂ ၄-ပါး
၄။ ဂန္ထ ၄-ပါး
၅။ ဥပါဒါန် ၄-ပါး
၆။ နီဝရဏ ၆-ပါး
၇။ အနုသယ ၇-ပါး
၈။ သံယောဇဉ် ၁၀-ပါး (သုတ္တန်နည်း)
၉။ သံယောဇဉ် ၁၀-ပါး (အဘိဓမ္မာနည်း)
၁၀။ကိလေသာ ၁၀-ပါး

## ၁။ အာသဝ ၄-ပါး

အာ + သဝ

အာ = မှ ----- တိုင်အောင်

(ဘဝဂ်တိုင်အောင်၊ ဂေါတြဘူတိုင်အောင်)

သဝ= ယိုစီးထွက်သည်။

- အာသဝတရားသည် ဘုံအားဖြင့် ဘဝဂ်ဆိုသော နေဝသညာနာသညာယတန ဘုံတိုင်အောင်၊
- တရားအားဖြင့် ပုထုဇဉ်၏အဆုံး၊ အရိယာအဆင့်ဖြစ်သော ဂေါတြဘူ တိုင်အောင် စီးသွားတတ်သောကြောင့် အာသဝ ဟုခေါ်သည်။

- အသီး၊ အပင်တို့ကို ထိုးဆိတ်ဆွသော် အစေးများ ယိုထွက်သကဲ့သို့လည်းကောင်း၊ အနာမှ ပြည်ယိုထွက်၍ အသားမှသွေးယိုထွက်သကဲ့သို့လည်းကောင်း၊ လူတို့တွင် အာရုံ ၆-မျိုး တစ်မျိုးမျိုး နှိုးဆွလိုက်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသော အကုသိုလ်တရားများ ယိုစီးထွက်သည်။ ယင်းကို အာသဝဟု ခေါ်သည်။
- အသီး၊ အပင်၊ အသားတို့ကို မထိုးဆိတ်၊ မဆွလျှင် အစေး၊ သွေးများ မထွက်သလို စိတ်သည် အာရုံနှင့် မတွေ့သော် စိတ်ထဲမှ လောဘ၊ ဒေါသ၊ မောဟ စသော တရားများ မယိုစီး မထွက်ပေ။

တစ်နည်း - စိမ်ရည်အိုးထဲ၌ ကြာမြင့်စွာစိမ်ထားသော စိမ်ရည်အရက်ကဲ့သို့ အနမတဂ္ဂသံသရာဝယ် သတ္တဝါတို့၏ ခန္ဓာအစဉ်တည်းဟူသော စိမ်ရည်အိုး၌ ကြာရှည်စွာစိမ်ထားသည်ဖြစ်၍ အာနိသင်ပြင်းပြကာ မိမိတို့ကိန်းအောင်းရာ ပုထုဇဉ်သတ္တဝါတို့အား တွေဝေယစ်မူးစေသော တရားကို အာသဝ ဟု ခေါ်ပါသည်။

၁။ ကာမာသဝ - ကာမဂုဏ် အာရုံငါးပါး၌ယစ်မူးခြင်း၊
- တရားကိုယ်မှာ လောဘမူစိတ် ၈-ပါး၌ ယှဉ်သော လောဘ ဖြစ်သည်။

၂။ ဘဝါသဝ - ရူပဈာန်၊ အရူပဈာန်တို့၏ အကျိုးတရား၌ ယစ်မူးခြင်း၊
- တရားကိုယ်မှာ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ ယှဉ်သော လောဘ၊

၃။ ဒိဋ္ဌာသဝ - မှားသောအားဖြင့် ရှုမြင်၍ယစ်မူးခြင်း၊
- တရားကိုယ်မှာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး၌ ယှဉ်သော ဒိဋ္ဌိ၊

၄။ အဝိဇ္ဇာသဝ - သစ္စာလေးပါးကို မသိ၍ ယစ်မူးခြင်း၊
- တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော မောဟ၊

တဏှာ၊ ရာဂ၊ လောဘဟူသော စကားသည် သဘောတရားအားဖြင့် အတူတူပင် ဖြစ်ပါသည်။ ထိုတရားသည် မြစ်ရေစီးကြောင်းသဖွယ် သတ္တဝါတို့၏ စိတ်သန္တာန်၌ အမြဲစီးဆင်းနေသည်။

လူတို့၏စိတ်သည် ထိုလောဘမြစ်ရေစီးကြောင်းတွင် အမြဲစီးဆင်းနေရသည်။

လူတို့၏စိတ်မှ လောဘယိုစီးဖန်များသော် ဒိဋ္ဌိ၊ မောဟတရားများ ယိုစီး ထွက်လာပါသည်။

မြစ်ရေစီးကြောင်းတွင် ရေအလျဉ်သည် အားပျော့စွာစီးဆင်းသည်လည်း ရှိသည်။ အားပြင်းစွာစီးဆင်းသည်လည်းရှိသကဲ့သို့ လူတို့၏စိတ်တွင် လောဘတရား စီးဆင်းမှု သည်လည်း အနည်းအများရှိပါသည်။

ဥပမာ-သိန်းထီပေါက်၍ ဝမ်းသာလုံးဆို့၍သေရခြင်း၊ ပျော်ရွှင်မှုအားကြီး၍ အစားမေ့ပြီး မနောပဒေါသိကနတ်များသေရခြင်း စသည်များသည် လောဘ ရေစီးကြောင်း အားသန်သောကြောင့်ဖြစ်သည်။

ကုသဝတီတိုင်းပြည်သခင် မင်းကုသသည် ပဘာဝတီကို စွဲလမ်း၍ အိုးလုပ်သား ဘဝ ရောက်သွားခြင်း၊ ပဋာစာရီသူဌေးသမီး ကျွန်ကိုဒါသနောက် လိုက်သွားခြင်းသည် လောဘရေစီးကြောင်းက သယ်ဆောင်သွားခြင်းဖြစ်သည်။

ရုပ်ရှင်ကြည့်နိုင်မှ၊ ဟိုတယ်တက်နိုင်မှ ဂုဏ်ရှိသည်၊ အဆင့်အတန်း မြင့်သည် ဟု ထင်မှတ်နေခြင်းသည် ဒိဋ္ဌိ ဖြစ်သည်။

ရုပ်ရှင်ပွဲလမ်းသဘင်များကိုကြည့်သော် ဂုဏ်သိက္ခာဆုတ်ယုတ်ခြင်း၊ အကျင့် စာရိတ္တပျက်ပြားခြင်း၊ ဉာဏ်အမြော်အမြင်ရှိသူက ကဲ့ရဲ့ခြင်း၊ ပညာဉာဏ် ရင့်သန်သော ပရိသတ်ထဲသို့ မဝင်ဝံ့ခြင်း စသည့် အပြစ်တို့ကိုမမြင်ခြင်းသည် မောဟဖုံးလွှမ်း ထားသောကြောင့်ဖြစ်သည်။

မောဟ၊ ဒိဋ္ဌိ၊ လောဘတရားများ အားပြင်းစွာ၊ ရှင်သန်စွာ ယိုစီး**ထွက်**သော် ပျော်ပွဲရွှင်ပွဲသို့ သွားကြတော့သည်။

ပျော်ပွဲရွှင်ပွဲများသည် အကုသိုလ်လုပ်ငန်းများဖြစ်ကြောင်း၊ အကျိုးကျေးဇူး ပျက်ပြားနိုင်ကြောင်း၊ အပြစ်ဖြစ်နိုင်ကြောင်းကို သိ၍ သွားသူတွင် ဒိဋ္ဌိ၊ မောဟ

မပါဝင်ပေ။ ဒိဋ္ဌိ၊ မောဟမပါဝင်သောကြောင့် ရေစီးကြောင်းသည် အားပျော့သွားပါသည်။

လောဘရေစီးကြောင်းသည် တောင်ကျရေနှင့်တူသည်။ တောင်ကျရေသည် သစ်ရွက်သစ်ခက်များကို အောက်သို့မျှောချသကဲ့သို့ လောဘသည် သတ္တဝါတို့ကို အပါယ်လေးဘုံသို့ မျှောချတတ်သည်။

မိမိ၏ခန္ဓာကိုယ်ပေါ်တွင် အနာရောဂါ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော သံချွန်၊ တုတ်၊ ဓားလက်နက်များကို ရှောင်ရှား၍ရနိုင်သော်လည်း မိမိကိုယ်ပေါ်တွင်ရှိသော ပသာဒရုပ်များနှင့်လာတိုက်ထိ၍ ဝိညာဏ်စိတ်အသီးသီး ဖြစ်ပေါ်စေနိုင်သော အာရုံများကိုကား ရှောင်ရှား၍မရပါ။ အာရုံများကို လက်ခံရရှိသော် လောဘ၊ မောဟ၊ ဒိဋ္ဌိအာသဝတရားများ ပေါ်ထွက်လာပြန်သည်။

အာရုံများကိုရရှိသော် စိတ်ထဲက လောဘ၊ ဒိဋ္ဌိ၊ မောဟ မထွက်ရလေအောင် မဂ္ဂင်ရှစ်ပါးဖြင့် ကျင့်သုံးပါက ထိုလောဘ၊ ဒိဋ္ဌိ၊ မောဟရေစီးကြောင်းများ မစီးနိုင်တော့ပေ။

ထိုလောဘ၊ ဒိဋ္ဌိ၊ မောဟအာသဝတရားများ ကုန်ခန်းပြီးသောသူများကို ခီဏာသဝ (အာသဝေါကုန်ပြီးသူ) အရိယာရဟန္တာဟု ခေါ်ဆိုပါသည်။

## ၂။ ဩဃ ၄-ပါး

**ဩဃ** - ဩဃ၏အဓိပ္ပာယ်မှာ ရေအလျဉ်ဝဲ ဟုခေါ်ပါသည်။ ပကတိရေအလျဉ်ဝဲသည် သတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက် နှစ်မြှုပ်သတ်ဖြတ်တတ်သကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟတရားများသည် သတ္တဝါများကို ဝဋ္ဋဒုက္ခအလယ် အပါယ်လေးပါး၌ လွှမ်းမိုး နှိပ်စက်နှစ်မြှုပ်သတ်ဖြတ်တတ်သောကြောင့် ဩဃ ဟုခေါ်ပါသည်။

၁။ ကာမောဃ - ကာမဂုဏ်အာရုံများကို လိုလားတပ်မက်သောဝဲထဲ၌ တဝဲလည်လည် မိနေခြင်း၊ တရားကိုယ်-လောဘ၊

၂။ ဘဝေါဃ - ရူပဈာန်၊ အရူပဈာန်အကျိုးတရား ဝဲထဲ၌ တဝဲလည်လည် မိနေခြင်း၊ တရားကိုယ်-လောဘ၊

၃။ ဒိဋ္ဌောဃ - ၆၂-ပါးသောမှားသောအယူဝဲထဲ၌ တဝဲလည်လည်မိနေခြင်း၊ တရားကိုယ်-ဒိဋ္ဌိ၊

၄။ အဝိဇ္ဇောဃ - သစ္စာလေးပါးစသည်ကို မသိမှုဝဲ၌ တဝဲလည်လည်မိနေခြင်း၊ တရားကိုယ်-မောဟ၊

ကာမောဃဟုခေါ်သော ကာမဂုဏ်အာရုံများကို လိုလားတပ်မက်သောဝဲထဲ တွင် တဝဲလည်လည်မိနေသူသည် မိမိလိုရာပန်းတိုင်သို့ မရောက်နိုင်ဘဲ အောက်သို့ ကျဆင်းရသည်။

ဥပမာ - မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်နေစဉ် ဝိသမလောဘလွှမ်းမိုးပြီး လာဘ်စားသောကြောင့် အလုပ်ပြုတ်သွားရသည်။ ဤသည်မှာ ကာမောဃ ဟူသော လောဘဝဲထဲတွင် နစ်မြုပ်ခံရခြင်းဖြစ်သည်။

- ယခုဘဝတွင် မိမိလိုလားချက်မပြည့်စုံ၊ ဆင်းရဲများစွာ တွေ့ကြုံနေရ၍ နောင်ဘဝ ချမ်းသာရလိမ့်မည်ဟူ၍ နောင်ဘဝကိုသာ လိုလားသဖြင့် မိမိဘဝသတ်သေသူများရှိသည်။ ထိုသူများသည် ကာမောဃ၊ ဘဝေါဃ များတွင် နစ်မျောနေသူများ ဖြစ်ကြသည်။

- ပင်လယ်ရေမှ ရေဝဲကိုမြင်ရသော်လည်း သတ္တဝါတို့၏ ဝဲကိုမမြင်ရခြင်း သည် အဝိဇ္ဇောဃဟူသော မောဟဝဲကြီးဖုံးလွှမ်းထားသောကြောင့် ဖြစ်သည်။

လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော ဝဲကြီးများကြောင့် သတ္တဝါတို့သည် ၃၁-ဘုံတွင်းဝယ် ကျင်လည်နေကြရသည်။

ပင်လယ်ဝဲသည် တက်လိုက်-မြုပ်လိုက်ရှိသကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟ အားနည်း၍ ဝဲမှလွတ်ကင်းသော် အလွန်တိုတောင်းသည့်နတ်ပြည်၊ ဗြဟ္မာပြည် စသည် အထက်နေရာများသို့ ရောက်ရှိရသည်။

သို့သော် ဗြဟ္မာပြည်မှာ တဝင်းဝင်း-ဝက်စားကျင်းမှာ တရှုပ်ရှုပ် ဆိုသကဲ့ သို့ နတ်၊ ဗြဟ္မာများသည် ကာမောဃ၊ ဘဝေါဃထဲတွင် လည်နေရသောကြောင့် နောင်တစ်ဖန် အပါယ်လေးဘုံသို့ ကျဆင်းနစ်မြုပ်ရသော သဘောရှိသည်။

## ၄။ ဂန္ထ ၄-ပါး

**ဂန္ထ** - ကြိုးထုံး၊ သံကွင်းချင်းဆက်ကာ ထုံးနှောင်ဖွဲ့ယှက်ထားသကဲ့သို့ သတ္တဝါတို့၏ နာမ်အစု၊ ရုပ်အစုတို့ ဝဋ်ဆင်းရဲမှ မလွတ်ရအောင် သေပြီးမွေး-မွေးပြီးသေ ဆက်ပေးတတ်သောတရားကို ဂန္ထ ဟုခေါ်သည်။

၁။ အဘိဇ္ဈာကာယဂန္ထ - အာရုံတစ်ခုခုကို ရှေ့ရှုကြံစည်လိုချင်ခြင်းသဘော၊ သူတစ်ပါးပစ္စည်းကို ကိုယ်ပိုင်ဖြစ်လိုသောအားဖြင့် ရှေ့ရှုကြံစည်ခြင်း၊ လိုချင်ခြင်း (လောဘ)၊

၂။ ဗျာပါဒကာယဂန္ထ - စိတ်၏ ဖောက်ပြန်ပျက်စီးခြင်း၊ စိတ်ဆိုးခြင်းသို့ ရောက်ကြောင်းဖြစ်သော ဒေါသ (ဒေါသ)၊

၃။ သီလဗ္ဗတပရာမာသ ကာယဂန္ထ - နွား၊ ခွေးစသည်တို့၏ အလေ့အကျင့်ကိုကျင့်လျှင် ကိလေသာမှစင်ကြယ်၊ သံသရာမှလည်းလွတ်မြောက်၏ဟု မှားယွင်းစွာ သုံးသပ်စွဲလမ်းခြင်း (ဒိဋ္ဌိ)၊

၄။ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ - အယူမှားယူပြီးလျှင် ဤငါ့အယူသာမှန်သည်၊ ကျန်သမျှ အလွဲချည်းဟု မှားယွင်းစွာ စွဲလမ်းတတ်သော အပြုအမူ (ဒိဋ္ဌိ)

အဘိဇ္ဈာကာယဂန္ထဟူသော လောဘစာတ်လွန်ကဲလာလျှင် စပါးကြီးမြွေ အညှို့ခံထားရသောသူကဲ့သို့ မိမိလိုချင်သောပစ္စည်းပေါ်တွင် တဝဲလည်လည် ရောက်နေတတ်၏။ ထုံးဖွဲ့ထားတတ်၏။ စားလည်း-ဤလိုချင်စိတ်၊ သွားလည်း-ဤလိုချင်စိတ် ဖြစ်နေသည်။

ဤသည်မှာ အဘိဇ္ဈာကာယဂန္ထထုံး ဖွဲ့ထားသောကြောင့် ဖြစ်သည်။

ဗျာပါဒကာယဂန္ထသည် ဒေါသနှင့်ရုပ်အစု-နာမ်အစုကိုလည်းကောင်း၊ ကံဟုခေါ်သော အမှုကိစ္စ ဆောင်ရွက်ဖွယ်တို့ကိုလည်းကောင်း ထုံးဖွဲ့ထားပြီး အကျိုးတရားနှင့်လည်း ထုံးဖွဲ့တတ်ပါသည်။

ဒေါသ၏စွမ်းရည်မှာ ပူလောင်သည်။ ဖျက်ဆီးနိုင်၏။ ဒေါသဝင်လာလျှင် သူတစ်ပါးကိုလည်း ပျက်စီးအောင်လုပ်၏။ မိမိကိုယ်ကိုလည်း ပျက်စီးအောင် လုပ်တတ်၏။

သူတစ်ပါးကို ပျက်စီးစေလိုသော ဒေါသကိုသာ ဗျာပါဒဟု ခေါ်ပါသည်။ သူတစ်ပါးကို ပျက်စီးစေလိုသော ဒေါသစိတ်နှင့် အဖျက်လုပ်ငန်းဆောင်ရွက်ခြင်းကို ဗျာပါဒကာယဂန္ထက ချည်နှောင်ထားပါသည်။

ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် အကျင့်များ၊ ခွေးအကျင့်များ၊ နွားအကျင့်များသည် မှန်ကန်သော အကျင့်သီလဖြစ်သည်ဟု ယုံကြည်ပြီး ကျင့်ခြင်းများ၊ သစ္စာလေးပါးကိုသိစေသော အကျင့်မဟုတ်သည့် အကျင့်များသည် သီလဗ္ဗတပရာမာသ အကျင့်များပင် ဖြစ်ပါသည်။

ငါပြောသည်က အမှန်ဖြစ်သည်၊ သူပြောသည်က အမှားတွေပဲ ဟု အကျိုးမဲ့ အလွန်အကျူးအငြင်းသန်သူများသည် ဣဒံသစ္စာဘိနိဝေသကာယဂန္ထ ထုံးဖွဲ့ချည်နှောင်ခံထားရသူများ ဖြစ်ကြပါသည်။

## ၅။ ဥပါဒါန် ၄-ပါး

**ဥပါဒါန်** - ဖားကိုမြွေက ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလမ်းလမ်း ယူထားမှု၊ စွဲလမ်းမှုသည် ဥပါဒါန် မည်ပါသည်။

၁။ ကာမုပါဒါန် - ကာမဂုဏ်တို့၌ အလွန်စွဲလမ်းမှု (လောဘ)၊
၂။ ဒိဋ္ဌုပါဒါန် - သီလဗ္ဗတပရာမာသ၊ အတ္တဝါဒဒိဋ္ဌိ ၂-မျိုးမှ တစ်ပါး ကျန်ဒိဋ္ဌိအမျိုးမျိုး (ဒိဋ္ဌိ)
၃။ သီလဗ္ဗတုပါဒါန် - သီလဗ္ဗတပရာမာသနှင့် စပ်သောအမြင်မှား (ဒိဋ္ဌိ)၊
၄။ အတ္တဝါဒုပါဒါန် - မိမိအယူမှားကြီးကိုသာ အမှန်ဟုစွဲလမ်းမှု (ဒိဋ္ဌိ)၊

## ၆။ နီဝရဏ ၆-ပါး

**နီဝရဏ** - ဈာန်၊ မဂ်၊ ဖိုလ်နှင့် ကုသိုလ်တရားတို့ကို တားဆီးပိတ်ပင်တတ်သော တရားတို့ကို **နီဝရဏ** ဟုခေါ်သည်။

၁။ ကာမစ္ဆန္ဒနီဝရဏ - ကာမချမ်းသာလိုချင်မှု (လောဘ)
၂။ ဗျာပါဒနီဝရဏ - အမျက်ဒေါသ (ဒေါသ)

၃။ ထိန-မိဒ္ဓနီဝရဏ - ထိုင်းမှိုင်းမှု (ထိန-မိဒ္ဓ)
၄။ ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ- ပျံ့လွင့်-ပူပန်ခြင်း (ဥဒ္ဓစ္စ-ကုက္ကုစ္စ)
၅။ ဝိစိကိစ္ဆာနီဝရဏ - ကုသိုလ်တရားတို့၌ယုံမှားသံသယဖြစ်ခြင်း (ဝိစိကိစ္ဆာ)
၆။ အဝိဇ္ဇာနီဝရဏ - တွေဝေခြင်း၊ အမှန်မသိခြင်း (မောဟ)

ထိန-မိဒ္ဓသည် - ဝီရိယ၏ဆန့်ကျင်ဘက်တူ၍ နီဝရဏတစ်ပါးသာဖွဲ့သည်။
ဥဒ္ဓစ္စ-ကုက္ကုစ္စသည် - သမထ(သမာဓိ)၏ ဆန့်ကျင်ဘက်အားဖြင့်တူ၍ နီဝရဏ တစ်ပါးသာ ဖွဲ့ပါသည်။

*ကာ-ဗျာ-ထိ-မိ၊ ဥဒ်-ကုတ်-ဝိ၊ အဝိဇ်-နီဝရဏ်-ခြောက်ခုရှိ။*

## ၇။ အနုသယ ၇-ပါး

**အနုသယ** - သတ္တဝါတို့၏ သန္တာန်၌ ဘဝအဆက်ဆက် အမြဲမပြတ်ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာမျိုးဇာတ်ကို အနုသယဟု ခေါ်ပါသည်။

၁။ ကာမရာဂါနုသယ-ကာမအာရုံကို တပ်နှစ်သက်ခြင်း (လောဘ)
၂။ ဘဝရာဂါနုသယ-ရူပ-အရူပဈာန်ကို တပ်နှစ်သက်ခြင်း(ဒိ-ဝိပ်၌ရှိသော လောဘ)
၃။ ပဋိဃာနုသယ -ဒေါသမူခြေး (ဒေါသ)
၄။ မာနာနုသယ -ထောင်လွှားခြင်း (ဒိ-ဝိပ်-၌ မာန)
၅။ ဒိဋ္ဌာနုသယ -အယူမှားခြင်း (ဒိဋ္ဌိ-သံ၌ရှိသောဒိဋ္ဌိ)
၆။ ဝိစိကိစ္ဆာနုသယ -ယုံမှားခြင်း (ဝိစိကိစ္ဆာ)
၇။ အဝိဇ္ဇာနုသယ -အမှန်မသိခြင်း (မောဟ)

*ကာမ၊ ဘဝ၊ ပဋိဃ၊ မာ-ဒိဋ်-ကိစ်-ဝိဇ္ဇ-သတ္တနုသယ။*

အနုသယသည် ဥပါဒ်-ဋ္ဌီ-ဘင်အားဖြင့် အထည်ကိုယ်ဒြပ်ထင်ရှားစွာရှိသည် မဟုတ်။ ဆိုင်ရာအာရုံနှင့် တွေ့ဆုံသည့်အခါ နိုးကြားထကြွလာအောင် အဆင်သင့် ဖြစ်နေသော ကိလေသာဓာတ်တစ်မျိုးဖြစ်သည်။

သရက်ပင်တွင် သရက်သီး သီးဖို့ရာ ဓာတ်သတ္တိကိန်းနေသကဲ့သို့ သဘောမျိုး ဖြစ်သည်။

## ၈။ သံယောဇဉ် ၁၀-ပါး (သုတ္တန်နည်း)

**သံယောဇဉ်** - သတ္တဝါတို့ကို ထိုထိုဘဝမှမလွတ်အောင်(ဝါ)သံသရာစက်မှ မရုန်းထွက်နိုင်အောင် ကြိုးဖြင့်တုပ်နှောင်ထားသလို ချည်နှောင်တတ်သောတရားကို သံယောဇဉ် ဟု ခေါ်သည်။

| | | |
|---|---|---|
| ၁။ ကာမရာဂသံယောဇဉ် | -ကာမဂုဏ်၌ တပ်မက်မှုနှောင်ကြိုး | (လောဘ) |
| ၂။ ရူပရာဂသံယောဇဉ် | -ရူပဘုံ၌ တပ်မက်မှုနှောင်ကြိုး | (လောဘ) |
| ၃။ အရူပရာဂသံယောဇဉ် | -အရူပဘုံ၌ တပ်မက်မှုနှောင်ကြိုး | (လောဘ) |
| ၄။ ပဋိဃသံယောဇဉ် | -ပြစ်မှားသောဒေါသနှောင်ကြိုး | (ဒေါသ) |
| ၅။ မာနသံယောဇဉ် | -ထောင်လွှားမှုနှောင်ကြိုး | (မာန) |
| ၆။ ဒိဋ္ဌိသံယောဇဉ် | -အယူမှားသောနှောင်ကြိုး | (ဒိဋ္ဌိ) |
| ၇။ သီလဗ္ဗတပရာမာသ သံယောဇဉ် | -အလေ့အကျင့်မှားသောနှောင်ကြိုး | (ဒိဋ္ဌိ) |
| ၈။ ဝိစိကိစ္ဆာသံယောဇဉ် | - သံသယနှောင်ကြိုး | (ဝိစိကိစ္ဆာ) |
| ၉။ ဥဒ္ဓစ္စသံယောဇဉ် | - ပျံ့လွင့်မှုနှောင်ကြိုး | (ဥဒ္ဓစ္စ) |
| ၁၀။အဝိဇ္ဇာသံယောဇဉ် | - မသိမှုနှောင်ကြိုး | (မောဟ) |

***ကာ-ရူ-အရူ-ပဋိဃ၊ မာ-ဒိတ်-သီလ-ဝိကိစ္ဆ၊ ဥဒ်၊***
***အဝိဇ္ဇာပ၊ ဆယ်ဖြာသံယောဇနေ။***

## သံယောဇဉ် ၁၀-ပါး (အဘိဓမ္မာနည်း)

| | |
|---|---|
| ၁။ ကာမရာဂသံယောဇဉ် | (လောဘ) |
| ၂။ ဘဝရာဂသံယောဇဉ် | (လောဘ) |
| ၃။ ပဋိဃသံယောဇဉ် | (ဒေါသ) |

၄။ မာနသံယောဇဉ် (မာန)
၅။ ဒိဋ္ဌိသံယောဇဉ် (ဒိဋ္ဌိ)
၆။ သီလဗ္ဗတပရာမာသသံယောဇဉ် (ဒိဋ္ဌိ)
၇။ ဝိစိကိစ္ဆာသံယောဇဉ် (ဝိစိကိစ္ဆာ)
၈။ ဣဿာသံယောဇဉ် (ဣဿာ)
၉။ မစ္ဆရိယသံယောဇဉ် (မစ္ဆရိယ)
၁၀။ အဝိဇ္ဇာသံယောဇဉ် (မောဟ)

- *ကာမ-ဘဝ-ပဋိဃ-မာ-ဒိဋ္ဌိ-သီ-ကိစ္ဆာ-ဣဿ-မစ္ဆရိ-*
*အဝိဇ်ဗိ-ခေါ်ဘိ အဝိဇ္ဇာပ-ဆယ်ဖြာသံယောဇန်။*

## ၉။ ကိလေသာ ၁၀-ပါး

**ကိလေသာ** - စိတ်ကိုပူပန်ညစ်ညူးစေတတ်သောတရားကို ကိလေသာဟု ခေါ်ပါသည်။

၁။ လောဘ - ကာမဂုဏ်၌တပ်မက်သောပူပန်မှုအညစ်အကြေး (လောဘ)
၂။ ဒေါသ - ပြစ်မှားမှု၊ ကြမ်းတမ်းမှုအညစ်အကြေး (ဒေါသ)
၃။ မောဟ - မသိမှုအညစ်အကြေး (မောဟ)
၄။ မာန - ထောင်လွှားမှုအညစ်အကြေး (မာန)
၅။ ဒိဋ္ဌိ - အယူမှားအညစ်အကြေး (ဒိဋ္ဌိ)
၆။ ဝိစိကိစ္ဆာ- ယုံမှားသံသယအညစ်အကြေး (ဝိစိကိစ္ဆာ)
၇။ ထိန - ထုံထိုင်းလေးကန်သောအညစ်အကြေး (ထိန)
၈။ ဥဒ္ဓစ္စ - ပျံ့လွင့်သောအညစ်အကြေး (ဥဒ္ဓစ္စ)
၉။ အဟိရိက- အရှက်မရှိသည့်အညစ်အကြေး (အဟိရိက)
၁၀။ အနောတ္တပ္ပ-အကြောက်မရှိသည့်အညစ်အကြေး (အနောတ္တပ္ပ)

*လော-ဒေါ-မော-န၊ ဒိဋ္ဌ-ဝိ-ထိ၊ ဥဒ်-ဟိ-တပ်ပါ၊ ကိလေသာ။*

## ၁၅၀၀–ကိလေသာ

| | | |
|---|---|---|
| နာမ်တေပညာသ | - | ၅၃ |
| နိပ္ဖန္နရုပ် | - | ၁၈ |
| လက္ခဏာရုပ် | - | ၄ |
| | | ၇၅-ပါး |
| အဇ္ဈတ္တသန္တာန်+ဗဟိဒ္ဓသန္တာန် နှင့်မြှောက် | - | ၂-ပါး |
| | | ၁၅၀ |
| ကိလေသာ ၁၀-ပါးနှင့်မြှောက် | - | ၁၀ |
| | | ၁၅၀၀-ပါး |

## ကိလေသာ ၃–မျိုး

၁။ ဝီတိက္ကမကိလေသာ - လွန်ကျူးသောကိလေသာ(သီလဖြင့်ပယ်)
၂။ ပရိယုဋ္ဌာနကိလေသာ- ထကြွသောကိလေသာ (သမာဓိဖြင့်ပယ်)
၃။ အနုသယကိလေသာ - မျိုးစေ့ကဲ့သို့ကိန်းအောင်းနေသောကိလေသာ (ပညာဖြင့်ပယ်)

*- လွန်ကျူး-ထကြွ-မျိုးစေ့ရ၊ သုံးဝကိလေသာ။*
*- သီလ၊ သမာဓိ၊ ပညာ၊ ပယ်ခွာပါ၊ ရောက်ရာမြတ်နိဗ္ဗာ။*

## တဏှာအစစ်–၁၀၈

တဏှာ (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ) - ၃-ပါး
အာရုံ ၆-ပါးနှင့်မြှောက် ၆
———
၁၈
ကာလ ၃-ပါးနှင့်မြှောက် ၃
———
၅၄
သန္တာန် ၂-ပါးနှင့်မြှောက် ၂
———
၁၀၈-ပါး
———

## အကုသလသင်္ဂဟအချုပ်

**အာ-ဩ-ယော-ဂန်၊ ဥ-နီ-မှန်၊ နု-သံ-ကိ ကိုးပါး။**

## မိဿကသင်္ဂဟ

## (ကု–အကု–အဗျာကတ ရောရောအခန်း)

## ၁။ ဟိတ် ၆–ပါး

**ဟိတ်** - ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခံ့စည်ပင်အောင် ထောက်ပံ့သကဲ့သို့ မိမိနှင့်အတူဖြစ်ဖက်တရားတို့ကို ခိုင်ခံ့စည်ပင်အောင် ထောက်ပံ့တတ်သောတရားကို ဟိတ်ဟုခေါ်ပါသည်။

အကုသိုလ်ဟိတ် - လောဘ၊ ဒေါသ၊ မောဟ ဟိတ် ၃-ပါး
(အကုသိုလ်စိတ်နှင့်ယှဉ်သည်)

ကုသိုလ်ဟိတ် - အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃-ပါး
(ကုသိုလ်စိတ်နှင့်ယှဉ်သည်)
အဗျာကတဟိတ် - အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃-ပါး
(ဝိပါက်၊ ကြိယာစိတ်နှင့်ယှဉ်သည်)

***-ရေသောက်မြစ်နှယ်၊ ကျေးရှူးကြွယ်၊ ကိုးသွယ်ကြောင်းရင်းများ။***

## ၂။ ဈာနင် ၇-ပါး

**ဈာနင်** - အာရုံကို သာမန်ထက် စူးစူးစိုက်စိုက်ရှုတတ်သော ဝိတက်စသော တရားအပေါင်းကို ဈာန် ဟုခေါ်သည်။
- ထိုဈာန်၏အစိတ်အပိုင်းအင်္ဂါကို ဈာနင် ဟု ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဝိတက် | - | ဝိတက်ယှဉ်စိတ် ၅၅-ပါး၌ရှိ | (ဝိတက်) |
| ၂။ ဝိစာရ | - | ဝိစာရယှဉ်စိတ် ၆၆-ပါး၌ရှိ | (ဝိစာရ) |
| ၃။ ပီတိ | - | ပီတိယှဉ်စိတ် ၅၁-ပါး၌ရှိ | (ပီတိ) |
| ၄။ ဧကဂ္ဂတာ | - | ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်၊ ကျန်စိတ် ၇၉-ပါး၌ရှိ | (ဧကဂ္ဂတာ) |
| ၅။ သောမနဿ | - | သောမနဿယှဉ်စိတ် ၆၂-ပါး၌ရှိ | (သောမနဿဝေဒနာ) |
| ၆။ ဒေါမနဿ | - | ဒေါသမူဒွေး ၂-ပါး၌ရှိ | (ဒေါမနဿဝေဒနာ) |
| ၇။ ဥပေက္ခာ | - | ဒွေးပဉ္စဝိညာဏ်မှဥပေက္ခာ ၈-ပါးကြဉ်၊ ဥပေက္ခာယှဉ်စိတ် ၄၇-ပါး၌ရှိ | (ဥပေက္ခာဝေဒနာ) |

- ဈာနင်သည် ၇-ပါးရှိသော်လည်း တရားကိုယ်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-ဝေဒနာအားဖြင့် ၅-ပါးသာရသည်။
- ဒွေးပဉ္စဝိညာဏ်-၁၀ ကား ဈာနင်မထိုက်ပေ။

## ၃။ မဂ္ဂင် ၁၂-ပါး

မဂ္ဂင် - မဂ္ဂသဒ္ဒါသည် လမ်းကြောင်းဟောသည်။ သမ္မာဒိဋ္ဌိစသော ကုသိုလ်တရားအပေါင်းသည် သုဂတိသို့ရောက်စေသော မဂ်လမ်းကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသော အကုသိုလ်တရားအပေါင်းသည် ဒုဂ္ဂတိသို့ရောက်စေသော မဂ်လမ်းကြောင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | သမ္မာဒိဋ္ဌိ | -တိဟိတ်စိတ် ၄၇-ပါးရှိ | (ပညာ) |
| ၂။ | သမ္မာသင်္ကပ္ပ | -(အကု-၁၂၊ အဟိတ် ၈-ကြဉ်) ဝိတက်ယှဉ်စိတ် ၃၅-ပါး၌ရှိ | (ဝိတက်) |
| ၃။ | သမ္မာဝါစာ | -မဟာကုသိုလ်-၈ ⎤ ၁၆ ပါး၌ရှိ | (သမ္မာဝါစာ) |
| ၄။ | သမ္မာကမ္မန္တ | -လောကုတ္တရာ-၈ ⎥ | (သမ္မာကမ္မန္တ) |
| ၅။ | သမ္မာအာဇီဝ | ⎦ | (သမ္မာအာဇီဝ) |
| ၆။ | သမ္မာဝါယာမ | -(အကု-၁၂၊ အဟိတ် ၂-ကြဉ်) ဝီရိယယှဉ်စိတ် ၁၉-ပါး၌ရှိ | (ဝီရိယ) |
| ၇။ | သမ္မာသတိ | -သောဘနစိတ် ၅၉-ပါး၌ရှိ | (သတိ) |
| ၈။ | သမ္မာသမာဓိ | -သောဘနစိတ် ၅၉-ပါး၌ရှိ | (ဧကဂ္ဂတာ) |
| ၉။ | မိစ္ဆာဒိဋ္ဌိ | -ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ရှိ | (ဒိဋ္ဌိ) |
| ၁၀။ | မိစ္ဆာသင်္ကပ္ပ | -အကုသိုလ် ၁၂-ပါး၌ရှိ | (ဝိတက်) |
| ၁၁။ | မိစ္ဆာဝါယာမ | -အကုသိုလ် ၁၂-ပါး၌ရှိ | (ဝီရိယ) |
| ၁၂။ | မိစ္ဆာသမာဓိ | -(ဝိစိကိစ္ဆာကြဉ်)အကုသိုလ် ၁၁-ပါး၌ရှိ | (ဧကဂ္ဂတာ) |

-မဂ္ဂင် ၁၂-ပါးရှိသော်လည်း တရားကိုယ်မှာ ၉-ပါးသာ ရှိပါသည်။
-အဟိတ်စိတ် ၁၈-ပါးသည် မဂ္ဂင်မထိုက်ပါ။
-ဝိစိကိစ္ဆာ၌ယှဉ်သော ဧကဂ္ဂတာသည် မဂ္ဂင်-ဣန္ဒြေ-ဗိုလ်-မထိုက်ပါ။

## ၄။ ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေ - အစိုးရခြင်း၊ လွှမ်းမိုးခြင်းကို ပြုတတ်သောသဘောသည် ဣန္ဒြေမည်၏။

- မိမိဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့် ဣန္ဒြေမည်၏။

| | | | |
|---|---|---|---|
| ၁။ စက္ခုန္ဒြေ | - စက္ခုပသာဒ | ရုပ်တရားကိုယ် ၈-ပါး | |
| ၂။ သောတိန္ဒြေ | - သောတပသာဒ | | |
| ၃။ ဃာနိန္ဒြေ | - ဃာနပသာဒ | | |
| ၄။ ဇိဝှိန္ဒြေ | - ဇိဝှါပသာဒ | | |
| ၅။ ကာယိန္ဒြေ | - ကာယပသာဒ | | |
| ၆။ ဣတ္ထိန္ဒြေ | - ဣတ္ထိဘာဝ | | |
| ၇။ ပုရိသိန္ဒြေ | - ပုဗ္ဘာဝ | | |
| ၈။ ဇီဝိတိန္ဒြေ | - ရုပ်ဇီဝိတ + | နာမ်ဇီဝိတ | နာမ်တရားကိုယ်-၈ |
| ၉။ မနိန္ဒြေ | - စိတ် -၈၉ | စိတ် | |
| ၁၀။ သုခိန္ဒြေ | - သုခသဟဂုတ်စိတ်-၁ ရှိ | ဝေဒနာ | |
| ၁၁။ ဒုက္ခိန္ဒြေ | - ဒုက္ခသဟဂုတ်စိတ်-၁ ရှိ | ဝေဒနာ | |
| ၁၂။ သောမနဿိန္ဒြေ | - သောမနဿ-၆၂ရှိ | ဝေဒနာ | |
| ၁၃။ ဒေါမနဿိန္ဒြေ | - ဒေါသမူ-၂ ရှိ | ဝေဒနာ | |
| ၁၄။ ဥပေက္ခိန္ဒြေ | - ဥပေက္ခာ-၅၅ ရှိ | ဝေဒနာ | |
| ၁၅။ သဒ္ဓိန္ဒြေ | - သောဘနစိတ်-၅၉ ရှိ | သဒ္ဓါ | |
| ၁၆။ ဝီရိယိန္ဒြေ | - ဝီရိယယှဉ်စိတ်-၇၃ ရှိ | ဝီရိယ | |
| ၁၇။ သတိန္ဒြေ | - သောဘနစိတ်-၅၉ရှိ | သတိ | |
| ၁၈။ သမာဓိန္ဒြေ | - (ဝီရိယမယှဉ်-၁၆ နှင့် ဝိစိကိစ္ဆာကြဉ်)-၇၂ရှိ | ဧကဂ္ဂတာ | |
| ၁၉။ ပညိန္ဒြေ | - တိဟိတ်စိတ်-၄၇ ရှိ | ပညာ | |
| ၂၀။ အနညာတညဿာမီတိန္ဒြေ | - သောတာပတ္တိမဂ်ခဏရှိ | ပညာ | |
| ၂၁။ အညိန္ဒြေ | - အထက်မဂ်-၃၊ အောက်ဖိုလ်-၃ ၌ရှိ | ပညာ | |
| ၂၂။ အညာတာဝိန္ဒြေ | - အရဟတ္တဖိုလ်ရှိ | ပညာ | |

| | | | |
|---|---|---|---|
| ရုပ်ဏ္ဍနွေ | - ၈-ပါး | ရုပ်တရားကိုယ် | - ၈-ပါး |
| ရုပ်+နာမ်ဏ္ဍနွေ | - ၁-ပါး | နာမ်တရားကိုယ် | - ၈-ပါး |
| နာမ်ဏ္ဍနွေ | - ၁၄-ပါး | | |
| | ၂၂-ပါး | | ၁၆-ပါး |

## ၅။ ဗိုလ် ၉-ပါး

**ဗိုလ်** - ဗိုလ်သည် ရန်သူနှင့်တွေ့ပါက မတုန်လှုပ်သကဲ့သို့ ဆန့်ကျင်ဘက်တရားများနှင့်တွေ့သောအခါ မလှုပ်ရှား၊ မြဲခိုင်သောတရားကို ဗိုလ်ဟုခေါ်သည်။

- ယှဉ်ဘက်သမ္ပယုတ်တရားတို့တွင် အခိုင်ခံ့ဆုံးဖြစ်၍ ဗိုလ်ဟုခေါ်သည်။

| | | | |
|---|---|---|---|
| ၁။ | သဒ္ဓါဗိုလ် | - သောဘနစိတ် ၅၉-၌ရှိ | - သဒ္ဓါ |
| ၂။ | ဝီရိယဗိုလ် | - ဝီရိယယှဉ်စိတ် ၇၃-၌ရှိ | - ဝီရိယ |
| ၃။ | သတိဗိုလ် | - သောဘနစိတ် ၅၉-၌ရှိ | - သတိ |
| ၄။ | သမာဓိဗိုလ် | - (ဝီရိယမယှဉ် ၁၆-နှင့် ဝိစိကိစ္ဆာကြဉ်) ကျန် ၇၂-၌ရှိ | - ဧကဂ္ဂတာ |
| ၅။ | ပညာဗိုလ် | - တိဟိတ်စိတ် ၄၇-၌ရှိ | - ပညာ |
| ၆။ | ဟိရီဗိုလ် | - သောဘနစိတ် ၅၉-၌ရှိ | - ဟိရီ |
| ၇။ | ဩတ္တပ္ပဗိုလ် | - သောဘနစိတ် ၅၉-၌ရှိ | - ဩတ္တပ္ပ |
| ၈။ | အဟိရိကဗိုလ် | - အကုသိုလ်စိတ် ၁၂-၌ရှိ | - အဟိရိက |
| ၉။ | အနောတ္တပ္ပဗိုလ် | - အကုသိုလ်စိတ် ၁၂-၌ရှိ | - အနောတ္တပ္ပ |

ကုသိုလ်ဗိုလ် - သဒ္ဓါဗိုလ်မှ ဩတ္တပ္ပဗိုလ်အထိ ကုသိုလ်ဗိုလ် ၇-ပါးတို့သည် ဆန့်ကျင်ဘက် အကုသိုလ်တို့ကြောင့် မလှုပ်ရှားနိုင်၊ မြဲခိုင်ရုံသာမက ထိုအကုသိုလ်များကို ဖယ်ရှားနိုင်သော သတ္တိရှိသည်။

အကုသိုလ်ဗိုလ် - ဝီရိယ၊ ဧကဂ္ဂတာ၊ အဟိရိက၊ အနောတ္တပ္ပစသော အကုသိုလ်စိတ်တို့နှင့် ယှဉ်လေ့ရှိသောဗိုလ်တို့ကား မိမိတို့နှင့် ယှဉ်ဘက်တရားများ၌သာ ခိုင်ခြင်းသဘောရှိသည်။ ဆန့်ကျင်ဘက်တရား

တို့ကို ဖယ်ရှားနှိမ်နင်းနိုင်သော သတ္တိမရှိပါ။
- ဝီရိယမယှဉ်သောစိတ် ၁၆-ပါး၌လည်း ဗိုလ်မထိုက်ပါ။

## ၆။ အဓိပတိ ၄-ပါး

**အဓိပတိ** - မိမိနှင့်စပ်၍ဖြစ်ကုန်သော ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို လွှမ်းမိုး အုပ်ချုပ်လျက် မိမိအလိုကျဖြစ်အောင် လိုက်ပါစေနိုင်သော အရှင်သခင် အကြီးအမှူးတရားဖြစ်သောကြောင့် အဓိပတိဟု ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဆန္ဒာဓိပတိ | - ဒွိဟိတ် + တိဟိတ်ဇော- ၅၂ ၌ ရှိ | - | ဆန္ဒ၊ |
| ၂။ ဝီရိယာဓိပတိ | - ။ | - | ဝီရိယ၊ |
| ၃။ စိတ္တာဓိပတိ | - ။ ၅၂ ပါး | | |
| ၄။ ဝီမံသာဓိပတိ | - တိဟိတ်ဇော ၃၄-ပါး၌ရှိ | - | ပညာ၊ |

(ဝီမံသ = စူစမ်းဆင်ခြင်တတ်သောပညာ)

- ဇောကိစ္စတပ်သောစိတ်တို့တွင် ဒွိဟိတ် + တိဟိတ်ဇော ၅၂-ပါးတို့၌ရှိ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့သာ အဓိပတိထိုက်ပါသည်။
- ထိုအဓိပတိထိုက်သောတရားတို့တွင် ၄-ပါး၊ ၃-ပါး၊ ၂-ပါးဆုံစည်းစေကာမူ ၁-ပါးတည်းကသာ အဓိပတိကိစ္စတပ်ပါသည်။

### အဓိပတိနှင့်ဣန္ဒြေအထူး

အဓိပတိ- အဓိပတိ၏အစိုးရခြင်းသည် တကွဖြစ်ဖက်တရားအားလုံး၏ ဘုရင် အကြီးအမှူးအဖြစ် အစိုးရခြင်းဖြစ်သည်။

ဣန္ဒြေ - ဣန္ဒြေသည် မိမိဆိုင်ရာကိစ္စ၌သာ အမတ်ကြီးကဲ့သို့ အစိုးရခြင်း ဖြစ်သည်။

- ဥပမာ-အာရုံကိုသိမှု၌ မနိန္ဒြေကအစိုးရ၏။ ကျန်တရားများက မန အလိုတိုင်းလိုက်ကြရ၏။
- သမ္ပယုတ်တရားတို့ကို စောင့်ရှောက်မှု၌ ဇီဝိတိန္ဒြေက အစိုးရ၏။ မန စသော ကျန်တရားတို့က ဇီဝိတ အလိုအတိုင်း လိုက်ကြရသည်။

## ၇။ အာဟာရ ၄-ပါး

**အာဟာရ** - ထမင်းစသော အစာအာဟာရများသည် ခန္ဓာကိုယ်ကို ကြာရှည်စွာ တည်အောင် ထောက်ပံ့ထားသကဲ့သို့ မိမိဆိုင်ရာအကျိုးများကို ထောက်ပံ့ ဆောင်ရွက်ပေးသောတရားကို အာဟာရဟုခေါ်ပါသည်။

၁။ ကဗဠီကာရာဟာရ - ဩဇာရုပ်
၂။ ဖဿာဟာရ - ဖဿ
၃။ မနောသဉ္စေတနာဟာရ - စေတနာ
၄။ ဝိညာဏာဟာရ - စိတ်-၈၉

## အာဟာရ ၄-ပါးတို့ အသီးသီးဆောင်ရွက်ပုံ

၁။ ကဗဠီကာရာဟာရသည် - ဩဇာလျှင် ၈-ခုမြောက်သော အာဟာရဇအဋ္ဌကလာပ် စသည်ကို ဆောင်စေ-ဖြစ်စေ၏။

၂။ ဖဿာဟာရသည် - ဖဿပစ္စယာဝေဒနာဟုဆိုသည့်အတိုင်း ဝေဒနာ ၃-ပါး အကျိုးကို ဆောင်စေ-ဖြစ်စေ၏။

၃။ မနောသဉ္စေတနာဟာရသည်- သင်္ခါရ ပစ္စယာဝိညာဏံ ဟူသည်နှင့်အညီ ကုသိုလ်ကံ-အကုသိုလ်ကံသည် ဘဝသုံးပါး၌ ပဋိသန္ဓေဝိညာဏ် ဟူသော အကျိုးကို ဆောင်စေ-ဖြစ်စေ၏။

၄။ ဝိညာဏာဟာရသည် - ဝိညာဏပစ္စယာ နာမရူပံ ဟူသည်နှင့်အညီ ဝိညာဏ်သည် အတူဖြစ်ဖက်စေတသိက်နှင့် ရုပ်တရားတို့ကို ဆောင်စေ-ဖြစ်စေ၏။

ဤလေးပါးတို့မှတပါးသောတရားများသည် မိမိတို့ဆိုင်ရာ အကျိုးတရားများအား ဖြစ်စေကြ၊ ထောက်ပံ့ကျေးဇူးပြုကြသော်လည်း ဤတရားလေးပါးတို့ကသာ သတ္တဝါတို့၏ အတွင်းသန္တာန်၌ ထူးသောအကြောင်း၏အဖြစ်ကြောင့် အာဟာရအမည် ရပါသည်။

# မိဿကသင်္ဂဟတရားကိုယ်အရကောက်ဇယား

| | | | တရားကိုယ် | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ္ဂတာ | ပညာ | စိတ် | ဝိတက် | ဝေဒနာ | အမည်တစ်ပါးစီရတရားကိုယ်ပေါင်း-၂၈ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဟိတ် | ၆ | ၆ | | | | | ပညာ | | | | လောဒေါ၊ မော၊ အလော၊ အဒေါ |
| ၂ | ဈာနင် | ၇ | ၅ | | | | ဧကဂ် | | | ဝိတက် | ဝေဒနာ -၃ | ဝိစာရ၊ ပီတိ |
| ၃ | မဂ္ဂင် | ၁၂ | ၉ | | ဝီရိယ -၂ | သတိ | ဧကဂ် -၂ | ပညာ | | ဝိတက် -၂ | | ဝိရတီ-၃၊ ဒိဋ္ဌိ |
| ၄ | ဣန္ဒြေ | ၂၂ | ၁၆ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ် | ပညာ -၄ | စိတ် | | ဝေဒနာ -၅ | ရုပ်ဣန္ဒြေ-၈၊ ဇီဝိတ |
| ၅ | ဗိုလ် | ၉ | ၉ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ် | ပညာ | | | | ဟိရီ၊ ဩတ္တပ္ပ၊ အဟိရိက၊ အနောတ္တပ္ပ |
| ၆ | အဓိပတိ | ၄ | ၄ | | ဝီရိယ | | | ပညာ | စိတ် | | | ဆန္ဒ |
| ၇ | အာဟာရ | ၄ | ၄ | | | | | | စိတ် | | | ဩဇာ၊ ●ဿ၊ စေတနာ |

# ဗောဓိပက္ခိယသင်္ဂဟ

**ဗောဓိပက္ခိယ** - မဂ်ဉာဏ်၏အသင်းအပင်းဖြစ်သော တရားများကို ခေါ်ပါသည်။
- မဂ်ဉာဏ်၏ အကျိုးကိုဆောင်ရွက်သောတရားဖြစ်သောကြောင့် မဂ်ဉာဏ်အား ကျေးဇူးပြုသော မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇောတို့နှင့် ယှဉ်သော တရားများကိုသာ ဗောဓိပက္ခိယ တရားဟု ခေါ်ပါသည်။

## ဗောဓိပက္ခိယတရား ၃၇-ပါး

| | | | |
|---|---|---|---|
| ၁။ | သတိပဋ္ဌာန် | - | ၄-ပါး |
| ၂။ | သမ္မပ္ပဓာန် | - | ၄-ပါး |
| ၃။ | ဣဒ္ဓိပါဒ် | - | ၄-ပါး |
| ၄။ | ဣန္ဒြေ | - | ၅-ပါး |
| ၅။ | ဗိုလ် | - | ၅-ပါး |
| ၆။ | ဗောဇ္ဈင် | - | ၇-ပါး |
| ၇။ | မဂ္ဂင် | - | ၈-ပါး |
| | ပေါင်း | | - ၃၇-ပါး |

*တိ၊ သမ်၊ ဣဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ မဂ်ခုနစ်ထွေ၊ မှတ်လေ ဗောဓိပက္ခိယ။*

## ၁။ သတိပဋ္ဌာန် ၄-ပါး

**သတိပဋ္ဌာန်** - မိမိဆိုင်ရာ အာရုံ၌သာလျှင် လွန်လွန်ကဲကဲ စွဲမြဲတည်တံ့စွာ ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန် ဟု ခေါ်ပါသည်။

**၁။ ကာယာနုပဿနာသတိပဋ္ဌာန်**

- ရူပက္ခန္ဓာ (၃၂-ကောဋ္ဌာသ)ကို အာရုံပြု၍ အသုဘအခြင်းအရာပေါ်လာအောင် အဖန်ဖန် ဆင်ခြင်ခြင်း၊

- ထိုသို့ဆင်ခြင်သဖြင့် သုဘဝိပ္ပလ္လာသကို ဖယ်ရှားနိုင်သည်။

**၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်**

- ဝေဒနာက္ခန္ဓာ (ဝေဒနာ)ကို အာရုံပြု၍ ဒုက္ခအခြင်းအရာပေါ်လာအောင် အဖန်ဖန်ဆင်ခြင်ခြင်း၊
- ထိုသို့ဆင်ခြင်သဖြင့် သုခဝိပ္ပလ္လာသကို ဖယ်ရှားနိုင်သည်။

**၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်**

- ဝိညာဏက္ခန္ဓာ(စိတ်)ကို အာရုံပြု၍ အနိစ္စအခြင်းအရာပေါ်လာအောင် အဖန်ဖန် ဆင်ခြင်ခြင်း၊
- ထိုသို့ဆင်ခြင်သဖြင့် နိစ္စဝိပ္ပလ္လာသကို ဖယ်ရှားနိုင်သည်။

**၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်**

- သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသောတရားတို့ကို အာရုံပြု၍ အနတ္တအခြင်းအရာ ပေါ်လာအောင် အဖန်ဖန်ဆင်ခြင်ခြင်း၊
- ထိုသို့ ဆင်ခြင်သဖြင့် အတ္တဝိပ္ပလ္လာသကို ဖယ်ရှားနိုင်သည်။

***ကာ, ဝေ, စိတ်, ဓမ်၊ ဤလေးတန်၊ မှတ်ရန်သတိပဋ္ဌာန်။***

သတိပဋ္ဌာန်လေးပါး၏ တရားကိုယ်မှာ-

- မဟာကုသိုလ် - ၈
- မဟာကြိယာ - ၈
- အပ္ပနာဇော - ၂၆

ပေါင်း - ၄၂-ပါး၌ရှိသော သတိ စေတသိက် (သမ္မာသတိ) ကို ယူရပါမည်။

## သတိပဋ္ဌာန် ၄-ပါးပြားရပုံ

သတိပဋ္ဌာန်များ၌ သတိစေတသိက်တစ်ပါးသာ တရားကိုယ်ရှိသော်လည်း

အာရုံအားဖြင့်လည်းကောင်း၊ ရှုပုံအခြင်းအရာအားဖြင့်လည်းကောင်း၊ ဖယ်ရှားနိုင်ခြင်းကိစ္စအားဖြင့်လည်းကောင်း ၄-မျိုးစီပြား၍ သတိပဋ္ဌာန်သည်လည်း ၄-မျိုးပြားရပါသည်။

## ၂။ သမ္မပ္ပဓာန် ၄-ပါး

**သမ္မပ္ပဓာန်** - ကောင်းစွာအားထုတ်ကြောင်း၊ ပြီးစေကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန်ဟုခေါ်ပါသည်။

## သမ္မပ္ပဓာန် ၄-ပါး

၁။ ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ရှားခြင်းငှာ အားထုတ်ခြင်း၊
(ဉပ္ပန္နာနံပါပကာနံ ပဟာနာယ ဝါယာမော)

၂။ မဖြစ်သေးသောအကုသိုလ်တရားတို့ကို အသစ်မဖြစ်အောင် အားထုတ်ခြင်း၊
(အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယ ဝါယာမော)

၃။ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်အောင်အားထုတ်ခြင်း၊
(အနုပ္ပန္နာနံ ကုသလာနံ ဉပ္ပါဒါယ ဝါယာမော)

၄။ ဖြစ်ပြီးသောကုသိုလ်တို့ကို တိုးပွားအောင် အားထုတ်ခြင်း၊
(ဉပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော)

**<u>သမ္မပ္ပဓာန်တရားကိုယ်မှာ-</u>**

- မဟာကုသိုလ် - ၈
- မဟာဂ္ဂုတ်ကုသိုလ် - ၉
- မဂ်ကုသိုလ် - ၄

ပေါင်း - ၂၁-ပါး ဝီရိယ ၌ရှိသော ဝီရိယ ရပါသည်။

ထိုသမ္မပ္ပဓာန်ဝီရိယကား - အရိုးကြွင်းစေ၊ အရေ၊ အကြောကြွင်းစေ၊ အသားအသွေးခန်းခြောက်စေ စသော အင်္ဂါ၄-ပါးနှင့်ပြည့်စုံသော အလွန်ဖွဲကောင်းသော ဝီရိယ ဖြစ်ပါသည်။

## သမ္မပ္ပဓာန် ၄-ပါးပြားရပုံ

သမ္မပ္ပဓာန်၌ ဝီရိယတရားကိုယ်တစ်ပါးတည်းဖြစ်သော်လည်း ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်တို့မဖြစ်အောင် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင်အားထုတ်ခြင်း၊ ဖြစ်ပြီးကုသိုလ်တို့ကို တိုးပွားအောင် အားထုတ်ခြင်းစသော ကိစ္စတို့၏ အစွမ်းဖြင့် လေးပါးပြားရပါသည်။

ဤသမ္မပ္ပဓာန်တရားကား အားထုတ်မှုပြီးမြောက်သော ရဟန္တာများနှင့် မဆိုင်၍ ကြိယာနှင့်ယှဉ်သော ဝီရိယကို မကောက်ရပါ။

ဖိုလ်တရားများသည်လည်း ထိုကိစ္စ ၄-ပါးလုံးကို မပြုနိုင်ရကား ဖိုလ်၌ ယှဉ်သော ဝီရိယကိုလည်း မကောက်ထိုက်ပါ။

## ၃။ ဣဒ္ဓိပါဒ်တရား ၄-ပါး

**ဣဒ္ဓိ** - ဈာန်မဂ်ဖိုလ်ရမှု ပြီးစီးအောင်မြင်မှုသည် ဣဒ္ဓိမည်၏။

ဣဒ္ဓိပါဒ် - ပြီးစီးထမြောက်အောင်မြင်သော ဈာန်မဂ်ဖိုလ်အကျိုးတို့၏ အခြေခံ အကြောင်းများကို ဣဒ္ဓိပါဒ်ဟု ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဆန္ဒိဒ္ဓိပါဒ် | - ကုသိုလ်စိတ် ၂၁-ပါး၌ရှိ | - | ဆန္ဒ၊ |
| ၂။ ဝီရိယိဒ္ဓိပါဒ် | - ။ | - | ဝီရိယ၊ |
| ၃။ စိတ္တိဒ္ဓိပါဒ် | - ။ | - | စိတ်၊ |
| ၄။ ဝီမံသိဒ္ဓိပါဒ် | - ။ | - | ပညာ၊ |

- ဣဒ္ဓိပါဒ်သည် ပြီးစီးထမြောက်သော ဈာန်-မဂ်-ဖိုလ်အကျိုးတို့၏ အခြေခံ အကြောင်းတရားများဖြစ်ရာ အကျိုးပြီးစီးသော ရဟန္တာတို့၏ ကြိယာစိတ်၊ အကျိုးတရားဖြစ်သော ဖိုလ်စိတ်များနှင့် မသက်ဆိုင်ပါ။
- ကုသိုလ်စိတ်နှင့်ယှဉ်ခိုက် ဆန္ဒ၊ ဝီရိယ၊ ပညာနှင့် ကုသိုလ်စိတ်များကိုသာ တရားကိုယ်ကောက်ရပါသည်။

*ဆန်, စိတ်, ဝီရိ, ဝီမံသိ, ခေါ်ဘိ-ဣဒ္ဓိပါ။*

## ၄။ ဣန္ဒြေ ၅-ပါး

**ဣန္ဒြေ** - မိမိဆိုင်ရာကိစ္စ၌ အစိုးရခြင်း၊ လွှမ်းမိုးခြင်း ပြုတတ်သောကြောင့် ဣန္ဒြေ ဟု ခေါ်ပါသည်။

<u>တရားကိုယ်</u>

| | | | | | |
|---|---|---|---|---|---|
| ၁။ သဒ္ဓိန္ဒြေ | - | | | ၅၂-ပါး၌ရှိ | - သဒ္ဓါ |
| ၂။ ဝီရိယိန္ဒြေ | - မဟာကုသိုလ် | - | ၈ | | - ဝီရိယ |
| ၃။ သတိန္ဒြေ | - မဟာကြိယာ | - | ၈ | | - သတိ |
| ၄။ သမာဓိန္ဒြေ | - အပ္ပနာဇော | - | ၂၆ | | - ဧကဂ္ဂတာ |
| ၅။ ပညိန္ဒြေ | - | | | | - ပညာ |

- ဣန္ဒြေညီမျှရန်အတွက် - သဒ္ဓါနှင့်ပညာ ညီရမည်။
- ဝီရိယနှင့်သမာဓိ ညီရမည်။
- သတိကား ပိုသည်မရှိပါ။

## ၅။ ဗိုလ် ၅-ပါး

**ဗိုလ်** - ဆန့်ကျင်ဘက်တရားတို့ကြောင့် မလှုပ်ရှား၊ ခိုင်ခံ့မြဲမြံသောတရားကို ဗိုလ် ဟုခေါ်ပါသည်။

<u>တရားကိုယ်</u>

| | | | | | |
|---|---|---|---|---|---|
| ၁။ သဒ္ဓါဗိုလ် | - | | | ၅၂-ပါး၌ရှိ | - သဒ္ဓါ |
| ၂။ ဝီရိယဗိုလ် | - မဟာကုသိုလ် | - | ၈ | | - ဝီရိယ |
| ၃။ သတိဗိုလ် | - မဟာကြိယာ | - | ၈ | | - သတိ |
| ၄။ သမာဓိဗိုလ် | - အပ္ပနာဇော | - | ၂၆ | | - ဧကဂ္ဂတာ |
| ၅။ ပညာဗိုလ် | - | | | | - ပညာ |

## ၆။ ဗောဇ္ဈင် ၇-ပါး

**ဗောဇ္ဈင်** - မဂ်ဉာဏ်လေးပါးတို့ကို ဗောဓိ ဟုခေါ်သည်။

ထိုဖောဓိမည်သော မဂ်ဉာဏ်လေးပါးတို့အား လျင်လျင်မြန်မြန်သိကြောင်း တရားအပေါင်း၏ အင်္ဂါအစိတ်ကို ဗောဇ္ဈင် ဟု ခေါ်ပါသည်။

| | တရားကိုယ် | | |
|---|---|---|---|
| ၁။ သတိသမ္ဗောဇ္ဈင် | | ၄၂-ပါး၌ရှိ | -သတိ |
| ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် | - မဟာကုသိုလ် - ၈ | | -ပညာ |
| ၃။ ဝီရိယသမ္ဗောဇ္ဈင် | - မဟာကြိယာ - ၈ | | -ဝီရိယ |
| ၄။ ပီတိသမ္ဗောဇ္ဈင် | - အပ္ပနာဇော - ၂၆ | | -ပီတိ |
| ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် | | | -ကာယ+စိတ္တ ပဿဒ္ဓိ |
| ၆။ သမာဓိသမ္ဗောဇ္ဈင် | | | -ဧကဂ္ဂတာ |
| ၇။ ဥပေက္ခာသမ္ဗောဇ္ဈင် | | | -တတြမဇ္ဈတ္တတာ |

(ဓမ္မဝိစယ - ဆိုင်ရာတရားများကို စိစစ်တတ်သောပညာ၊)

**သ, ဓမ်, ဝီ-ပီ, ပဿ်, ဓိ, ဥခါ-ဗောဇ္ဈင်္ဂါ။**

## ၇။ မဂ္ဂင် ၈-ပါး

**မဂ္ဂင်** - သံသရာဝဋ်မှထွက်မြောက်ကြောင်း မဂ်၏ အစိတ်အပိုင်းအကြောင်းအင်္ဂါ ဖြစ်သောကြောင့် မဂ္ဂင် ဟုခေါ်ပါသည်။

| | တရားကိုယ် | | | |
|---|---|---|---|---|
| ၁။ သမ္မာဒိဋ္ဌိ | | | - ပညာ | ပညာမဂ္ဂင်-၂ |
| ၂။ သမ္မာသင်္ကပ္ပ | မဟာကုသိုလ် - ၈ | | - ဝိတက် | (ပညာက္ခန္ဓာ) |
| ၃။ သမ္မာဝါစာ | မဟာကြိယာ - ၈ | | - သမ္မာဝါစာ | သီလမဂ္ဂင်-၃ |
| ၄။ သမ္မာကမ္မန္တ | အပ္ပနာဇော - ၂၆ | | - သမ္မာကမ္မန္တ | (သီလက္ခန္ဓာ) |
| ၅။ သမ္မာအာဇီဝ | | | - သမ္မာအာဇီဝ | |
| ၆။ သမ္မာဝါယာမ | | ၄၂-ရှိ | - ဝီရိယ | သမာဓိမဂ္ဂင်-၃ |
| ၇။ သမ္မာသတိ | | | - သတိ | (သမာဓိက္ခန္ဓာ) |
| ၈။ သမ္မာသမာဓိ | | | - ဧကဂ္ဂတာ | |

- မဂ္ဂင်အစစ်မှာ မဂ်ဉာဏ်၄-ပါး၌ရှိသော ပညာစသော တရားကိုယ်၈-ပါးရပါသည်။

## ဗောဓိပက္ခိယသင်္ဂဟတရားကိုယ်အရကောက်ဇယား

| | | | တရားကိုယ် | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ္ဂတာ | ပညာ | အမည်တစ်ပါးစီရတရားကိုယ် ၉-ပါး |
|---|---|---|---|---|---|---|---|---|---|
| ၁ | သတိပဋ္ဌာန် | ၄ | ၁ | | | သတိ-၄ | | | |
| ၂ | သမ္မပ္ပဓာန် | ၄ | ၁ | | ဝီရိယ-၄ | | | | |
| ၃ | ဣဒ္ဓိပါဒ် | ၄ | ၄ | | ဝီရိယ | | | ပညာ | ဆန္ဒ၊ စိတ် (လောကုတ္တရာ) |
| ၄ | ဣန္ဒြေ | ၅ | ၅ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ် | ပညာ | |
| ၅ | ဗိုလ် | ၅ | ၅ | သဒ္ဓါ | ဝီရိယ | သတိ | ဧကဂ် | ပညာ | |
| ၆ | ဗောဇ္ဈင် | ၇ | ၇ | | ဝီရိယ | သတိ | ဧကဂ် | ပညာ | ပီတိ၊ ပဿဒ္ဓိ၊ တတြမဇ္ဈတ္တတာ |
| ၇ | မဂ္ဂင် | ၈ | ၈ | | ဝီရိယ | သတိ | ဧကဂ် | ပညာ | ဝိတက်၊ ဝိရတီ-၃ |

ဗောဓိပက္ခိယတရားတို့သည်-

တရားကိုယ်အားဖြင့် - ၁၄-ပါး

အပြားအားဖြင့် - ၃၇-ပါး

ခေါင်းစဉ်အားဖြင့် - ၇-ပါး

- လောကုတ္တရာစိတ်၌ အလုံးစုံသော ဗောဓိပက္ခိယတရားတို့ ဖြစ်ကြပါသည်။
- သို့ရာတွင် သင်္ကပ္ပ(ဝိတက်)နှင့် ပီတိတို့သည် ဈာန်အားဖြင့် ရေတွက်သော အချို့ လောကုတ္တရာစိတ်၌ မတွေ့ရပေ။
  (ဝိတက်သည် ဒုတိယဈာန်စိတ်စသည်၌ မရထိုက်၊ ပီတိသည် စတုတ္ထဈာန်၊ ပဉ္စမဈာန်၌ မရထိုက်)
- ဗောဓိပက္ခိယတရားတို့သည် သီလဝိသုဒ္ဓိစသော ၆-ပါးသော ဝိသုဒ္ဓိဖြစ်လာသော အခါ၌ လောကီကုသိုလ်+ကြိယာစိတ်တို့၌လည်း ထိုက်သင့်သလိုဖြစ်ကြပါသည်။

## သဗ္ဗသင်္ဂဟ

**သဗ္ဗသင်္ဂဟ** - စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားအားလုံးကို သိမ်းကျုံးရေတွက်ရာ သင်္ဂဟသည် သဗ္ဗသင်္ဂဟ မည်ပါသည်။

၁။ ခန္ဓာ - ၅-ပါး

၂။ ဥပါဒါနက္ခန္ဓာ - ၅-ပါး

၃။ အာယတန - ၁၂-ပါး

၄။ ဓာတ် - ၁၈-ပါး

၅။ သစ္စာ - ၄-ပါး

### ၁။ ခန္ဓာ ၅-ပါး

**ခန္ဓာ** - ခန္ဓသဒ္ဒါသည် အစုအပုံဖြစ်ပါသည်။

- အတိတ်-အနာဂါတ်-ပစ္စုပ္ပန်၊ အဇ္ဈတ္တ-ဗဟိဒ္ဓ၊ ဩဠာရိက-သုခုမ၊ ဟီန-ပဏီတ၊ ဒူရ-သန္တိကအားဖြင့် ပြားသောရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊

ဝိညာဏ်တို့ကို ၅-စု ၅-ပုံထားခြင်းကို ခန္ဓာ ၅-ပါး ဟုခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ရူပက္ခန္ဓာ | - ရုပ်-၂၈ | ရုပ်ခန္ဓာ ၁-ပါး |
| ၂။ ဝေဒနာက္ခန္ဓာ | ဝေဒနာစေတသိက် | နာမ်ခန္ဓာ ၄-ပါး |
| ၃။ သညာက္ခန္ဓာ | သညာစေတသိက် | |
| ၄။ သင်္ခါရက္ခန္ဓာ | ကြွင်းစေတသိက်-၅၀ | |
| ၅။ ဝိညာဏက္ခန္ဓာ | စိတ်-၈၉ | |

## ခန္ဓာ၏ဥပမာ

၁။ ရူပက္ခန္ဓာသည် - ဝေဒနာ၏မှီရာဖြစ်သောကြောင့် တည်ရာခွက်နှင့်တူသည်။
- ကိုင်တွယ်မရ၊ အနှစ်သာရမရှိ၍ ရေမြှုပ်နှင့်တူသည်။

၂။ ဝေဒနာက္ခန္ဓာသည် - ဝိညာဏ်၏ ခံစားရာဖြစ်၍ အစာနှင့်တူသည်။
- ဖြစ်ပေါ်ပြီး ချက်ချင်းပျောက်သွားတတ်၍ ရေပွက်နှင့်တူသည်။

၃။ သညာက္ခန္ဓာသည် - ဝေဒနာ၏ ခံစားခြင်းကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် ဟင်းလျာနှင့်တူသည်။
- အထင်မှား၊ အမြင်မှားမှတ်မှုဖြစ်၍ တံလျှပ်နှင့်လည်းတူသည်။

၄။ သင်္ခါရက္ခန္ဓာသည် - ပြုပြင်စီရင်ပေးတတ်သောကြောင့် ချက်ပေးသူ ဘားဖိုမှူးနှင့်တူသည်။
- အထဲအဆုံးကြည့်က အနှစ်မတွေ့ရ၍ ငှက်ပျောတုံးနှင့်တူသည်။

၅။ ဝိညာဏက္ခန္ဓာသည် - ဝေဒနာဟူသောဘောဇဉ်ကို စားတတ်သောကြောင့် စားသူနှင့်တူသည်။
- ဝိညာဏ်သည် ခုမြင်-ခုပျောက်သဘောဖြစ်၍ မျက်လှည့်အသွင်နှင့်တူပါသည်။

## နိဗ္ဗာန်ကိုခန္ဓာမဖွဲ့ထိုက်ပုံ

- နိဗ္ဗာန်သည် ကာလသုံးပါးမှလွတ်၍ ကာလဝိမုတ်ဖြစ်သည်။
- ခန္ဓာကိုယ်အပြင်ဘက်မှတည်သောကြောင့် ဗဟိဒ္ဓဖြစ်၏။
- သိမ်မွေ့သောကြောင့် သုခုမ
- မွန်မြတ်သောကြောင့် ပဏီတ
- အသိခက်ခဲသဖြင့် ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေတရားသာဖြစ်သည်။
  ထိုသို့ ကွဲပြားခြင်းမရှိသဖြင့် နိဗ္ဗာန်သည် ခန္ဓာဖွဲ့ရာမှလွတ်၍ ခန္ဓဝိမုတ် မည်ပါသည်။

## ဝေဒနာနှင့်သညာ ၂-ပါးကို သီးခြားခန္ဓာဖွဲ့ရပုံ

ဝေဒနာသည်- ဝဋ်သုံးပါး၌ သာယာတတ်သည်၏အစွမ်းဖြင့် ဖြစ်တတ်၏။
သညာသည် - ထိုခံစားခြင်း၏အကြောင်းဖြစ်သည်။

ထို့ကြောင့် သံသရာ၏ပဓာနဖြစ်သော အကြောင်းဖြစ်ခြင်းကြောင့် ဝေဒနာနှင့် သညာကို သီးခြားခန္ဓာဖွဲ့၍ ဟောရပါသည်။

## ၂။ ဥပါဒါနက္ခန္ဓာ ၅-ပါး

**ဥပါဒါနက္ခန္ဓာ** - ဥပါဒါန်တရား (လောဘ+ဒိဋ္ဌိ)အာသဝေါတရားတို့၏ အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာ ဟု ခေါ်သည်။

| | | |
|---|---|---|
| ၁။ ရူပုပါဒါနက္ခန္ဓာ | ဘုံ ၃-ပါး၌ | - ရုပ်-၂၈ |
| ၂။ ဝေဒနုပါဒါနက္ခန္ဓာ | ဖြစ်သော(ဝါ) | - ဝေဒနာ |
| ၃။ သညုပါဒါနက္ခန္ဓာ | ဥပါဒါန်တရား | - သညာ |
| ၄။ သင်္ခါရုပါဒါနက္ခန္ဓာ | တို့၏ | - ကျန်စေတသိက်-၅၀ |
| ၅။ ဝိညာဏုပါဒါနက္ခန္ဓာ | အာရုံဖြစ်သော | - လောကီစိတ်-၈၁ ပါး |

လောကုတ္တရာစိတ် ၈-ပါးကား ဥပါဒါန်တို့၏အာရုံမဟုတ်သဖြင့် ဝိညာဏုပါဒါနက္ခန္ဓာ၏တရားကိုယ်၌ ထည့်မတွက်၍ ဝိညာဏုပါဒါနက္ခန္ဓာ၌ လောကီစိတ် ၈၁ ကိုသာ ရေတွက်ပါသည်။

အနုပါဒါနက္ခန္ဓာ ၄-ပါး - လောကုတ္တရာစိတ် ၈-ပါးနှင့် ယှဉ်စိတ်တို့၌ ယှဉ်ခိုက် ဝေဒနာစသော နာမ်ခန္ဓာ ၄-ပါးတို့ ဖြစ်ပါသည်။

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂-မျိုးခွဲဟောခြင်း

ခန္ဓာ၌ - လောကီ၊ လောကုတ္တရာအားလုံး ပါဝင်ပါသည်။

ဥပါဒါနက္ခန္ဓာ၌ - လောကီတရားသက်သက်သာဖြစ်သည်။

လောကီ၊ လောကုတ္တရာ ခန္ဓာဖွဲ့၍ ရသမျှသောတရားများအားလုံးကို သိမ်းကျုံးပြခြင်းငှာ ခန္ဓာကို ဟောပါသည်။

ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသောအခါ၌ လောကုတ္တရာတရားကို အာရုံပြု၍ မစီးဖြန်းရပါ။ ဝဋ်ဆင်းရဲတရားများကို အာရုံပြု၍ စီးဖြန်းပါမှ လက္ခဏာရေး ၃-ပါးကို မြင်နိုင်ပါသည်။

ထို့ကြောင့် ဝိပဿနာရှုမှတ်ရန်အလို့ငှာ လောကီတရားများသက်သက်ကို ခန္ဓာဖွဲ့လျက် ဒုတိယ ဥပါဒါနက္ခန္ဓာကို ဟောတော်မူပါသည်။

## ၃။ အာယတန

**အာယတန** - အာယတနသဒ္ဒါသည် အကြောင်းဟူသောအနက်ကိုဟောသည်။
- စိတ်၊ စေတသိက်တရားတို့သည် စက္ခုပသာဒ၊ ရူပါရုံစသည်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ကြကုန်၏။
- ထိုစိတ်၊ စေတသိက်တို့ ဖြစ်ပေါ်ကြောင်းဖြစ်သောတရားတို့ကို အာယတန ဟုခေါ်ပါသည်။

## အာယတန ၁၂-ပါး

| အဇ္ဈတ္တိကာယတန | တရားကိုယ် | ဗာဟိရာယတန | တရားကိုယ် |
| --- | --- | --- | --- |
| ၁။ စက္ခာယတန | စက္ခုပသာဒ | ၇။ ရူပါယတန | ရူပါရုံ |
| ၂။ သောတာယတန | သောတပသာဒ | ၈။ သဒ္ဒါယတန | သဒ္ဒါရုံ |
| ၃။ ဃာနာယတန | ဃာနပသာဒ | ၉။ ဂန္ဓာယတန | ဂန္ဓာရုံ |
| ၄။ ဇိဝှါယတန | ဇိဝှါပသာဒ | ၁၀။ ရသာယတန | ရသာရုံ |
| ၅။ ကာယာယတန | ကာယပသာဒ | ၁၁။ ဖောဋ္ဌဗ္ဗာယတန | ဖောဋ္ဌဗ္ဗာရုံ (ပ၊တေ၊ဝါ) |
| ၆။ မနာယတန | စိတ်-၈၉ | ၁၂။ ဓမ္မာယတန | သုခုမရုပ် - ၁၆ |
| | | | စေတသိက် - ၅၂ |
| | | | နိဗ္ဗာန် - ၁ |
| | | | ၆၉ |

## အာယတန ၁၂-ပါးပြားရပုံ

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါးပြားသောကြောင့် အာယတန ၁၂-ပါး ပြားရပါသည်။

သုဒ္ဓါယတန ၉-ပါး = ပသာဒ-၅၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ဩဇာ

မိဿကာယတန ၃-ပါး = မနာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန

# ၄။ ဓာတ် ၁၈–ပါး

**ဓာတ်** - မိမိသဘောလက္ခဏာအတိုင်း ထင်ရှားစွာဖြစ်ပေါ်တတ်သောတရားကို ဓာတ် ဟု ခေါ်ပါသည်။

| ဒွါရ ၆-ပုံ | တရားကိုယ် | အာရုံ ၆-တန် | တရားကိုယ် | ဝိညာဏ် ၆-သွယ် | တရားကိုယ် |
|---|---|---|---|---|---|
| (အခံဓာတ်) | | (အတိုက်ဓာတ်) | | (အပွင့်ဓာတ်) | |
| ၁။ စက္ခုဓာတ် | စက္ခုပသာဒ | ၇။ရူပဓာတ် | ရူပါရုံ | ၁၃။စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ်ဒွေး |
| ၂။ သောတဓာတ် | သောတပသာဒ | ၈။သဒ္ဒဓာတ် | သဒ္ဒါရုံ | ၁၄။သောတဝိညာဏဓာတ် | သောတဝိညာဏ်ဒွေး |
| ၃။ ဃာနဓာတ် | ဃာနပသာဒ | ၉။ဂန္ဓဓာတ် | ဂန္ဓာရုံ | ၁၅။ဃာနဝိညာဏဓာတ် | ဃာနဝိညာဏ်ဒွေး |
| ၄။ ဇိဝှါဓာတ် | ဇိဝှါပသာဒ | ၁၀။ရသဓာတ် | ရသာရုံ | ၁၆။ဇိဝှါဝိညာဏဓာတ် | ဇိဝှါဝိညာဏ်ဒွေး |
| ၅။ ကာယဓာတ် | ကာယပသာဒ | ၁၁။ဖောဋ္ဌဗ္ဗဓာတ် | ဖောဋ္ဌဗ္ဗာရုံ | ၁၇။ကာယဝိညာဏဓာတ် | ကာယဝိညာဏ်ဒွေး |
| ၆။ မနောဓာတ် | ပဉ္စဒွါရာဝဇ္ဇန်း | ၁၂။ဓမ္မဓာတ် | စေတသိက် -၅၂ | ၁၈။မနောဝိညာဏဓာတ် | မနောဝိညာဏ်စိတ် |
| | နှင့် | | သုခုမရုပ် -၁၆ | | ၇၆-ပါး |
| | သမ္ပဋိစ္ဆိုင်းဒွေး | | နိဗ္ဗာန် - ၁ | | |
| | | | ၆၉ | | |

## ဓာတ် ၁၈-ပါးပြားရပုံ

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ထိုဒွါရအာရုံတို့ကိုမှီ၍ဖြစ်သော ဝိညာဏ် ၆-ပါးစီပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားရပါသည်။

ဓာတ် ၁၈-ပါး၌-

- ရုပ်သက်သက်ဓာတ် - ၁၀
  နာမ်သက်သက်ဓာတ် - ၇
  ရုပ်+နာမ်ရောဓာတ် - ၁ (ဓမ္မဓာတ်)
- သုဒ္ဓဓာတ် - ၉-ပါး (တရားကိုယ်တစ်ပါးစီရဓာတ်များ)
  မိဿကဓာတ် - ၉-ပါး (မနောဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဓမ္မဓာတ်၊ အပွင့်ဓာတ် ၆-ပါး)

ငါ၊ သူတစ်ပါး၊ ကျား-မ သီးခြားမရှိကြောင်းကို ဓာတ် ၁၈-ပါးနှင့် စစ်ဆေးကြည့်ရှုနိုင်ပါသည်။

ဤသူကို ငါမြင်သည်ဟု ဆိုရာဝယ် အမှန်အားဖြင့် ထိုသူ၏အရောင်အဆင်းရူပဓာတ်သည် စက္ခုဓာတ်ကို ထိခိုက်သောအခါ စက္ခုဝိညာဏဓာတ်ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။

ဓာတ် ၁၈-ပါးကိုမသိဘဲ ငါမြင်-ငါကြား-ငါသိ သည်ဟူ၍သာ ''ငါ''စွဲ ပြင်းထန်နေပါက တစ်ဆင့်တက်၍ ငါနှစ်သက်သည်-ငါ့ကိုချစ်သည်-စသည်ဖြင့် ရာဂ-ဒေါသ-မောဟတို့ တစ်ဟုန်တည်း ပြင်းထန်လာနိုင်ပါသည်။ ထိုအကုသိုလ်များ ပြင်းထန်လာသော် ကုသိုလ်အားများ တဖြည်းဖြည်းယုတ်လျော့သွားပြီး သူ၏ ကြံစည်ပြောဆိုဆောင်ရွက်မှုများသည် သူ့အတွက်လည်းကောင်း၊ သူတစ်ပါးအတွက် လည်းကောင်း အကျိုးကျေးဇူးမဖြစ်တော့ပါ။

ဓာတ် ၁၈-ပါးကိုသိနေသူသည် တဖြည်းဖြည်း ငါ စွဲလျော့နည်းလာသည်။ ထိုသို့နည်းသော် လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတရား စသည့် အကုသိုလ်တရားတို့ လျော့ပါးလာမည်။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ စသော အပြစ်ကင်းသော ကုသိုလ်များ ပွားများလာမည်။

ကုသိုလ်များသောသူ၏ ကြံစည်ပြောဆိုလုပ်ကိုင်မှုများသည် မိမိအတွက် သူတစ်ပါးအတွက် ကောင်းကျိုးဖြစ်စေပြီး ပစ္စုပ္ပန်-သံသရာကောင်းကျိုးခံစားရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သဘာဝဓာတ် ၁၈-ပါးကို သိသာထင်မြင်အောင် သိရှိမှတ်သား ရှုမြင်ရပါမည်။

## ၅။ သစ္စာ ၄-ပါး

သစ္စာ - မှန်ကန်ခြင်း၊

အရိယသစ္စာ - သစ္စာလေးပါးအမှန်တရားသည် အရိယာပုဂ္ဂိုလ်များသာ ပိုင်နိုင်စွာသိအပ်သောကြောင့် အရိယသစ္စာ မည်ပါသည်။

| | | |
|---|---|---|
| ၁။ ဒုက္ခသစ္စာ | - တေဘူမကဝဋ္ဋသုံးပါး ဒုက္ခအမှန်တရား | လောကီစိတ်-၈၁၊ လောဘကြဉ်စေတသိက်-၅၁၊ ရုပ်-၂၈၊ |
| ၂။ သမုဒယသစ္စာ | - ဒုက္ခဖြစ်ကြောင်း အမှန်တရား | လောဘ (တဏှာ)၊ |
| ၃။ နိရောဓသစ္စာ | - ဒုက္ခ-သမုဒယ ၂-ပါး ချုပ်ရာအမှန်တရား | နိဗ္ဗာန်၊ |
| ၄။ မဂ္ဂသစ္စာ | - ဒုက္ခ-သမုဒယချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အမှန်တရား | မဂ်၄-ပါး၌ရှိ မဂ္ဂင်တရားကိုယ် ၈-ပါး |

- ဤသစ္စာ ၄-ပါးတွင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများ ဖြစ်ကြပါသည်။

- နိရောဓနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာသစ္စာတို့ ဖြစ်သည်။

# ပရမတ္ထသစ္စာနှင့် အရိယသစ္စာ

**ပရမတ္ထသစ္စာ**

- စိတ်က အာရုံကိုသိတတ်ခြင်းသည် အမှန်ပင်ဖြစ်ပါသည်။ စိတ်က အာရုံကိုသိရာ၌ ကုသိုလ်စိတ်က ကောင်းသည်၊ အကုသိုလ်စိတ်က မကောင်း ဟူ၍ ခွဲခြားသိသည်။
- ထိုကဲ့သို့ပင် ဖဿသည် ထိခြင်းအမှန်ဖြစ်သည်။
- ဝေဒနာသည် ခံစားခြင်းအမှန်၊
- ရုပ်သည် ဖောက်ပြန်ခြင်းအမှန်၊
- နိဗ္ဗာန်သည် အေးငြိမ်းခြင်းအမှန် စသည်ဖြင့် ပရမတ္ထ သစ္စာရိုးရိုးက အမှန်တရားများကို ဖော်ထုတ်သည်။

**အရိယသစ္စာ**

- ပရမတ္ထသစ္စာကိုပင် အရိယာနယ်ပယ်ကနေ ကြည့်သောအခါ စိတ်၊ ဖဿ၊ ဝေဒနာ၊ ရုပ်တို့သည် မမြဲသောကြောင့် ဆင်းရဲသော ဒုက္ခသစ္စာတစ်မျိုးတည်းသာ ဖြစ်သွားသည်။
- စိတ်တွင်လည်း အကုသိုလ်စိတ်သည်လည်းကောင်း၊ ကုသိုလ်စိတ်သည်လည်းကောင်း မမြဲသောကြောင့် ဒုက္ခသစ္စာသာလျှင် ဖြစ်သည်။
- သမုဒယသစ္စာသည် သာမန်ကြည့်လျှင် ရှိကြောင်းသိနိုင်သည်။ ဝိပဿနာတရားဖြင့် ကြည့်သော် စိစစ်သော် မတွေ့ရတော့ပေ။ အရိယသစ္စာသည် ဝိပဿနာဉာဏ်ဖြင့် တရားအားထုတ်ကြည့်လေ မှန်ကန်လေ ဖြစ်ပါသည်။
- အရိယသစ္စာဟူသည် မပြောင်းလဲသောမှန်ခြင်း၊ ဖြူစင်သန့်ရှင်းသောပြောင်းလဲခြင်း၊ ဖောက်ပြန်ခြင်း ရွေ့လျားခြင်းမရှိသော မှန်ကန်ခြင်းဖြစ်ပါသည်။
- ဝိပဿနာဉာဏ်ဖြင့် တရားအားထုတ်၍ကြည့်သော် အရိယသစ္စာကို တွေ့မြင်နိုင်သည်။ မဂ်-ဖိုလ်ရသူသည် ရှင်းလင်းပြတ်သားစွာမြင်နိုင်ပါသည်။
- ခန္ဓာ ၅-ပါး၊ အာယတန-၁၂ ပါး၊ ဓာတ်-၁၈ ပါး တို့ကို ထင်မြင်အောင် ဝိပဿနာရှုပွားခြင်းသည် အရိယာသစ္စာ ၄-ပါးကို မြင်သိရန်အတွက် ဖြစ်ပါသည်။

## အရိယသစ္စာ ၄-ပါး

၁။ ဒုက္ခအရိယသစ္စာ - တေဘူမကတရားတို့ကို ဆင်းရဲခြင်းအမှန်ဟုသိခြင်း၊
၂။ သမုဒယအရိယသစ္စာ- တဏှာ၊ လောဘသည် ဆင်းရဲခြင်းဖြစ်စေသော အကြောင်းရင်းအမှန် ဟုသိခြင်း၊
၃။ နိရောဓအရိယသစ္စာ - နိဗ္ဗာန်သည် ဆင်းရဲချုပ်ရာအမှန်ဟုသိခြင်း၊
၄။ မဂ္ဂအရိယသစ္စာ - မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်အမှန်ဟု သိခြင်း၊

## သစ္စဝိမုတ်

မဂ္ဂင်ရှစ်ပါးမှကြွင်းသော - မဂ်စိတ် ၄-ပါးနှင့် စေတသိက်များ
- ဖိုလ်စိတ် ၄-ပါးနှင့် စေတသိက်များသည်

သစ္စာ ၄-ပါးတွင် မပါဝင်ဘဲ လွတ်နေသော သစ္စဝိမုတ်စိတ်များဖြစ်သည်။

| မဂ်စိတ်များ | ဖိုလ်စိတ်များ | စေတသိက်ယှဉ် |
|---|---|---|
| × × × × | × × × × | ၃၆ |
| × × × × | × × × × | ၃၅ |
| × × × × | × × × × | ၃၄ |
| × × × × | × × × × | ၃၃ |
| - - - - | - - - - | ၃၃ |

မဂ်စိတ် ၄-ပါးကို သဘောတူပေါင်း၍ရသော စိတ် ၁-ပါးနှင့် မဂ္ဂင်ရှစ်ပါးမှ ကြွင်းသော စေတသိက် (၃၆-၈)=၂၈၊ ပေါင်း=(၁+၂၈)=၂၉ သည်လည်းကောင်း၊

ဖိုလ်စိတ် ၄-ပါးကို သဘောတူပေါင်း၍ရသော စိတ် ၁-ပါးနှင့် စေတသိက် ၃၆-ပါး၊ ပေါင်း (၁+၃၆)=၃၇ ပါး သည်လည်းကောင်း သစ္စဝိမုတ်များ ဖြစ်ကြပါသည်။

သစ္စဝိမုတ်တွင်ပါဝင်သော စိတ်၊ စေတသိက်များသည် အလွန်အေးချမ်းသော စိတ်၊ စေတသိက်များ ဖြစ်ကြပါသည်။

ဆင်းရဲခြင်းအမှန်မဟုတ်သောကြောင့် ဒုက္ခသစ္စာနယ်ပယ်ထဲတွင် မပါဝင်ကြပေ။ ထိုစိတ်၊ စေတသိက်များသည် ဆင်းရဲခြင်းကို ပေါက်ဖွားပေးသည်မဟုတ်၊ ဆင်းရဲခြင်းကို ဖြစ်စေသောအကြောင်းရင်းမဟုတ်သောကြောင့်လည်း သမုဒယသစ္စာနယ်ပယ်ထဲတွင် မပါဝင်ပေ။

လောကုတ္တရာမဂ်စိတ်၊ ဖိုလ်စိတ် နှင့် စေတသိက်များသည် အကြွင်းမဲ့ချုပ်ငြိမ်းသွားသည်လည်းမဟုတ်၊ စိတ်အစဉ်များဖြစ်နေပေသေးသည်။ အကြွင်းမဲ့ဆင်းရဲချုပ်ငြိမ်းခြင်းမရှိသောကြောင့် နိရောဓနယ်ပယ်ထဲတွင်လည်း မပါဝင်ပါ။

ဆင်းရဲခြင်းချုပ်ငြိမ်းသော နိဗ္ဗာန်သို့ရောက်လျှင် ကျင့်စဉ်လမ်းမှန်မဟုတ်သောကြောင့်လည်း မဂ္ဂသစ္စာနယ်ပယ်ထဲတွင် မပါဝင်ပါ။

သစ္စဝိမုတ်ဖြစ်သော စိတ်၊ စေတသိက်များသည် သစ္စာလေးပါးနယ်ပယ်ထဲတွင် မပါဝင်သောကြောင့် အသုံးမဝင်ဟူ၍ကား မဆိုရပါ။ နိဗ္ဗာန်သို့ရောက်စေနိုင်သော မဂ္ဂင်လမ်းတွင် အနားယူစခန်း ဖြစ်ပါသည်။

ဥပမာ-ရပ်ရွာသို့သွားသောလမ်းဘေးတွင် နားနေစခန်းများရှိနေသကဲ့သို့ပင် ဖြစ်ပါသည်။

အနားယူစခန်းနှင့်တူသော လောကုတ္တရာမဂ်စိတ်-ဖိုလ်စိတ်များကို စွဲလမ်းတွယ်တာ၍ မနေပါ။ ခဏမျှသာ ခံစားခြင်းဖြစ်ပါသည်။ သကဒါဂါမိဖိုလ်၊ အနာဂါမ်ဖိုလ်စသည်ဖြင့် ဖိုလ်ဝင်စားသည်ဆိုသည်မှာ သစ္စဝိမုတ်ကို ဝင်စားခြင်းသာ ဖြစ်ပါသည်။

အပင်ပန်းပြေစေရန် ခေတ္တမျှရပ်နားပြီး နိဗ္ဗာန်ရောက်ရှိရန် မဂ္ဂင်လမ်းပေါ်တွင် ဆက်လက်၍လျှောက်ရပါမည်။

* * * * *

# ပစ္စည်းပိုင်း

**ပစ္စယ - ပစ္စည်း** - ထောက်ပံ့သော၊ ကူညီသော၊ ဖြစ်စေသောအကြောင်းတရား

- အကြောင်းဖြစ်သော ပစ္စည်းတရား၊ အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားနှင့် ထိုအကြောင်းအကျိုးတို့၏ ကျေးဇူးပြုပုံသတ္တိအပြားပိုင်းကို ပြရာကို ပစ္စည်းပိုင်း ဟုခေါ်သည်။
- လူ့လောကတွင် ပစ္စည်းဟူသော ဝေါဟာရကိုသုံးစွဲကြသည်။
- ကိစ္စတစ်ခုခုကို ဆောင်ရွက်ရာတွင် ပြီးစီးအောင်မြင်စေရန် ကူညီပေးတတ်သော ကြောင့် ပစ္စည်း ဟု ခေါ်ပါသည်။
- အဝတ်အထည်များသည် ရာသီဥတုကို ကာကွယ်ရန် အကူအညီပေးခဲ့သည်။ စိတ်၊ စာအုပ်စသည်တို့သည် စာရေး၊ စာဖတ်ရန် အကူအညီပေးကြသည်။ ဆေးဝါး စသည်လည်း လူတို့ကျန်းမာစေရန် အကူအညီပေးကြပါသည်။ ထိုကဲ့သို့ လူတို့ကို အကူအညီပေးသော အသုံးအဆောင်ပစ္စည်းများစွာ ရှိပါသည်။
- ပစ္စည်းတွင် သက်ရှိ၊ သက်မဲ့ပစ္စည်း ၂-မျိုးရှိသည်။
- ကိစ္စရပ်များဆောင်ရွက်ရာတွင် သက်ရှိသတ္တဝါများသည် တစ်ဦးနှင့်တစ်ဦး ကူညီထောက်ပံ့ပေးမှုများ ရှိသည်။

- တိရစ္ဆာန်များဖြစ်ကြသော နွား၊ ကျွဲ၊ ဆင် စသည်က လူတို့ကို ကူညီထောက်ပံ့ပေးသည်။ လူအချင်းချင်းလည်း ကူညီထောက်ပံ့ပေးသည်။
- ပဋ္ဌာန်းပစ္စည်းဆိုသည်မှာ ပရမတ္ထတရားတို့ဖြစ်ပေါ်စေရန် အထောက်အပံ့ အကူအညီပေးသော အကြောင်းတရားများ ဖြစ်ကြပါသည်။

**ပစ္စယ** - ဆိုင်ရာအကျိုးတရားများ၏အကြောင်းတရား
(ထိုပစ္စယ၌ သင်္ခတတရားချည်းသာမက အသင်္ခတဖြစ်သော နိဗ္ဗာန်နှင့် ပညတ်လည်း ပါဝင်ပါသည်။)

**ပစ္စယုပ္ပန်**- အကြောင်းတရားကြောင့် ဖြစ်သော အကျိုးတရား
- ပစ္စယုပ္ပန်မှန်လျှင် သင်္ခတတရားချည်းသာဖြစ်သည်။
- ပစ္စည်းတရားတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်ဆိုရာ၌-

- မဖြစ်သေးသော ပစ္စယုပ္ပန်တရားကို ဖြစ်ပေါ် (ဥပါဒ်)စေခြင်း၊
- ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားကို ဌီအခိုက်၌ တည်တံ့စေခြင်းကို ကျေးဇူးပြုခြင်းဟု ဆိုလိုပါသည်။

## ကြောင်းကျိုးဆက်နွယ်ပုံ ၂-နည်း

ပစ္စည်း

↓ ပဋိစ္စသမုပ္ပါဒ်နည်း ↓ ပဋ္ဌာန်းနည်း

**ပဋိစ္စသမုပ္ပါဒ်နည်း**
- အကြောင်းကြောင့် အကျိုးဖြစ်ပုံ အကြမ်းဖျင်းပြသောနည်း။
- အဝိဇ္ဇာပစ္စယာသင်္ခါရာသည် အဝိဇ္ဇာဟူသော ပစ္စည်းတရားကြောင့် သင်္ခါရဟူသော ပစ္စယုပ္ပန်တရားဖြစ်သည်ကို ပြ၏။
- ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့၏ အကြောင်းအကျိုး **ဆက်နွယ်မှုကိုသာ** ပြပါသည်။
- မည်သည့်ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူသော ပစ္စယသတ္တိထူးကိုမပြပါ။

**တစ်နည်း**

အဝိဇ္ဇာကြောင့် ဖြစ်လာသော သင်္ခါရတွင်ပင် အသေးစိတ်ခွဲခြား၍ ပြောစရာများစွာ ရှိသော်လည်း အကျယ်ချဲ့၍မပြောဘဲ တစ်ခုပေါ်တစ်ခုမှီ၍ ဖြစ်လာသည်ဟု အကြမ်းဖျင်းသာပြောသည်။

**ပဋ္ဌာန်းနည်း**

အကြောင်းကြောင့်အကျိုးဖြစ်ပုံကို အသေးစိတ် ပြသောနည်း။

**တစ်နည်း**

ပစ္စည်း၊ ပစ္စယုပ္ပန် နှစ်မျိုးဆက်သွယ်ကျေးဇူးပြုရာတွင် မည်သို့မည်ပုံ ကျေးဇူးပြုသည်ဟူသော ပစ္စယသတ္တိကိုပါ အထူးသဖြင့် ပြဆိုသည်။

**ဥပမာ**

ပဋ္ဌာန်းပါဠိတော်တွင်-

- ဟေတုဖြင့် ပစ္စည်းကိုပြသည်။
- ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ-တံ သမုဋ္ဌာနာနဉ္စရူပါနံဖြင့် ပစ္စယုပ္ပန်ကို ပြသည်။
- ဟေတုပစ္စယေနဖြင့် ဟေတုပစ္စယသတ္တိကိုပြပါသည်။
- ထို့ကြောင့် ပဋ္ဌာန်းနည်းသည် ပစ္စည်း၊ ပစ္စယုပ္ပန်တို့ကိုသာမက ပစ္စယသတ္တိထူးကိုပါ သေချာစွာထုတ်ဖော်ပြသောနည်း ဖြစ်ပါသည်။

## ပဋိစ္စသမုပ္ပါဒ်နည်း

**ပဋိစ္စသမုပ္ပါဒ်** - အကြောင်းပစ္စည်းတရားကို အစွဲပြု၍ အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပေါ်လာပုံကိုပြခြင်းကို ပဋိစ္စသမုပ္ပါဒ် ဟု ခေါ်ပါသည်။

| | ပစ္စည်း | ပစ္စယုပ္ပန် | ဆက်သွယ်ပုံ |
|---|---|---|---|
| ၁ | အဝိဇ္ဇာပစ္စယာ | သင်္ခါရာ | မသိမှုအဝိဇ္ဇာကြောင့် ပြုပြင်မှုသင်္ခါရဖြစ်၏။ |
| ၂ | သင်္ခါရာပစ္စယာ | ဝိညာဏံ | သင်္ခါရကြောင့် ပဋိသန္ဓေဝိပါကဝိညာဏ်စိတ် ပဝတ္တိဝိညာဏ်စိတ်တို့ဖြစ်၏။ |
| ၃ | ဝိညာဏပစ္စယာ | နာမရူပံ | ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ |
| ၄ | နာမရူပပစ္စယာ | သဠာယတနံ | နာမ်ရုပ်ကြောင့် အတွင်းအာယတန ၆-ပါး ဖြစ်၏။ |
| ၅ | သဠာယတန ပစ္စယာ | ဖဿော | အတွင်းအာယတန ၆-ပါးကြောင့် တွေ့ထိမှု ဖဿဖြစ်၏။ |
| ၆ | ဖဿပစ္စယာ | ဝေဒနာ | ဖဿကြောင့် ခံစားမှုဝေဒနာဖြစ်၏။ |
| ၇ | ဝေဒနာပစ္စယာ | တဏှာ | ဝေဒနာကြောင့် တွယ်တာတပ်မက်လိုချင်မှု တဏှာ ဖြစ်၏။ |
| ၈ | တဏှာပစ္စယာ | ဥပါဒါနံ | တဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်၏။ |
| ၉ | ဥပါဒါနပစ္စယာ | ဘဝေါ | ဥပါဒါန်ကြောင့် လောကီကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ကမ္မဘဝ၊ လောကီကုသိုလ်ကံ၊ အကုသိုလ်ကံ၏အကျိုး ဟူသော ဥပပတ္တိဘဝဖြစ်၏ |
| ၁၀ | ဘဝပစ္စယာ | ဇာတိ | ကမ္မဘဝကြောင့် ဘဝသစ်တစ်ခု၏အစ ပဋိသန္ဓေနေမှုဇာတိဖြစ်၏။ |
| ၁၁ | ဇာတိပစ္စယာ | ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ | ဇာတိကြောင့် အိုမှု-ဇရာ၊ သေမှု-မရဏ၊ စိုးရိမ်မှု-သောက၊ ငိုကြွေးမှု-ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု-ဒုက္ခ၊ စိတ်နှလုံးပူပန်ခြင်း-ဒေါမနဿ၊ ပြင်းစွာပူဆွေးမှု-ဥပါယာသ တို့ဖြစ်ကုန်၏။ |

ဤသို့လျှင် အဝိဇ္ဇာအကြောင်း + အကျိုးတရားတို့၏ အဆက်ဆက် မပြတ် ဖြစ်ကာ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့အားလုံးတို့ ဖြစ်ပေါ်ကြသည်။ မည်သူတစ်ဦး တစ်ယောက်မျှ၊ မည်သည့်ထာဝရဘုရား ဖန်ဆင်းရှင်ကမျှ မဖန်ဆင်းပါ။

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

အဝိဇ္ဇာ = အ + ဝိဇ္ဇာ
ဆန့်ကျင်ဘက် + ဉာဏ်

- ဉာဏ်၏ဆန့်ကျင်ဘက်တရားကို "အဝိဇ္ဇာ"ဟုခေါ်ပါသည်။
- သိထိုက်သည်ကိုမသိ၊ မသိထိုက်သည်ကို သိသော တရား၊
- သစ္စာလေးပါးနှင့်စပ်သော ၈-ဌာန၌ ဖုံးလွှမ်းတတ်သောတရား၊
- သတ္တဝါတို့အား အမှန်တရားကိုမသိအောင် ဖုံးလွှမ်းစေတတ်သောကြောင့် အဝိဇ္ဇာကို အမှောင်တကာ့ အမှောင်ဆုံးဖြစ်သည်ဟု ဆိုပါသည်။
- အမှန်ကိုမသိကြ၍ မိုက်ချင်တိုင်း-မိုက်၊ မှားချင်တိုင်း-မှားကာ သံသရာတွင် နစ်ချင်တိုင်း နစ်နေကြရသည်။ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော မောဟဖြစ်ပါသည်။
  - *မိုက်မဲ့စွာလှ၊ မှောင်ကြီးချ၊ မောဟအဝိဇ္ဇာ။*
  - *အလင်းမှာရှိ၊ ဉာဏ်ပညာရှိ၊ ခေါ်ဘိဝိဇ္ဇာ၊ အမောဟာ။*

## အဝိဇ္ဇာဖုံးရာ ၈-ဌာန

၁။ ဒုက္ခသစ္စာ၊
၂။ သမုဒယသစ္စာ၊
၃။ နိရောဓသစ္စာ၊
၄။ မဂ္ဂသစ္စာ၊
၅။ ပုဗ္ဗန္တ ခေါ် အတိတ်ကဖြစ်ခဲ့သော ခန္ဓာ၊ အာယတန၊ ဓာတ်အဖို့အစုများ၊
၆။ အပရန္တ ခေါ် အနာဂတ်ဖြစ်မည့် ခန္ဓာ၊ အာယတန၊ ဓာတ်အဖို့အစုများ၊

၇။ ပုဗ္ဗန္တာပရန္တ ခေါ် ထိုရှေ့နောက်နှစ်ပါးရှိ ခန္ဓာ၊ အာယတန၊ ဓာတ်အဖို့အစုများ၊

၈။ ပဋိစ္စသမုပ္ပါဒ်တရား၊

- မသိတိုင်း အဝိဇ္ဇာမဟုတ်ပါ။ ဤ ၈-ပါးနှင့်စပ်၍ မသိမှသာ အဝိဇ္ဇာမည်ပါသည်။
- ဤ ၈-ပါးကိုသိရာတွင် သရုပ်ရေတွက်မှုကိုသိခြင်းသည် သညာသိမျိုးဖြစ်သည်။ ဉာဏ်ဖြင့် ဒုက္ခသဘော၊ သမုဒယသဘောကို ပိုင်းခြားစွာသိမှသာ အသိမှန်ဖြစ်ပါသည်။

သင်္ခါရအရ= ယခုဘဝ၌ပြုအပ်သော ကိုယ်မှု-နှုတ်မှု-စိတ်မှုများနှင့် နောက်ဘဝအတွက် အကျိုး(ဝိပါက်)များကို ပြုတတ်သော ကံတရားကို သင်္ခါရ ဟုခေါ်ပါသည်။

တရားကိုယ်မှာ - လောကီကုသိုလ်၊ အကုသိုလ်၌ယှဉ်သော စေတနာ ၂၉-ပါး ဖြစ်သည်။

## သင်္ခါရအပြား ၃-ပါး

၁။ ပုညာဘိသင်္ခါရ - အရူပကုသိုလ် ၄-ပါးကြဉ်၊ လောကီကုသိုလ် ၁၃-ပါး၌ရှိသော စေတနာ၊

၂။ အပုညာဘိသင်္ခါရ - အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော စေတနာ၊

၃။ အာနေဉ္ဇာဘိသင်္ခါရ - အရူပကုသိုလ် ၄-ပါး၌ရှိသော စေတနာ၊

(ဆန့်ကျင်ဘက်တရားတို့ကြောင့် မယိမ်းမယိုင် မြဲခိုင်သောသဘောကို အာနေဉ္ဇ ဟုခေါ်သည်။)

- *အကု-ကုနှစ်ထွေ၊ စေတနာမွေ-ကံသုံးဝ၊ မှတ်ကြသင်္ခါရာ၊ ပုညာပုည-အာနေဉ္ဇ၊ သုံးဝခွဲစိတ်ဖြာ။*

## သင်္ခါရပစ္စယာ ဝိညာဏံ

သင်္ခါရအရ - ပဋိသန္ဓေအခါ ဥဒ္ဒစ္စသဟဂုတ်ကြဉ်သော အလုံးစုံသော အပုညာဘိသင်္ခါရ၊ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ ဟုဆိုအပ်သော ကုသိုလ်-အကုသိုလ်စေတနာ ၂၉-ပါးကို ယူရပါသည်။

ဝိညာဏ်အရ- ပဋိသန္ဓေစိတ် ၁၉-ပါးနှင့် လောကီဝိပါက် ၃၂-ပါးကို ယူရပါမည်။

- ဝဋ်တရားတို့၏ လည်နေပုံကိုပြသောကြောင့် လောကုတ္တရာ ဝိပါက်ဝိညာဏ်များကို မယူရပါ။

## သင်္ခါရ ၃-ပါးကြောင့် ဝိညာဏ်အသီးသီးဖြစ်ပုံ

| သင်္ခါရ | | ဝိညာဏ် | |
|---|---|---|---|
| သင်္ခါရ ၃-မျိုး | သရုပ် | ပဋိသန္ဓေဝိညာဏ်-၁၉ | ပဝတ္တိဝိညာဏ်-၃၂ |
| ပုညာဘိသင်္ခါရ | မဟာ ကုသိုလ်-၈ | မဟာဝိပါက်-၈ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁ | မဟာဝိပါက်-၈ အဟိတ်ကုသလ ဝိပါက်-၈ |
| | ရူပကုသိုလ်-၅ | ရူပဝိပါက်-၅ | ရူပဝိပါက်-၅ |
| အပုညာဘိ သင်္ခါရ | အကုသိုလ်-၁၂ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁ | အကုသလ ဝိပါက်-၇ |
| အာနေဉ္ဇာဘိ သင်္ခါရ | အရူပကုသိုလ်-၄ | အရူပဝိပါက်-၄ | အရူပဝိပါက်-၄ |

## ဝိညာဏပစ္စယာ နာမရူပံ

ဝိညာဏ်အရ - ရှေးဘဝကပြုခဲ့သော ကမ္မဝိညာဏ်နှင့် ယခုပစ္စုပ္ပန်၌ဖြစ်သော ပဝတ္တိဝိပါက်ဝိညာဏ် ၃၂-ပါး

- စေတနာတည်းဟူသော ကံနှင့်ယှဉ်သောစိတ်ကို ကမ္မဝိညာဏ် ဟုခေါ်ရသည်။

နာမ်အရ - ဝိပါက်ဝိညာဏ် ၃၂-ပါး၌ယှဉ်သော စေတသိက်များကို နာမ်ဟု ယူရပါသည်။

ရုပ်အရ - ထိုဝိပါက်ဝိညာဏ်စိတ်၊ စေတသိက်တို့နှင့်ယှဉ်သော ကမ္မဇရုပ် ၁၈-ပါးကို ယူရပါမည်။

- ဝိညာဏ် ၂-မျိုးခွဲယူသကဲ့သို့ နာမ်-ရုပ်ကိုလည်း-
  - ပဋိသန္ဓေနာမ်ရုပ်၊
  - ပဝတ္တိနာမ်ရုပ် ဟူ၍ ၂-မျိုးခွဲယူရသည်။

- **သန္ဓိ + ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ဝိညာဏာ။**

## နာမရူပပစ္စယာ သဠာယတနံ

နာမ်-ရုပ်အရ - လောကီဝိပါက်-၃၂-ပါး၌ ယှဉ်သော စေတသိက် ၃၅-ပါး (စေတသိက်ခန္ဓာ ၃-ပါးနှင့် ကမ္မဇရုပ်၁၈-ပါး)ကိုပင် ယူရပါမည်။

သဠာယတနအရ - စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတနဟူသော အတွင်းအာယတန ၆-ပါး(ဤ၌ မနာယတနသည် လောကီဝိပါက်စိတ် ၃၂-ပါး၌ ဖြစ်သည်။)

- ဝိညာဏ်ကြောင့် စေတသိက်နာမ်ဖြစ်ပြီး စေတသိက်နာမ်ကြောင့် မနာယတန ဟူသော ဝိညာဏ်ဖြစ်ရကား စိတ်နှင့် စေတသိက်တို့သည် အညမညသတ္တိဖြင့် ကျေးဇူးပြုကြသည်။

## သဠာယတနပစ္စယာ ဖဿော

သဠာယတနအရ - အဇ္ဈတ္တိကာယတန ၆-ပါးကို ယူရမည်။

ဖဿအရ - လောကီဝိပါက်စိတ် ၃၂-ပါး၌ယှဉ်သော ဖဿစေတသိက်ကို ယူရမည်။

စက္ခုသမ္ဖဿ - စက္ခုဝိညာဏ်ဒွေးရှိ ဖဿ
သောတသမ္ဖဿ - သောတဝိညာဏ်ဒွေးရှိ ဖဿ
ဃာနသမ္ဖဿ - ဃာနဝိညာဏ်ဒွေးရှိ ဖဿ
ဇိဝှါသမ္ဖဿ - ဇိဝှါဝိညာဏ်ဒွေးရှိ ဖဿ
ကာယသမ္ဖဿ - ကာယဝိညာဏ်ဒွေးရှိ ဖဿ
မနောသမ္ဖဿ - ဒွေးပဉ္စဝိညာဏ် ၁၀-ကြဉ်
လောကီဝိပါက်စိတ် ၂၂-ပါး၌ရှိ ဖဿ
(သမ္ဖဿ=ဖဿနှင့် အနက်တူသည်။)

## ဖဿပစ္စယာ ဝေဒနာ

ဖဿအရ - လောကီဝိပါက်စိတ် ၃၂-ပါး၌ယှဉ်သော ဖဿစေတသိက်
ဝေဒနာအရ - လောကီဝိပါက်စိတ် ၃၂-ပါး၌ယှဉ်သော ဝေဒနာစေတသိက်
- စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာဖြစ်၏။
- သောတသမ္ဖဿကြောင့် သောတသမ္ဖဿဇာဝေဒနာဖြစ်၏။
- ဃာနသမ္ဖဿကြောင့် ဃာနသမ္ဖဿဇာဝေဒနာဖြစ်၏။
- ဇိဝှါသမ္ဖဿကြောင့် ဇိဝှါသမ္ဖဿဇာဝေဒနာဖြစ်၏။
- ကာယသမ္ဖဿကြောင့် ကာယသမ္ဖဿဇာဝေဒနာဖြစ်၏။
- မနောသမ္ဖဿကြောင့် မနောသမ္ဖဿဇာဝေဒနာဖြစ်၏။

(ဒွေးပဉ္စဝိညာဏ်-၁၀ ကြဉ်၊ လောကီဝိပါက် -၂၂ ပါး၌ရှိသော ဝေဒနာ)

## ဝေဒနာပစ္စယာ တဏှာ

ဝေဒနာအရ - လောကီဝိပါက်စိတ် ၃၂-ပါးတို့၌ယှဉ်သော ဝေဒနာကိုပင် ယူရပါမည်။
တဏှာအရ - လောဘမူစိတ် ၈-ပါး၌ရှိသော လောဘစေတသိက်ကို ယူရမည်။
- ရူပါရုံကိုတပ်မက်မောသောတဏှာသည် ရူပတဏှာ၊
- သဒ္ဒါရုံကိုတပ်မက်မောသောတဏှာသည် သဒ္ဒတဏှာ၊

- ဂန္ဓာရုံကိုတပ်မက်မောသောတဏှာသည် ဂန္ဓတဏှာ၊
- ရသာရုံကိုတပ်မက်မောသောတဏှာသည် ရသတဏှာ၊
- ဖောဋ္ဌဗ္ဗာရုံကို တပ်မက်မောသောတဏှာသည် ဖောဋ္ဌဗ္ဗတဏှာ၊
- ဓမ္မတဏှာ၏ အာရုံမှာ-လောကီစိတ်-၈၁၊ စေတသိက်-၅၂၊ ပသာဒရုပ်-၅၊ သုခုမရုပ်-၁၆၊ ပညတ်တို့ ဖြစ်ကြပါသည်။

## တဏှာပစ္စယာ ဥပါဒါန်

တဏှာအရ - ဝေဒနာ ၆-ပါးကြောင့်ဖြစ်သော ရူပစသောတဏှာ ၆-ပါး၊

ဝေဒနာအရ - ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန် ၄-ပါး၊
တရားကိုယ်မှာ အားကြီးသောလောဘနှင့် ဒိဋ္ဌိ ဖြစ်ပါသည်။

## တဏှာနှင့် ကာမုပါဒါန်အထူး

တဏှာ - အချင်းချင်းထောက်ဆ၍ရှေးကျသော၊ အားသေးသော (ဒုဗ္ဗလ) လိုချင်မှု၊

ကာမုပါဒါန် - ထို့နောက် အားကြီးသော (ဗလဝ) လိုချင်မှု၊

တဏှာ - တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တောင့်တမှု၊

ကာမုပါဒါန် - ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှု (ကေစိဆရာအလို)

တဏှာ - မလိုချင်မှု (အပ္ပိစ္ဆတာ)၏ ဆန့်ကျင်ဘက်တည်း။

ကာမုပါဒါန် - တင်းတိမ်ရောင့်ရဲမှု (သန္တုဋ္ဌိတ)၏ ဆန့်ကျင်ဘက်၊ ပထမလိုချင်မှုကား တဏှာ၊ ထို့နောက် မတင်းတိမ်ဘဲ ထပ်ကာထပ်ကာ လိုချင်မှုသည် ကာမုပါဒါန်၊

တဏှာ - တောင့်တရှာဖွေမှုအစုစု ဆင်းရဲ၏ အကြောင်းရင်း၊

ကာမုပါဒါန် - ရရှိသောအာရုံကိုကြောင့်ကြရမှု၊ စောင့်ရှောက်ရမှုဆင်းရဲ၏ အကြောင်းရင်း၊

- ကာမုပါဒါန်တရားကိုယ်မှာ လောဘဖြစ်သည်။
- ကျန်ဥပါဒါန် ၃-မျိုးတို့၏ တရားကိုယ်မှာ အယူလွဲမှားဒိဋ္ဌိ ဖြစ်သည်။

အတ္တဝါဒုပါဒါန်သည် - အတ္တရှိ၏ဟု စွဲယူသော သက္ကာယဒိဋ္ဌိဖြစ်၏။

သီလဗ္ဗတုပါဒါန်သည် - ခွေးအကျင့်၊ နွားအကျင့် စသည်တို့ဖြင့် သံသရာမှ လွတ်မြောက်နိုင်၏ ဟု စွဲလမ်းသောဒိဋ္ဌိ ဖြစ်၏။

- ဒိဋ္ဌုပါဒါန်မှာ ကျန်အယူလွဲမှု ဒိဋ္ဌိအမျိုးမျိုးဖြစ်၏။
- မိမိကိုယ်ကို တဏှာဖြင့် ခင်မင်တွယ်တာမှုကြောင့် ငါစွဲ (သက္ကာယဒိဋ္ဌိ)ဖြစ်၏။
- မိမိကိုယ်ကို တဏှာဖြင့် ခင်မင်တွယ်တာမှုကြောင့်ပင် နောင်ဘဝ၌ ချမ်းသာဖို့ရန် ရည်မှန်းလျက် ခွေးအကျင့်၊ နွားအကျင့်တို့ကို ကျင့်သည်။
- ဒိဋ္ဌုပါဒါန်ဟူသော ဒိဋ္ဌိဝါဒကိုလည်း တဏှာကြောင့်သာ ကောင်းနိုးရာရာထင်သည်တို့ကို ယူမှားမိခြင်းဖြစ်သည်။

## ဥပါဒါနပစ္စယာ ဘဝေါ

ဥပါဒါနအရ - ဥပါဒါန် ၄-ပါးယူရမည်။

ဘဝအရ - ကမ္မဘဝနှင့် ဥပပတ္တိဘဝ ၂-မျိုး ကောက်ယူရမည်။

ကမ္မဘဝ - အကုသိုလ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၉-ပါးတို့၌ယှဉ်သော စေတနာ ၂၉-ပါးဖြစ်၏။
(သင်္ခါရအဖြစ် ကောက်ယူခဲ့သော ပုညာဘိသင်္ခါရ စသည်တို့ ဖြစ်ပါသည်။)

ဥပပတ္တိဘဝ - ထိုကံ ၂၉-ပါးကြောင့်ဖြစ်သော လောကီဝိပါက်စိတ် ၃၂-ပါး၊ ယင်းစိတ်တို့၌ ယှဉ်ကြသော စေတသိက် ၃၅-ပါးနှင့် ကမ္မဇရုပ် ၁၈-ပါးတို့ ဖြစ်ကြပါသည်။

ဥပပတ္တိဘဝဟူသည်-

| | | |
|---|---|---|
| ဘုံသို့လိုက်၍ | - | ကာမဘဝ-ရူပဘဝ-အရူပဘဝ၊ |
| နာမ်အားလိုက်၍ | - | သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ၊ |
| ခန္ဓာအရှိလိုက်၍ | - | ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ၊ ဤသို့ဘဝ ၉-ပါး ပြားပါသည်။ |

ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံမှာကား-

- ကာမုပါဒါန်၏အစွမ်းဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို အလိုရှိ၍ ကံများ (ကမ္မဘဝ)ကို ပြုလုပ်စီမံကြသည်။
- တချို့သည် ဆရာတို့၏ဟောပြောမှုကြောင့် သားကောင်သတ်ပြီး ယဇ်နတ်ပူဇော်ကြသည်။
- တချို့မှာ ဤဘဝ၌ပင် ကာမချမ်းသာကို ခံစားလို၍ ခိုးဝှက်လုယက်သည်။ ဒုစရိုက်မှုများကို ပြုလုပ်ကြသည်။
- တချို့မှာ ဆရာကောင်းတို့၏ လမ်းညွှန်မှုကြောင့် ကာမာဝစရကုသိုလ်ကံကို ဖြည့်ဆည်းကြသည်။
- တချို့သည်ကား ကာမချမ်းသာထက် ဈာန်ချမ်းသာက ပို၍သာလွန်၏ဟု ကြားဖူးသဖြင့် ထိုဈာန်ချမ်းသာကို ခံစားလိုသော ကာမုပါဒါန်ကြောင့် ရူပဈာန်-အရူပဈာန်ကို အားထုတ်၏။
- အကုသိုလ်ကမ္မဘဝကြောင့် သေလွန်သောအခါဝယ် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရ၏။
- ကုသိုလ်ကမ္မဘဝကြောင့် သေလွန်သောအခါဝယ် လူ၊ နတ်၊ ဗြဟ္မာဘုံတို့၌ ဖြစ်ရ၏။

သတ္တဝါဟူသမျှတို့သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် တို့ကြောင့်လည်း ကမ္မဘဝအမျိုးမျိုးကို ပြုစီမံကြပြီးလျှင် သေလွန်သောအခါ ဘဝအမျိုးမျိုးဖြစ်ကြရသည်။

## ဘဝပစ္စယာ ဇာတိ

ဘဝအရ - ကမ္မဘဝကိုယူရမည်။
ဇာတိအရ - ဝိပါက်စိတ် ၃၂-ပါး၌ယှဉ်ကြသော စေတသိက် ၃၅-ပါး၊ ကမ္မဇရုပ် ၁၈-ပါးတို့၏ဖြစ်ခြင်း (ဥပါဒ်)ကို ယူရပါမည်။

(ဤ၌ အဟိတ်ပဋိသန္ဓေ ၂-ပါး၊ မဟာဝိပါက်ပဋိသန္ဓေ ၈-ပါး၊ ရူပါဝစရပဋိသန္ဓေ ၆-ပါး(ရူပါဝစရပဋိသန္ဓေ - ၅ ပါး+အသညသတ်ပဋိသန္ဓေ ၁ ပါး) အရူပါဝစရ ပဋိသန္ဓေ ၄-ပါး၊ ပေါင်း ၂၀-တို့ ပါဝင်သွားပါသည်။
ထို့ပြင် ပဝတ္တိအခါ၌ ဖြစ်ကြကုန်သော ဝိပါက်၊ စိတ်၊ စေတသိက်များနှင့် ကမ္မဇရုပ်များလည်း ပါဝင်ပါသည်။)

## ဇာတိပစ္စယာ–ဇရာ------သမ္ဘဝန္တိ

ဇာတိအရ - ဥပပတ္တိဘဝ၏ ပထမဦးဆုံး ပဋိသန္ဓေနေခြင်းဖြစ်သည်။
- ဥပပတ္တိဘဝသည် ထိုထိုဘုံ၌ဖြစ်ကြကုန်သော ဝိပါက်နာမက္ခန္ဓာ (နာမ်ခန္ဓာ ၄-ပါး)နှင့် ကမ္မဇရုပ်တို့ ဖြစ်ကြပါသည်။

ဇာတိ၏ အကျိုးရင်းတရား - ဇရာ၊ မရဏတို့သည် ဇာတိဖြစ်လျှင် မုချဖြစ်ရသော ဇာတိ၏ အကျိုးရင်းတရားများ ဖြစ်ကြပါသည်။

ဇာတိ၏အကျိုးဆက်တရား - သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရားတို့ကား ဇာတိကြောင့်ဖြစ်သော်လည်း ဗြဟ္မာပြည်၌မရှိကြ၊ နတ်ပြည်၌ အချို့ရှိပြီး အချို့မရှိကြ၊ လူ့ပြည်၌လည်း ဇာတိဖြစ်ပြီး မကြာခင် သေဆုံးသူတို့မှာ သောကစသော တရားအချို့ ဖြစ်ခွင့်မရကြပါ။ ထို့ကြောင့် ပရိဒေဝ စသော အကျိုးတရားစုသည် ဇာတိ၏ မုချအကျိုးရင်းမဟုတ်၊ ဇာတိ၏ အကျိုးဆက်တရား သာဖြစ်သည်။
(ထို့ကြောင့် အင်္ဂါ ၁၂-ပါး ရေတွက်ရာ၌ ထည့်၍မရေတွက်ပါ ။)

ဇရာ - လောကီဝိပါက်စိတ် ၃၂-ပါး၊ ယှဉ်သော စေတသိက် ၃၆-ပါးနှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဠီ)ခဏဖြစ်သည်။
- သတ္တဝါတို့၏အရွယ်မှ ဆုတ်ယုတ်ခြင်း၊ ရင့်ရော်အိုမင်းခြင်းပင် ဖြစ်ပါသည်။

မရဏ - လောကီဝိပါက်စိတ် ၃၂-၊ ယှဉ်ဖက်စေတသိက်များနှင့် ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း (ဘင်)ဖြစ်သည်။
- သတ္တဝါတို့၏ သေဆုံးခြင်းဖြစ်သည်။

သောက - ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်းဖြစ်သည်။
တရားကိုယ်မှာ - ဒေါသမူဒွေး၌ယှဉ်သော ဒေါမနဿဝေဒနာ ဖြစ်သည်။
- ဆွေမျိုးဉာတိ၊ ပစ္စည်းဥစ္စာစသည်တို့ ပျက်စီးမှုကြောင့် စိတ်နှလုံး၏ပူပန်ခြင်း ဖြစ်သည်။

ပရိဒေဝ - တစ်စုံတစ်ခုပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်းဖြစ်သည်။
တရားကိုယ်မှာ - စိတ္တဇဝိပလ္လာသသဒ္ဒရုပ် ဖြစ်သည်။
(စိတ်ကြောင့်ဖြစ်သော ဖောက်ပြန်သော အသံရုပ်ပင် ဖြစ်ပါသည်။)

ဒုက္ခ - ကိုယ်ဆင်းရဲမှု (ကာယိကဒုက္ခ)ဖြစ်သည်။
တရားကိုယ်မှာ - ဒုက္ခသဟဂုတ်ကာယဝိညာဏ်ရှိ ဒုက္ခဝေဒနာ ဖြစ်သည်။

ဒေါမနဿ - စိတ်ပင်ပန်းဆင်းရဲမှု၊ နှလုံးမသာယာမှုဖြစ်သည်။
- တရားကိုယ်မှာ - ဒုက္ခသဟဂုတ်ကာယဝိညာဏ်ရှိ ဒုက္ခဝေဒနာ ဖြစ်သည်။

ဥပါယာသ - သောက၊ ပရိဒေဝတို့ထက် လွန်ကဲသော အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီးငင်ကြီးဖြစ်ကာ အတွင်းဆွေး-ဆွေးခြင်း၊ ပြင်းပြစွာ ဆင်းရဲပင်ပန်းခြင်း၊ နစ်မြောခြင်းဖြစ်သည်။
- တရားကိုယ်မှာ - ဒေါသမူဒွေး၌ ယှဉ်သောဒေါသပင်ဖြစ်သည်။

## သောက၊ ပရိဒေဝ၊ ဥပါယာသအထူး

အိုးတွင်းဆီပူ၊ သောကပူ၊ လျှံမှုပရိဒေဝ။
ဆီကျန်ကုန်အောင်၊ ဆူပူလောင်၊ ဆောင်လေဥပါယာသ။

## ပဋိစ္စသမုပ္ပါဒ်တရား၏ အစိတ်အပိုင်းများ

- *အင်္ဂါဆယ့်နှစ်၊ သုံးဆစ်ကာလ၊ သုံးဝအစပ်၊ လေးရပ်အလျှာ၊ ဝဋ်သုံးဖြာ၊ မှတ်ပါမူလဒွေး။*

| | | | |
|---|---|---|---|
| အင်္ဂါ ၁၂-ပါး - | ၁။ အဝိဇ္ဇာ | ၂။ သင်္ခါရ | ၃။ ဝိညာဏ် |
| | ၄။ နာမ်ရုပ် | ၅။ သဠာယတန | ၆။ ဖဿ |
| | ၇။ ဝေဒနာ | ၈။ တဏှာ | ၉။ ဥပါဒါန် |
| | ၁၀။ဘဝ | ၁၁။ဇာတိ | ၁၂။ဇရာ-မရဏ |

- သောကစသော ၅-ပါးတို့သည် ဇာတိ၏ မုချအကျိုးမဟုတ်၊ အကျိုးဆက်ဖြစ်၍ အင်္ဂါအနေဖြင့်ထည့်၍ မရေတွက်ပါ။
- ဤ ၁၂-ပါးစက်ဝိုင်း၌ လှည်းဘီးစက်ဝိုင်း၏ ဒေါက်ဆန်များကဲ့သို့ သတ္တဝါတို့ ကြောင်းကျိုးဖြစ်ရာ၌ မပါလျှင်မပြီး အရေးကြီးသောအင်္ဂါ ၁၂-ပါးဖြစ်ကြပါသည်။

အချိန်(ကာလ)၃-ပါး - အချိန်(ကာလ)၏ အပိုင်းအခြားအရ ဖြစ်ပေါ်သောတရားတို့ကို ဥာနုပစာရအားဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ပိုင်းခြားထားပါသည်။

အတိတ်အချိန်(ကာလ) - အဝိဇ္ဇာနှင့် သင်္ခါရ၊ ၂-ပါး

ပစ္စုပ္ပန်အချိန်(ကာလ) - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ၈-ပါး

အနာဂတ်အချိန်(ကာလ) - ဇာတိနှင့် ဇရာ -မရဏ၊ ၃-ပါး

- သတ္တဝါတစ်ဦးသည် အတိတ်ဘဝ၌ သံသရာ၏အပြစ်ကို မမြင်နိုင်အောင် အဝိဇ္ဇာကဖုံးလွှမ်းသဖြင့် ကုသိုလ်သင်္ခါရစသည်တို့ကို ပြုလုပ်ခဲ့သည်။

ထို့ကြောင့် အဝိဇ္ဇာ၊ သင်္ခါရတို့သည် အတိတ်အခွန့်ဖြစ်သည်။

- အတိတ်ကပြုခဲ့သော ကုသိုလ်-အကုသိုလ်သင်္ခါရတို့ကြောင့် ယခု ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေကစ၍ ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ ဝေဒနာ၊တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တို့ဖြစ်ကြ၏။

  ထို့ကြောင့် ထိုတရား ၈-ပါးတို့သည် ပစ္စုပ္ပန်အခွန့်ဖြစ်သည်။

- ယခုဘဝ၌ ကမ္မဘဝဟူသော ကုသိုလ်ကံ-အကုသိုလ်ကံတို့ကို ပြုလုပ်စီမံပြန်သဖြင့် နောက်အနာဂတ်ဘဝတွင် ဇာတိနှင့် ဇရာမရဏတို့ ဖြစ်ကြရပြန်ပါသည်။

  ထို့ကြောင့် ဇာတိ-ဇရာ-မရဏ တို့သည် အနာဂတ်အခွန့် ဖြစ်သည်။

## အခြင်းအရာ ၂၀-ပါး

| | | |
|---|---|---|
| အတိတ်အကြောင်း ၅-ပါး | - | အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ |
| ပစ္စုပ္ပန်အကျိုး ၅-ပါး | - | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ |
| ပစ္စုပ္ပန်အကြောင်း ၅-ပါး | - | တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ |
| အနာဂတ်အကျိုး ၅-ပါး | - | ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ |

- အဝိဇ္ဇာ၊ သင်္ခါရတို့သည် အတိတ်အခွန့်တရားများ ဖြစ်ကြသည်။ ထို ၂-ပါးထဲတွင် အဝိဇ္ဇာသည် ကိလေသာ ၁၀-ပါး၌ ပါဝင်သဖြင့် ကိလေသဝဋ်တရား ဖြစ်၏။
- တဏှာနှင့် ဥပါဒါန်သည်လည်း ကိလေသ ဝဋ်တရားဖြစ်ကြ၏။
- ထိုသို့ ကိလေသဝဋ်ချင်း တူနေခြင်းကြောင့် အဝိဇ္ဇာကိုယူလိုက်သောအခါ တဏှာနှင့် ဥပါဒါန်တို့လည်း ပါဝင်လာကြ၏။
- တစ်ဖန် သင်္ခါရသည် ကမ္မဝဋ်ဖြစ်၏။ ကမ္မဘဝသည်လည်း ကမ္မဝဋ်ဖြစ်သည်။
- ထိုသို့ ကမ္မဝဋ်ချင်းတူသောကြောင့် အတိတ်ဘဝ၌ သင်္ခါရကို ယူလိုက်သောအခါ ကမ္မဘဝကိုလည်း မကင်းစကောင်းသော (အဝိနာဘာဝ)နည်းအားဖြင့် ယူပြီး ဖြစ်တော့သည်။

- ထို့ကြောင့် အတိတ်ဘဝ၌ အဝိဇ္ဇာ-သင်္ခါရ-တဏှာ-ဥပါဒါန်-ကမ္မဘဝ ဟူသော အကြောင်း ၅-ပါး ရပါသည်။
- ပစ္စုပ္ပန်အခွန့်၌ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော အကြောင်း ၃-ပါးတို့သည် တိုက်ရိုက်လာသည်။
- ထို ၃-ပါးကို ယူလိုက်သောအခါ ဆိုခဲ့သည့်အတိုင်း မကင်းစကောင်း (အဝိနာဘာဝ)နည်းအရ အဝိဇ္ဇာ၊ သင်္ခါရတို့ကိုလည်း ယူပြီးဖြစ်တော့သည်။
- ထို့ကြောင့် ပစ္စုပ္ပန်ဘဝ၌ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဟူသော အကြောင်း ၅-ပါး ရပြန်သည်။
- အနာဂတ်အခွန့်၌ ဇာတိနှင့်ဇရာ၊ မရဏတို့ကို ဖော်ပြထားပါသည်။ ဇာတိ၌ တရားကိုယ်သီးခြားမရှိပါ။
- ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့၏ ဖြစ်ခြင်း(ဥပါဒ်)ကိုပင် ဇာတိဟုယူရသည်။
- ထို့အတူ ဇရာ၊ မရဏတို့သည် ထိုတရား ၅-ပါးတို့၏ ရင့်ခြင်း (ဌီ)နှင့် ပျက်စီးခြင်း(ဘင်)တို့ ဖြစ်ကြသည်။
- ထို့ကြောင့် အနာဂတ်အကျိုးအဖြစ် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကိုပင် ယူရပါသည်။

## သင်္ခါရနှင့် ကမ္မဘဝအထူး

သင်္ခါရနှင့် ကမ္မဘဝကို ကာလတူယူထားသဖြင့်-

- ကုသိုလ်-အကုသိုလ်ပြုရာ၌ အထမမြောက်မီဖြစ်သော ပုဗ္ဗစေတနာသည် သင်္ခါရ၊
- အထမြောက်သော မုဥ္စစေတနာသည် ကမ္မဘဝ၊

တစ်နည်း:
- ဇော ၇-ကြိမ်တွင် ရှေ့ဇော ၆-ကြိမ်နှင့်ယှဉ်သော စေတနာသည် သင်္ခါရ၊
- သတ္တမဇောနှင့်ယှဉ်သော စေတနာသည် ကမ္မဘဝ၊

တစ်နည်း - စေတနာနှင့်ယှဉ်သောစိတ်၊ စေတသိက်သည် သင်္ခါရ၊ **စေတနာ** ဟူသမျှသည် ကမ္မဘဝ၊

## အလွှာ ၄-လွှာ

၁။ အတိတ်အကြောင်းတစ်လွှာ - အဝိဇ္ဇာ-သင်္ခါရ (တဏှာ၊ ဥပါဒါန်-ကမ္မဘဝ)
၂။ ပစ္စုပ္ပန်အကျိုးတစ်လွှာ - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
၃။ ပစ္စုပ္ပန်အကြောင်းတစ်လွှာ - တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ (အဝိဇ္ဇာ၊ သင်္ခါရ)
၄။ အနာဂတ်အကျိုးတစ်လွှာ - ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

## အစပ် ၃-ပါး

၁။ အတိတ်အကြောင်း ၅-ပါးနှင့် ပစ္စုပ္ပန်အကျိုး ၅-ပါးအကြား တစ်စပ် (သင်္ခါရနှင့်ဝိညာဏ်အကြားတစ်စပ်)
၂။ ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅-ပါးအကြား တစ်စပ် (ဝေဒနာနှင့် တဏှာအကြားတစ်စပ်)
၃။ ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့် အနာဂတ်အကျိုး ၅-ပါးအကြား တစ်စပ် (ကမ္မဘဝနှင့် ဇာတိအကြားတစ်စပ်)
- အစပ်စပ်ရာတွင် ရသင့်၍ယူထားသောတရားများနှင့်မစပ်ရဘဲ၊ မုချ ရသင့်သောတရားများ အချင်းချင်းသာ စပ်ရပါသည်။

## ဝဋ် ၃-ပါး

စက်ဘီးများ ချာချာလည်ပတ်သလို လည်ပတ်ခြင်းကို ဝဋ် ဟုခေါ်ပါသည်။ အကြောင်းပြီးလျှင် အကျိုး-အကျိုးပြီးလျှင် အကြောင်းဟု အကြောင်းအကျိုးမပြတ်ဘဲ ဆက်ကာ-ဆက်ကာ လည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ဝဋ်ဟုခေါ်ခြင်း ဖြစ်ပါသည်။

၁။ ကိလေသဝဋ္ဋ- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ၃-မျိုးသည် မိမိသန္တာန်၌ ကိန်းတည်၍ ပူပန်စေတတ်သောတရားဖြစ်၍ ကိလေသဝဋ္ဋ၊

၂။ ကမ္မဝဋ္ဋ - ထိုကိလေသာတရား ၃-ပါး မိမိသန္တာန်၌ရှိနေသဖြင့် ကမ္မဘဝ သင်္ခါရတို့ကို ပြုနေကြသည်။ ထို ၂-ပါးသည် ကမ္မဘဝ၊

၃။ ဝိပါကဝဋ္ဋ - ဥပပတ္တိဘဝဟူသော ဘဝတစ်စိတ်နှင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် ကံ၏ အကျိုးဆက်တရားများဖြစ်ကြသောကြောင့် ဝိပါကဝဋ္ဋ၊

- ကိလေသဝဋ္ဋရှိလျှင် ကမ္မဝဋ္ဋမုချဖြစ်၏။
- ကမ္မဝဋ္ဋရှိလျှင် ဝိပါကဝဋ္ဋအမြဲဖြစ်သည်။
- ဝိပါကဝဋ္ဋဟူသည် ဝေဒနာရှိလျှင် တဏှာစသော ကိလေသဝဋ္ဋ ဖြစ်ပြန်၏။
- ဤသို့အကြောင်းအကျိုးဆက်စပ်လျက် ပတ်ချာလည်နေသောတရားကို ဝဋ္ဋဟုခေါ်ခြင်း ဖြစ်ပါသည်။

## ဝဋ်မြစ် ၂-ပါး

၁။ အဝိဇ္ဇာ (သံသရာရှေ့ပိုင်း၏ဝဋ္ဋမြစ်)

အတိတ်အကြောင်းမှစ၍ ပစ္စုပ္ပန်အကျိုးတိုင်အောင်ဖြစ်သော အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ရှေ့ပိုင်းဘဝစက်၏ မူလသည် အဝိဇ္ဇာဖြစ်သည်။

၂။ တဏှာ (သံသရာနောက်ပိုင်း၏ဝဋ္ဋမြစ်)

ပစ္စုပ္ပန်အကြောင်းမှစ၍ အနာဂတ်အကျိုးတိုင်အောင်ဖြစ်သော တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ဟူသော နောက်ပိုင်းဘဝစက်၏ မူလသည် တဏှာဖြစ်သည်။

ထိုဝဋ္ဋမြစ် ၂-ပါး အမြစ်သဖွယ် စွဲမြဲငုတ်တည်နေသည်ကို တူးဖော်၍ မဖျက်ဆီးနိုင်သေးသမျှ လူ၊ နတ်၊ ဗြဟ္မာစသော ဘဝများ၊ ဆင်းရဲခြင်း ချမ်းသာခြင်း စသော ဘဝသံသရာအခက်အလက်၊ အသီးအပွင့်များ ဆက်လက် သီးပွင့်နေဦးမည်သာ ဖြစ်ပါသည်။

# ဝဋ်လည်ရပုံ

အို-သေ-ပူဆွေး-စိုးရိမ် (ဇရာ-မရဏ စသည်) စေတတ်သောတရားအပေါင်းတို့သည် သတ္တဝါတို့၏ သန္တာန်၌ မပြတ်နှိပ်စက်နေတတ်သည်။

ထိုသို့နှိပ်စက်ခံနေရသော သတ္တဝါတို့၌ သောက စသည်ဖြစ်ခြင်းကြောင့် ကာမာသဝစသော အာသဝေါတရားတို့သည် ဖြစ်ကြ၏။ ထိုအာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်ပြန်၏။

လောက၌ နေ့စဉ် လူအများ သေဆုံးနေကြသည်ကို ကြားသိရသော်လည်း သောကပရိဒေဝမဖြစ်မိ၊ မိမိနှင့် အလွန်အကျွမ်းဝင် ချစ်ခင်သော ပုဂ္ဂိုလ်တစ်ယောက် သေဆုံးလျှင်မူ သောကပရိဒေဝ အလွန်အမင်းဖြစ်ကြရသည်။

ဤကား ခင်မင်တွယ်တာမှု တဏှာလောဘဟူသည့် ကာမာသဝကြောင့် သောကစသည်တို့ဖြစ်ခြင်းဖြစ်သည်။

အလွန်ခမ်းနားကြီးကျယ်သော ဘုံဗိမာန်၌ စံမြန်းနေကြရသော နတ်ဗြဟ္မာများသည် ဘဝါသဝဖြင့် နှစ်သက်အားရနေကြသည်။

ဘုရားရှင်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားနှင့် စပ်သော တရားစကားကို ကြားရသောအခါ မိမိတို့ဘဝ မမြဲသည်ကို တွေးမိ၍ လွန်စွာထိတ်လန့်ကြောက်ရွံ့လျက် ဒေါမနဿဝေဒနာ ခံစားကြရသည်။

ရုပ်ဟူသည် ငါတည်း-ငါ ရုပ်ဟူ၍ သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်းနေသူသည် ရုပ်ဖောက်ပြန်ပြောင်းလဲသွားသောအခါ သောကစသည် ဖြစ်ကြရသည်။

သဘောမှန်ကို မသိမြင်နိုင်သော အဝိဇ္ဇာတည်းဟူသော အမှောင်တရားကြောင့်သာ သတ္တဝါတို့သည် သောကစသည်တို့ ဖြစ်ကြရသည်။

ရှေးရှေးအဝိဇ္ဇာသဝကြောင့် သောက စသည်နှင့်အတူ နောက်နောက် အဝိဇ္ဇာတို့ ဖြစ်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် အရင်းစစ် အမြစ်မြေက ဆိုသည့်အတိုင်း အာသဝေါတရား ၄-ပါးကြောင့် သောက၊ ပရိဒေဝ စသည်တို့ဖြစ်ပေါ်ကြပြီး သောကစသည်တို့ ဖြစ်ပေါ်သော် အဝိဇ္ဇာသည်လည်း ပါဝင်လာကြသည်။

ထို့ကြောင့် အဝိဇ္ဇာအကြောင်းသည် အာသဝေါ ၄-ပါးဖြစ်သည်။ အာသဝေါ တရားဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်သည်။

ဤသို့အားဖြင့် ဝဋ္ဋတရားသည် စက်ရဟတ်ပမာ များစွာလည်နေပါတော့သည်။

## ပဋိစ္စသမုပ္ပါဒ်စက်ရဟာတ် ပြတ်ရပုံ

သစ်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် သစ်တစ်ပင်လုံး ပျက်စီးရသကဲ့သို့ သံသရာတွင် စည်ပင်နေကြသော သတ္တဝါတို့သည် ရုပ်-နာမ် ခန္ဓာကြီး၌ တည်ကိန်းနေသော အဝိဇ္ဇာ-တဏှာဟူသော ရေသောက်မြစ် ၂-ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက်ဆီးနိုင်သောအခါ ရုပ်-နာမ်သံသရာကြီး အပြီးသတ်ချုပ်ငြိမ်းပါတော့သည်။

## အဝိဇ္ဇာ-တဏှာပြတ်နည်း

ကမ္ဘာ၏အနေအထား၊ ကမ္ဘာပေါ်ရှိ တိုင်းပြည်များ၏ အနေအထား အသီးသီးကို သိရှိနိုင်ရန် ကမ္ဘာလုံးပုံစံကို ဖန်တီးပြုလုပ်ထားပြီး ထိုကမ္ဘာလုံးလည်နိုင်ရန် အထက်-အောက် ၂-နေရာတွင် ချိတ်တွယ်ထားသည်။

ထိုကဲ့သို့ပင် သတ္တဝါတို့သည်လည်း ပဋိစ္စသမုပ္ပါဒ်ပြုတ်မကျစေရန် အဝိဇ္ဇာနှင့် တဏှာဟူသော သဘာဝအမြစ်နှစ်ပါးက ဝင်ရိုးသဖွယ် ချိတ်တွယ်ထားပါသည်။

ကမ္ဘာလုံးတွင် အထက်-အောက်ချိတ်၂-ခု ချိတ်တွယ်ထားသမျှ ကမ္ဘာလုံးတည်တံ့နိုင် လည်ပတ်နိုင်မည်။ တစ်ဘက်ဘက် ပြုတ်ပါက မတည်တံ့နိုင် မလည်ပတ်နိုင်တော့သလို အဝိဇ္ဇာနှင့်တဏှာဟူသော ဝဋ္ဋမြစ်နှစ်ပါး မကုန်မချင်း သတ္တဝါတို့သည် ဘဝသံသရာခေါ်သော ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းအတွင်း လည်နေပါမည်။ ထွက်၍ရနိုင်ပါ။

သို့သော် အဝိဇ္ဇာ-တဏှာအမြစ်နှစ်ပါးတွင် နီးစပ်ရာတစ်ဘက်ဘက်ကို ဖြုတ်သော် နှစ်ဘက်စလုံး ပြုတ်သွားနိုင်သည်။

အဝိဇ္ဇာတစ်ပါးတည်းဖြင့်လည်း ဘဝသံသရာတွင် လည်၍မရပေ။ တဏှာတစ်ပါးတည်းဖြင့်လည်း လည်၍မရပါ။ အဝိဇ္ဇာပြုတ်သော် တဏှာပြုတ်သွားနိုင်ပါသည်။

ငါးသည် သေမည်မှန်းမသိ၍ ငါးမျှားချိတ်ကိုဟပ်၏။ ခွေးသည် သေမည်မသိ၍ အဆိပ်ပါသော အမဲတုံးကိုဟပ်၏။

- မသိခြင်းသည် အဝိဇ္ဇာ
- စားလိုမှုသည် တဏှာ

စားလိုက်သော် ပူလောင်ပြန်၍ ဆွေ့ဆွေ့ခုန်ခံစားကြရင်း ဖဿ၊ ဝေဒနာ၊ အကျိုးများ စသည် ရရှိကြတော့သည်။

လူတို့အပါအဝင် သတ္တဝါအားလုံး အာရုံ ၆-ပါး၏အပြစ်ကို မမြင်သော အဝိဇ္ဇာနှင့် အာရုံ ၆-ပါးကို စွဲမက်သော တဏှာဟူသော အမြစ် ၂-ပါး အရင်းခံသော် အကျိုးရ-ဘဝတစ်ဖန်ထပ်၍-ထပ်၍ ဖြစ်လာနိုင်သည်။

အဝိဇ္ဇာနှင့်တဏှာ အမြစ်သန်စွမ်းလေလေ၊ ပဋိစ္စသမုပ္ပါဒ်တွင် အလည်များလေလေ ဖြစ်ရသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှ လွတ်ထွက်လိုလျှင် အဝိဇ္ဇာနှင့်တဏှာအမြစ်ကို ပယ်ဖြတ်ကြရသည်။

သမထဝိပဿနာတရားအားထုတ်ခြင်းသည်ကား အဝိဇ္ဇာကိုဖြတ်သောနည်း ဖြစ်ပါသည်။

တရားကို ရှုမှတ်ခြင်းမရှိက ကိုယ်ထဲမှာရှိသော ရုပ်-နာမ်ကို မသိသော အဝိဇ္ဇာရှိသည်။ ထိုမ သိသောအဝိဇ္ဇာကို တရားရှုမှတ်၍ဖြတ်ရာ မှတ်ပါများသော် အဝိဇ္ဇာ

ပြတ်သွားနိုင်ပါသည်။

ခဏမျှသိလျှင် အဝိဇ္ဇာသည် ခဏပြတ်၍ ကြာရှည်စွာသိသော် ကြာရှည်စွာ ပြတ်နိုင်ပါသည်။

အဝိဇ္ဇာကိုဖြတ်လိုလျှင် တဏှာကို လျှော့ပေးရသည်။

ဥပမာ-ယခင်က ပျော်ပွဲရွှင်ပွဲအသွားများလျှင်၊ အစားအသောက် တပ်မက်မှုစွဲလျှင် လျှော့ပေးရပါမည်။ ဥပုသ်စောင့်ရပါမည်။ ညစာ မစားရပါ။

ဤသို့ တဏှာလျှော့ပေးသော် အဝိဇ္ဇာသည်လည်း အားလျော့လာမည်။ တဏှာကို အားဖြည့်ပေးထားလျှင် အဝိဇ္ဇာလည်း ဖြတ်၍မရပေ။

အဝိဇ္ဇာနှင့် တဏှာအားကောင်းနေသော် အသိဉာဏ်ပညာသည် မှေးမှိန်နေရသည်။ အဝိဇ္ဇာနှင့် တဏှာပြတ်သွားလျှင်ကား ဆန့်ကျင်ဘက် အသိပညာ အလင်းရောင်သည် ထွန်းတောက်လာပေမည်သာ။

အဝိဇ္ဇာနှင့် တဏှာအမြစ်ကြီး ၂-ပါးချုပ်ဆုံးမှသာလျှင် ပဋိစ္စသမုပ္ပါဒ်စက်ကြီးသည်လည်း ချုပ်ဆုံးပါသည်။

## ပဋ္ဌာန်းနည်း

**ပဋ္ဌာန်း** - အထူးထူးများပြားကုန်သော အကြောင်းပစ္စယသတ္တိ၊ သတ္တိတည်ရာ ပဋ္ဌာန်းတရားအစုတို့ကို ဟောရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။

ပစ္စယ = ပစ္စည်း = အကြောင်းတရား၊

ပစ္စယုပ္ပန္န = ပစ္စယုပ္ပန် = အကျိုးတရား၊

ပစ္စယသတ္တိ = ပစ္စည်းတစ်မျိုးစီ၏ ကျေးဇူးပြုနိုင်သောသတ္တိ၊

ထို့ကြောင့် ပဋ္ဌာန်းနည်းသည် အကြောင်းအကျိုးဆက်သွယ်ပုံကိုသာမက မည်သို့မည်ပုံကျေးဇူးပြုနိုင်သည် ဟူသော ပစ္စယသတ္တိကို ပဓာနပြု၍ဖော်ပြသောနည်း ဖြစ်ပါသည်။

## ပစ္စယသတ္တိများ

**၁။ ဟေတုပစ္စယော**

ရေသောက်မြစ်သည် သစ်ပင်အား မြဲမြံခိုင်ခံ့သန်စွမ်းစွာ တည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အကြောင်းတရားဟိတ် ၆-ပါးသည် တစ်ပေါင်းတည်းဖြစ်သော တရားတို့အား မြဲမြံခိုင်ခံ့စွာ တည်နေအောင် ကျေးဇူးပြုတတ်သော သတ္တိတရား၊

**၂။ အာရမ္မဏပစ္စယော**

ကြိုးတန်းနှင့် တောင်ဝှေးတို့သည် မသန်စွမ်းသောသူတို့အား ဆွဲကိုင်ထောက်တည်ရာဖြစ် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆-ပါးတို့သည် စိတ်၊ စေတသိက်တို့အား ဆွဲကိုင်ထောက်တည်ရာအဖြစ် ကျေးဇူးပြုတတ်သောသတ္တိတရား၊

**၃။ အဓိပတိပစ္စယော**

စကြဝတေးမင်းသည် မိမိ၏တန်ခိုးဖြင့် တစ်ပါးသူတို့၏ ကြီးစိုးခြင်း-ကို တားမြစ်၍ နိုင်ငံအပေါင်းတို့အား မိမိအလိုသို့ လိုက်ပါစေကာ ရှေ့ဆောင်ကျေးဇူးပြုသကဲ့သို့ အာရမ္မဏာဓိပတိပစ္စည်းနှင့် သဟဇာတာဓိပတိ ပစ္စည်းတို့သည်လည်း ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ ရှေ့ဆောင်အကြီးအကဲအဖြစ် ကျေးဇူးပြုတတ်သော သတ္တိတရား၊

**၄။ အနန္တရပစ္စယော**

ဖခင်ဘုရင်နတ်ရွာစံသဖြင့် သားကြီးက မင်းအဖြစ်ခံယူခြင်း၌ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော စိတ်၊ စေတသိက်တို့သည် နောက်နောက် အခြားမဲ့ဖြစ်သော စိတ်၊ စေတသိက်တို့ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၅။ သမနန္တရပစ္စယော**

ဖခင်မင်းကြီး တောထွက်သွားသောအခါ သားကြီးအား မင်းအဖြစ်ကို ရစေခြင်း၌ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သောစိတ်၊ စေတသိက်တို့သည် နောက်နောက်အခြားမဲ့ဖြစ်သော စိတ်၊ စေတသိက်တို့အား ကောင်းစွာ အခြားမရှိဘဲ ကျေးဇူးပြုသော သတ္တိတရား၊

**၆။ သဟဇာတပစ္စယော**

ဆီမီးသည် မီးလင်းသည်နှင့်တပြိုင်နက် အရောင်အလင်းကို အတူတကွဖြစ်စေသကဲ့သို့ အကြောင်းတရားတို့ဖြစ်လာသည်နှင့် အကျိုးတရားတို့ တစ်ပြိုင်နက်တည်း အတူတကွ ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသော သတ္တိတရား၊

**၇။ အညမညပစ္စယော**

သုံးချောင်းထောက်ခွသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့ခြင်း၌ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသော သတ္တိတရား၊

**၈။ နိဿယပစ္စယော**

မြေကြီးသည် သစ်ပင်နှင့် လူတို့၏ မှီရာဖြစ်သကဲ့သို့ပစ္စယုပ္ပန်တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၉။ ဥပနိဿယပစ္စယော**

မိုးရေသည် မိမိကိုမှီကုန်သော သစ်ပင်၊ သတ္တဝါတို့၏ အားကြီးသောမှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၁၀။ ပုရေဇာတပစ္စယော**

ကမ္ဘာဦးအခါ၌ဖြစ်သော နေ၊ လတို့သည် မိမိတို့ထင်ရှားရှိခိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေး၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်နှင့်ပြီး နောက်၌ဖြစ်ကြသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သောသဘောတရား၊

**၁၁။ ပစ္ဆာဇာတပစ္စယော**

လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှဖြစ်၍ ရှေး၌ဖြစ်နှင့်ပြီးသော ခန္ဓာကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သောသဘောတရား၊

**၁၂။ အာသေဝနပစ္စယော**

ရှေးရှေး၌ထုံအပ်သော နံ့သာသည် နောက်နောက် ထုံအပ်သောနံ့သာအား အဆင်းအနံ့လွန်စွာ တိုးပွားစေလျက် ခိုင်မြဲစွာဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးကျမ်းစာပေသင်ကြားခြင်းသည် နောက်နောက်၌ ကျမ်းစာ သင်ကြားခြင်းကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြုသကဲ့သို့ --- နောက်နောက်ဇောတို့အား ထက်သန်အားရှိအောင် အထုံ-အဟုန် ပေးသောအနေဖြင့် ရှေးရှေးဇောတို့ကို ကျေးဇူးပြုသောသဘောတရား၊

**၁၃။ ကမ္မပစ္စယော**

ကောင်းစွာသိုမှီးထားအပ်သော မျိုးစေ့သည် အညွန့် အညှောက်နှင့်တကွ အပင်သစ်ကိုဖြစ်စေသကဲ့သို့ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ကို ဖြစ်စေရန် မျိုးစေ့အဖြစ် ကျေးဇူးပြုသော သဘောတရား၊

**၁၄။ ဝိပါကပစ္စယော**

အေးချမ်းသောလေသည် အေးချမ်းသောအရိပ်၌နေသောသူအား အေးချမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ပုခက်စီးသောသူငယ်အား သီချင်းသံဖြင့် ကျူးရင့်ဘိသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ကြိယာဗျာပါရကင်းစေ၍ မေ့မိန်ငြိမ်သက်စွာဖြစ်စေသောအဖြစ်ဖြင့် ကျေးဇူးပြုသောသဘောတရား၊

**၁၅။ အာဟာရပစ္စယော**

မိဘတို့သည် သားသမီးတို့ကို ဖြစ်ထွန်းလာစေပြီးနောက် စောင့်ရှောက်ထောက်ပံ့ ထမ်းဆောင်ထားသကဲ့သို့၊ အိမ်အိုကို ကျားကန်ထားသော တိုင်တို့သည် အိမ်အိုအားခိုင်စေခြင်း၌ ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းအောင် စောင့်ရှောက်ထောက်ပံ့ထမ်းဆောင်ခြင်း ကိစ္စတို့ဖြင့် ကျေးဇူးပြုသောသတ္တိတရား၊

**၁၆။ ဣန္ဒြိယပစ္စယော**

တိုင်းရေးပြည်ရေးကိစ္စများကို ခွဲဝေအုပ်ချုပ်စီမံကြသော ဝန်ကြီးများသည် မိမိတို့နှင့်ဆိုင်သော ကိစ္စများကို အခြားဝန်ကြီးများနှင့် ပြည်သူတို့အား မိမိတို့အလိုသို့ လိုက်ပါစေ၍ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ အစိုးရသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၁၇။ ဈာနပစ္စယော**

တောင်ဖျား၊ သစ်ပင်ဖျားသို့ တက်ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကို မြင်ခြင်းဟူသော အကျိုးကျေးဇူးရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ ရှေ့ရှုစူးစိုက်စေသည်အဖြစ်ဖြင့် ကျေးဇူးပြုသောသတ္တိတရား၊

**၁၈။ မဂ္ဂပစ္စယော**

ဤမှာဘက်မှ ထိုမှာဘက်သို့ကူးသွားသောသူသည် ဤမှာဘက်မှ လွတ်မြောက်သွားသကဲ့သို့ လက်ရှိဘဝမှ သုဂတိ သို့မဟုတ် ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း မဂ်ဖြစ်၍ ထွက်မြောက်ရန် ကျေးဇူးပြုသောသတ္တိတရား၊

**၁၉။ သမ္ပယုတ္တပစ္စယော**

နှမ်းဆီ၊ ထောပတ်၊ ပျားရည်၊ သကာဟူသော စတုမဓုလေးပါးတွင် ရောနှော သကဲ့သို့ တစ်ခုတည်းဖြစ်ခြင်း၊ ချုပ်ခြင်းရှိအောင် အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုသောသတ္တိတရား၊

**၂၀။ ဝိပ္ပယုတ္တပစ္စယော**

အရသာ ၆-ပါးတို့သည် အချင်းချင်း မရောနှော မပြွမ်းတီးသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ မကိုင်ရှိုစီထားသော ကျောက်မျက်ရတနာတို့သည် ရွှေနှင့် အချင်းချင်း မရောယှက်သကဲ့သို့ နာမ်ရုပ်တရားတို့သည် အချင်းချင်း မှီတွယ်ဖွဲ့စပ်၍ ဖြစ်ကြငြားသော်လည်း တစ်လုံးတစ်ခဲတည်းဖြစ်အောင် မရောယှက်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုသောသတ္တိတရား၊

**၂၁။ အတ္ထိပစ္စယော**

ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီ၍ ဖြစ်ကြကုန်သော သစ်ပင်ပန်းမန်တို့အား ရှင်သန်ပြန့်ပွားစေခြင်းငှာ မိမိထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ မင်းသည် သားမယားမှစ၍ ပြည်သူများအား ထက်သန်အားရှိအောင် မိမိအသက်ရှင်စဉ် မိမိထင်ရှားတည်ရှိနေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ထက်သန်အားရှိအောင် ထင်ရှားစွာတည်ရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၂၂။ နတ္ထိပစ္စယော**

ညကိုကျော်လွန်ခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းကို ကျေးဇူးပြုသကဲ့သို့၊ မင်းကြီး နတ်ရွာစံခြင်းသည် သားကြီးအား မင်းဖြစ်ခွင့်ကိုပေးသကဲ့သို့ မိမိ၏ ချုပ်ငြိမ်း၍ မရှိခြင်းဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၂၃။ ဝိဂတပစ္စယော**

နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်ခြင်း အဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

**၂၄။ အဝိဂတပစ္စယော**

မဟာသမုဒ္ဒရာသည် မိမိကိုမှီကြကုန်သော ငါး၊ လိပ် စသည်တို့အား ဝမ်းမြောက်စေခြင်းငှာ မိမိနှင့်မကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုသော သတ္တိတရား၊

## ၂၄–ပစ္စည်းတို့၏ ပစ္စည်း–ပစ္စယုပ္ပန်ကျေးဇူးပြုပုံများ

**၁။ ဟေတုပစ္စည်း**

ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

- လောဘအစရှိသော ဟိတ်ပစ္စည်းတရားဖြင့် ပစ္စယုပ္ပန်တရားတို့သည် တည်တတ်၏။
- ပစ္စယုပ္ပန်တရားတို့၏ တည်ကြောင်းဖြစ်သော သတ္တိကြောင့် ဟိတ် ၆-ပါးတို့သည် ဟေတု မည်၏။

### ဟိတ်နှင့်ပစ္စည်းအထူး

**ဟိတ်** - အာရုံ၌ သဟဇာတ်တရားတို့၏ ကောင်းစွာတည်တံ့နိုင်သော ဝိသေသ သတ္တိထူး၊

**ပစ္စည်း** - တည်တံ့အောင် ထောက်ပံ့သမှုကျေးဇူးပြုသော သာမညသတ္တိ၊

**ပစ္စည်း** - လောဘ၊ ဒေါသ၊ မောဟ
အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၆-ပါး၊

**ပစ္စယုပ္ပန်**- သဟိတ်စိတ် ၇၁-ပါး၊
မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ၅၂-ပါး၊
(က) သဟိတ်စိတ္တဇရုပ်၊
(ခ) သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်၊

- လောဘစသော ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည် ဟေတုပစ္စည်း တပ်သော တရားတို့မည်ကုန်၏။
- သဟိတ်စိတ် ၇၁- မောဟမူဒွေး၌ မောဟကြဉ်စေတသိက် ၅၂-ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟုဆိုအပ်သော ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်၏။

## ၂။ အာရမ္မဏပစ္စည်း

အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်သည်။

**ပစ္စည်း** - ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်တည်း ဟူသော ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့သည် အာရမ္မဏပစ္စည်း တပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - အလုံးစုံသော စိတ် ၈၉၊ စေတသိက်-၅၂ ပါးဟုဆိုအပ်သော ဤ တရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ကုန်သည်။

## ၃။ အဓိပတိပစ္စည်း

အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**(က)အာရမ္မဏာဓိပတိ** - သာမန်အာရုံမျှမကဘဲ စိတ်၊ စေတသိက်တရားတို့ကို အာရုံသဘောအားဖြင့် လွှမ်းမိုးအစိုးရ၍ ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။

**ပစ္စည်း** - အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် နိပ္ဖန္နရုပ် ၁၈-ပါး၊

- ဒေါသမူ ၂-ပါး၊ မောဟမူ ၂-ပါး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ် သောစိတ် ၈၄-ပါး၊
- ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ ကြဉ်သော စေတသိက် ၄၇-ပါး၊
- နိဗ္ဗာန်၊
- ဤအာရုံ ၆-ပါး ပစ္စည်းတရားတို့သည် အာရမ္မဏာဓိပတိတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်**- အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး၊ မဟာကုသိုလ် စိတ် ၈-ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်းစိတ် ၂၈-ပါး၊

- ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာဒွေးကြဉ်သော စေတသိက် ၄၅-ပါး၊
- ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားမည်ပါသည်။

**(ခ) သဟဇာတာဓိပတိ** - မိမိနှင့်တကွဖြစ်ကုန်သော တရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း ဖြစ်သည်။

**ပစ္စည်း** - မောဟမူဒွေး၊ ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတပ်ခိုက်၊ တပ်နေသော သာဓိပတိဇော ၅၂-ပါး၌ရှိသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသ၊ သာဓိပတိဇော ၅၂-ပါး ဟု ဆိုအပ်သော စိတ်အားဖြင့် အဓိပတိတရားကိုယ် ၃-ပါး၊ ၄-ပါးမှ တစ်ပါးပါး၊
(သာဓိပတိဇော-၅၂ = ဇကဟိတ်ဇော ၂ + အဟိတ်ဇော ၁-ပါးကြဉ်ဇောစိတ်များ)
- ဤတရားများသည် သဟဇာတာဓိပတိပစ္စည်းတပ်သောတရားများဖြစ်ကြပါသည်။

**ပစ္စယုပ္ပန်**- အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂-ပါး၊
ဝိစိကိစ္ဆာကြဉ်သောစေတသိက် ၅၁-ပါး၊ သာဓိပတိစိတ္တဇရုပ်၊
- ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်ပါသည်။

## ၄။ အနန္တရပစ္စည်း

အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - ရဟန္တာတို့စုတိစိတ်ကြဉ်သောရှေးရှေးစိတ်-၈၉၊ စေတသိက် ၅၂-ပါး၊
- ဤတရားတို့သည် အနန္တရပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်**- ရဟန္တာတို့ စုတိစိတ်နှင့်တကွ နောက်နောက်သောစိတ် ၈၉-၊ စေတသိက် ၅၂-ပါး၊

- ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့မည်ပါသည်။

**၅။ သမနန္တရပစ္စည်း**

ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်သည်။

(အနန္တရနှင့် သမနန္တရသည် သဘောအနက်အားဖြင့် အထူးမရှိပါ။ ဝေနေယျသတ္တဝါတို့ အလိုအားလျော်စွာ ၂-မျိုးခွဲ၍ ဟောကြားတော်မူထားခြင်းဖြစ်ပါသည်။)

**၆။ သဟဇာတပစ္စည်း**

တကွဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်သည်။

**ပစ္စည်း** (က)- အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊

(ခ)- စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် အားဖြင့် မဟာဘုတ် ၄-ပါး

(ဂ)- ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု၊

- ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ၊
- ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** (က)- အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်

(ခ)- အလုံးစုံသောမဟာဘုတ် ၄-ပါးနှင့် ဥပါဒါရုပ်များ

(ဂ)- ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊

- ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**၇။ အညမညပစ္စည်း**

အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား

**ပစ္စည်း** (က)- အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊
(ခ)- အချင်းချင်းအား ထောက်ပံ့တတ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားဖြင့် မဟာဘုတ် ၄- ပါး၊
(ဂ)- ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထု၊ ဟဒယဝတ္ထုအားတပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊
- ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** (က- အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး၊
(ခ)- အချင်းချင်းထောက်ပံ့အပ်သော မဟာဘုတ် ၄-ပါး၊
(ဂ)- ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊
- ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**၈။ နိဿယပစ္စယော**

မှီရာဖြစ်၍ ကျေးဇူးပြုသောတရား၊

နိဿယပစ္စည်း၌ - ၁။ သဟဇာတနိဿယ
(သဟဇာတနှင့် အလုံးစုံတူသည်။)
၂။ ပုရေဇာတနိဿယ ဟူ၍ ၂- မျိုးရှိသည်။

ပုရေဇာတနိဿယ၌ - (က) ဝတ္ထုပုရေဇာတနိဿယ
(ခ) ဝတ္ထာရမ္မဏပုရေဇာတနိဿယ ဟူ၍ ၂- မျိုးရှိသည်။

၁။ ဝတ္ထုပုရေဇာတနိဿယ၌-

(က)ပစ္စယုပ္ပန်တရားတို့၏ ရှေ့၌ဖြစ်ခြင်း၊

(ခ)ထိုပစ္စယုပ္ပန်တရားတို့၏ မှီရာဝတ္ထုရုပ်ဖြစ်ခြင်းဟူ၍ အင်္ဂါ ၂- ပါးရှိသည်။

**ပစ္စည်း** - ပဝတ္တိအခါ ဝတ္ထုရုပ် ၆-ပါး၊
- ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ပါးကြဉ်သော ဝိညာဏဓာတ်ဟုဆိုအပ်သော စိတ် ၈၅၊ စေတသိက် ၅၂-ပါး၊
- ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တို့ မည်ပါသည်။

၂။ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၌-
(က) ပစ္စယုပ္ပန်တရားတို့၏ရှေ့၌ဖြစ်ခြင်း
(ခ) မိုရာဝတ္ထုရုပ်ဖြစ်ခြင်း
(ဂ) အာရုံဖြစ်ခြင်း ဟူသော အင်္ဂါ ၃-ပါးရှိသည်။

**ပစ္စည်း** - မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
- ဤတရားသည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်းတပ်သော တရားမည်၏။

**ပစ္စယုပ္ပန်**- မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉-ပါး၊ တဒါရုံ ၁၁-ပါး၊ အဘိညာဉ်ဒွေး ဟူသောစိတ် ၄၃-ပါး၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ-၃၊ အပ္ပမညာကြဉ်သော စေတသိက် ၄၄-ပါး၊
- ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

## ၉။ ဥပနိဿယပစ္စည်း

အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား

- ဥပနိဿယပစ္စည်းတွင်- (၁) အာရမ္မဏူပနိဿယ
(၂) အနန္တရူပနိဿယ

(၃) ပကတူပနိဿယ
ဟူ၍ ၃-ပါး အပြားရှိပါသည်။

(၁) အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိပစ္စည်းနှင့် တူသည်။

(က) အာရုံကိုအလေးအမြတ်ပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။

(ခ) အလေးအမြတ်ပြုအပ်သည်၏အဖြစ်တွင် လွန်ကဲအားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်း မည်၏။ ဤသို့ထူးခြားသည်။

(၂) အာနန္တရူပနိဿယသည် အနန္တရပစ္စည်းနှင့်တူသည်။

(က) မိမိ၏အခြားမဲ့၌ လျောက်ပတ်သောစိတ်၊ စေတသိက်တို့ကို ဖြစ်စေရန် ကျေးဇူးပြုခြင်းသည် အနန္တရပစ္စည်းမည်၏။

(ခ) နောက်စိတ်တို့အားဖြစ်ပေါ်စေရန် အားကြီးသောအကြောင်း၏ အစွမ်းဖြင့် ကျေးဇူးပြုခြင်းသည် အနန္တရူပနိဿယပစ္စည်း မည်၏။

(၃) ပကတူပနိဿယသည် -

- အာရုံ-အနန္တရတို့နှင့် မရောရသည့်တိုင်အောင် ပင်ကိုပကတိသဘော သက်သက်ဖြင့်ပင် အားကြီးသော မှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သည်။
- ဤပစ္စည်းကား ၂၄-ပစ္စည်းတွင် အကျယ်ဝန်းဆုံးပစ္စည်းဖြစ်သည်။

ကျယ်ဝန်းပုံမှာ-

(က) သဒ္ဓါစသော ကုသိုလ်တရားများ၊ ရာဂစသော အကုသိုလ်တရားများ၊ သုခ၊ ဒုက္ခ၊ ဥတု၊ ဘောဇန၊ ပုဂ္ဂလ၊ သေနာသန၊ ဤတရားတို့သည် ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တဗဟိဒ္ဓသန္တာန်၌ ကုသိုလ် စသော တရားတို့အားလည်းကောင်း၊

(ခ) ဗလဝဖြစ်သောကုသိုလ်၊ အကုသိုလ်ကံသည် ဝိပါက်နာမက္ခန္ဓာတို့အား လည်းကောင်း၊ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**ပစ္စည်း** - ကာလသုံးပါး၌ ဗလဝဖြစ်သော ရှေးရှေးစိတ် ၈၉၊ စေတသိက် ၅၂-ပါး၊ ရုပ်-၂၈၊ ပစ္စည်းဖြစ်ထိုက်သော အချို့သောပညတ်၊

- ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်**- နောက်နောက်ဖြစ်သော စိတ်-၈၉၊ စေတသိက်-၅၂၊

- ဤတရားတို့သည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တရား တို့ မည်ပါသည်။

**၁၀။ပုရေဇာတပစ္စည်း**

ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

(၁) (က) ဝတ္ထုပုရေဇာတ၊
(ဝတ္ထုပုရေဇာတနိဿယနှင့်တူသည်။)

( ခ )- ဝတ္ထာရမ္မဏ ပုရေဇာတ
(ဝတ္ထာရမ္မဏ ပုရေဇာတနိဿယနှင့်တူသည်။)

(၂) အာရမ္မဏပုရေဇာတပစ္စည်း

- ပစ္စယုပ္ပန် နာမ်တရားတို့၏အာရုံလည်း ဖြစ်၊ ရှေ့၌လည်းဖြစ်ရမည်။

**ပစ္စည်း** - ပစ္စုပ္ပန်နိပ္ဖန္နရုပ် ၁၈-ပါး
- ဤတရားသည် အာရမ္မဏပုရေဇာတပစ္စည်းတပ်သော တရား မည်၏။

**ပစ္စယုပ္ပန်** - ပဉ္စဝေါကာရဘုံ၌ ဤပစ္စည်းကို ရခိုက်ရနေဖြစ်သော ကာမ စိတ် ၅၄၊ အဘိညာဏ်ဒွေးနှင့် အပ္ပမညာကြဉ်သော စေတသိက်-၅၀၊
- ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့ မည်ပါသည်။

**၁၁။ပစ္ဆာဇာတပစ္စည်း**

နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - ပဋိသန္ဓေကာလမှစ၍ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော စိတ်-၈၅၊ စေတသိက်-၅၂၊

- ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ၊

- ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**ဧကဇကာယ** = ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်၊

**ဒွိဇကာယ** = ပဋိသန္ဓေစိတ်၏ ဌီကာလ၌ဖြစ်သော ကမ္မဇ၊ ဥတုဇ ရုပ် ၂-ပါး၊

**တိဇကာယ** = ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏဖြစ်သော ကမ္မဇ၊ ဥတုဇ၊ စိတ္တဇရုပ်၊

**စတုဇကာယ** = အာဟာရဇရုပ်ဖြစ်သောအခါ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ နှင့် အာဟာရဇရုပ်၊

**၁၂။ အာသေဝနပစ္စည်း**

အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - ဇာတ်တူအဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောကြဉ်သောဇော ၄၇-ပါး၊ စေတသိက် ၅၂-ပါး၊

- ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ပထမဇောနှင့် ဖိုလ်ဇော ၄-ပါးကြဉ် နောက်နောက်ဇော- ၅၁၊ စေတသိက် ၅၂၊

- ဤတရားတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့မည်ပါသည်။

**၁၃။ကမ္မပစ္စည်း**

ကံဖြစ်၍ ကျေးဇူးပြုတတ်သောတရား

**(၁)နာနာက္ခဏိကကမ္မ** - မျိုးစေ့သည် သင်ပင်အား အညွန့်အခက် စသည် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသကဲ့သို့ အထူးထူးသော ခဏနှင့် ယှဉ်သောဝိပါက်၊ ကဋတ္တာရုပ်အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ် သော ကုသိုလ် အကုသိုလ်စေတနာ၊

- အကြောင်းပစ္စည်းကံဖြစ်ပေါ်လာသောအချိန်ကာလ- ခဏကတစ်မျိုး၊
- အကျိုးဖြစ်ပေါ်လာသောအချိန်ကာလ-ခဏက တစ်မျိုး၊
- ဤသို့ ခဏအသီးသီးဖြစ်၍ နေခြင်းကြောင့် နာနာက္ခဏိကကမ္မ၊

**ပစ္စည်း** - အတိတ်ဖြစ်သော ကုသိုလ်-အကုသိုလ် စေတနာ ၃၃-ပါး၊

- ဤတရားတို့သည် နာနာက္ခဏိက ကမ္မပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ဝိပါက် နာမက္ခန္ဓာ ဟုဆိုအပ်သောစိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး၊ ပဋိသန္ဓေ ကမ္မဇရုပ်များ၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊

- ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့ မည်ပါသည်။

(၂) **သဟဇာတကမ္မ** - သစ်ပင်၏ အမြစ်သည် သစ်ပင်နှင့်တကွဖြစ်၍ ထိုသစ်ပင်အား မြဲမြံစွာခိုင်ခံ့စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ တကွဖြစ်ဘက်တရားတို့ကို စေ့ဆော်ဆော်ဩခြင်း ဗျာပါရအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောစေတနာသည် သဟဇာတကမ္မပစ္စည်းမည်၏။

**ပစ္စည်း** - စိတ် ၈၉-ပါး၌ရှိသော စေတနာ စေတသိက် ၈၉-ပါး၊

- ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း တပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - စိတ်-၈၉၊ စေတနာကြဉ်သောစေတသိက်-၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊

- ဤတရားတို့သည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့ မည်ပါသည်။

## ၁၄။ ဝိပါကပစ္စည်း

အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - အလုံးစုံသော ဝိပါက်စိတ်-၃၆၊ စေတသိက် ၃၈၊ (နာမက္ခန္ဓာ ၄-ပါး)

- ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - အချင်းချင်းမှတပ်သော အလုံးစုံသော ဝိပါက်စိတ်-၃၆၊ စေတသိက်-၃၈၊ ဝိညတ်ဒွေးကြဉ်သောစိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များ၊

- ဤတရားများသည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ ဖြစ်ကြပါသည်။

**၁၅။ အာဟာရပစ္စည်း**

ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုသောတရား၊

**(၁) ရုပ်အာဟာရ** - ရုပ်အာဟာရပစ္စည်း၌ အလုတ်အလွေးပြု၍ စားမျို အပ်သော အစာအာဟာရ၌ပါသော ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တရှိ စတုသမုဋ္ဌာနိကဩဇာနှင့် ပေါင်းဆုံမိရာမှ အချင်းချင်း ဌီသို့အရောက်၌ အာဟာရဇရုပ်များကို ဖြစ်ပွားစေခြင်းဖြင့် ကျေးဇူးပြု၏။

**ပစ္စည်း** - အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဗဟိဒ္ဓ သန္တာန်၌ရှိသော ဥတုဇ ဩဇာ (ကဗဠီကာရအာဟာရ)

- ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ကလာပ်တူဩဇာကြဉ်သော ကလာပ်တူကလာပ်ပြား ဖြစ် သော အဇ္ဈတ္တိက စတုသမုဋ္ဌာနိကရုပ်များ၊ (စတုသမုဋ္ဌာနိကရုပ်=အကြောင်းတရား ၄-ပါးကြောင့် ဖြစ်သောရုပ်များ၊)

- ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်တရား တို့ မည်ပါသည်။

**(၂) နာမ်အာဟာရ**

**ပစ္စည်း** - ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရ ၃-ပါး၊

- ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတင်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - တကွဖြစ်ဖက် စိတ်-၈၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်

- ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့ မည်ပါသည်။

## ၁၆။ဣန္ဒြိယပစ္စည်း

အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**(၁) ပုရေဇာတိန္ဒြိယ**- (ဝတ္ထုပုရေဇာတိန္ဒြိယ)

- ပစ္စယုပ္ပန်တရားတို့၏ ရှေး၌ဖြစ်၍ ပစ္စယုပ္ပန်တရားတို့ကို အစိုးရသော ပစ္စည်းတရားဖြစ်သည်။

**ပစ္စည်း** - မရွှိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဥ္စဝတ္ထု (ပသာဒရုပ် ၅-ပါး) (စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ)
- ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ဒွေးပဥ္စဝိညာဏ် - ၁၀ ပါး
သဗ္ဗစိတ္တသာဓာရဏ - ၇ ပါး
- ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**(၂) ရူပဇီဝိတိန္ဒြိယ** - တကွဖြစ်သော ကမ္မဇရုပ်များ၌ အသက်ရှင်ခြင်းသတ္တိဖြင့် အုပ်စိုးသောတရား ဖြစ်သည်။

**ပစ္စည်း** - ပဝတ္တိ-ပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေ၊
- ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ရူပဇီဝိတိန္ဒြေကြည်သော ကလာပ်တူကမ္မဇရုပ် ၉-ပါး၊
- ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**(၃) သဟဇာတိန္ဒြိယ** - တကွဖြစ်သောရုပ်-နာမ်တို့အား အုပ်စိုးသောတရား၊

**ပစ္စည်း** - ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ဟုဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါး၊

- ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - တက္ကဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊
- ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် မည်ပါသည်။

**၁၇။ ဈာနပစ္စည်း**

ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော ဈာနင်တရားကိုယ် ၅-ပါး
- ဤတရားတို့သည် ဈာနပစ္စည်းတပ်သောတရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - ဒွေးပဉ္စဝိညာဏ်-၁၀ ကြဉ် စိတ်-၇၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊
- ဤတရားတို့သည် ဈာနပစ္စည်း၏ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**၁၈။ မဂ္ဂပစ္စည်း**

အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

**ပစ္စည်း** - ပညာ၊ ဝိတက်၊ ဝိရတီ ၃-ပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် ၉-ပါး၊
- ဤတရားတို့သည် မဂ္ဂပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်** - သဟိတ်စိတ်-၇၁၊ စေတသိက်-၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊

- ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့ မည်ပါသည်။

**၁၉။ သမ္ပယုတ္တပစ္စည်း**

ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုသောတရား၊

**ပစ္စည်း** + **ပစ္စယုပ္ပန်**
- အချင်းချင်းအားတပ်သော၊
- အချင်းချင်းမှထောက်ပံ့အပ်သော ပဝတ္တိ၊ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးဟုဆိုအပ်သော စိတ်-၈၉၊ စေတသိက်-၅၂၊
- ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတပ်သောတရားတို့မည်သလို သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်တရားတို့လည်း မည်ပါသည်။

**၂၀။ဝိပ္ပယုတ္တပစ္စည်း** -

မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုသောတရား၊

ဝိပ္ပယုတ္တပစ္စည်း ၃-မျိုးပြားသည်-

(၁) သဟဇာတဝိပ္ပယုတ်

**ပစ္စည်း** (က)- ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်-
အရူပဝိပါက် ၄၊ ဒွေးပဉ္စဝိညာဏ် ၁၀၊
ရဟန္တာစုတိစိတ်ကြဉ်သော စိတ် - ၇၅
စေတသိက် - ၅၂

(ခ)- ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာအားတပ်သော ဟဒယဝတ္ထု၊
- ဤတရားတို့သည် သဟဇာတဝိပ္ပယုတ်ပစ္စည်းတပ်သော တရားတို့ မည်ပါသည်။

**ပစ္စယုပ္ပန်**(က)- စိတ္တဇရုပ်

- ပဋိသန္ဓေကမ္မဇရုပ်

(ခ) - ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊

- ဤတရားတို့သည် သဟဇာတဝိပ္ပယုတ်ပစ္စည်း၏ ပစ္စယုပ္ပန် တရားတို့မည်ပါသည်။

(၂) ပုရေဇာတဝိပ္ပယုတ်

(က) ဝတ္ထုပုရေဇာတဝိပ္ပယုတ် - (ဝတ္ထုပုရေဇာတနှင့်တူ၏။)

(ခ) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်(ဝတ္ထာရမ္မဏပုရေဇာတနှင့်တူ၏။)

(၃) ပစ္ဆာဇာတဝိပ္ပယုတ် (ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။)

**၂၁။ အတ္ထိပစ္စည်း**

ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

အတ္ထိပစ္စည်း ၅-မျိုးကွဲပြားသည်-

(၁) သဟဇာတတ္ထိ - သဟဇာတပစ္စည်း ၃-ပါးနှင့်တူ၏။

(၂) ပုရေဇာတတ္ထိ - ပုရေဇာတ ၃-ပါးနှင့်တူ၏။

(က) ဝတ္ထုပုရေဇာတတ္ထိ

(ခ) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ

(ဂ) အာရမ္မဏပုရေဇာတတ္ထိ

(၃) ပစ္ဆာဇာတတ္ထိ - ပစ္ဆာဇာတနှင့်တူ၏။

(၄) အာဟာရတ္ထိ - ရုပ်အာဟာရနှင့်တူ၏။

(၅) ဣန္ဒြိယတ္ထိ - ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်တူ၏။

**၂၂။ နတ္ထိပစ္စည်း**

မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

- ပစ္စည်း + ပစ္စယုပ္ပန်တို့မှာ အနန္တရပစ္စည်းနှင့် အလုံးစုံတူပါသည်။

## ၂၃။ ဝိဂတပစ္စည်း

ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား၊

- ပစ္စည်း + ပစ္စယုပ္ပန်တို့မှာ အနန္တရပစ္စည်းနှင့် အလုံးစုံတူပါသည်။

**နတ္ထိနှင့်ဝိဂတအထူး**

နတ္ထိ = ဥပါဒ်-ဌီ-ဘင်ချုပ်ပြီး၍ ကင်းဆိတ်မှုသဘော၊
ဝိဂတ = ချုပ်ခါမျှဖြစ်သောသဘော၊

## ၂၄။အဝိဂတပစ္စည်း

မကင်းသည်ဖြစ်၍ ကျေးဇူးပြုသောတရား၊

- ပစ္စည်း + ပစ္စယုပ္ပန်တို့မှာ အတ္ထိပစ္စည်းနှင့် အလုံးစုံတူပါသည်။

**အတ္ထိနှင့် အဝိဂတအထူး**

အတ္ထိ= မိမိထင်ရှားရှိသောသဘောနှင့်ပြည့်စုံသည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောအဖြစ်၊
အဝိဂတ = ချုပ်ခြင်း (ဘင်)သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုသောအဖြစ်၊

## ပစ္စယသတ္တိကျေးဇူးပြုပုံ ၆-မျိုး

ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် သဘောတူရာကို ပေါင်းလိုက်ပါက ကျေးဇူးပြုပုံ ၆-မျိုးကို တွေ့ရပါမည်။

၁။ နာမ်သည် နာမ်အားကျေးဇူးပြုခြင်း - ပစ္စည်း ၆-မျိုးရှိသည်။
အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊

၂။ နာမ်သည် နာမ်ရုပ်အားကျေးဇူးပြုခြင်း - ပစ္စည်း ၅-မျိုးရှိသည်။
ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက၊

၃။ နာမ်သည် ရုပ်အားကျေးဇူးပြုခြင်း - ပစ္စည်း ၁-မျိုးသာရှိသည်။
ပစ္ဆာဇာတ၊

| | | | |
|---|---|---|---|
| ၄။ | ရုပ်သည် နာမ်အားကျေးဇူးပြုခြင်း | - | ပစ္စည်း ၁-မျိုးသာရှိသည်။<br>ပုရေဇာတ၊ |
| ၅။ | နာမ်၊ ရုပ်၊ ပညတ်တို့သည် နာမ်အား ကျေးဇူးပြုခြင်း | - | ပစ္စည်း ၂-မျိုးရှိသည်။<br>အာရမ္မဏ၊ ဥပနိဿယ၊ |
| ၆။ | နာမ် ရုပ်တို့သည် နာမ် ရုပ်တို့အား ကျေးဇူးပြုခြင်း | - | ပစ္စည်း ၉-မျိုးရှိသည်။<br>အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ |

## ပစ္စည်း ၆-မျိုး ကျေးဇူးပြုပုံ ဇယား

| | ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိများ | |
|---|---|---|---|---|
| ၁ | နာမ် | နာမ် | အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊ | ၆ |
| ၂ | နာမ် | နာမ်၊ ရုပ် | ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက၊ | ၅ |
| ၃ | နာမ် | ရုပ် | ပစ္ဆာဇာတ | ၁ |
| ၄ | ရုပ် | နာမ် | ပုရေဇာတ | ၁ |
| ၅ | ပညတ်၊ နာမ်၊ ရုပ် | နာမ် | အာရမ္မဏ၊ ဥပနိဿယ၊ | ၂ |
| ၆ | နာမ်၊ ရုပ် | နာမ်၊ ရုပ် | အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ | ၉ |

## ၁။ နာမ်သည် နာမ်အားပစ္စည်း ၆-မျိုး ကျေးဇူးပြုပုံ

(က) အခြားမဲ့၌ဖြစ်၍ ချုပ်ပြီးကုန်သော စိတ်၊ စေတသိက်ဖြစ်ကုန်သော **ရဟန္တာတို့၏** စုတိစိတ်ကြဉ်သော စိတ် ၈၉၊ စေတသိက်-၅၂ ဟူသော **နာမက္ခန္ဓာတို့သည်** မိမိတို့နှင့်အတူလိုက်၍ ဖြစ်ကုန်သော ရဟန္တာတို့၏ **စုတိစိတ်နှင့်** တကွ စိတ်-၈၉၊ စေတသိက်-၅၂-ပါးဟူသော နာမက္ခန္ဓာတို့အား **အနန္တရ**

သတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ ဟုဆိုအပ်သော သတ္တိ ၄-ပါးဖြင့် ကျေးဇူးပြုကြကုန်၏။

(ခ) ရှေးရှေး၌ဖြစ်ကုန်သော အဆုံးဇော၊ မဂ်ဇော၊ ဖိုလ်ဇောကြဉ်သော ဇော ၄၇-ပါး၊ စေတသိက် ၅၂-ပါးဟုဆိုအပ်သော နာမက္ခန္ဓာတို့သည် နောက်နောက်၌ဖြစ်ကုန်သော ပထမဇော၊ ဖိုလ်ဇောကြဉ်သော ဇော ၅၁-ပါး၊ စေတသိက် ၅၂-ပါးဟူသော နာမက္ခန္ဓာတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုကြသည်။

(ဂ) တကွဖြစ်ကုန်သော စိတ်၊ စေတသိက်ဖြစ်ကုန်သောတရားတို့သည် တစ်ပါးသည် တစ်ပါးအား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြသည်။

တိ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ရုံ-ရုံ-ဘ

ဤဝီထိစိတ်အစဉ်၌ စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာသည်မှာ အလိုလိုပေါ်ပေါက်လာသည်မဟုတ်ပါ။ အကြောင်းတစ်ခုခုရှိသည်။

လောကတွင် သဘာဝတစ်ခုသည် သူ့အလိုလိုပေါ်ပေါက်လာသည်ဟူ၍ မရှိပေ။ အကြောင်းတစ်ခု၊ တစ်ခုထက်ပိုသော အကြောင်းများကြောင့် ပေါ်လာခြင်း ဖြစ်သည်။

စက္ခုဝိညာဏ်စိတ်တစ်ခုဖြစ်ပေါ်မှုတွင် ထိုစိတ်၏ရှေ့၌ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ရှိသည်။ ထိုစိတ်တွင်-

- အနန္တရစွမ်းရည်၊
- သမနန္တရစွမ်းရည်၊
- နတ္ထိစွမ်းရည်၊
- ဝိဂတစွမ်းရည်

ဟူသော စွမ်းရည် ၄-ရပ်ရှိသည်။ ထိုစွမ်းရည် ၄-ရပ်ဖြင့် စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာအောင် ဆောင်ရွက်သည်။

အနန္တရပစ္စည်းသည် စိတ်တစ်ခုဖြစ်ပြီးသည်နောက် ကြားမရှိဘဲ အခြားစိတ် တစ်ခု ဆက်တိုက်လာစေနိုင်သော စွမ်းရည်ဖြင့် ကျေးဇူးပြုပေးသည်။

အနန္တရစွမ်းရည်ကြောင့် စိတ်တစ်ခုပြီးသည်နောက် ကြားကာလမရှိဘဲ

နောက်စိတ်တစ်ခု တက်လာသည်။ သို့အတွက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောက် စက္ခုဝိညာဏ်စိတ် ဆက်လိုက်လာရသည်ကိုသိပါ။

အနန္တရစွမ်းရည်က နောက်စိတ်တစ်ခုကို ဆက်လိုက်လာစေရာ၌ တဒါရုံ (သို့မဟုတ်)ဘဝင်စိတ်လာနိုင်သည်ဟု ဆိုနိုင်ပါသည်။

သို့သော် သမနန္တရပစ္စည်း၏ စွမ်းရည်ကရှိနေပေသေး၍ သမနန္တရပစ္စည်းက မည်သည့်စိတ်သာလာရမည်ဟူ၍ ရွေးချယ်ပေးသောစွမ်းရည်ဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောက် တခြားစိတ်များဖြစ်လာခွင့်မရှိဘဲ သမနန္တရပစ္စည်းက ရွေးချယ်ပေးသော စက္ခုဝိညာဏ်စိတ်သာလျှင် လာခွင့်ရှိပါသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ရှိနေသေးလျှင် စက္ခုဝိညာဏ်စိတ် ဖြစ်ခွင့်မရတော့ပါ။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်မရှိနိုင်သော ပယ်နိုင်သောစွမ်းရည်က ရှိရဦးမည်ဖြစ်၍ နတ္ထိပစ္စည်းက ပဉ္စဒွါရာဝဇ္ဇန်းစိတ်မရှိအောင် စွမ်းရည်ဖြင့် ကျေးဇူးပြုသည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်မရှိမှ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာနိုင်သည်။ စိတ်နှစ်ခုသည် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ရိုးထုံးစံမရှိပါ။

ဝိဂတပစ္စည်းက ပဉ္စဒွါရာဝဇ္ဇန်းစိတ်မရှိအောင် လုပ်ပေးနိုင်သောစွမ်းရည်ဖြင့် ကျေးဇူးပြုသည်။ ယင်းက နောက်စိတ်တစ်ခုဝင်လာနိုင်ရန် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ကို ဖယ်ပေးလိုက်သည်။ အချုပ်ဆိုရသော်-

အနန္တရစွမ်းရည်သည် - ပဉ္စဒွါရာဝဇ္ဇန်းစိတ်နောက်တွင် စိတ်တစ်ခုဖြစ်ပေါ်စေနိုင်သောစွမ်းရည်၊

သမနန္တရပစ္စည်းသည် - မည်သည့်စိတ် လာရမည်ဟု ရွေးခေါ်နိုင်သောစွမ်းရည်၊

နတ္ထိသည် - ပဉ္စဒွါရာဝဇ္ဇန်းစိတ် မရှိနိုင်သောစွမ်းရည်၊

ဝိဂတသည် - ပဉ္စဒွါရာဝဇ္ဇန်းကို ပယ်ရှားနိုင်သောစွမ်းရည်၊

ထိုစွမ်းရည် ၄-ပါးဖြင့် ပဉ္စဒွါရာဝဇ္ဇန်းသည် စက္ခုဝိညာဏ်စိတ်ကို ပေါ်ပေါက်စေပါသည်။

အာသေဝနပစ္စည်းသည် အရှိန်အဟုန်ကောင်းအောင်လုပ်ပေးနိုင်သော စွမ်းရည်ရှိသောပစ္စည်း ဖြစ်သည်။

ရှေး၌ဖြစ်သောဇောတို့သည် နောက်မှဖြစ်သောဇောတို့အား အာသေဝနစွမ်းရည်ဖြင့် ကျေးဇူးပြုသည်။ ရှေ့ဇောမှနောက်ဇောကို အရှိန်အဟုန်ကောင်းအောင် ပြုလုပ်ပေးနိုင်၏။

သို့သော် နောက်ဇောက ရှေ့ဇောကို အရှိန်အဟုန်ကောင်းအောင် ပြုလုပ်မပေးနိုင်ပေ။ အဆင့်ဆင့်အားဖြင့် ရှေ့ဇောတိုင်းက နောက်ဇောတိုင်းကို အရှိန်အဟုန်ကောင်းအောင် လုပ်ပေးနိုင်သည်။

တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-ဘ

ပြေးရာတွင် ပထမအစ၌ ပြေးအားမရှိသေးပေ။ ထိုမှနောက် ခြေလှမ်းများ၌ကား ပိုမိုအားကောင်းလာ၏။ ရှေ့ခြေလှမ်းများက နောက်ခြေလှမ်းများကို တစ်ဆင့်ထက်တစ်ဆင့် အားကောင်းလာစေရန် အားဖြည့်ပေးသည်။ ထိုအခါ အရှိန်အဟုန်ပြင်းလာသည်။

ထိုကဲ့သို့ပင် ဇောထဲတွင်လည်း အရှိန်အဟုန်ပါ ပါသည်။ ရှေ့ဇောက နောက်ဇောကို တစ်ဆင့်ထက်တစ်ဆင့် အရှိန်အဟုန်အားကောင်းစေရန် လုပ်ပေး နိုင်သည်။

မဟဂ္ဂုတ်ဇော၊ ဈာန်ဇောများသည် အားအလွန်ကောင်းပေသည်။ ရှေ့ဇောက နောက်ဇောများကို အဟုန်ပြင်းထန်အောင် အားဖြည့်ပေးရာတွင်လည်း ထက်မြက်လှသည်။

ဇောသည် ကန့်သတ်ချက်မရှိ၊ ဆက်ကာဆက်ကာ ကျနိုင်သည်။ တစ်ခါတစ်ရံ တစ်နာရီလုံးလုံး စသည်ဖြင့် ဇောကျနိုင်သည်။

အာသေဝနပစ္စည်းစွမ်းရည်သည် ဇောဇောချင်း အဟုန်ပြင်းအောင် လုပ်ပေးနိုင်သော်လည်း တဒါရုံစသည်များကိုကား အရှိန်အဟုန်ကောင်းအောင် မပြုလုပ်နိုင်ပေ။

ဇောတွင် ပထမဇောသည် အားဖြည့်ပေးခြင်းကို မခံရပါ။ နောက်ဆုံးဇောသည်လည်း အားဖြည့်ပေးခြင်းမရှိပါ။ အလယ်ဇော ၅-ပါးသည်ကား အားဖြည့်ပေးခြင်းကို ခံရ၏။ အားဖြည့်ပေးရသည်လည်းရှိသည်။

သမ္ပယုတ္တပစ္စည်းသည် အတူတူဖြစ်သောစိတ်၊ စေတသိက်တရားများ အချင်းချင်း ယှဉ်တွဲနိုင်သော သမ္ပယုတ္တပစ္စည်းစွမ်းရည်အားဖြင့် ကျေးဇူးပြုကြသည်။

ဥပမာ - စက္ခုဝိညာဏ်စိတ်တွင် စက္ခုဝိညာဏ်မှတစ်ပါး စေတသိက် ၇-ပါး ပါဝင်ပါသည်-

- စိတ်က စေတသိက် ၇-ပါးကိုလည်းကောင်း၊
- စေတသိက် ၇-ပါးက စိတ်ကိုလည်းကောင်း၊

သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

စိတ် ၁-ပါး၊ စေတသိက် ၇-ပါး၊ ပေါင်း ၈-ပါးရှိရာ တစ်ပါးပါးက ကျန်တွဲဘက် ၇-ပါးကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။

တစ်ဦး၏စွမ်းရည်က တစ်ဦးကိုကူးစက်နိုင်သဖြင့် ဝေဒနာ၏စွမ်းရည်သည်လည်း ကျန် ၇-ပါးလုံးကို ကူးစက်နိုင်သည်။

အချို၊ အချဉ်၊ အငန်၊ အစပ်ကို ရောနှောမွှေသော် အရသာသည် တစ်မျိုးနှင့် တစ်မျိုး ကူးစက်ရောနှောသကဲ့သို့ စိတ်နှင့် စေတသိက်တို့သည်လည်း သမ္ပယုတ္တပစ္စည်း၏ စွမ်းရည်အားဖြင့် အချင်းချင်း အတူယှဉ်တွဲပေးသည်။

စက္ခုဝိညာဏ်စိတ်ကဲ့သို့ပင် အခြားစိတ်များ၊ ဥပမာ-ဒေါသစိတ်တွင်လည်း ဒေါသစိတ် ၁-ပါးနှင့် စေတသိက် ၂၀ ပါဝင်ရာ တစ်ပါးပါးက ကျန်-၂၀ ကို သမ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်။

လူတစ်ယောက်စိတ်ညစ်ရာတွင် စိတ်ညစ်သောဒေါသက ပြင်းထန်နေသဖြင့် လွှမ်းမိုးထားသည်။ ဖဿ၊ ဝေဒနာများ စသည်ပါဝင်သော်လည်း ဒေါသက အားကောင်းလွှမ်းမိုးထားသောကြောင့် ဖဿ ဝေဒနာ မပါဟု ထင်နေရသည်။

တစ်ဦးကိုတစ်ဦး ကူးစက်သည်ဟု ဆိုရာ၌လည်း သဘာဝထက်မြက်မှုက လွှမ်းခြုံသွားတတ်သော သဘောရှိပါသည်။ ဓာတ်အားတစ်ခုက ပြင်းထန်လျှင် ဓာတ်အားတစ်ခုက ငုပ်လျှိုးသွားတတ်ပါသည်။ သို့သော် မပါဝင်သည်ကား မဟုတ်ပါ။ အားပျော့-အားပြင်း ကွာခြားမှုသဘောသာ ဖြစ်ပါသည်။

တီ-န-ဒ-ပ-စ-သံ-ဏ-ဝ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ရုံ-ရုံ-ဘ

၄+၁=၅ ၅+၁=၆

ပဉ္စဒွါရာဝဇ္ဇန်း-စက္ခုဝိညာဏ်စိတ်တွင်-

- အနန္တရစွမ်းရည်
- သမနန္တရစွမ်းရည်

- နတ္ထိစွမ်းရည်
- ဝိဂတစွမ်းရည်
- သမ္ပယုတ္တ ဟူသော ပစ္စည်းစွမ်းရည် ၅-မျိုးရှိသည်။

နောက်ဆုံးဇောမှတစ်ပါး ကျန်ဇောများတွင်-

- အနန္တရစွမ်းရည်
- သမနန္တရစွမ်းရည်
- နတ္ထိစွမ်းရည်
- ဝိဂတစွမ်းရည်
- အာသေဝန
- သမ္ပယုတ္တ ဟူသော ပစ္စည်းစွမ်းရည် ၆-မျိုးရှိသည်။

## ၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ

(က) ဟိတ်-ဈာနင်-မဂ္ဂင်တို့သည် တကွနက်ဖြစ်ကုန်သော နာမ်-ရုပ်တို့အား ဟေတု၊ ဈာန၊ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုသည်။

(ခ) တကွဖြစ်ကုန်သောစိတ် ၈၉-ပါး၌ရှိသော စေတနာစေတသိက် ၈၉-ပါးသည် တကွဖြစ်သော စိတ် ၈၉၊ စေတနာကြဉ်သောစေတသိက်-၅၂ပါး၊ စိတ္တဇရုပ်-ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ) အထူးထူးသောကာလ၌တည်သော အတိတ်ဖြစ်သောကုသိုလ်-အကုသိုလ် စေတနာ ၃၃-ခုသည် ကံဟုဆိုအပ်သော မိမိကြောင့်ဖြစ်ကုန်သော ဝိပါက်စိတ် ၃၆-ပါး နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဃ) ဝိပါက်စိတ် ၃၆-ပါး၊ နာမက္ခန္ဓာ ၄-ပါးတို့သည် တစ်ပါးသည်တစ်ပါးအားလည်းကောင်း၊ တကွဖြစ်ကုန်သော ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအားလည်းကောင်း ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်။

(င) လောဘဟိတ်စသော ဟိတ် ၆-ပါးသည် ဟေတုပစ္စည်း၏ စွမ်းရည်ဖြင့် နာမ်+ရုပ် ၂-ပါးအား ကျေးဇူးပြုသည်။

(စ) ဈာနင် ၇-ပါးရှိရာတွင် သောမနဿနှင့်ဒေါမနဿကိုပေါင်း၍ ဝေဒနာတစ်ခုတည်းယူပြီး ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသောဈာနင်တရား ၅-ပါးသည် ဈာနပစ္စည်း၏စွမ်းရည်ဖြင့် နာမ်+ရုပ် ၂-ပါးကို ကျေးဇူးပြုသည်။

(ဆ) မဂ္ဂင်တရား ၁၂-ပါးတွင် ကောင်းသောမဂ္ဂင် ၈-ပါး၊ မကောင်းသော မဂ္ဂင် ၄-ပါး ပါဝင်သည်။ မကောင်းသောမဂ္ဂင် ၄-ပါးတွင် တရားကိုယ်အားဖြင့် တူရာမဂ္ဂင်များကို ရွေးထုတ်သော် မိစ္ဆာဒိဋ္ဌိမဂ္ဂင် ၁-ပါးသာ ကျန်သည်။ ထို့ကြောင့် တရားကိုယ်အားဖြင့် ကောင်းသောမဂ္ဂင် ၈-ပါးနှင့် မိစ္ဆာဒိဋ္ဌိမဂ္ဂင် ၁-ပါး၊ ပေါင်း ၉-ပါးသည် မဂ္ဂပစ္စည်းစွမ်းရည်ဖြင့် နာမ်-ရုပ် ၂-ပါးကို ကျေးဇူးပြုသည်။

(ဇ) အတူဖြစ်သောစေတနာသည် အတူဖြစ်သောနာမ်-ရုပ်တို့ကိုလည်းကောင်း၊ အလျင်ဖြစ်နှင့်သော စေတနာသည် ကံကြောင့်ဖြစ်သော နာမ်-ရုပ်တို့ကိုလည်းကောင်း ကမ္မပစ္စည်း၏အစွမ်းအားဖြင့် ကျေးဇူးပြုသည်။

(ဈ) ဝိပါက်စိတ်၊ စေတသိက်ဖြစ်သော ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းစွမ်းဖြင့် ကျေးဇူးပြုသည်။

## ၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ

နောက်နောက်၌ဖြစ်ကုန်သော စိတ်၊ စေတသိက်ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်သော အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သောစိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါး ဟူသော နာမက္ခန္ဓာတို့သည် ရှေးရှေး၌ဖြစ်ကုန်သော ဤသို့သဘောရှိသော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယတို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကံ-စိတ်-ဥတု-အာဟာရကြောင့်ဖြစ်သော ရုပ်တို့စုနေသော အစုကို ကိုယ်ဟုခေါ်ပါသည်။

ထိုရုပ်များအားလုံး (ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်) ကို စိတ်၊ စေတသိက်များက ပစ္ဆာဇာတပစ္စည်းစွမ်းရည်ဖြင့် ကျေးဇူးပြုသည်။

ဤနေရာတွင် ကျေးဇူးပြုခြင်းခံရမည့် ရုပ်အစုက အရင်ဖြစ်နှင့်၍ ကျေးဇူးပြုကြမည့်စိတ်၊ စေတသိက်တို့က နောက်မှဖြစ်သည်။

နောက်မှဖြစ်သော စိတ်၊ စေတသိက်များက အလျင်ဖြစ်နှင့်သော ရုပ်အစုအား ကျေးဇူးပြုပေးသည်။

ရုပ်ဖြစ်သော စာရေးမည့်လက်သည် ဦးစွာရှိနေနှင့်၏။ စာရေးလိုသောစိတ်က နောက်မှဖြစ်ပေါ်လာ၏။

စာရေးမည့်စိတ်က လက်ကိုတရွေ့ရွေ့ခိုင်းလိုက်သဖြင့် စာရေးတော့သည်။

အလျင်ရှိပြီးသားကိုယ်နှင့် ပတ်သက်သမျှ ရုပ်အားလုံးကို နောက်မှဖြစ်သော စိတ်က ဆောင်ရွက်လိုသော ကိစ္စများ ဆောင်ရွက်ဖြစ်အောင် ကျေးဇူးပြုလိုက်သည်။

ထို့ကြောင့် နောက်နောက်မှလာသောစိတ်များက ရှိပြီးသားကိုယ်ကြီးကို အသုံးချသွားခြင်းဖြစ်သည်။

ရှိပြီးသား ကိုယ်အင်္ဂါအစိတ်အပိုင်းများကို မကောင်းသောစိတ်က အသုံးချသွားခြင်းခံရသော် မကောင်းသောကိုယ်ကြီးဖြစ်ရသည်။

ကောင်းသောစိတ်က အသုံးချသွားသော် ကောင်းသောကိုယ်ဖြစ်သွားသည်။

ကောင်းသည့်စိတ်၊ မကောင်းသည့်စိတ်များသည် ကိုယ်ထဲသို့ဝင်လာပြီးနောက် ထွက်သွားသည်။ ဆက်လက်တည်မနေပါ။

လောဘ၊ ဒေါသစိတ်များဝင်လာသော် ကိုယ်ကြီးသည် နစ်မွန်းသွားနိုင်သည်။ ထို့ကြောင့် မကောင်းသောစိတ်အလာမခံရပါ။ ကောင်းသောစိတ်များသာ လက်ခံသင့်သည်။

ထိုအခါ ကိုယ်ခန္ဓာကြီးသည် သန့်ရှင်းစင်ကြယ်ကောင်းမွန်လာပါသည်။

ဦးစွာရှိနှင့်ပြီးသောပါးစပ်ကို နောက်မှလာသောကောင်းသောစိတ်က စကားပြောခိုင်းသော် ကောင်းသော၊ သန့်ရှင်းသော၊ ပြေပြစ်သောစကားကို ပြောဆိုပေမည်။

မကောင်းသောစိတ်ဖြင့် ပြောဆိုစေသော် ရှန့်ရင်းကြမ်းတမ်းသော စကားကို

ပြောဆိုပေလိမ့်မည်။ ထို့ကြောင့် မကောင်းသောစိတ်များမလာစေရန် သတိဖြင့် ထိန်းချုပ်ထားရပါမည်။

## ၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ

- မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် ၃-ပါးတို့တွင် မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့်ဥပါဒ်ဖြစ်သော စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၅-ပါး၊
- ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
- နိရောဓသမာပတ်မှထသောအခါ ရှေးရှေးဖြစ်သော ဟဒယဝတ္ထု၊
- မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေတွက်သည်ရှိသော် ၁၇-ချက်မြောက် သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
- ဤ ၆-ပါးဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ စက္ခုဝိညာဏဓာတ်စသော ၇-ပါးသော ဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုသည်။
- ငါးပါးသောအာရုံတို့သည် ပဉ္စဝိညာဏဓာတ်အား အာရမ္မဏပုရေဇာတသတ္တိ ဖြင့် ကျေးဇူးပြုကုန်သည်။

(အချုပ်ဆိုက- ဝတ္ထုရုပ် ၆-ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇-ပါးအား လည်းကောင်း၊
- အာရုံငါးပါးတို့သည် ပဉ္စဝိညာဏဝီထိတို့အား လည်းကောင်း
- ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။)

ဤနေရာတွင်လည်း ကျေးဇူးပြုမည့်ရုပ်များသည် ဦးစွာဖြစ်နေ၍ ကျေးဇူးအပြုခံရမည့်နာမ်များက နောက်မှဖြစ်သည်။

၆-ပါးသောဝတ္ထုများသည် ကျေးဇူးပြုမည်ဖြစ်သဖြင့် ဦးစွာရှိနှင့်သည်။ ဝိညာဏဓာတ် ၇-ပါးက ကျေးဇူးပြုခံရမည်ဖြစ်သောကြောင့် နောက်မှဖြစ်လာသည်။

အမိဝမ်းမှမွေးဖွားလာသော် စက္ခုဝတ္ထု၊ သောတဝတ္ထု စသည်တို့သည် ဖြစ်ပေါ် နေသော်လည်း ဝိညာဏ်စိတ်ကား မပေါ်သေးပါ။

**မွေးဖွားလာစဉ်** မျက်စိ-နားပေါ်သူသည် မြင်စိတ်-ကြားစိတ် မပေါ်နိုင်ပါ။

ထို့ကြောင့် ကျေးဇူးပြုမည့် မျက်စိ၊ နား စသည်သည် အရင်ဖြစ်နေ၍ မြင်စိတ်၊ ကြားစိတ်သည် နောက်မှဖြစ်ပေါ်လာသည်။

လူတစ်ယောက်အိပ်ပျော်နေစဉ် ဝတ္ထုရုပ် ၆-ပါး ရှိနှင့်သည်။ သို့သော် ဝိညာဉ်စိတ်သည် မရှိပေ။ အိပ်ရာမှနိုးကြားလာသော် ဝတ္ထုရုပ် ၆-ပါးရှိနှင့်သည်ဖြစ်သောကြောင့် ဝိညာဏဓာတ် ၇-ပါးလည်း ပေါ်လာရသည်။

ထို့ကြောင့် ဝိညာဏဓာတ် ၇-ပါးသည် သူ့အလိုလို မပေါ်လာနိုင်ပါ။ ဦးစွာရှိနှင့်ပြီးသော ဝတ္ထုရုပ် ၆-ပါးကြောင့်သာ ပေါ်လာရပါသည်။

**အဆင်း**၊ အသံစသော အာရုံငါးပါးကား ဝိညာဉ် ၅-ပါး ပါဝင်သော စိတ်အစဉ်ကို ကျေးဇူးပြုပေးသည်။

အဆင်းမရှိဘဲ အဆင်းကိုမြင်သော မြင်စိတ်မရှိပေ။ အသံမရှိဘဲ အသံကို ကြားသောစိတ် မရှိပေ။

အလျှင်ဖြစ်နှင့်သော အာရုံ ၅-ပါးက လာ၍ထိတွေ့သော် အာရုံ ၅-ပါးကို သိနေသော မြင်စိတ်-ကြားစိတ်-နံစိတ် စသော အသိစိတ်များ ပေါ်လာရသည်။

**အကယ်၍** အာရုံ ၅-ပါးသာလျှင်ရှိမနေပါက ထိုအာရုံများကို သိသောစိတ်**များလည်း** ဖြစ်ပေါ်မလာနိုင်ပေ။

ထို့ကြောင့် ရုပ်သည် နာမ်အားကျေးဇူးပြုသောပစ္စည်းသည် အလျှင်ဖြစ်သော စွမ်းရည်ရှိသော ပုရေဇာတပစ္စည်းဖြစ်သည်။

မြင်စိတ်-ကြားစိတ်စသော အသိစိတ်များပေါ်နိုင်ရန် ဝတ္ထု ၆-ပါး၊ အာရုံ ၆-ပါးတို့ ရှိထားနှင့်ရမည်။ ထိုမှသာ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာမည်။

ထို့ကြောင့် ဝတ္ထုရှိထားနှင့်စေရန် ဆောင်ရွက်ရမည်။ ဝတ္ထုရှိစေရန် ကံ၊ ဉာဏ်၊ ဝီရိယ ရှိရမည်။

ပထမအဆင့်အတွက် အတိတ်ကံကိုထား၍ ဒုတိယအဆင့်အတွက် ပစ္စုပ္ပန်အနေဖြင့် ဉာဏ်၊ ဝီရိယထားရမည်။

- ဗလဝဖြစ်သောကုသိုလ်၊ အကုသိုလ်ကံသည် ဝိပါက်စိတ် ၃၆ နာမက္ခန္ဓာအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်ပါသည်။

**အာရုမ္မဏူပနိဿယအသုံးချပုံ**

လောဘမူစိတ် ၈-ပါးသည် ဒေါသ-၂၊ မောဟ-၂၊ ဒုက္ခကာယဝိညာဏ်မှ တစ်ပါး ကျန် ၇၆-ပါးသော လောကီစိတ်များကို လေးလေးစားစားစွဲလမ်းကြပါသည်။

ထို့ပြင် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော နိပ္ဖန္နရုပ် ဟုဆိုအပ်သော ရုပ်အကောင်းစားများကိုလည်း လေးလေးစားစား စွဲလမ်းကြပါသည်။

ဥပမာ- လောဘဝင်၍ အပျော်လိုက်ချင်နေသူသည် ဒေါသဝင်၍ စိတ်ညစ်နေသော သူ၊ စိတ်ဆိုးနေသောသူကို သဘောမကျ၊

- မောဟဝင်၍ ထုံ-အ ထိုင်းမှိုင်းနေသူကိုလည်း သဘောမကျ၊
- ကိုယ်ဆင်းရဲမှုခံစားနေရသည်ကိုလည်း သဘောမကျ၊
- လောဘထူပြောနေသူသည် - တစ်ဘက်ကအလုပ် လုပ်ကောင်းသူ
  - တိုးတက်သူကို ကြိုက်နှစ်သက်သည်။

ထို့ကြောင့် လောဘအားကြီးသူသည်-

(က) မိမိကဲ့သို့လောဘကြီးသူကို ကြိုက်နှစ်သက်၏။
(လောဘကိုကြိုက်သည်ဖြစ်၏။)

( ခ ) မျက်စိမြင်သူ၊ နားကြားသူကိုလည်းနှစ်သက်၏။
(အဟိတ်စိတ်ကို ကြိုက်ရာလေးစားရာရောက်သည်။)

( ဂ ) စိတ်နေသဘောထားကောင်းသူ၊ အလုပ်ကောင်းကောင်းလုပ်နေသူကိုလည်း ကြိုက်နှစ်သက်သည်။)
(မဟာကြိယာ-မဟာကုသိုလ်ကို လေးစားသည်ဖြစ်၏။)

(ဃ) ဈာန်တန်ခိုးရှိသူကိုလည်း ကြိုက်နှစ်သက်၏။
(မဟဂ္ဂုတ်စိတ်ကို လေးစားသည်ဖြစ်၏။)

( င ) အဆင်းလှလှ၊ အသံကောင်းကောင်း၊ အနံ့ကောင်းကောင်း၊ အရသာ ကောင်းကောင်း စသည်ကိုလည်း ကြိုက်နှစ်သက်၏။
(ရုပ်နိပ္ဖန္နကို လေးစားသည်ဖြစ်၏။)

(က)မှ(င)အထိ အချက်များကို လိုက်စားမှုတိုးလာပါက ထိုသူ၏ သန္တာန်၌ လောဘသည် တိုးတက်လာသည်။ လောဘတိုးတက်လာလျှင် ဝိသမလောဘ ထူထပ်လာပြီး အလုပ်အကိုင်ပျက်ပြားလာမည်။ ပျက်စီးနစ်မွန်းသွားနိုင်သည်။

ထိုအပြစ်များကိုသိရှိပြီး လောဘကို အလျှော့ပေးပါက၊ ဝိသမလောဘ ပျောက်ကွယ်၍ သမလောဘနယ်တွင် ကျင်လည်နေပါက မမှားမယွင်းအောင် ဆောင်ရွက်နိုင်မည်။ အလုပ်ကိစ္စမမှားယွင်းပါက လောက၏အဆင့်အတန်းများကို မြင့်သည်ထက်မြင့်အောင် ရရှိနိုင်ပါမည်။

ဝိသမလောဘကို မညီမညွတ်သော ချိုင့်ဝှမ်းချောက်ကြီးဟုဆိုပါသည်။ ထိုထဲကျသွားပါက ယခုဘဝတွင် ထောင်ကျရုံသာမက နောင်ဘဝတွင်လည်း အဝီစိငရဲအထိ ကျနိုင်ပါသည်။ (အဇာတသတ်မင်းကိုကြည့်က သိနိုင်ပါသည်။)

ကာမကုသိုလ်စိတ် ၈-ပါးသည် လောကထဲတွင် အသုံးကျသော ကုသိုလ် ၁၇-ပါးကို လေးလေးစားစားအာရုံပြုသည်။ လောဘ၊ ဒေါသ စသော အကုသိုလ်များကိုကား မလေးစားပါ။ အဆင်းလှလှ၊ အသံကောင်းသော စသော ကာမဂုဏ်အာရုံ ၅-ပါးကိုလည်း မလေးစားပါ။ လောကုတ္တရာမဂ်-ဖိုလ်-နိဗ္ဗာန်ကိုလည်း မလေးစားပါ။

ဥပမာ-အလုပ်ထဲတွင် စိတ်ဝင်စားနေသူသည် ထမင်းစားရန်ကိုပင် သတိမရသကဲ့သို့ ထိုသူ၏စိတ်ထဲတွင်လည်း ကာမကုသိုလ်စိတ်ကသာ လွှမ်းမိုးကိန်းအောင်းနေပါသည်။

ကာမကုသိုလ်သည်ကား လောကထဲတွင် တိုးတက်ကြီးပွားမည့်လုပ်ငန်း လမ်းစဉ်ကိုသာ လိုလားနေတတ်သည်။

မဟာကုသိုလ် ကြိယာ ဉာဏသမ္ပယုတ်စိတ် ၈-ပါးသည် လောကုတ္တရာ ၉-ပါးကိုသာ လေးစားသည်။

လေးစားရာမှာလည်း ကိုယ့်မဂ်-ကိုယ့်ဖိုလ်နှင့် မိမိအာရုံပြုနိုင်သော နိဗ္ဗာန်ကိုသာ လေးစားသည်။

သောတာပန်ပုဂ္ဂိုလ်သည် လောက၌ ပျော်ရွှင်မှုမကင်းနိုင်သေး၍ လိုက်စားသော်လည်း (ဝါ) လောကကြီးပွားရာကြီးပွားကြောင်းကို လုပ်ကိုင်ဆောင်ရွက်မှု

ရှိသေးသော်လည်း အမိကထား၍ လေးစားခြင်းမရှိတော့ပေ၊ သူကိုယ်တိုင် တွေ့ကြုံဖူးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အကြောင်းကိုသာ လေးစားစွာဖြင့် စိတ်ဝင်စား၍ နေတတ်သည်။

ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်များသည်လည်း ယင်းတို့၏ဆိုင်ရာ မဂ်-ဖိုလ်- နိဗ္ဗာန်ကိုသာ အမိကထား၍ လေးစားကြသည်။ လောကကိစ္စများကို မကင်းနိုင်သေး၍ ဆောင်ရွက်ကြသော်လည်း လေးစားခြင်း၊ ပဓာနထားခြင်းမရှိတော့ပါ။

လောကုတ္တရာစိတ် ၈-ပါးသည်ကား နိဗ္ဗာန်ကိုသာ အလေးပြု၏။ အချိန်တိုင်း အချိန်တိုင်းတွင် နိဗ္ဗာန်ကိုသာလျှင် လေးစား၍ အာရုံပြုနေကြသည်။ လောကကိစ္စများကိုကား တစ်ခါတစ်ရံသာ အာရုံပြုသည်။

ထို့ကြောင့် ဖလသမာပတ်ဝင်စား၍ ဖိုလ်ဇောများ ဆက်ကာဆက်ကာကျသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်တစ်ခုတည်းကိုသာ သိနေပါသည်။

သူ၏ပတ်ဝန်းကျင်ရှိသော လောကီအာရုံ၊ လောကအတွေ့အကြုံများဖြစ်သော အဆင်းကိုမမြင်၊ အသံကိုမကြား၊ အနံ့၊ အရသာ၊ အတွေ့အထိကိုမသိတော့ပေ။

ဤအချက်ကိုထောက်ဆ၍ ဖလသမာပတ် ဝင်စားနေသူကို ခေါ်ကြည့်သော်လည်းကောင်း၊ စမ်းသပ်ကိုင်တွယ်ကြည့်သော်လည်းကောင်း သူသိမည်လားဟု မေးလျှင် မသိပါဟူ၍သာ ဖြေရပါမည်။

### အနန္တရူပနိဿယ

အခြားမဲ့၌ ချုပ်ပျောက်ပြီးသော စိတ်၊ စေတသိက်တို့သည် အနန္တရူပနိဿယ (အနန္တရူပနိဿယ)ပစ္စည်းများ ဖြစ်ကြပါသည်။

- ယင်းသည် အခြားမဲ့ဖြစ်၍ အားကြီးသောမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းဖြစ်သည်။
- ဆိုလိုသည်မှာ ရှေးရှေး၌ဖြစ်၍ ချုပ်ပျောက်ပြီးသော စိတ်၊ စေတသိက်တို့သည် နောက်နောက်၌ဖြစ်ပေါ်လာမည့် စိတ်၊ စေတသိက်တို့အား မြင်ခွင့်ရအောင် ကျေးဇူးပြုသောပစ္စည်း ဖြစ်သည်။

လူတစ်ယောက်၌ တစ်ပြိုင်နက်တည်း စိတ် ၂-ခုပြိုင်၍ မဖြစ်နိုင်ပါ။ စိတ်

တစ်ခုပြီးမှတစ်ခု ဖြစ်ခွင့်ရပါသည်။ ယခင်ဖြစ်နေသော စိတ်ချုပ်ပျောက်ပေးမှသာ နောက်စိတ်သည် ဖြစ်ပေါ်နိုင်ပါသည်။

နောက်စိတ်-နောက်စိတ်များကို ဖြစ်ခွင့်ပေးသောအားဖြင့် ချုပ်ပျောက်သွားကြသော ရှေးစိတ်-ရှေးစိတ်များသည် အနန္တရူပနိဿယစွမ်းရည်ဖြင့် ကျေးဇူးပြုခြင်း ဖြစ်ပါသည်။

## ပကတူပနိဿယ

ရာဂစသောတရားများသည်လည်းကောင်း၊ သဒ္ဓါစသော တရားများသည်လည်းကောင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပုဂ္ဂိုလ်၊ အစားအစာ၊ ဥတု၊ အိပ်ရာနေရာသည်လည်းကောင်း၊ ထိုက်သင့်သည့်အားလျော်စွာ ကိုယ်တွင်း၌ လည်းကောင်း၊ ပြင်ပ၌လည်းကောင်း၊ ကုသိုလ်အစရှိသော တရားများအား ပကတိ နဂိုအနေအားဖြင့် အားကြီးစွာ ကျေးဇူးပြုပေးသည်။

**ရာဂကြောင့်ကုသိုလ်ဖြစ်ပုံ** - ရာဂသည် ကုသိုလ်ကိုဖြစ်ပေါ်စေရန် ထူထောင်ပေးခြင်းဖြင့် ကျေးဇူးပြုသည်။

ဥပမာ - ချစ်ခင်စွဲလမ်းသော မောင်နှင့်မယ်သည် ယခုဘဝ၊ နောင်ဘဝ မကွဲမကွာနေစေရန် ဘုရားစေတီတွင် ပန်း၊ ဆီမီး၊ လှူဒါန်းပူဇော်၍ ဆုတောင်းကြသည်။ ဤသည်မှာ ရာဂကြောင့် ကုသိုလ်လုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်သည်။

**ရာဂကြောင့်အကုသိုလ်ဖြစ်ပုံ** - ရာဂကြောင့် အကုသိုလ်ဖြစ်ပုံမှာ နန္ဒလုလင်သည် ရဟန္တာမဥပ္ပလဝဏ်ထေရီကို ရာဂကြောင့် ကျူးလွန်စော်ကား၏။ ထိုအကျိုးကြောင့် အဝီစိငရဲခံရ၏။

- ဤသည်မှာ ရာဂကြောင့် အကုသိုလ်လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

**သဒ္ဓါကြောင့်ကုသိုလ်ဖြစ်ပုံ** - သဒ္ဓါမှာ ယုံကြည်ခြင်း၊ ကြည်ညိုခြင်းဖြစ်သည်။ ယုံကြည်ခြင်း၊ ကြည်ညိုခြင်းကြောင့် ကုသိုလ်ဖြစ်နိုင်သည်။

- မဋ္ဌကုဏ္ဍလီသည် ကုသိုလ်မရှိခဲ့သော်လည်း သေခါနီးဆဲဆဲ၌ ဘုရားရှင်၏ ရောင်ခြည်တော်ကို အာရုံပြုကြည်ညိုမိသဖြင့် နတ်ပြည်ရောက်ရသည်။

- တံငါသည်တစ်ဦးသည် ရေနစ်၍ သေခါနီးတွင် မြစ်ထဲမျောပါလာသော သမန်းမြက်မီးကို စေတီပုံသဏ္ဍာန်မြင်ပြီး ကြည်ညိုရင်း ရေနစ်သေသွားရာမှ နတ်ပြည်သို့ရောက်ရသည်။

**သဒ္ဓါကြောင့်အကုသိုလ်ဖြစ်ပုံ** - သဒ္ဓါသည် ကောင်းမွန်သော သောဘနစေတသိက် ဖြစ်သော်လည်း သဒ္ဓါကိုမှီ၍ အကုသိုလ်လုပ်ငန်းများ ပြုလုပ်နိုင်သည်။

ဥပမာ - အင်္ဂုလိမာလသည် သူ၏ဆရာကို ကြည်ညိုလေးစားရာမှ လူသတ်သမား ဘဝသို့ရောက်ရသည်။

- ဤသည်မှာ သဒ္ဓါကြောင့် အကုသိုလ်ဖြစ်ရခြင်းဖြစ်သည်။

**သုခကြောင့်ကုသိုလ်ဖြစ်ပုံ** - သုခချမ်းသာခြင်းတွင် ကိုယ်ချမ်းသာနှင့် စိတ်ချမ်းသာ ၂-မျိုးရှိသည်။

- ကိုယ်-စိတ်ချမ်းသာမှုကြောင့် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်း စသော အပြစ်ကင်းသောအလုပ်များကို ဆောင်ရွက်လုပ်ကိုင်သည်။

**သုခကြောင့်အကုသိုလ်ဖြစ်ပုံ** - ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာလို၍ ရုပ်ရှင်ပွဲ စသည် ကြည့်၏။ အရက်သောက်စား၏။ ကာမဂုဏ်လွန်ကျူး၏။

- ဤသည်မှာ သုခကြောင့် အကုသိုလ်များ ဖြစ်ပေါ်စေ၏။

**ဒုက္ခကြောင့် ကုသိုလ်ဖြစ်ပုံ** - ဒုက္ခတွင် ကိုယ်ဆင်းရဲခြင်း+စိတ်ဆင်းရဲခြင်း ၂-မျိုး ရှိ၏။ ဆင်းရဲခြင်းကြောင့်လည်း ကုသိုလ်ဖြစ်နိုင်၏။

- ကိုယ်ဆင်းရဲခြင်းဖြစ်သော် မာနကျဆင်းသွားပြီး ထိုဆင်းရဲကလွတ်လိုသောကြောင့် ကောင်းမှုများစွာ ပြုလာသည်။ ဆင်းရဲလေလေ သံဝေဂရလေလေ ဟူသကဲ့သို့ ဆင်းရဲကို အကြောင်းပြုပြီး သံဝေဂဉာဏ် ဖြစ်ပေါ်လာသည်။

ဥပမာ - ကျားစားခံရသော ရဟန်းငယ်သည် ဆင်းရဲကိုရှုရသဖြင့် တရားရခဲ့သည်။ ရဟန္တာဖြစ်သွားခဲ့ရသည်။

**ဒုက္ခကြောင့်အကုသိုလ်ဖြစ်ပုံ** - စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းဖြစ်သောကြောင့် စိတ်ညစ်ညူး၍ မကြံစည်သင့်သည်ကိုကြံစည်၊ မပြောသင့်သည်ကိုပြောမိ၊ မဆောင်ရွက်သင့်သည်ကို ဆောင်ရွက်မိတော့သည်။

- စားဝတ်နေရေး အလွန်ကျပ်တည်းသောအခါ လုယက်မှု၊ သတ်ဖြတ်မှု ပေါ်ပေါက်လာတော့သည်။
- ဤသို့ဖြင့် ဒုက္ခကြောင့် အကုသိုလ်ဖြစ်ပေါ်လာနိုင်ပါသည်။

**ပုဂ္ဂိုလ်ကြောင့်ကုသိုလ်ဖြစ်ပုံ** - မြင့်မြတ်သောပုဂ္ဂိုလ်-မိဘ-ဆရာသမားတို့ကို တွေ့မြင်ရ၍ ကာယကံ-ဝစီကံ-မနောကံကို ထိန်းသိမ်းခြင်း၊ ဝေယျာဝစ္စဆောင်ရွက်ပေးခြင်း စသည်ဖြင့် ကုသိုလ်ကိစ္စများ ဆောင်ရွက်သည်။

- ဤသို့ဖြင့် ပုဂ္ဂိုလ်ကြောင့် ကုသိုလ်ဖြစ်ရသည်။

**ပုဂ္ဂိုလ်ကြောင့်အကုသိုလ်ဖြစ်ပုံ**- လူမိုက်-လူယုတ်မာနှင့် ပေါင်းသင်းမိခြင်းကြောင့် အကုသိုလ်လုပ်မိသည်။

- ထိုပုဂ္ဂိုလ်များကို တွေ့မြင်ရ၍ စိတ်မကျေချမ်းမှုသာ ခံစားရသည်။
- ဤသည်မှာ ပုဂ္ဂိုလ်ကြောင့် အကုသိုလ်ဖြစ်ရခြင်းဖြစ်ပါသည်။

**အစားအစာကြောင့်ကုသိုလ်ဖြစ်ပုံ** - ကောင်းမွန်သောအစားအစာများကို တွေ့ကြုံရသောအခါ မိဘ၊ ဆရာသမား၊ ရဟန်းသံဃာတို့ကို ကျွေးမွေးစေလိုသော ဆန္ဒဖြစ်ပေါ်လာသည်။

- မိမိစားသော အစားအစာပေါ်၌ လက္ခဏာရေး ၃-ပါးတင်၍ ရှုမှတ်လျှင် အစားအစာကြောင့် ကုသိုလ်ဖြစ်သည်မည်ပါသည်။

**အစားအစာကြောင့်အကုသိုလ်ဖြစ်ပုံ** - အစားအစာ၌ အကောင်းကြိုက်ပြီးသော လောလုပ္ပတဏှာဝင်ခြင်း၊ မိမိအစာကို သူတစ်ပါးမစားစေလိုခြင်းသည် အစားအစာကြောင့် အကုသိုလ်ဖြစ်သည် မည်ပါသည်။

**ဥတုကြောင့်ကုသိုလ်ဖြစ်ပုံ** - ဥတုသာယာသောအချိန် ဘုရားဖူးသွားခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ ကောင်းမွန်သော ဥတု၌ တရားနာခြင်း၊ တရားအားထုတ်ခြင်း စသည်တို့သည် ဥတုကြောင့် ကုသိုလ်ဖြစ်သည်မည်ပါသည်။

**ဥတုကြောင့်အကုသိုလ်ဖြစ်ပုံ** - အလွန်ပူလွန်းသောရာသီဥတုကြောင့် စိတ်ဆိုးခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ မချမ်းမြေ့ခြင်း စသည်တို့သည် ဥတုကြောင့် အကုသိုလ်ဖြစ်ခြင်းမည်ပါသည်။

**အိပ်ရာနေရာကြောင့်ကုသိုလ်ဖြစ်ပုံ** - အိပ်ရာနေရာ သန့်ရှင်းစင်ကြယ်မှုကြောင့် စိတ်ကြည်လင်ပြီး ကောင်းသောကုသိုလ်အာရုံများ တွေးခြင်း၊ တရားထိုင်ခြင်း စသည်တို့သည် အိပ်ရာနေရာကြောင့် ကုသိုလ်ဖြစ်သည်မည်ပါသည်။

**အိပ်ရာနေရာကြောင့်အကုသိုလ်ဖြစ်ပုံ** - အိပ်ရာနေရာကောင်းသော် တပ်မက်စွဲလမ်းသာယာနေခြင်း၊ အိပ်ရာနေရာမကောင်းသော် စိတ်ဆိုးနေခြင်း၊ စိတ်ထဲမသာမယာခံစားနေရခြင်းတို့သည် အိပ်ရာနေရာကြောင့် အကုသိုလ်ဖြစ်ခြင်းမည်ပါသည်။

ရာဂအစရှိသော တရား၊ သဒ္ဓါအစရှိသောတရား၊ သုခတရား၊ ဒုက္ခတရား တို့သည် ပရမတ်တရားများဖြစ်ကြသည်။

ဓမ္မဓိဋ္ဌာန်ကြောင့် ကုသိုလ်-အကုသိုလ် ဖြစ်စေနိုင်သော တရားများ ဖြစ်ကြသည်။

ပုဂ္ဂိုလ်နှင့် အိပ်ရာနေရာသည် ပညတ်တရားဖြစ်သည်။ ပုဂ္ဂလဓိဋ္ဌာန်ကြောင့် ကုသိုလ်-အကုသိုလ်ဖြစ်စေနိုင်သောတရားများ ဖြစ်ကြပါသည်။

အစားအစာနှင့် ရာသီဥတုကို အကြင်းဖျင်းပြောရလျှင် ပညတ်မျိုး-ပုဂ္ဂလဓိဋ္ဌာန်မျိုးဖြစ်သည်။

ဥပမာ-အစားအစာတွင် ပန်းသီး၊ သရက်သီး စသည်ဖြင့်လည်းကောင်း၊ ဥတုတွင် နွေ-မိုး-ဆောင်းဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ်ထားသည်။

အနှစ်တ်ပြောရလျှင် ပရမတ်မျိုး၊ ဓမ္မဓိဋ္ဌာန်မျိုးဖြစ်သည်။ ဥပမာ- အစားအစာတွင် အချို-အချဉ်ဟူ၍လည်းကောင်း၊ ရာသီဥတုတွင် အပူ-အအေးဟူ၍လည်းကောင်း ဖြစ်သည်။

ဥပနိဿယပစ္စည်းတွင် ရာဂ၊ သဒ္ဓါ၊ သုခ၊ ပုဂ္ဂလ၊ ဘောဇန၊ ဥတု၊ သေနာသန၊ ကမ္မတို့ပါဝင်ရာ ကံသည်လည်း ဝိပါက်၊ စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့အား ကျေးဇူးပြုပေးသည်။

## နာမ်-ရုပ် ၂-ပါးသည် နာမ်-ရုပ် ၂-ပါးအား ကျေးဇူးပြုပုံ

နာမ်ရုပ်တို့သည်-

| | | |
|---|---|---|
| ၁။ အဓိပတိသတ္တိ | ၂။ သဟဇာတသတ္တိ | ၃။ အညမညသတ္တိ |
| ၄။ နိဿယသတ္တိ | ၅။ အာဟာရသတ္တိ | ၆။ ဣန္ဒြိယသတ္တိ |
| ၇။ ဝိပ္ပယုတ္တသတ္တိ | ၈။ အတ္ထိသတ္တိ | ၉။ အဝိဂတသတ္တိ |

၉-ပါးသော အစွမ်းသတ္တိဖြင့် နာမ်-ရုပ်တို့အား ကျေးဇူးပြုကြပါသည်။

(က) အလေးဂရုပြုအပ်သော ဣဋ္ဌအာရုံဖြစ်သော

- ဒေါ-၂၊ မော-၂၊ ဒုက္ခကာယဝိညာဏ်ကြဉ်စိတ် - ၈၄
- ဒေါစတုက်-ဝိစိကိစ္ဆာကြဉ်စေတသိက် - ၄၇
- နိပ္ဖန္နရုပ် - ၁၈
- နိဗ္ဗာန်တို့သည်-

အလေးအမြတ်ပြုတတ်သော-

- လောဘမူ - ၈
- မဟာကုသိုလ် - ၈
- မဟာကြိယာဉာဏသမ္ပယုတ် - ၄
- လောကုတ္တရာ - ၈
- ဒေါစတုက်+ဝိစိ+အပ္ပမညာဒွေးကြဉ်စေတသိက် - ၄၅

နာမ်တရားတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။

(ခ) မောဟမူဒွေး-ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတပ်နေခိုက် သာဓိပတိဇော ၅၂-ပါး၌ရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတစ်ပါးပါးသည်-

- သာဓိပတိဇော - ၅၂
- ဝိစိကိစ္ဆာကြဉ်စေတသိက် - ၅၁
- သာဓိပတိစိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာရမ္မဏာဓိပတိပစ္စည်းသည် အလိုရှိအပ်သော ဣဋ္ဌအာရုံပေါ်တွင် ပြိုင်ဖက်မရှိ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။

**ဥတုကြောင့်အကုသိုလ်ဖြစ်ပုံ** - အလွန်ပူလွန်းသောရာသီဥတုကြောင့် စိတ်ဆိုးခြင်း၊ စိတ်နှလုံးမသာယာခြင်း၊ မချမ်းမြေ့ခြင်း စသည်တို့သည် ဥတုကြောင့် အကုသိုလ်ဖြစ်ခြင်းမည်ပါသည်။

**အိပ်ရာနေရာကြောင့်ကုသိုလ်ဖြစ်ပုံ** - အိပ်ရာနေရာ သန့်ရှင်းစင်ကြယ်မှုကြောင့် စိတ်ကြည်လင်ပြီး ကောင်းသောကုသိုလ်အာရုံများ တွေးခြင်း၊ တရားထိုင်ခြင်း စသည်တို့သည် အိပ်ရာနေရာကြောင့် ကုသိုလ်ဖြစ်သည်မည်ပါသည်။

**အိပ်ရာနေရာကြောင့်အကုသိုလ်ဖြစ်ပုံ** - အိပ်ရာနေရာကောင်းသော် တပ်မက်စွဲလမ်းသာယာနေခြင်း၊ အိပ်ရာနေရာမကောင်းသော် စိတ်ဆိုးနေခြင်း၊ စိတ်ထဲမသာမယာခံစားနေရခြင်းတို့သည် အိပ်ရာနေရာကြောင့် အကုသိုလ်ဖြစ်ခြင်းမည်ပါသည်။

ရာဂအစရှိသော တရား၊ သဒ္ဓါအစရှိသောတရား၊ သုခတရား၊ ဒုက္ခတရား တို့သည် ပရမတ်တရားများဖြစ်ကြသည်။

ဓမ္မဓိဋ္ဌာန်ကြောင့် ကုသိုလ်-အကုသိုလ် ဖြစ်စေနိုင်သော တရားများ ဖြစ်ကြသည်။

ပုဂ္ဂိုလ်နှင့် အိပ်ရာနေရာသည် ပညတ်တရားဖြစ်သည်။ ပုဂ္ဂလဓိဋ္ဌာန်ကြောင့် ကုသိုလ်-အကုသိုလ်ဖြစ်စေနိုင်သောတရားများ ဖြစ်ကြပါသည်။

အစားအစာနှင့် ရာသီဥတုကို အကြင်းဖျင်းပြောရလျှင် ပညတ်မျိုး-ပုဂ္ဂလဓိဋ္ဌာန်မျိုးဖြစ်သည်။

ဥပမာ-အစားအစာတွင် ပန်းသီး၊ သရက်သီး စသည်ဖြင့်လည်းကောင်း၊ ဥတုတွင် နွေ-မိုး-ဆောင်းဟူ၍လည်းကောင်း ခေါ်ဝေါ်ပညတ်ထားသည်။

အနုစိတ်ပြောရလျှင် ပရမတ်မျိုး၊ ဓမ္မဓိဋ္ဌာန်မျိုးဖြစ်သည်။ ဥပမာ- အစားအစာတွင် အချို-အချဉ်ဟူ၍လည်းကောင်း၊ ရာသီဥတုတွင် အပူ-အအေးဟူ၍လည်းကောင်း ဖြစ်သည်။

ဥပနိဿယပစ္စည်းတွင် ရာဂ၊ သဒ္ဓါ၊ သုခ၊ ပုဂ္ဂလ၊ ဘောဇန၊ ဥတု၊ သေနာသန၊ ကမ္မတို့ပါဝင်ရာ ကံသည်လည်း ဝိပါက်၊ စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်တို့အား ကျေးဇူးပြုပေးသည်။

## နာမ်-ရုပ် ၂-ပါးသည် နာမ်-ရုပ် ၂-ပါးအား ကျေးဇူးပြုပုံ

နာမ်ရုပ်တို့သည်-

၁။ အဓိပတိသတ္တိ ၂။ သဟဇာတသတ္တိ ၃။ အညမညသတ္တိ
၄။ နိဿယသတ္တိ ၅။ အာဟာရသတ္တိ ၆။ ဣန္ဒြိယသတ္တိ
၇။ ဝိပ္ပယုတ္တသတ္တိ ၈။ အတ္ထိသတ္တိ ၉။ အဝိဂတသတ္တိ

၉-ပါးသော အစွမ်းသတ္တိဖြင့် နာမ်-ရုပ်တို့အား ကျေးဇူးပြုကြပါသည်။

(က) အလေးဂရုပြုအပ်သော ဣဋ္ဌအာရုံဖြစ်သော

- ဒေါ-၂၊ မော-၂၊ ဒုက္ခကာယဝိညာဏ်ကြဉ်စိတ် - ၈၄
- ဒေါစတုက်-ဝိစိကိစ္ဆာကြဉ်စေတသိက် - ၄၇
- နိပ္ဖန္နရုပ် - ၁၈
- နိဗ္ဗာန်တို့သည်-

အလေးအမြတ်ပြုတတ်သော-

- လောဘမူ - ၈
- မဟာကုသိုလ် - ၈
- မဟာကြိယာဉာဏသမ္ပယုတ် - ၄
- လောကုတ္တရာ - ၈
- ဒေါစတုက်+ဝိစိ+အပ္ပမညာဒွေးကြဉ်စေတသိက် - ၄၅

နာမ်တရားတို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေသည်။

(ခ) မောဟမူဒွေး-ဟသိတုပ္ပါဒ်ကြဉ်သော အဓိပတိတပ်နေခိုက် သာဓိပတိဇော ၅၂-ပါး၌ရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသတစ်ပါးပါးသည်-

- သာဓိပတိဇော - ၅၂
- ဝိစိကိစ္ဆာကြဉ်စေတသိက် - ၅၁
- သာဓိပတိစိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာရမ္မဏာဓိပတိပစ္စည်းသည် အလိုရှိအပ်သော ဣဋ္ဌအာရုံပေါ်တွင် ပြိုင်ဖက်မရှိ ကျေးဇူးပြုတတ်သောတရားဖြစ်ပါသည်။

အဓိပတိသည် အားကြီးသောတရားဖြစ်၍ အရှိန်ပြင်း၍ အားကြီးသော ဇောတို့၌သာ ဖြစ်နိုင်သည်။

ဇော ၅၅-ပါးတွင် မောဟမူဒွေးနှင့် ဟသိတုပ္ပါဒ်သည် အားနည်းသဖြင့် အဓိပတိ ဇော မတပ်နိုင်ပါ။

## အာရမ္မဏာဓိပတိပစ္စည်းမထိုက်သောတရားများ

- အနိဋ္ဌရုပ်တို့သည် ထင်ထင်ရှားရှားစွဲလမ်းလောက်အောင် သဘောရှိသော တရားတို့ မဟုတ်ကြပါ။ နိပ္ဖန္နရုပ်ကြီး ၁၈-ပါးတို့၏ အမူအရာသာဖြစ်ကြသော ကြောင့် အာရမ္မဏာဓိပတိပစ္စည်း၌ မပါဝင်ပါ။
- ဒေါ-၂၊ မော-၂၊ ကာယဝိညာဏ် ၁ စိတ်တို့နှင့်ယှဉ်သော ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာစေတသိက်တို့သည် သာယာစွဲလမ်းအပ်သော ဣဋ္ဌတရားတို့ မဟုတ်ကြပါ။ သတ္တဝါတို့၏ သန္တာန်၌ ပူပန်ဆင်းရဲတတ်သော အနိဋ္ဌတရားတို့သာ ဖြစ်ကြသောကြောင့် အာရမ္မဏာဓိပတိ မထိုက်ပါ။
- ပညတ်တရားတို့မည်သည်လည်း သဘော တရားကိုယ်အားဖြင့် ထင်ထင်ရှားရှား မရှိကြပါ။ အလေးအမြတ်ပြုတတ်သောတရားတို့အား အလေးအမြတ်ပြုရလေအောင် အာရမ္မဏာဓိပတိကိစ္စဖြင့် ကျေးဇူးမပြုကြသောကြောင့် အာရမ္မဏာဓိပတိပစ္စည်း၌ မသွင်းဘဲ ကြဉ်ရပါသည်။
- မဟဂ္ဂုတ်ဇောစိတ်တို့သည် ဈာန်စိတ်များဖြစ်ကြကုန်သော်လည်း ဆင်ခြင်မှု၊ သာယာမှုကိစ္စများကို မဆောင်ရွက်နိုင်ကြသောကြောင့် ပစ္စယုပ္ပန်တို့၌ ပါဝင်ခွင့် မရကြပါ။
- အပ္ပမညာစေတသိက် ၂-ပါးတို့သည် ပစ္စယုပ္ပန်ဖြစ်သော မဟာကုသိုလ်စိတ်နှင့် ယှဉ်ကြသော်လည်း အာရုံကွဲလျက်ရှိနေသောကြောင့် ပစ္စယုပ္ပန်၌ မသွင်းဘဲကြဉ် ရပါသည်။
- အာရုံကွဲပုံကား အပ္ပမညာဒွေးသည် ဒုက္ခိတ-သုခိတသတ္တဝါပညတ်ကို အာရုံပြုသည်။

- အာရမ္မဏာဓိပတိပစ္စည်း၌ကား ပညတ်မပါသောကြောင့် မိမိနှင့်မဆိုင်သဖြင့် အပွမညာဒွေးကို ကြဉ်ရပါသည်။
- အာရမ္မဏာဓိပတိတပ်ပုံဥပမာ-ပဋ္ဌပါပီအတွေ့၌ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံက ပစ္စည်းတရားအနေဖြင့် အလေးအမြတ်ပြုသဖြင့် ဗာရာဏသီမင်း၏ သန္တာန်၌အလေးအမြတ်ပြုတတ်သော အတွေ့အထိ၌ တပ်နှစ်သက်သော လောဘမူစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားများသည် ပြိုင်ဖက်မရှိ ဖြစ်ပေါ်အောင် ကျေးဇူးပြုပါသည်။
- အတွေ့အထိကို နှစ်သက်မှုလောဘစိတ္တုပ္ပါဒ်များ ပြိုင်ဖက်မရှိဖြစ်ပေါ်နေသောကြောင့် မိမိ၏မှူးမတ်ပရိသတ်ကိုပင် ဂရုမထားမိတော့ဘဲ၊ အရှက်အကြောက်မရှိတော့ဘဲဖြစ်ရသည်။ အရှက်အကြောက်နှင့် မိမိ၏ဂုဏ်သိက္ခာသည် ဗာရာဏသီမင်း၏ ပဋ္ဌပါပီအတွေ့၌ တပ်မက်မှုလောဘ စိတ္တုပ္ပါဒ်ကို မပြိုင်နိုင်ပါ။
- ကုသိုလ်အရာ၌ မိမိတိုင်းပြည် မိမိလူမျိုးလွတ်လပ်ရေးအတွက် မိမိနှင့် မိမိ၏မိသားစုကိုပင်မငဲ့ကွက်ဘဲ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၏ သစ္စာမဟာကုသိုလ်စိတ္တုပ္ပါဒ်ကို မိသားစုစီးပွားရေး၊ ကြီးပွားရေးက မပြိုင်နိုင်ဘဲ ပြိုင်ဖက်မရှိ ကျေးဇူးပြုပါသည်။

<u>တစ်နည်း- အာရမ္မဏာဓိပတိကို ရှင်းပြရသော်-</u>

အာရမ္မဏာဓိပတိဆိုသည်မှာ အာရုံအနေနှင့် အကြီးအကဲပြု၍ နာမ်တရားတို့အား ကျေးဇူးပြုသောပစ္စည်း ဖြစ်ပါသည်။

(ဤတွင် အာရုံဟူသည် အာရမ္မဏ ဥပနိဿယယ၌ပြခဲ့သော လေးမျိုး ဖြစ်ပါသည်။)

(က)လောဘမူစိတ် နာမ်တရားအား အကြီးအကဲအဖြစ် အုပ်ချုပ်နိုင်သော အာရုံသည် ဒေါသမူ-၂၊ မောဟမူ-၂၊ ဒုက္ခကာယဝိညာဉ်-၁ ကြဉ်သော ကျန် ၇၆-ပါးသော လောကီစိတ်များနှင့် ကောင်းမွန်သော(ဣဋ္ဌဖြစ်သော) နိပ္ဖန္နရုပ် ၁၈-ပါးဖြစ်သောကြောင့်-

- အုပ်ချုပ်သူမှာ လောကီစိတ် ၇၆-ပါးနှင့် နိပ္ဖန္နရုပ် ၁၈-ပါးဖြစ်၍
- အုပ်ချုပ်ခံရသူမှာ လောဘမူစိတ် ဖြစ်ပါသည်။

(ခ) ကာမကုသိုလ် ၈-ပါးနာမ်တရားအား အကြီးအကဲအဖြစ် အုပ်ချုပ်နိုင်သောအာရုံ သည် လောကီကုသိုလ်စိတ် ၁၇-ပါးဖြစ်သောကြောင့်

- အုပ်ချုပ်သူမှာ လောကီကုသိုလ်စိတ် ၁၇-ပါးဖြစ်၍
- အုပ်ချုပ်ခံရသူမှာ ကာမကုသိုလ်စိတ် ၈-ပါး ဖြစ်ပါသည်။

(ဂ) မဟာကုသိုလ်-ကြိယာဉာဏသမ္ပယုတ် ၈-ပါး နာမ်တရားအား အကြီးအကဲအဖြစ် အုပ်ချုပ်နိုင်သောအာရုံသည် လောကုတ္တရာတရား၉-ပါးဖြစ်သောကြောင့်-

- အုပ်ချုပ်သူမှာ လောကုတ္တရာတရား ၉-ပါးဖြစ်၍
- အုပ်ချုပ်ခံရသူမှာ မဟာကုသိုလ် ကြိယာဉာဏသမ္ပယုတ်စိတ် ၈-ပါး ဖြစ်ပါသည်။

(ဃ) အလားတူ သောတာပန်-သကဒါဂါမ်-အနာဂါမ်ပုဂ္ဂိုလ်တို့၏ ဉာဏသမ္ပယုတ် ကုသိုလ်စိတ် ၄-ပါး နာမ်တရားအား အကြီးအကဲအဖြစ် အုပ်ချုပ်နိုင်သော အာရုံသည်- သောတာပတ္တိမဂ်နှင့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်နှင့် သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်နှင့် အနာဂါမိဖိုလ်၊ နိဗ္ဗာန်တို့ဖြစ်၍-

- အုပ်ချုပ်သူမှာ သောတာပတ္တိမဂ်-ဖိုလ်၊ သကဒါဂါမိမဂ်-ဖိုလ်၊ အနာဂါမိမဂ်-ဖိုလ်၊ နိဗ္ဗာန်ဖြစ်၍
- အုပ်ချုပ်ခံရသူမှာ ဉာဏသမ္ပယုတ်ကုသိုလ်စိတ် ၄-ပါးဖြစ်သည်။

(င) ရဟန္တာပုဂ္ဂိုလ်၏ ဉာဏသမ္ပယုတ်ကြိယာစိတ် ၄-ပါး နာမ်တရားအား အကြီး အကဲအဖြစ် အုပ်ချုပ်နိုင်သောအာရုံသည်- အရဟတ္တမဂ်-အရဟတ္တဖိုလ်၊ နိဗ္ဗာန်ဖြစ်သောကြောင့်-

- အုပ်ချုပ်သူမှာ အရဟတ္တမဂ်-အရဟတ္တဖိုလ်၊ နိဗ္ဗာန်ဖြစ်၍
- အုပ်ချုပ်ခံရသူမှာ ဉာဏသမ္ပယုတ်ကြိယာစိတ် ၄-ပါးဖြစ်သည်။

(စ) လောကုတ္တရာစိတ် ၈-ပါး နာမ်တရားအား အကြီးအကဲအဖြစ် အုပ်ချုပ်နိုင်သော အာရုံသည် နိဗ္ဗာန်ဖြစ်သောကြောင့်

- အုပ်ချုပ်သူမှာ နိဗ္ဗာန်အာရုံဖြစ်၍
- အုပ်ချုပ်ခံရသူမှာ လောကုတ္တရာစိတ် ၈-ပါး ဖြစ်သည်။

**သဟဇာတာဓိပတိ**

အဓိပတိတရားကိုယ်လေးပါး (ဆန္ဒ-စိတ္တ-ဝီရိယ-ဝီမံသ)တွင် တစ်ပါးပါးသော ပစ္စည်းတရားသည် စကြဝတေးမင်းကြီးကဲ့သို့ ပြိုင်ဖက်မရှိ မိမိနှင့် ယှဉ်ဘက်သာဓိပတိဓော၊ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား မိမိ၏လက်အောက်ခံတိုင်းသူပြည်သားများသဖွယ် လွှမ်းမိုး၍ မိမိအလိုသို့လိုက်စေကာ ပြိုင်ဖက်မရှိ ကျေးဇူးပြုသည်။

အဓိပတိတရားများကို ဣဒ္ဓိပါဒ်စိတ် (တန်ခိုးရှိသောစိတ်)ဟု ခေါ်ဆိုကြပြီး ထိုလေးပါးနှင့်မပြီးသောအရာမည်သည် မရှိပါ။ လောကတွင် ကြီးကျယ်မြင့်မြတ်လိုသော ဆန္ဒ၊ ကြီးကျယ်မြင့်မြတ်လိုသောစိတ်ရှိပြီး ထိုစိတ်ဆန္ဒအတိုင်း ပညာဖြင့် ဆင်ခြင်ပြီး ဝီရိယဖြင့် အားထုတ်လျှင် ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်များ ဖြစ်နိုင်ပါသည်။ (ဘုရား၊ ရဟန္တာများကြည့်က သိသာနိုင်ပါသည်။)

သဟဇာတာဓိပတိအချုပ်ဆိုရသော် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ၄-ပါးတို့တွင် တစ်ချိန်လျှင် သင့်လျော်ရာတစ်ပါးပါးက အကြီးအကဲပြု၍ အတူဖြစ်ဖက် စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်များကို အုပ်ချုပ်ကြသောကြောင့်-

- အုပ်ချုပ်သူမှာ-ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဖြစ်၍
- အုပ်ချုပ်ခံရသူမှာ-စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ဖြစ်ပါသည်။

## ဆန္ဒ အကြီးအကဲအဖြစ်အုပ်ချုပ်ပုံ

တစ်နေရာသို့သွားမည်၊ ဆောင်ရွက်လုပ်ကိုင်မည် ဟု ရည်ရွယ်နေခိုက် ဆန္ဒာဓိပတိဖြစ်လာသည်။

ဆန္ဒ၏ဆောင်ရွက်လုပ်ကိုင်မှုသည် စိတ်ထဲတွင် ထင်ရှားနေတတ်ပါသည်။ ကိုယ်အမူအရာသည်လည်း ထင်ရှားနေပါသည်။ တခြားကိစ္စများ ဆောင်ရွက်၍ မရတော့ပါ။ ရည်ရွယ်ထားသောကိစ္စကိုသာ ဆောင်ရွက်တော့သည်။

ဤသို့ဖြစ်ခြင်းကိုပင် ဆန္ဒက အကြီးအကဲပြု၍ အတူဖြစ်ဖက် စိတ်၊ စေတသိက်များနှင့် စိတ္တဇရုပ်များကို ကျေးဇူးပြုပေးနေသည်ဟု ဆိုရပါမည်။

စိတ်ကူးနေခိုက် ဆန္ဒဖြစ်ပေါ်လာသည်။ ကျန်စိတ်၊ စေတသိက်များ အားနည်းသွားပါသည်။

ဆန္ဒသည် ကောင်းသောဆန္ဒ၊ မကောင်းသောဆန္ဒ ဟူ၍ ၂-မျိုးရှိသည်။

ဆန္ဒကောင်း - ဝေဿန္တရာမင်းကြီးသည် ဘုရားဖြစ်ရန်ဆန္ဒပြင်းပြသဖြင့် သားနှင့် သမီးကိုလှူသည်။ ကလေးတို့ကို သနားသောကရုဏာစွမ်းရည် အားနည်းသွားသည်။

ဆန္ဒဆိုး - သူဌေးသမီးကိုရခဲ့သောသူခိုးကြီးသည် မိမိမယားကိုသတ်၍ ပစ္စည်းများယူရန် ဆန္ဒပြင်းပြသဖြင့် သူဌေးသမီးကိုတောင်ထိပ် လှည့်ပတ်ခေါ်သွားခဲ့သည်။

- သူဌေးသမီးက ဝီမံသာဓိပတိကျင့်သုံးခဲ့ပြီး သူခိုးကို တောင်ပေါ်က တွန်းချသတ်ခဲ့သည်။
- သူဌေးသမီး၏ ဝီမံသာဓိပတိက အားကြီးစွာ လွှမ်းခြုံသွားသဖြင့် သူခိုး၏ ဆန္ဒာဓိပတိ မှေးမှိန်ကွယ်ပျောက်သွားပါသည်။

(ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတို့ကိုလည်း ဆန္ဒာဓိပတိအတိုင်းသိပါ။)

ဤအဓိပတိတပ်မှုကို သုတ္တန်နည်းအရ-

| | | |
|---|---|---|
| ဆန္ဒာဓိပတိတပ်သူကို | - | အလွန်ဆန္ဒကြီးသူ |
| စိတ္တာဓိပတိတပ်သူကို | - | အလွန်စိတ်ကြီးသောသူ |
| | - | အလွန်စိတ်ထက်သောသူ |
| | - | အလွန်စိတ်စွဲကြီးသူ |
| ဝီရိယာဓိပတိတပ်သူကို | - | အလွန်လုံ့လကောင်းသူ |
| | - | အလွန်ရဲရင့်သူ |
| ဝီမံသာဓိပတိတပ်သူကို | - | အလွန်ပညာကြီးသူ |
| | - | အလွန်ပညာထက်မြက်သူ |
| | - | အလွန်ပညာစွဲကြီးသူ |

ဟူ၍ အသီးသီး ခေါ်ဆိုကြလေ့ရှိပါသည်။

## ဝိပါက်စိတ်တို့၌ သဟဇာတာဓိပတိကိစ္စမရပုံ

ထက်မြက်သန်စွမ်းသောစိတ်တို့အပေါ်၌သာလျှင် သဟဇာတာဓိပတိကို ရအပ်ပါသည်။

ဝိပါက်တို့သည် ရေပြင်၌တည်နေသောမှော်မြေးတို့ကဲ့သို့ လွန်စွာအားနည်းကြသည်။ သန်စွမ်းမှုမရှိကြကုန်။

ထို့ကြောင့် အားနည်းချည့်နဲ့သော ဝိပါက်စိတ်တို့၌ သဟဇာတာဓိပတိကိစ္စ မရအပ်ပါ။ ထက်မြက်သန်စွမ်းသော ဇောစိတ်တို့သာ ရအပ်ပါသည်။

## ဖိုလ်စိတ်၌ သဟဇာတာဓိပတိကိစ္စရပုံ

ဖိုလ်စိတ်သည် ဝိပါက်စိတ်ပင်ဖြစ်ခဲ့သော်လည်း ဇောကိစ္စနှင့်ဖြစ်ရသောကြောင့် ထက်သန်အားရှိ၏။ ထို့ကြောင့် ဝိပါက်တည်းဟူသော ဖိုလ်စိတ်များ သဟဇာတာ ဓိပတိကိစ္စကို ရအပ်ပါသည်။

## ဖိုလ်စိတ်၌ ဇောကိစ္စဖြစ်နိုင်ပုံ

အခြားဝိပါက်စိတ်များသည် ကံကြောင့် ဖြစ်ရသော်လည်း အနန္တရပစ္စည်း ပစ္စယုပ္ပန်ဖြစ်၍ အကျိုးပေးသောဝိပါက်များ မဟုတ်ကြပါ။

ဘဝခြား၍သော်လည်းကောင်း၊ ကမ္ဘာခြား၍သော်လည်းကောင်း အကျိုးပေး သောတရားဖြစ်ကုန်ကြသောကြောင့် အကြောင်းတည်းဟူသော ကံ၌ ရှိရှိသမျှသော သတ္တိအမွေအနှစ်တို့ကို မရလိုက်ကြပေ။

အကြောင်းကံဆိုသည်မှာ ဇောကိစ္စနှင့်ဖြစ်ရသော စိတ်၌ပါသောစေတနာ ဖြစ်သည်။ ထိုဇောစေတနာသည် ကာလကြာမြင့်မှဖြစ်ပေါ်လာသော ဝိပါက်စိတ်တို့အား မိမိ ဖြစ်ရင်းဇောကိစ္စတည်းဟူသော အမွေအနှစ်များကို မပေးနိုင်စွမ်းချေ။

ထို့ကြောင့် ဖိုလ်မှတစ်ပါးသောဝိပါက်များသည် ဇောကိစ္စမတပ်ကြပါ။ ဇောကိစ္စ မတပ်သဖြင့် လွန်စွာအားနည်းကြပါသည်။

ဖိုလ်စိတ်မှုကား အကြောင်းဖြစ်သောမဂ်ဇောစေတနာနှင့်ဝီထိတစ်ခုတည်း အာရုံ တစ်ခုတည်းဖြစ်ရသော တရားဖြစ်ပေသည်။

အကြောင်းဖြစ်သော မဂ်ဇောစေတနာ၏အခြားမဲ့၌ အနန္တရပစ္စယပွန် ဖြစ်၍ အကျိုးပေးသောတရားဖြစ်ရလေသည်။

မဂ်ဇောစေတနာသည် ဖိုလ်စိတ်အား အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ ၆-ပါးပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

လတ်တလောချုပ်ဆုံးသွားသောမဂ်ဇောစေတနာသည် မိမိအခြားမဲ့၌ဖြစ်ကုန်သော မိမိ၏အကျိုးတည်းဟူသော ဖိုလ်စိတ်အား မိမိပိုင်ဆိုင်သော ဇဝနသတ္တိဖြင့် ပေးနိုင်ခဲ့သည်။

မဂ်စိတ်၏အခြားမဲ့၌ဖြစ်ရသော ဖိုလ်စိတ်သည်လည်း အကြောင်းဖြစ်သော မဂ်ဇောစေတနာ၏သတ္တိကို လက်ခံသိမ်းပိုက်နိုင်ပါသည်။

ထိုသို့သောသတ္တိထူးရှိသောကြောင့် ဖိုလ်ဟူသော ဝိပါက်စိတ်သည် ဇောကိစ္စနှင့် ဖြစ်ရသည်ဟု မှတ်ယူရပါသည်။

(မဂ်ဇောစေတနာ၏ အခါမလပ်အခြားမဲ့၌ အကျိုးပေးမှုကိုရည်၍ တရားဂုဏ်တော်၌ အကာလိကော ဟူသော ဂုဏ်ကို သီးခြားဖော်ပြထားရပါသည်။)

## အဟိတ်ဇော၊ ဧကဟိတ်ဇောတို့ အဓိပတိကိစ္စမရပုံ

အဟိတ်ဇော-ဧကဟိတ်ဇောတို့သည် ဇောကိစ္စနှင့်ဖြစ်ကြပါလျက် အဓိပတိကိစ္စ မရပုံမှာ-

- အဟိတ်ဇောသည် အမြစ်သဖွယ်ဖြစ်သော ဟိတ်တရားမှကင်း၍ အားနည်းပါသည်။
- ဧကဟိတ်ဇော၌ရှိသော မောဟဟိတ်သည် မိမိနှင့်အပေါင်းအဖော်ဖြစ်သော ဟိတ်တရားတစ်ခု၏ ကျေးဇူးပြုမှုကို မခံရသဖြင့် အားနည်းပြန်၏။

ထိုသို့ အားနည်းသော ဧကဟိတ်နှင့်ယှဉ်သော ဧကဟိတ်ဇောသည်လည်း အားနည်းလျက်ပင် ရှိသည်။

မစွမ်းမသန်သော၊ အားနည်းသောစိတ်တို့အပေါ်၌ အဓိပတိကိစ္စ၏ ဖြစ်ထွန်းပေါ်ပေါက်ရိုး မရှိလေသောကြောင့် အဟိတ်ဇော-ဧကဟိတ်ဇောတို့၌ အဓိပတိကိစ္စကို မရအပ်ပါ။

## သဟဇာတာဓိပတိပစ္စည်း အမြဲတပ်၊ ရံခါတပ်၊ အမြဲမတပ်သောတရားများ

စိတ် ၈၉-ပါးတို့တွင်-
- မဟဂ္ဂုတ်ဇော၊ လောကုတ္တရာဇောတို့သည် အမြဲသဟဇာတာဓိပတိပစ္စည်း တပ်ကြကုန်၏။
- ဒွိဟိတ်ဇော၊ တိဟိတ်ကာမဇောတို့သည် ရံခါ သဟဇာတာဓိပတိပစ္စည်း တပ်ကြကုန်၍ ရံခါ ယင်းပစ္စည်းမတပ်ကြပါ။
- လောကီဝိပါက် -၃၂၊ အာဝဇ္ဇန်းဒွေး၊ အဟိတ်ဇော၊ ဧကဟိတ်ဇောတို့သည် အချင်းခပ်သိမ်း သဟဇာတာဓိပတိပစ္စည်း မတပ်ကြပါ။

## သဟဇာတပစ္စည်း

အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်သည်။ ကျေးဇူးပြုပုံ ၃-မျိုး ရှိသည်-

(က)အလုံးစုံသော စိတ်+စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာတို့သည် တစ်ပါးသည် တစ်ပါးအားလည်းကောင်း၊ အချင်းချင်းသဟဇာတဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်သည်။

(ခ)မဟာဘုတ် ၄-ပါးသည် တစ်ပါးသည် တစ်ပါးအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

(ဂ)ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့သည် တစ်ပါးသည် တစ်ပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြသည်။

- သဟဇာတပစ္စည်းတရားတို့သည် နေ၊ ဆီမီးတို့နှင့်တူသည်။ နေ၊ ဆီမီးတို့သည် မိမိ၌လည်း အပူရှိန်နှင့် အလင်းရောင်ရှိ၏။ မိမိဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း မိမိပတ်ဝန်းကျင်အားလည်း အပူနှင့် အလင်းရောင်ကို တစ်ပြိုင်နက်တည်းဖြစ်ပေါ်စေသဖြင့် ကျေးဇူးပြုသည်။

- နေ၊ ဆီမီးတို့ ကွယ်ပျောက်သောအခါ၌လည်း အပူရှိန်နှင့် အလင်းရောင်ပါ တစ်ပြိုင်နက်တည်း ပျောက်ကွယ်သွားသဖြင့် ကျေးဇူးပြုပါသည်။
- သဟဇာတပစ္စယုပ္ပန်တရားသည် နေရောင်၊ ဆီမီးရောင်နှင့် တူပါသည်။ သဟဇာတပစ္စည်းတပ်မှုသည်-
  - နာမ်အချင်းချင်းလည်း ပစ္စည်းတပ်၏။
  - နာမ်သည် ရုပ်အားလည်း ပစ္စည်းတပ်၏။
  - ရုပ်နှင့်နာမ်သည်လည်း အပြန်အလှန် ပစ္စည်းတပ်၏။
  - ရုပ်သည် ရုပ်အားလည်း ပစ္စည်းတပ်၏။

ပဋိသန္ဓေအခါ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေစိတ်သည် အတူတကွဖြစ်သော ဟဒယဝတ္ထုကြည်သော ကမ္မဇရုပ်တို့အား သဟဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ၌ ပဉ္စဝေါကာရဘုံမှာ နာမ်ခန္ဓာတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇ ရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

ဤသို့လျှင် နာမ်က ရုပ်အားပစ္စည်းတပ်ပုံ ၂-မျိုးဖြစ်သည်၊

- ပဋိသန္ဓေအခါ ပဉ္စဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုသည် အပြန်အလှန် ပစ္စည်းတပ်ကြသည်။
- ပဉ္စဝေါကာရပဋိသန္ဓေကို ပစ္စည်းယူခိုက် ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်ဘက်က နေ၏။

ဤကား အချင်းချင်း အပြန်အလှန်ပစ္စည်းတပ်ပုံဖြစ်ပါသည်။

- စိတ္တဇရုပ်သည် စိတ်ကြောင့်ဖြစ်သောရုပ်ဖြစ်သည်။ အသံတစ်ခုဖြစ်ပေါ်စေရန် စိတ်ကဖန်တီးသောကြောင့် ဖြစ်ရသည်။
  (က) စကားပြောချင်သောစိတ်၊
  (ခ) ပြောသောစိတ် ဟူ၍ ၂-မျိုးရှိသည်။
- စကားပြောရန် ရည်ရွယ်ချက်ထားနေသောစိတ်အခိုက်၌ စကားသံ မထွက်ပေါ်သေးပါ။ စကားပြောသောစိတ်အခိုက်ရောက်သောအခါမှ စကားသံ ထွက်လာပါသည်။

ဤသို့ စကားပြောသောစိတ်သည် ယှဉ်ဖက်စေတသိက်များနှင့် ဝစီဝိညတ် စသော စိတ္တဇရုပ်ခေါ်သော စကားသံများကို မိမိနှင့်ပြိုင်၍ ပြိုင်၍ဖြစ်ပေါ်အောင် ကျေးဇူးပြုပေးနိုင်သော စွမ်းရည်ရှိပါသည်။ ယင်းစွမ်းရည်ကို သဟဇာတပစ္စည်းဟု ခေါ်ပါသည်။

စကားပြောသောစိတ်တွင် စိတ်နှင့်စိတ္တဇရုပ်များ ပါဝင်ပါသည်။

စိတ္တဇရုပ်ဟူသည် ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်ရုပ်များသော်လည်းကောင်း၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ်ရုပ်များသော်လည်းကောင်း ဖြစ်ကြသည်။

## ရုပ်သည်အချင်းချင်းပစ္စည်းတပ်ပုံ

ကလာပ်ဟူသော မဟာဘုတ် ၄-ပါးသည် အချင်းချင်း ပစ္စည်းတပ်ကြပါသည်။

မဟာဘုတ်တစ်ခုကို ပစ္စည်းယူခိုက် ကျန်မဟာဘုတ် ၃-ပါးက ပစ္စယုပ္ပန်ကနေကြသည်။

ကျန်မဟာဘုတ် ၃-ပါးကို ပစ္စည်းယူခိုက် တစ်ပါးသောမဟာဘုတ်သည် ပစ္စယုပ္ပန်ဘက်မှာ နေသည်။

မဟာဘုတ် ၂-ပါးကို ပစ္စည်းယူခိုက် ကြွင်းမဟာဘုတ် ၂-ပါးသည် ပစ္စယုပ္ပန်ဘက်ကနေသည်။

ကြွင်းမဟာဘုတ် ၂-ပါးပစ္စည်းယူခိုက် အလျှင်မဟာဘုတ် ၂-ပါးက ပစ္စယုပ္ပန်ဘက်မှာနေသည်။

ရုပ်သည် ရုပ်အားပစ္စည်းတပ်ပုံကား မဟာဘုတ် ၄-ပါးသည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ်တို့အား ပစ္စည်းတပ်ကြပါသည်။

မဟာဘုတ်အချင်းချင်း ကျေးဇူးပြုပုံ ဥပမာပြရသော်-

စံပယ်ပန်းသည် ပွင့်စက အနံ့နည်းသေး၏။ ထိုပန်းတွင်ရှိသော တေဇောက ပထဝီ+အာပေါ+ဝါယောကို အားပေးသောကြောင့် အပွင့်သည် ထွားကြိုင်းလာ၏။ ကြီးလာ၏။

ထို့ပြင် ဥပါဒါရုပ်ဖြစ်သော ဝဏ္ဏ၊ ဂန္ဓတို့ကိုလည်း အားပေးသောကြောင့် အရောင်အဆင်းပေါ်လာ၏။ အနံ့ မွှေးကြိုင်လာ၏။

တေဇောဓာတ်က မဟာဘုတ်များကိုလည်းကောင်း၊ ဥပါဒါရုပ်များကိုလည်းကောင်း ကျေးဇူးပြုခြင်းဖြစ်သည်။

ထို့ကြောင့် မဟာဘုတ်ရုပ်များသည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်များအားလည်းကောင်း ကျေးဇူးပြုသည်ဟု ဆိုရပါသည်။

အလားတူပင် ကုံကော်ရွက်သည် ထွက်စက နီနေပါသည်။ ကြာသော် စိမ်းလာပါသည်။ ကုံကော်ရွက်တွင်ပါသော တေဇောဓာတ်က ပထဝီ၊ အာပေါ၊ ဝါယောကို အားပေးသောကြောင့် အရွက်သည် ကြီးရင့်လာ၏။

ဥပါဒါရုပ်ဖြစ်သော ဝဏ္ဏကို အားပေးသောကြောင့်လည်း အရောင်အဆင်းသည် ပြောင်းလဲလာရပါသည်။

ထိုကဲ့သို့ပင် လူ၏ကိုယ်ထဲတွင်ရှိသော တေဇောဓာတ်က တွဲဖက်ဖြစ်သော ပထဝီ၊ ဝါယော၊ အာပေါကို အချင်းချင်းပြုပြင်ပေးလိုက်သောကြောင့် တဖြည်းဖြည်း ရင့်လာသည်။

ဥပါဒါရုပ်ဖြစ်သော ဝဏ္ဏစသည်ကိုလည်း ကျေးဇူးပြုပေးသည်။ အသားရောင်၊ ဆံပင်ရောင် စသည်ပြောင်းလဲလာ၏။ ဂန္ဓဟူသောအနံ့သည်လည်း ပြောင်းလဲလာသည်။ လူအိုနံ့ဖြစ်လာသည်။ တေဇောဓာတ်က လောင်ကျွမ်းသွားခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် တေဇောဓာတ်သည် တွဲဖက်မဟာဘုတ်ရုပ်များကို ရင့်ကျက်သွားစေသည့်အပြင် ဥပါဒါရုပ်များကိုလည်း ပြောင်းလဲသွားစေပါသည်။

## စိတ္တဇရုပ်တစ်ခု၌ သဟဇာတပစ္စည်းတပ်ပုံ

လောဘမူပထမစိတ်၌ စေတသိက်ယှဉ် ၁၉-ပါးရှိသည်။ စိတ်ပါထည့်က ၂၀-ဖြစ်သည်။ ယင်းသည် နာမ်ကလာပ်တစ်ခုဖြစ်သည်။

ထိုနာမ်ကလာပ်ဖြစ်သည်နှင့်တစ်ပြိုင်နက်တည်း စိတ္တဇရုပ်ကလာပ်များ ဖြစ်ပေါ်လာပါသည်။

နာမ်ကလာပ်တွင် နာမ်ခန္ဓာ ၄-ပါးရှိပါသည်။

- ဝေဒနာက္ခန္ဓာကို ပစ္စည်းယူခိုက် ကျန်ခန္ဓာ ၃-ပါးသည် ပစ္စယုပ္ပန်ဖြစ်၏။
- ကျန်ခန္ဓာ ၃-ပါးကို ပစ္စည်းယူခိုက် ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်၏။

ဤသို့ စသည်ဖြင့် နာမ်အချင်းချင်းပြန်လှန်၍ သဟဇာတပစ္စည်းတပ်ကြပါသည်။

တစ်နည်းအားဖြင့်ကြည့်သော် နာမ်ကလာပ်တွင်-

- ဖဿကိုပစ္စည်းယူခိုက် ကျန် ၁၉-ပါးသည် ပစ္စယုပ္ပန်ဖြစ်သည်။
- ကျန် ၁၉-ပါးကို ပစ္စည်းယူခိုက် ဖဿသည် ပစ္စယုပ္ပန်ဖြစ်သည်။

ဤသို့ စသည်ဖြင့် နာမ်တရားတစ်ခုကို မူလပစ္စည်းထား၍ အချင်းချင်း လှည့်လည်၍ သဟဇာတပစ္စည်းတပ်ပုံကို သိရပါသည်။

## ပဋိသန္ဓေအခါ သဟဇာတပစ္စည်းတပ်ပုံ

လူ့ဘုံ၌ မဟာဝိပါက်ပထမစိတ်ဖြင့် ပဋိသန္ဓေနေသော ဂဗ္ဘသေယျကပုဂ္ဂိုလ် ၏ ပဋိသန္ဓေအခိုက်မှာ မဟာဝိပါက်ပထမစိတ်သည် ပဋိသန္ဓေကိစ္စနှင့် ဖြစ်လာသည်။ ထိုစိတ်နှင့်အတူတကွ စေတသိက် ၃၃-ပါးလည်း ဖြစ်ကြသည်။ နာမ်ကလာပ်တစ်ခု ဖြစ်လာသည်။

ထိုပဋိသန္ဓေစိတ်နှင့်တစ်ပြိုင်နက်တည်း ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၃-စည်း၊ ရုပ်ပေါင်း ၃၀ တို့ ဖြစ်ကြသည်။

ခန္ဓာတစ်ပါးကို ပစ္စည်းယူခိုက် ကြွင်းသောခန္ဓာ ၃-ပါးသည် ပစ္စယုပ္ပန် ဖြစ်သည်။

ကြွင်းသောခန္ဓာ ၃-ပါးကိုပစ္စည်းယူခိုက် အလျင်ခန္ဓာ ၁-ပါးသည် ပစ္စယုပ္ပန် ဖြစ်သည်။

ဤသို့စသည်ဖြင့် နာမ်အချင်းချင်း သဟဇာတပစ္စည်းတပ်ပုံကို သိရပါသည်။

## တစ်ဖက်သတ်သာကျေးဇူးပြုသည်

စိတ်နှင့်စိတ္တဇရုပ်တို့သည် သဟဇာတဖြစ်ကြကုန်သော်လည်း စိတ်ကသာလျှင် စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်ပါသည်။

စိတ္တဇရုပ်ကား ပြန်၍ စိတ်အား ကျေးဇူးမပြုနိုင်ပါ။

ပဋ္ဌဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုကြဉ်သော ကမ္မဇရုပ်တို့သည် သဟဇာတဖြစ်ကြကုန်သော်လည်း ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ်ကသာလျှင် ယခင်ဆိုခဲ့သော ကမ္မဇရုပ်တို့အား ကျေးဇူးပြုနိုင်သည်။ ဆိုပြီးကမ္မဇရုပ်တို့က ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ်အား ပြန်လှန်ကျေးဇူးမပြုနိုင်ကုန်ပါ။

ကလာပ်တူဖြစ်သော မဟာဘုတ်နှင့်ဥပါဒါရုပ်တို့သည် သဟဇာတဖြစ်ကုန်သော်လည်း မဟာဘုတ်တို့ကသာ ဥပါဒါရုပ်တို့အား ကျေးဇူးပြုကြပါသည်။ ဥပါဒါရုပ်တို့က မဟာဘုတ်တို့အား ကျေးဇူးမပြုနိုင်ပါ။

ဤကား တစ်ဖက်သတ်ကျေးဇူးပြုပုံများ ဖြစ်ပါသည်။

## အချင်းချင်းကျေးဇူးပြုပုံများ

သဟဇာတဖြစ်သော စိတ်နှင့်စေတသိက်တို့သည် အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုနိုင်ကြကုန်၏။

သဟဇာတဖြစ်သော ပဋ္ဌဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့သည် လည်း အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုကြပါသည်။

ကလာပ်တူသော မဟာဘုတ်တို့သည်လည်း အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုနိုင်ကြပါသည်။

## စိတ်က ဥတုဇ၊ အာဟာရဇရုပ်တို့အား ကျေးဇူးမပြုနိုင်ခြင်း

အဇ္ဈတ္တသန္တာန်၌ စိတ်ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက်တည်း ဥတုဇရုပ်+ အာဟာရဇရုပ်တို့သည်လည်း ဥပါဒ်ပြီးဖြစ်ကြပါသည်။ သို့သော် ထိုဥတုဇ၊ အာဟာရဇရုပ်တို့သည် စိတ်နှင့်အတူတကွဖြစ်ကြကုန်သော်လည်း စိတ်ဖြစ်မှုကြောင့် ဖြစ်ပေါ်လာကြသည်မဟုတ်ပါ။

မိမိတို့အကြောင်းအားလျော်စွာသာလျှင် ဖြစ်ပေါ်ကြကုန်ပါသည်။ စိတ်နှင့် တစ်စုံတစ်ရာမျှ မသက်ဆိုင်ကြပါ။

ထို့ကြောင့် စိတ်သည် မစပ်မဆိုင်သော ဥတုဇ၊ အာဟာရဇရုပ်တို့အား ကျေးဇူးမပြုနိုင်ခြင်း ဖြစ်ပါသည်။

## အညမညပစ္စည်း ၃–မျိုးကျေးဇူးပြုပုံ

အညမညပစ္စည်းသည် လဲကျသွားအောင် အချင်းချင်းမှီ၍ ထောက်ထားသော တုတ် ၃-ချောင်းနှင့်တူသည်။ တစ်ချောင်းလဲကျသွားသော် အားလုံးပြိုသွားရာ၏။

ထိုနည်းတူ စိတ်၊ စေတသိက်၊ မဟာဘုတ်စု၊ ဝတ္ထု ပဋိသန္ဓေတရားတို့သည် အချင်းချင်း အမှီသဟဲပြုကာ တည်တံ့နေအောင် အပြန်ပြန်အလှန်လှန် ကျေးဇူးပြုကြသည်။

ထိုအညမညပစ္စည်း ကျေးဇူးပြုပုံ ၃-မျိုး ရှိပါသည်-

(က)အလုံးစုံသောစိတ်၊ စေတသိက်၊ ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးသည် အချင်းချင်းအား အညမညပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

(ခ)အလုံးစုံသော မဟာဘုတ် ၄-ပါးသည် အချင်းချင်းအား အညမညပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

(ဂ)ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုသည် အချင်းချင်းအား အညမညပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

ဥပမာ-လူတစ်ဦးတစ်ယောက်သည် လုပ်ငန်းကိစ္စ အောင်မြင်လျှင် ပျော်ရွှင်၏။ ပျော်ရွှင်ချိန်တွင် စိတ်သည်ထက်သန်နေသည်။

ပျော်ရွှင်သောပီတိစေတသိက်သည် စိတ်ကို ထက်သန်အောင် ကူညီသောအားဖြင့် ကျေးဇူးပြု၏။

ထက်သန်သောစိတ်ကလည်း ပျော်ရွှင်သောပီတိစေတသိက်ကို ပိုမိုပျော်ရွှင်မှုအားဖြစ်အောင် ကူညီအားပေး၏။

ထက်သန်သောကြောင့် ပျော်ရွှင်၏။ ပျော်ရွှင်သောကြောင့် ထက်သန်၏ ဟူ၍ ဖြစ်သွားပါသည်။

## နိဿယပစ္စည်း၏ကျေးဇူးပြုပုံ ၃–မျိုး

**နိဿယပစ္စည်း**

- အမှီခံအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ တော၊ တောင်တို့သည် မြေကြီးကို မှီကြသကဲ့သို့လည်းကောင်း၊ လူတို့သည် အိမ်ကိုမှီကြသကဲ့သို့လည်းကောင်း နိဿယပစ္စည်းတရားသည် မြေကြီး၊ အိမ်နှင့် တူသည်။

- ပစ္စယုပ္ပန်တရားတို့သည် လူ၊ တိရစ္ဆာန်၊ တော၊ တောင်တို့နှင့် တူပါသည်။
- နိဿယပစ္စည်းကျေးဇူးပြုနည်း ၃-မျိုးရှိပါသည်-

(က)စိတ်၊ စေတသိက်ဖြစ်ကုန်သော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးသည် တစ်ပါးသည် တစ်ပါးအား လည်းကောင်း၊ တကွဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

(ခ)အလုံးစုံသောမဟာဘုတ် ၄-ပါးသည် အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

(ဂ)ဝတ္ထုရုပ် ၆-ပါးတို့သည် ဝိညာဏဓာတ် ၇-ပါးတို့အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

- (မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက ၃-ပါးတို့တွင်) မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင် တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုစသော ဝတ္ထု ၅-ပါး၊
- ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်ပြိုင်သောဟဒယဝတ္ထု၊
- နိရောဓသမာပတ်မှထသောအခါ ရှေးရှေးဖြစ်သောဟဒယဝတ္ထု၊
- မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေတွက်သော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊
- ဤဝတ္ထုရုပ် ၆-ပါးတို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ဝိညာဏဓာတ် ၇-ပါးတို့အား ပုရေဇာတနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသည်။
- စက္ခုဝတ္ထုရုပ်သည် စက္ခုဝိညာဏဓာတ်၏မှီတွယ်ခြင်းကို ခံယူသည်။
- စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုရုပ်ကို အမှီပြုရမှ ဖြစ်ပေါ်တည်နေနိုင်သည်။
- ထို့ကြောင့် စက္ခုဝတ္ထုရုပ်က စက္ခုဝိညာဏဓာတ်ကို ဖြစ်ပေါ်တည်နေနိုင်

အောင် အမှီခံအဖြစ်ဖြင့် ကျေးဇူးပြုသည်ဟုဆိုရပါသည်။

(ဆိုလိုသည်မှာ မျက်စိအကြည်ဓာတ်က မြင်သိစိတ်ကို ဖြစ်ပေါ်တည်နေနိုင်အောင် ကျေးဇူးပြုပေးသည်။ မျက်စိအကြည်ရှိမှ မြင်စိတ်ဖြစ်ပေါ်နိုင်သည်ဟု ဆိုလိုပါသည်။)

အလားတူ - သောတဝတ္ထုရုပ်က သောတဝိညာဏဓာတ်

- ဃာနဝတ္ထုရုပ်က ဃာနဝိညာဏဓာတ်
- ဇိဝှါဝတ္ထုရုပ်က ဇိဝှါဝိညာဏဓာတ်
- ကာယဝတ္ထုရုပ်က ကာယဝိညာဏဓာတ်
- ဟဒယဝတ္ထုက မနောဓာတ်နှင့် မနောဝိညာဏဓာတ် ၂-ပါးကို အသီးသီးစိတ်များဖြစ်ပေါ်တည်နေအောင် ကျေးဇူးပြုပါသည်။

## သဟဇာတပစ္စည်းတပ်လျှင် သဟဇာတနိဿယအကျုံးဝင်ခွင့်ရပုံ

- နာမ်သည် အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း အမှီခံအဖြစ်ဖြင့် ကျေးဇူးပြုသည်။
- ပဉ္စဝေါကာရပဋိသန္ဓေ ၁၅-ပါးနှင့် ဟဒယဝတ္ထုသည် အချင်းချင်း အမှီခံအဖြစ်ဖြင့် ကျေးဇူးပြုသည်။
- ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုမှ တစ်ပါးသောကမ္မဇရုပ်တို့အား အမှီအဖြစ်ဖြင့် ကျေးဇူးပြုသည်။
- ကလာပ်တူ မဟာဘုတ်လေးပါးသည် အချင်းချင်း အမှီခံအဖြစ်ဖြင့် ကျေးဇူးပြုသည်။

ဤသို့ သဟဇာတပစ္စည်းတပ်သောအချက်တိုင်းမှာပင် သဟဇာတနိဿယပစ္စည်း ပါဝင်ခွင့်ရသည်။

## ဟဒယဝတ္ထု၏ ဝတ္ထုပုရေဇာတသတ္တိကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ပြိုင်ဖြစ်သော ဟဒယဝတ္ထုသည် သဟဇာတဖြစ်သော ပဋိသန္ဓေစိတ် ပထမဘဝင်စိတ်တို့၏ မှီရာဖြစ်သည်။

ထိုဟဒယဝတ္ထုသည် ပဋိသန္ဓေစိတ်၏ မှီရာဖြစ်သော်လည်း ''ရှေးကဖြစ်နှင့်မှု'' ဟူသော ပုရေဇာတလက္ခဏာမရှိသောကြောင့် ပဋိသန္ဓေစိတ်အား ဝတ္ထုပုရေဇာတနိဿယ သတ္တိဖြင့် ကျေးဇူးမပြုနိုင်ဘဲ သဟဇာတနိဿယသတ္တိဖြင့်သာ ကျေးဇူးပြုနိုင်သည်။

မိမိနောက်၌ဖြစ်သော ပထမဘဝင်စိတ်အားမူကား ပထမဘဝင်၏ရှေ့၌ ဖြစ်သော ကြောင့် ပုရေဇာတလက္ခဏာနှင့်ညီသည်။

ထိုပထမဘဝင်၏ မှီရာဖြစ်သောကြောင့်လည်း နိဿယလက္ခဏာနှင့် ညီပြန်၏။

ထို့ကြောင့် ပုရေဇာတလက္ခဏာနှင့်ညီသဖြင့် ပဋိသန္ဓေနှင့်ဥပါဒ်ဖြစ်သော ဟဒယ ဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း မည်ပါသည်။ ပထမဘဝင်စိတ်သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်မည်ပါသည်။

## နာမ်တရားတို့သည် မိမိနှင့်အတူဖြစ်သောဝတ္ထုကိုမမှီဘဲ ရှေးရှေးဝတ္ထုများကိုမှီရပုံ

ရုပ်တရားတို့မည်သည် ဖြစ်ပေါ်ဥပါဒ်ဆဲခဏ၌ လွန်စွာအားနည်းကြပါသည်။

ဌီသို့ရောက်မှသာလျှင် အားအစွမ်းနှင့်ပြည့်စုံကြပါသည်။

ထို့ကြောင့် ဥပါဒ်ဆဲမှာဖြစ်သော ဝတ္ထုရုပ်တို့သည် နာမ်တရားတို့၏အမှီကို မခံကြရပါ။

ဌီသို့ရောက်မှသာ နာမ်တရားတို့၏ အမှီကို ခံနိုင်ကြကုန်သည်။ ဝတ္ထုပုရေဇာတ နိဿယပစ္စည်းကိစ္စကို ရွက်ဆောင်နိုင်ကြကုန်သည်။

ထို့ကြောင့် နာမ်တရားတို့သည် မိမိနှင့်အတူဖြစ်သော ဝတ္ထုကိုမမှီဘဲ ရှေးရှေး ဝတ္ထုကိုသာ မှီရပါသည်။

## ပဋိသန္ဓေစိတ်သည် သဟဇာတဝတ္ထုကိုမှီရပုံ

ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူတကွဖြစ်ပေါ်သော သဟဇာတဝတ္ထုမှ တစ်ပါး သော ပုရေဇာတဟဒယဝတ္ထုဟူ၍ တစ်စုံတစ်ရာမျှမရှိပါ။

မိမိသည် အမှီမရှိလျှင် ဖြစ်နိုင်သောတရားလည်း မဟုတ်ပြန်သောကြောင့် အခန့်သင့်ရှိ၍နေသော သဟဇာတဟဒယဝတ္ထုကိုမမှီဘဲ ပုရေဇာတဝတ္ထုကိုသာ မှီရပါသည်။

အကယ်၍ မိမိ၏ရှေ့၌ဖြစ်နှင့်သော ပုရေဇာတဟဒယဝတ္ထုတို့ မရှိပါမူကား မိမိနှင့်အတူဥပါဒ်သော သဟဇာတဟဒယဝတ္ထုကိုသာ မှချမှီပါသည်။ ထိုသို့မရှိခဲ့သော ကြောင့် သဟဇာတဟဒယဝတ္ထုကို မှီရပါသည်။

## အာဟာရပစ္စည်း ၂-မျိုး (ရုပ်အာဟာရ + နာမ်အာဟာရ)

**အာဟာရပစ္စည်း**

- ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့အား ကြာရှည်တည်တံ့အောင် ထောက်ပံ့ခိုင်စေခြင်း၊ ဆောင် ထားခြင်းအားဖြင့် ကျေးဇူးပြုတတ်သောတရား ဖြစ်သည်။
- အလုတ်အလွေးပြု၍ စားမျိုအပ်သောအစား ကဗဠီကာရာဟာရသည် ရူပကာယ (ရုပ်ခန္ဓာကြီး)အား ကြာရှည်တည်တံ့အောင် ထောက်ပံ့နိုင်စေခြင်း၊ ဆောင်ထား ခြင်းအားဖြင့် ကျေးဇူးပြုပါသည်။

(က)အလုတ်အလွေးကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော ဆွမ်း၊ ခဲဖွယ် ဘောဇဉ်အစရှိသည်တို့၌တည်သော ဗဟိဒ္ဓဩဇာသည် ဤသို့သဘောရှိသော အာဟာရဇကာယအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

တစ်နည်း:- အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာ၊ ဗဟိဒ္ဓသန္တာန် ၌ရှိသော ဥတုဇဩဇာသည် ဤသို့သဘောရှိသော ကလာပ်တူဩဇာ ကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကကာယ အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

( ခ )နာမ်ဖြစ်ကုန်သော ဖဿ(ဖဿာအာဟာရ)၊ စေတနာ(မနောသဉ္စေတနာဟာရ)၊ ဝိညာဉ်(ဝိညာဏာဟာရ)ဟု ဆိုအပ်သောနာမ်အာဟာရတရား ၃-ပါးတို့သည် တကွဖြစ်ကုန်သော စိတ်-၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့အား နာမ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်။

အာဟာရသည် ရုပ် ၁-မျိုး၊ နာမ် ၃-မျိုးရှိ၍ ဦးရေ ၄-ပါးရှိပါသည်။

ရုပ်အာဟာရသည် ကိုယ်ခန္ဓာကြီးကိုလည်းကောင်း၊ နာမ်အာဟာရ ၃-ပါးသည် အတူဖြစ်ဖက် နာမ်ရုပ်တို့ကိုလည်းကောင်း ကျေးဇူးပြုပါသည်။

လူ၏ရုပ်ကိုယ်ကြီးသည် ရုပ်အာဟာရခေါ်သော အစားအစာ၏အကူအညီကို လည်းရပါမှ၊ နာမ်အာဟာရခေါ်သော စိတ်၏အကူအညီကိုလည်းရပါမှ လန်းဆန်းစွာ တည်နေနိုင်သည်။ တစ်ခုခုက ချွတ်ယွင်းလျှင် လန်းဆန်းစွာ မနေနိုင်ပါ။

ကိုယ်နှင့်စိတ် ၂-မျိုးတွင် ကိုယ်သည် မူလက စွမ်းရည်ညံ့သည်။ အာဟာရ ၄-ပါးက ဝိုင်း၍ထောက်ပံ့မှ လန်းဆန်းအားပြည့်နိုင်ပါသည်။

စိတ်သည် မူလကတည်းက စွမ်းရည်ထက်သည်။ အစားအစာအာဟာရ၏ ထောက်ပံ့ခြင်းကို မခံယူဘဲ နာမ်အာဟာရအချင်းချင်း ထောက်ပံ့ရုံမျှဖြင့် တည်နေနိုင်သောကြောင့် ရုပ်ထက် စိတ်က စွမ်းရည်ထက်မြက်ပါသည်။

**နာမ်အာဟာရ ၃-မျိုး၏ဥပမာ**

၁။ ၄က်သည် မျက်စိဖြင့် အရပ်ဒေသနှင့်သစ်သီးရှိသောအပင်တို့ကို ထင်ရှားစွာ ကြည့်ရှုမှတ်သားသကဲ့သို့ သတ္တဝါတို့သန္တာန်၌ရှိသော ဝိညာဏာဟာရ ၆-ပါး တို့ဖြင့် အာရုံ ၆-ပါးတို့ကို ဓောအစဉ်၌ ထင်ရှားအောင် ပိုင်းခြားမှတ်သားပါသည်။
၂။ ၄က်သည် တစ်ပင်မှတစ်ပင် တစ်တောမှတစ်တောသို့ ပျံသန်းခြင်းအမှုကိုပြုကာ အသီးကိုရအောင် ရှာဖွေအားထုတ်ခြင်းကိုပြုသကဲ့သို့ သတ္တဝါတို့သန္တာန်၌ရှိသော ၆-ပါးသောမနောသဥ္စေတနာဟာရ(သင်္ခါရ)တို့ဖြင့် အာရုံ ၆-ပါးတည်းဟူသော မှီရာဝတ္ထုကိုရခြင်းငှာ အားထုတ်၏။
၃။ ၄က်သည် အသီးကိုရှာဖွေရသောအခါ ထိုးဆိတ်စားသောက်သကဲ့သို့ သတ္တဝါ တို့သန္တာန်၌ရှိသော ၆-ပါးသော ဖဿအာဟာရတို့ဖြင့် ရရှိလာသောအာရုံတို့ကို ကောင်းသောအရသာ၊ မကောင်းသောအရသာ စသည်ဖြင့် ထင်ရှားစွာသိမြင်ပြီး ချမ်းသာ-ဆင်းရဲဝေဒနာကိုခံစား၍ နာမ်တရားတို့ကို ဆက်ကာ-ဆက်ကာ တည်အောင် အထောက်အပံ့ပြုကာ ဆောင်ထားပါသည်။

သတ္တဝါတို့၏သန္တာန်၌-

- ဝိညာဏာဟာရဖြင့် အာရုံ ၆-ပါးကို ကြည့်ရှုသည်။
- မနောသဥ္စေတနာဟာရဖြင့် အာရုံကိုရအောင် လုံ့လပြုသည်။

- ဖဿာဟာရဖြင့် အာရုံ၏ကောင်း-မကောင်းအရသာကိုခံစားကာ နာမ်တရားတို့ဆက်လက်တည်တံ့နေအောင် ဤအာဟာရ ၃-ပါးသည် လွန်စွာဆောင်ထားသဖြင့် ကျေးဇူးပြုနေပါသည်။

## ဣန္ဒြိယပစ္စည်းကျေးဇူးပြုပုံ ၃-မျိုး

**ဣန္ဒြိယပစ္စည်း**

- အုပ်ချုပ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။
- တိုင်းပြည်တစ်ပြည်အတွင်းရှိသော နယ်စားပယ်စား မင်းများစွာသည် အခြားသောနယ်စား၊ ပယ်စားမင်းတို့၏ အစိုးရမှုကို ဝင်ရောက်မစွက်ဖက်ဘဲ မိမိနှင့် ဆိုင်ရာနယ်ပယ်တို့ကို အစိုးတရ အုပ်ချုပ်သကဲ့သို့ ဣန္ဒြိယပစ္စည်းသည် မိမိဆိုင်ရာကိစ္စကိုသာ အစိုးရကြပါသည်။

ဣန္ဒြိယပစ္စည်း ကျေးဇူးပြုပုံ ၃-မျိုးရှိပါသည်-

(က)ငါးပါးသော ပသာဒရုပ်တို့သည် ငါးပါးသောဝိညာဏဓာတ်တို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။ (မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် ၃-ပါးတို့တွင်) မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်အလွန်နှင့်ဥပါဒ်ပြိုင်သော စက္ခုပသာဒစသော ပသာဒ ၅-ပါးတို့သည် စက္ခုဝိညာဏ်စသော ဝိညာဉ် ၅-ပါးတို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။

( ခ )ပဝတ္တိပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်တို့အား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသည်။

( ဂ )နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးဖြစ်သော ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ အမောဟ(ပညာ)တို့သည် တကွဖြစ်ကုန်သော စိတ်-၈၉၊ စေတသိက်-၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည်။

## ပသာဒရုပ်က ဝိညာဉ်ကိုကျေးဇူးပြုပုံ

စက္ခုပသာဒရုပ်ဟုခေါ်သော မျက်စိအကြည်ဓာတ်က စက္ခုဝိညာဉ်ဟုခေါ်သော မြင်စိတ်ကို အုပ်ချုပ်သောအားဖြင့် ကျေးဇူးပြုခြင်းဖြစ်သည်။

ကျေးဇူးပြုပုံမှာ - ကြည်လင်သောပသာဒရုပ်က မိမိကိုမှီ၍ ဖြစ်ပေါ်လာသော မြင်သိစိတ်ကို ကြည်လင်ပြတ်သားစွာ မြင်နိုင်စေရန် အုပ်ချုပ်ပေးသည်။

(မြင်စိတ်သည် သူ့သဘောအတိုင်းပေါ်နိုင်သည်မဟုတ်၊ မြင်နိုင်သည်မဟုတ်၊ မျက်စိအကြည်ဓာတ်အလိုက်သာ ပေါ်နိုင် မြင်နိုင်သည်။)

အလားတူ သောတပသာဒရုပ်က သောတဝိညာဉ်စိတ် စသည်ဖြင့် ဆိုင်ရာဆိုင်ရာ အုပ်ချုပ်ကြပါသည်။

ဝိညာဉ်စိတ် ၅-မျိုးကို အုပ်ချုပ်ကြသော ပသာဒရုပ် ၅-မျိုးကိုပင် တစ်ဦးတည်းက ထူထောင်ပေးရသည်။ ကံကောင်းလျှင် ပသာဒရုပ်များ ကြည်လင် ကောင်းမွန်ကြမည်။ ကံညံ့လျှင် ကြည်လင်ကောင်းမွန်ခြင်းနည်းမည်။

စိတ်၊ ဥတု၊ အာဟာရတို့ကလည်း အခိုက်အတန့်မျှကူညီခြင်း၊ နှောင့်ယှက်ခြင်းများပြုနိုင်ပါသည်၊ ဥတုကောင်း-မကောင်း၊ အာဟာရကောင်း-မကောင်း တို့ကြောင့် မျက်စိကြည်ခြင်း၊ ပြာစေခြင်း၊ မှုန်မှိုင်းခြင်းများ အခိုက်အတန့်ဖြစ်တတ်ပါသည်။

## ရုပ်ဇီဝိတက ကံကြောင့်ဖြစ်သောရုပ်တို့ကို အုပ်ချုပ်ကျေးဇူးပြုပုံ

သေပြီးသောအလောင်းကောင်ကို ထိုးထားသောဆေးက မပုပ်မသိုးစေရန် ထိန်းသိမ်းထားနိုင်သကဲ့သို့ မသေမီ ကိုယ်တွင်း၌ရှိသော ကမ္မဇရုပ်များကိုလည်း မပျက်စီးအောင် ထိန်းသိမ်းထားသောအားဖြင့် ဇီဝိတရုပ်က အုပ်ချုပ်နေပါသည်။

အကယ်၍ ဇီဝိတရုပ်အုပ်ချုပ်ခြင်းကို ရပ်စဲလိုက်ပါက ကမ္မရုပ်များဖြစ်ပေါ်ခြင်း မရှိတော့ဘဲ ပျက်စီးကြတော့သည်။

ထိုအခါ ကမ္မဇရုပ်နှင့်အတူမနေတော့သည့်အတွက် တစ်ကိုယ်လုံးတွင် တည်ရှိနေသော ဥတုဇရုပ်များသည်လည်း ပုပ်သိုးသောအခြေအနေသို့ ရောက်ကြတော့သည်။

ထို့ကြောင့် ကံက ဇီဝိတရုပ်ကို ထိန်း၍ ဇီဝိတရုပ်က ကမ္မဇရုပ်ကို ထိန်းသိမ်းသည်။ ကမ္မဇရုပ်က ဥတုဇရုပ်ကို ထိန်းသိမ်းသည်။

## ရုပ်မဟုတ်သောဣန္ဒြေက အတူဖြစ်သော နာမ်-ရုပ်တို့ကို အုပ်ချုပ်ကျေးဇူးပြုပုံ

ရုပ်မဟုတ်သော နာမ်ဣန္ဒြေ ၈-ပါးသည် အတူဖြစ်သောစိတ်၊ စေတသိက် နှင့် စိတ္တဇရုပ်တို့အား မိမိအလိုသို့လိုက်ကြစေရန် ဆွဲဆောင်ကြပါသည်။

မိမိကြောင့်ဖြစ်သော ခြေလှမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း အစရှိသော စိတ္တဇရုပ်များကိုလည်း စိတ်၏နောက်သို့ ကိုယ်ကာယတစ်ခုလုံး လိုက်ပါသွားရသည်။

ဤသို့ဖြစ်ခြင်းကို မနိန္ဒြေ ခေါ်သော နာမ်ဣန္ဒြေတစ်ပါးက ကျန်တရားများကို နိုင်နင်းစွာ ဆွဲဆောင်သောအားဖြင့် အုပ်ချုပ်ခြင်းဖြစ်ပါသည်။

## ဟဒယဝတ္ထု ဣန္ဒြေမထိုက်ရပုံ

ဟဒယဝတ္ထု ပုရေဇာတိန္ဒြိယမတပ်ပါ။ အမှန်အားဖြင့် မိမိ၏အခြားမဲ့ရှေ့၌ဖြစ်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ နောက်နောက်သော စိတ်တို့သည် ဖြစ်ပေါ်ကုန်၏။

ထို့ကြောင့် ဟဒယဝတ္ထုသည် နောက်နောက်သောစိတ်တို့အား ပုရေဇာတသတ္တိ၊ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြပါသည်။

သို့သော် ပဥ္စဝတ္ထုတို့သည် မြင်ခြင်းစသော ကိစ္စ၌ ဆိုင်ရာဝိညာဏ်တို့အား အစိုးရသကဲ့သို့ ဟဒယသည် မိမိကိုမှီသောဝိညာဏ်တို့အား အစိုးမရပါချေ။ ထိုဝိညာဏ်တို့၏ထက်မြက်ခြင်း၊ နုံ့ခြင်းတို့ကို မပြုလုပ်နိုင်။

ထို့ပြင် ဟဒယဝတ္ထုရုပ်ကိုမှီ၍ စိတ်အမျိုးမျိုးဖြစ်ပေါ်ကြသည်ကိုထောက်၍လည်း ဟဒယဝတ္ထု၏ အစိုးမရပုံကိုလည်း ထင်ရှားပါသည်။

**စက္ခုဝတ္ထု**သည် မြင်မှုကိစ္စကို ဆောင်ရွက်နိုင်ခြင်းသတ္တိဖြင့် စက္ခုဝိညာဏ်ကို အစိုးရသည်။

(အလားတူ ကျန်ပသာဒဝတ္ထုတို့ကလည်း သက်ဆိုင်ရာစိတ်တို့ကို အသီးသီး အစိုးရကြသည်။)

ဟဒယဝတ္ထုကိုမှီ၍ဖြစ်ပေါ်သောစိတ်များသည် ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုင်းကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ စသည်ဖြင့် မိမိတို့နှင့်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြသည်။ သို့သော် ဟဒယဝတ္ထု၏ ညွှန်ကြား အုပ်စိုးမှုအရ ဆောင်ရွက်ကြသည်မဟုတ်ပါချေ။

**မိမိတို့၏ စိတ်သဘာဝသတ္တိအရသာလျှင် ဆောင်ရွက်ကြခြင်းဖြစ်သည်။**

ထို့ကြောင့် ဟဒယဝတ္ထုသည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်ခွင့်မရပါ။

(စတုဝေါကာရဘုံ၌ ဟဒယဝတ္ထုနှင့်ကင်းလျက်ပင် မနောဝိညာဏ်စိတ်များ ဖြစ်ပေါ်နိုင်ခြင်းကိုထောက်၍လည်း ဟဒယဝတ္ထု၏ ဣန္ဒြိယသတ္တိမရှိပုံကို သိနိုင်ပါသည်။

ပဥ္စဝိညာဏ်တို့ကလည်း ပဥ္စဝတ္ထုနှင့်ကင်း၍ လုံးဝမဖြစ်ပေါ်နိုင်ဟူ၍မှတ်ပါ။)

## ရူပဇီဝိတိန္ဒြိယသီးခြားဆိုပုံ

**ဇီဝိတ**သည် တကွဖြစ်ဖက် ကလာပ်တူကမ္မဇရုပ်တို့အား ကျေးဇူးပြုသည် မှန်သော်လည်း သဟဇာတထိုက်သော နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်အခိုက်၌ အထင် အရှား ကျေးဇူးမပြုနိုင်၊ ဌီအခိုက်ကျမှသာ စောင့်ရှောက်ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် သဟဇာတလက္ခဏာမရှိသဖြင့် သဟဇာတိန္ဒြိယတွင် မပါဝင်ရကား ဤရူပဇီဝိတိန္ဒြိယပစ္စည်းကို သီးခြားပြဆိုရပါသည်။

## ဘာဝရုပ် ၂-ပါး ဣန္ဒြိယမထိုက်ရပုံ

သမုစ္စည်းပိုင်း ဣန္ဒြေ ၂၂-ပါး၌ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ ပါဝင်ခဲ့သော်လည်း ပစ္စည်းပိုင်းပဋ္ဌာန်း၌ ထိုဘာဝရုပ် ၂-ပါးသည် ဣန္ဒြိယပစ္စည်း ၃-မျိုးစလုံး၌ မပါဝင်ပါ။

ပဋ္ဌာန်းနည်း၌ ပစ္စည်းဟူ၍ခေါ်ဆိုရန် အကြောင်း ၃-ချက်ရှိပါသည်-

၁။ ဇနကသတ္တိဖြင့်ဖြစ်စေခြင်း၊

၂။ ဥပတ္ထမ္ဘကသတ္တိဖြင့်ထောက်ပံ့ခြင်း၊

၃။ အနုပါလနသတ္တိဖြင့် စောင့်ရှောက်ခြင်း။

ဤ ၃-ပါးတို့တွင် အနည်းဆုံး တစ်ပါးပါးသောသတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရားကိုသာ ပစ္စည်း ဟုခေါ်ပါသည်။

ဘာဝရုပ် ၂-ပါးတွင် ယင်းသတ္တိ ၃-ပါး တစ်မျိုးမျှမရှိပါ။

(က)အမ၊ အဖိုသတ္တဝါတို့၌ ဣတ္ထိလိင်၊ ပုရိသလိင်၊ ဣတ္ထိနိမိတ္တ၊ ပုရိသနိမိတ္တ စသည်တို့ဖြစ်ပေါ်လာခြင်းသည် ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်က ဖြစ်ပေါ် စေသောကြောင့် မဟုတ်ပါ။

ရှေးကံကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘာဝရုပ် ၂-ပါး တို့သည် ဣတ္ထိလိင်၊ ပုရိသလိင် စသည်တို့အား ဇနကသတ္တိဖြင့် ကျေးဇူးပြုသည် ဟုမဆိုနိုင်ပါ။

(ခ)ဣတ္ထိလိင် = မိန်းမ၏အသွင်အပြင်၊ ဣတ္ထိနိမိတ္တ=မိန်းမတို့၏ ဟန်ပန်အမူအရာ၊ ပုရိသလိင်=ယောကျ်ား၏အသွင်အပြင်၊ ပုရိသနိမိတ္တ=ယောကျ်ားတို့၏ ဟန်အမူအရာ စသည်တို့သည် အစစ်အမှန်အားဖြင့် ပရမတ္ထကရားများမဟုတ်၊ ပရမတ္ထတရားတို့ကိုအမှီပြု၍ သိမှတ်အပ်သောအခြင်းအရာ (အာကာရပညက်) မျှသာဖြစ်သည်။

ပဋ္ဌာန်းနည်း၌ ပညတ်ကိုပစ္စယုပ္ပန်အဖြစ်ဖြင့် ဘယ်သောအခါမျှ ဟောကြား ခြင်းမပြုသောကြောင့် ဘာဝရုပ်တို့သည် ပညတ်မျှသာဖြစ်သောကြောင့် လိင်စသည် တို့အား ဥပတ္ထမ္ဘကသတ္တိ၊ အနုပါလနသတ္တိတို့ဖြင့်လည်း ကျေးဇူးပြုသည်ဟု မဆိုနိုင်ပါ။

ဤသို့လျှင် ဘာဝရုပ် ၂-ပါးတို့သည် ဣတ္ထိလိင် စသည်တို့အား ပစ္စယသတ္တိ ၃-မျိုးတို့ဖြင့် လုံးဝကျေးဇူးမပြုနိုင်သောကြောင့် ဣန္ဒြိယပစ္စည်းမတပ်ပါ။

ထိုမှတစ်ပါး ဇီဝိတရုပ်သည် မိမိနှင့်ကလာပ်တူ ကမ္မဇရုပ်တို့အား အနုပါလန သတ္တိဖြင့်ကျေးဇူးပြု၏။

အာဟာရရုပ်သည် ကလာပ်ပြားရုပ်တို့အား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုသည်။

ဘာဝရုပ်တို့သည်ကား ဤကဲ့သို့ ကလာပ်တူ၊ ကလာပ်ပြားရုပ်တို့အား အစိုးရခြင်း မရှိသောကြောင့် ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။

ဤသို့လျှင် ဘာဝရုပ် ၂-ပါးတို့သည် ပဋ္ဌာန်းနည်းအားဖြင့် ဣန္ဒြိယပစ္စည်း မတပ်သော်လည်း ယင်းတို့၏ ဣတ္ထိလိင်္ဂ စသည်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ဣန္ဒြိယအမည်ကိုကား ခံယူထိုက်ပါသည်။

အတိတ်ကံအားလျော်စွာ အမဖြစ်သည့်သတ္တဝါများ၏ သန္တာန်၌ ပဋိသန္ဓေမှ စ၍ ဣတ္ထိဘာဝရုပ်သည် ဖြစ်ပေါ်လာ၏။ ထိုဣတ္ထိဘာဝရုပ်၏ အရှိန်အဝါကြောင့်ပင် မိန်းမအသွင်အပြင် အမူအရာ စသည်တို့သည် နောင်အခါ၌ ထင်ရှားလာကုန်၏။

အဖိုသတ္တဝါများ၏ သန္တာန်၌လည်း အလားတူ ပုမ္ဘာဝရုပ်၏ အရှိန်အဝါကြောင့် ယောကျ်ားအသွင်အပြင် အမူအရာ စသည်တို့သည် ထင်ရှားလာကြပါသည်။

ထိုသို့ ရှေးကံအလျောက် အထီး-အမဖြစ်လာရသူတို့၏ သန္တာန်၌ လိင်္ဂ၊ နိမိတ္တ စသည်တို့ ထင်ရှားပေါ်လာရန် စီမံရသကဲ့သို့ ဘာဝရုပ် ၂-ပါးတို့က ကြီးစိုးလွှမ်းမိုးနေသောကြောင့် ဤဘာဝရုပ် ၂-ပါးကို ဣန္ဒြေဟု အမည်တပ်ရခြင်း ဖြစ်ပါသည်။

## ဝိပ္ပယုတ္တပစ္စည်း

- အချင်းချင်းမရောနှောသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း။
- မယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း။

သမ္ပယုတ္တ(ရောသည်)ဆိုသည်မှာ- နို့နှင့်ရေ ရောနှောသကဲ့သို့ တစ်သားတည်း ဖြစ်သွားသည်။

ဝိပ္ပယုတ္တ(မရောသည်)ဆိုသည်မှာ-ဆီနှင့်ရေ ရောနှောသကဲ့သို့ တစ်သားတည်း မနေဘဲ အတူနေခြင်း ဖြစ်သည်။

- ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ် အရသာတို့ မရောနှောဘဲ သီးသန့်စီရှိသကဲ့သို့ ဝိပ္ပယုတ္တပစ္စည်းတရားနှင့် ဝိပ္ပယုတ္တပစ္စယုပ္ပန်တရားတို့ ရုပ်နှင့်နာမ်အဖြစ် မရောနှောဘဲ ကျေးဇူးပြုကြပါသည်။

- ဝိပ္ပယုတ္တပစ္စည်းကျေးဇူးပြုပုံ ၃-မျိုးရှိပါသည်-

(က) ပဋိသန္ဓေခဏ၌ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့အား သဟဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြသည်။
စိတ်၊ စေတသိက်ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဖြစ်နေသော အရူပဝိပါက် ၄-ပါး၊ ဒွေးပဉ္စဝိညာဏ်-၁၀၊ ရဟန္တာတို့၏စုတိစိတ်ကြဉ်သော စိတ် ၇၅-ပါး၊ နာမက္ခန္ဓာတို့သည် သဟဇာတဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြပါသည်။

( ခ ) နောက်နောက်၌ဖြစ်ကုန်သော စိတ်၊ စေတသိက်ဖြစ်ကုန်သော ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက်-ဖြစ်နေသည့် အရူပဝိပါက်-၄ ပါးကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သောစိတ် ၈၅-ပါး နာမက္ခန္ဓာတို့သည် ရှေးရှေး၌ဖြစ်သော ဤသို့သောသဘောရှိသော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါသည်။

( ဂ ) ဝတ္ထုရုပ် ၆-ပါးတို့သည် ပဝတ္တိအခါ ဝိညာဏဓာတ် ၇-ပါးအား ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုသည်။
(တစ်နည်း-မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုကအားဖြင့် ၃-ပါးတို့တွင်) မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်တစ်ချက်လွန်နှင့် ဥပါဒ်ပြိုင်သော စက္ခုစသော ဝတ္ထု ၅-ပါး၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟုဆိုအပ်သော ၆-ပါးသောဝတ္ထုရုပ်တို့သည် ပဝတ္တိအခါ၌ အရူပဝိပါက်ကြဉ် ၇-ပါးသော ဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြသည်။

**ကျေးဇူးပြုပုံ**

(က) ပဋိသန္ဓေနေစအခါ ရှေးဦးစွာဖြစ်သော ဝတ္ထုဒသကကလာပ်ခေါ် ရုပ်မှုန်က လေးနှင့် ပဋိသန္ဓေစိတ်ဟုခေါ်သော အသိဓာတ်ကလေးသည် တစ်ပြိုင်နက် အတူဖြစ်၍နေကြသော်လည်း တစ်သားတည်းဖြစ်အောင် မရောမယှက် သောအားဖြင့် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြသည်။

စိတ်၊ စေတသိက်တို့သည် မိမိတို့ကြောင့်ဖြစ်သော ရုပ်များကိုသာ တစ်သား တည်းကဲ့သို့ မရောသောအားဖြင့် ကျေးဇူးပြုပါသည်။

ဥပမာ - လက်ကိုကွေးလိုက်ရာ၌ ကွေးအောင်လုပ်သောစိတ်နှင့် ကွေးသော အမူအရာရုပ်တို့သည် တစ်ပြိုင်နက်ဖြစ်ကြသည်။

( ခ ) နောက်မှဖြစ်သောစိတ်၊ စေတသိက်တို့သည် ရှေးကဖြစ်နှင့်သော ဤရုပ်အစု (ကိုယ်)အား နောက်မှဖြစ်၍ တစ်သားတည်းဖြစ်အောင် မရောနှောသော အားဖြင့် ကျေးဇူးပြုသည်။

အလျှင်ဖြစ်နှင့်သော ရုပ်အစုတွင်-

- ကံကြောင့်ဖြစ်သောရုပ်
- ဥတုကြောင့်ဖြစ်သောရုပ်
- အာဟာရကြောင့်ဖြစ်သောရုပ်များ ပါဝင်ပါသည်။

ဤကိုယ်ထဲ၌ရှိနှင့်ပြီးသော လန်းဆန်းသောရုပ်များကို နောက်မှ ဖြစ်ပေါ်လာသော လန်းဆန်းသည့်စိတ်များက ထိုရုပ်များကို ပိုလန်းဆန်းစေရန် ကျေးဇူးပြုနိုင်ကြသည်။

အကယ်၍ နောက်မှဖြစ်သောစိတ်များက ညှိုးနွမ်းလျှင် ညှိုးနွမ်းသော အဖြစ်သို့ ပြောင်းလဲစေရန် ကျေးဇူးပြုနိုင်ကြပါသည်။

( ဂ ) ယခင်ဖြစ်နှင့်သောရုပ်များထဲမှ မျက်စိအကြည်စသော ဝတ္ထုရုပ် ၆-မျိုးသည် နောက်မှဖြစ်လာသော စိတ်၊ စေတသိက်တို့ကို အမှီခံသောအားဖြင့် ကျေးဇူးပြုသည်။

အမှီခံဝတ္ထုရုပ်က ကောင်းမွန်လန်းဆန်းမှုရှိလျှင် ယင်းတို့ကိုမှီ၍ နောက်မှ ဖြစ်လာသောစိတ်များကို ရွှင်လန်းစေရန် ကျေးဇူးပြုနိုင်ကြသည်။

ဝတ္ထုရုပ်များ ညှိုးနွမ်းလျှင် နောက်မှဖြစ်သောစိတ်များကို မရွှင်လန်းစေရန် ကျေးဇူးပြုကြသည်။

ထို့ကြောင့် စိတ်အားရှိရန်အတွက် ဝတ္ထုရုပ်လန်းဆန်းရန် လိုအပ်ပါသည်။ ဝတ္ထုရုပ်လန်းဆန်းရန်အတွက် ကျန်းမာရေးပြည့်ဝရန် လိုအပ်လှပါသည်။

## အတ္ထိပစ္စည်း

- ပစ္စည်း-ပစ္စယုပ္ပန်တို့ အတူတကွထင်ရှားရှိနေစဉ် အကူအညီပေးသောပစ္စည်း။
- မိမိကိုယ်တိုင်လည်း ဥပါဒ်၊ ဌီ၊ ဘင် ဟု ဆိုအပ်သော ပစ္စုပ္ပန် သဘောအားဖြင့် ထင်ရှားရှိဆဲဖြစ်၍ ထိုကဲ့သို့ ထင်ရှားရှိဆဲဖြစ်သော ပစ္စယုပ္ပန်တရားတို့အား သာလျှင် ထောက်ပံ့သမှု ကျေးဇူးပြုတတ်သောတရားများကို အတ္ထိပစ္စည်းဟု ခေါ်ပါသည်။

### အတ္ထိဘာဝ (ထင်ရှားရှိခြင်းများ)

၁။ ''ငါ့မှာပြုခဲ့မိသော မကောင်းမှုသည်ရှိ၏'' ဟု ဆိုရာဝယ် ထိုမကောင်းမှုသည် ခဏပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိနေသည်မဟုတ်၊ အကျိုးမပေးရသေးသည် ဖြစ်၍ အကျိုးပေးနိုင်သောအစွမ်းသတ္တိ လိုက်ပါနေခြင်းသည် ထင်ရှားရှိခြင်း အတ္ထိ ဖြစ်ပါသည်။

၂။ ''မိမိ၏ အကျိုးစီးပွားအလို့ငှာကျင့်သော ပုဂ္ဂိုလ်သည်ရှိ၏'' ဟုဆိုရာဝယ် ပုဂ္ဂိုလ်ဟူသောဝေါဟာရကို လောကပညတ်သဘောအားဖြင့် ရကောင်းသော ကြောင့်လည်းကောင်း၊ ထိုပညတ်တည်ရာ ခန္ဓာအစဉ်၏ မပြတ်စဲသေးသော ကြောင့်လည်းကောင်း ထင်ရှားရှိခြင်း အတ္ထိ ဖြစ်ပါသည်။

ဤအတ္ထိပစ္စည်းအရာ၌ကား အထက်ပါအတ္ထိ ၂-မျိုးကို မယူရပါ။ ခဏ ပစ္စယုပ္ပန်သဘောအားဖြင့် အမှန်တကယ်ထင်ရှားရှိဆဲဖြစ်သော အတ္ထိမျိုးကိုသာ ယူရပါသည်။

- ခဏတ္တယအားဖြင့် ထင်ရှားရှိခြင်းကို အတ္တိ ဟုဆိုသော်လည်း ဌီခဏ၌ အတ္ထိပစ္စည်း၏ သတ္တိသည် အလွန်ထင်ရှား၏။
- ဥပါဒ်အခိုက်၊ ဘင်အခိုက်တို့၌မူကား ထင်ရှားရှိသည် ဟုဆိုရသော်လည်း ဖြစ်ခိုက်-ပျက်ခိုက်ဖြစ်၍ တည်ရှိနေခြင်းကြောင့် မထင်ရှားပေ။

ထို့ကြောင့် ဤအတ္ထိပစ္စည်း၌ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ ၂-မျိုးလုံး ထိုက်သင့်သလိုရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိသာ ပြဋ္ဌာန်းပေသည်။

ပစ္စည်းတရားတို့မည်သည် ဥပါဒ်အခိုက်၌ ဇနကသတ္တိထင်ရှား၍ ဌီအခိုက်၌ ဥပတ္ထမ္ဘကသတ္တိ ထင်ရှားပါသည်။

## နိဗ္ဗာန် အတ္ထိပစ္စည်းမတပ်ပုံ

နိဗ္ဗာန်သည် ထင်ရှားရှိသောအခိုက်၊ ထင်ရှားမရှိသောအခိုက် ဟု နှစ်မျိုးမကွဲချေ။ အမြဲထင်ရှားရှိနေသော တရားဖြစ်သည်။ ဆိုင်ရာအာရမ္မဏိကစိတ်တို့အား အချိန်အခါမရွေး ပစ္စည်းတပ်နိုင်သောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ပါ။

ပစ္စည်းတစ်ခု၏ သတ္တိသည် အခြားဆန့်ကျင်ဘက်ပစ္စည်း၏ သတ္တိကို ထောက်ဆလျှင် ပို၍ထင်ရှားတတ်ပါသည်။

အတ္ထိသတ္တိသည် နတ္ထိပစ္စည်းသတ္တိနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ နတ္ထိပစ္စည်း၏ သဘောကား ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်ရှားပြီးနောက် ချုပ်ပျောက်သွား၍ မရှိတော့ခြင်းသဘော ဖြစ်ပါသည်။

အတ္ထိ၏သဘောမှာ အကြောင်းစုံ၍သာ ဖြစ်လာရသောသဘော ဖြစ်သည်။ ထိုအကြောင်းချုပ်ပျောက်လျှင် အတ္ထိသဘောလည်း ချုပ်ပျောက်ပါတော့သည်။

အတ္ထိနှင့်နတ္ထိတို့သည် ရှေ့နှင့်နောက်တစ်ဆက်တည်း မကွဲမကွာဖြစ်ပေါ်သည့် သဘာဝများ ဖြစ်ကြပါသည်။ အတ္ထိရှိမှ နတ္ထိရှိသည်။ အတ္ထိနှင့်နတ္ထိတို့ကား ဆန့်ကျင်ဘက်သဘောအဖြစ်ဖြင့် မကင်းကောင်းသည့်သဘော ၂-ခုဖြစ်သည်။

နိဗ္ဗာန်သည်ကား အကြောင်းတို့ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာအပ်သောတရား မဟုတ်ပါ။

ထို့ကြောင့် နိဗ္ဗာန်မှာ အတ္ထိသဘောမရှိ၊ အတ္ထိသဘောမရှိသဖြင့် အတ္ထိ၏တွဲဖက် နတ္ထိသဘောလည်း မရှိသောကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်းတို့၌ အကျုံးမဝင်ရတော့ပါ။

ပစ္စည်းဆိုသည်မှာ - ကူညီထောက်ပံ့သော သဘောတရားဖြစ်သည်။

ပစ္စယုပ္ပန်ဆိုသည်မှာ - ကူညီထောက်ပံ့ခြင်းခံယူသော သဘောတရား ဖြစ်သည်။

ပစ္စနိက်ဆိုသည်မှာ - ကူညီထောက်ပံ့ခြင်းကိုမခံယူဘဲ ဆန့်ကျင်ဘက်ပြု ၍နေသော သဘောတရားဖြစ်သည်

- နိဗ္ဗာန်သည် အမြဲတမ်းပစ္စနိက်ဖြစ်သည်။
- ၂၄-ပစ္စည်းဖြင့်ကြည့်လျှင် မည်သူ၏အကူအညီကိုမျှ မခံသေး၊ တစ်ခါတစ်ရံ ပစ္စည်းဖြစ်သော်လည်း ပစ္စယုပ္ပန်ကားမဖြစ်ပေ။ အမြဲတမ်းပစ္စနိက်ဖြစ်သည်။

## အတ္ထိပစ္စည်း ၅-မျိုး

၁။ သဟဇာတအတ္ထိ - အတူဖြစ်၍ရှိနေဆဲ ကူညီပေးသောပစ္စည်း။ ဤအတ္ထိပစ္စည်းမျိုးသည် သဟဇာတပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန်အားလုံးတူညီသည်။

၂။ ပုရေဇာတအတ္ထိ - ပစ္စည်းရော-ပစ္စယုပ္ပန်ပါ ပုရေဇာတပစ္စည်းနှင့်တူသည်။

၃။ ပစ္ဆာဇာတအတ္ထိ - ပစ္စည်းရော-ပစ္စယုပ္ပန်ပါ ပစ္ဆာဇာတပစ္စည်းနှင့်တူသည်။

၄။ ရူပအာဟာရအတ္ထိ- ပစ္စည်းရော-ပစ္စယုပ္ပန်ပါ ရုပ်အာဟာရပစ္စည်းနှင့် တူသည်။

၅။ ရူပဇီဝိတိန္ဒြိယ - ပစ္စည်းရော-ပစ္စယုပ္ပန်ပါ ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် အားလုံးတူသည်။

## နတ္ထိပစ္စည်း

- မိမိမရှိသောအခါမှ ကျေးဇူးပြုသောပစ္စည်း။
- အတ္ထိပစ္စည်း၏ဆန့်ကျင်ဘက်ဖြစ်သည်။

- မူလအစကပင် ဘာမျှမရှိခြင်း၊ အဘာဝပညတ်ကိုနတ္ထိဟူ၍ ခေါ်ခြင်းမဟုတ်ပါ။
- ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသောနာမ်တရားတို့ နာမ်သက်စေ၍ ချုပ်ငြိမ်းသွားခြင်းကို နတ္ထိပစ္စည်းကျေးဇူးပြုသည်ဟု ဆိုပါသည်။
- ဥပမာ-စက္ခုဝိညာဏဝီထိ၌ စက္ခုဝိညာဏ်စိတ်ချုပ်သွား၍ သမ္ပဋိစ္ဆိုင်း ဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်း၊ သမ္ပဋိစ္ဆိုင်းချုပ်၍ သန္တီရဏဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်းပင်ဖြစ်ပါသည်။
- ဤသို့လျှင် ချုပ်လေပြီးသော ရှေးရှေးစိတ်များက နောက်နောက်စိတ်တို့အား ဖြစ်ပေါ်ရန်အခွင့်ပေးသောအားဖြင့် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်း၏ သတ္တိပင်ဖြစ်သည်။
- ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ရန်ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီးငြိမ်းခြင်းသည် အမှောင်ဖြစ်ရန်ကျေးဇူးပြုသကဲ့သို့လည်းကောင်း မရှိခြင်း သဘောအားဖြင့် ကျေးဇူးပြုမှုသည် နတ္ထိပစ္စည်းမည်၏။

နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းကဲ့သို့ပင် ရှေးရှေးစိတ်က နောက်နောက်စိတ်များအား ကျေးဇူးပြုသောပစ္စည်းဖြစ်သည်။ ထို့ကြောင့် ပစ္စည်း-ပစ္စယုပ္ပန်-ပစ္စနိက်အားဖြင့် အနန္တရပစ္စည်းနှင့် လုံးဝတူညီသည်။

## ဝိဂတပစ္စည်း

- ကိုယ်တိုင်ကင်းကွာပြီးမှ ကူညီသောပစ္စည်း။
- နတ္ထိ=မရှိခြင်းနှင့် ဝိဂတ=ကင်းပျောက်သွားခြင်းတို့သည် အဓိပ္ပာယ်အားဖြင့် မကွဲပြားပါ။
- ချုပ်ငြိမ်းလေပြီးသောဆီမီးသည် အမိုက်မှောင်ဖြစ်ပေါ်စေရန် အခွင့်ပေးသကဲ့သို့ မိမိ၏မရှိခြင်းမျှဖြင့် နောက်တရားများဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်းသည် နတ္ထိ။
- နေရောင်ကင်းပျောက်သွားခြင်းသည် လရောင်လင်းရန် ကျေးဇူးပြုသကဲ့သို့ မိမိ၏သဘောသတ္တိမကင်းပျောက်သေး၍ ဖြစ်ခွင့်မရသေးသော နောက်

တရားတို့အား မိမိ၏သဘောသတ္တိကင်းပျောက်ခြင်းအားဖြင့် ဖြစ်ခွင့်ရရန် ကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်းမည်ပါသည်။

- ဤ ၂-ပါး၌ ငြိမ်းလေပြီးသောဆီမီးမရှိပုံမှာ မီးတောက်နှင့်တကွ ဆီမီး ရောင်ပါမရှိခြင်းကို နတ္ထိ ဟုဆိုပါသည်။
- နေရောင်ကင်းပျောက်သွားပုံမှာ နေရောင်ကင်းပျောက်သွားငြားသော်လည်း နေမှာပျောက်ပျက်မသွားချေ။ ထိုကဲ့သို့ ကင်းပျောက်၍မရှိပုံကို ဝိဂတ ဟုဆိုပါသည်။

## အဝိဂတပစ္စည်း

- မကင်းကွာသေးမီ အကူအညီပေးသောပစ္စည်း။
- အဝိဂတ ၅-မျိုးဖြစ်သော သဟဇာတအဝိဂတ၊ ပုရေဇာတအဝိဂတ၊ ပစ္ဆာဇာတအဝိဂတ၊ အာဟာရအဝိဂတ၊ ဣန္ဒြိယအဝိဂတ ၅-မျိုး လုံး၏ပစ္စည်း-ပစ္စယုပ္ပန်တို့သည် အတ္ထိပစ္စည်းနှင့်တူပါသည်။

## ပစ္စည်းအားလုံးသိမ်းကျုံးယူပုံ

၂၄-ပစ္စည်းအားလုံးတို့ကို စုပေါင်းသိမ်းကျုံးယူမည်ဆိုပါက-

- အာရမ္မဏ
- ဥပနိဿယ
- ကမ္မ
- အတ္ထိ

ဤ ၄-ပစ္စည်းတို့၌ ထိုက်သည့်အားလျော်စွာ ပေါင်းစုပါဝင်ကြပါသည်။

သဟဇာတမျိုးအားလုံးတို့၌အသုံးပြုသော သဟဇာတရုပ် (အတူတကွဖြစ်ဖက် ရုပ်)တို့မှာ-

- ပဝတ္တိအခါ စိတ်ကြောင့်ဖြစ်သောရုပ် (စိတ္တဇရုပ်) ဟုခေါ်သည်။
- ပဋိသန္ဓေအခါ ကံကြောင့်ဖြစ်သော ကဋတ္တာရုပ်(ကမ္မဇရုပ်) ဟုခေါ်ကြောင်း သင်္ဂဟဆရာက ဆိုပါသည်။

## ၂၄-ပစ္စည်းကို ကာလအားဖြင့် ဝေဖန်ပုံ

**(က)ပစ္စုပ်-ဆယ်ငါး (ပစ္စုပ္ပန် ၁၅-ပစ္စည်း)**

ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ

**(ခ)တိတ်ကားငါးလီ (အတိတ် ၅-ပစ္စည်း)**

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ

**(ဂ)ယင်းကိုမှီ၊ တလီပစ္စယ (ပစ္စုပ္ပန်+အတိတ် ၂-ပါး၊ ၁-ပစ္စည်း)**

ကမ္မပစ္စည်း

ထိုပစ္စည်း၌ - သဟဇာတကမ္မပစ္စည်းသည် ပစ္စုပ္ပန်

- နာနာက္ခဏိကကမ္မပစ္စည်းသည် အတိတ်

ထို့ကြောင့် ကာလ ၂-ပါးမှီသဖြင့် ဒွိကာလိကပစ္စည်း ဟူ၍ခေါ်ပါသည်။

**(ဃ)ကာလ ၃-ပါး၊ ဝိမုတ်ထား၊ သုံးပါးပစ္စယ=၃-ပစ္စည်း**
**(ကာလ ၃-ပါးမှာလည်းဖြစ်-ကာလ ၃-ပါးမှ လွတ်သောပစ္စည်း)**

အာရမ္မဏ ၊ အဓိပတိ ၊ ဥပနိဿယ

## ၂၄-ပစ္စည်းကို သင်္ခတ-အသင်္ခတခွဲပုံ

သင်္ခတ = ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား ၄-ပါး ပြုပြင်ခံရသောတရား၊

အသင်္ခတ= ယင်း ၄-ပါး ပြုပြင်မခံရသောတရား၊

**(က)သင်္ခတ၊ အသင်္ခတရသောပစ္စည်း ၃-ပါး**

- အာရမ္မဏ + အဓိပတိ + ဥပနိဿယ

**(ခ)သင်္ခတပစ္စည်း ၂၁-ပါး**

- ကြွင်း ၂၁-ပစ္စည်း

## ၂၄-ပစ္စည်းကို အဇ္ဈတ္တ + ဗဟိဒ္ဓခွဲပုံ

**အဇ္ဈတ္တ-ဗဟိဒ္ဓ ၂-မျိုးရ ပစ္စည်း ၁၀-ပါး**

အာရမ္မဏ ၊ အဓိပတိ ၊ သဟဇာတ ၊ အညမည ၊ နိဿယ ၊ ဥပနိဿယ ၊ ပုရေဇာတ ၊ အာဟာရ ၊ အတ္ထိ ၊ အဝိဂတ

**အဇ္ဈတ္တသာရသောပစ္စည်း ၁၄-ပါး**

- ကျန် ၁၄-ပစ္စည်း

## ဇနက-ဥပတ္ထမ္ဘကအားဖြင့်ဝေဖန်ပုံ

**ဇနကပစ္စည်း (ဖြစ်စေရုံသာဖြစ်စေတတ်သောပစ္စည်း) ၅-ပစ္စည်း**

- အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ

**ဥပတ္ထမ္ဘက (ထောက်ပံ့ရုံသာထောက်ပံ့စေတတ်သောပစ္စည်း)**

- ပစ္ဆာဇာတ

**ဇနက + ဥပတ္ထမ္ဘက ၂-မျိုးရပစ္စည်း**

- ကျန် ၁၈-ပစ္စည်း

## ဘုံအားဖြင့်ဝေဖန်ပုံ

**(က)ကာမဝေါဟာရဘုံ၌ ၇-ပစ္စည်း**

- သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ

**(ခ)စတုဝေါကာရဘုံ၌ ၁-ပစ္စည်း**

- ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တကြဉ် ကျန် ၂၁-ပစ္စည်း၊

**(ဂ)ပဉ္စဝေါကာရဘုံ၌ ၂၄-ပစ္စည်း**

- ၂၄-ပစ္စည်းလုံးရသည်။

# ပညတ်ခန်း
## (ရုပ်၊ နာမ်၊ ပညတ်ခွဲပုံ)

ရုပ်ဟူသည် - ရူပက္ခန္ဓာ (ရုပ် ၂၈-ပါး)
နာမ်ဟူသည် - နာမက္ခန္ဓာ ၄-ပါး (စိတ်၊ စေတသိက်၊ နိဗ္ဗာန်)
ပညတ်ဟူသည် - (က)အပြားအားဖြင့် သိစေအပ်သော အတ္ထပညတ်၊
(ခ)အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်၊

(ပရမတ္ထသစ္စာမျိုးမဟုတ်၊ လောကီ၌ သတ်မှတ်ထား သမုတ်ထားသော၊ အမည်ပေးထားသော အမှန်တရား (လောကသမုတိသစ္စာ)ကို ပညတ်ဟု ခေါ်ပါသည်။)

## ပညတ်အပြား ၂-မျိုး

၁။ အတ္ထပညတ် - အကောင်အထည် (ဒြပ်)ရှိပြီး ဆိုင်ရာနာမပညတ်ဖြင့် သိစေအပ်၊ ခေါ်ဝေါ်အပ်သော အနက်သဘောသည် အတ္ထပညတ်၊

၂။ သဒ္ဒပညတ် - အမည်(နာမ)အသံသဘောသည် ခေါ်ကြောင်းသိကြောင်း သဒ္ဒါသဘောဖြစ်သောကြောင့် သဒ္ဒပညတ်(နာမပညတ်)၊

ဥပမာ - လှည်းဟူသောအမည်သည် လှည်းဟုဆိုအပ်သော အရာဝတ္ထု၏ ပုံပန်းသဏ္ဌာန်အနက်သဘောကို သိစေတတ်သောကြောင့် သဒ္ဒပညတ် မည်၏။ "လှည်း"ဟူသော အနက်သဘောကား လှည်းဟုဆိုလိုက်သော သဒ္ဒပညတ်ဖြင့် သိစေအပ်သောကြောင့် အတ္ထပညတ် မည်၏။

သဒ္ဒပညတ်ဟူသည် ထင်ရှားရှိသောသဘောတရားတို့ကို အစွဲပြု၍ အခြင်းအရာအားဖြင့် ကြံဆ၍ ခေါ်ဝေါ်အသိမှတ်ပြုကာ သိစေခြင်းမျှသာ ဖြစ်ပါသည်။

ပရမတ္ထတရား၏ အရိပ်များကို အစွဲပြု၍ ခေါ်ဝေါ်နေခြင်းဖြစ်သည်။

အတ္ထပညတ်သည် ထင်ရှားမရှိသော်လည်း သိစရာတစ်ခုပင် ဖြစ်ပါသည်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ထင်ရှားရှိသော သဘောတရားတို့၏ အရိပ်ဖြစ်သည်။

# အတ္ထပညတ်အပြား

၁။ **သဏ္ဌာနပညတ်** - မြေ၊ တောင် အစရှိသောပညတ်၊
မဟာဘုတ်တို့၏ အထူးထူးအဖုံဖုံဖြစ်တည်ပုံ အခြင်းအရာတို့ကိုစွဲ၍ အစွဲပြု၍ ခေါ်ဝေါ်ပညတ်အပ်သော မြေကြီး၊ တောတောင်၊ မြစ် စသည်တို့ ဖြစ်သည်။ (လူတို့ဆောင်ရွက်လုပ်ကိုင်ခြင်းမရှိသော အလိုအလျောက် ဖြစ်ပေါ်နေသည့် မြေ၊ တော၊ တောင်၊ မြစ်၊ ကန်၊ ချောင်း၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ သက်တန့် စသည်တို့သည် အတ္ထပညတ်များ ဖြစ်ကြသည်။ သဘာဝပညတ် ဟု ခေါ်ဆိုနိုင်ပါသည်။)
- အမှန်အမှား ပရမတ္ထတရား၏ အရိပ်မျှသာ ဖြစ်သည်။

၂။ **သမူဟပညတ်** - အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး စသော ပညတ်၊
- သစ်၊ မြေစိုင်၊ ချည် အစရှိသော အရာဝတ္ထုတို့၏ စုဝေးသော အခြင်းအရာကို အစွဲပြု၍ ခေါ်ဝေါ်ပညတ်အပ်သော အိမ်၊ ရထား၊ လှည်း၊ အိုး၊ ပုဆိုး စသည်တို့ ဖြစ်သည်။ ဖန်တီးပညတ်ဟူ၍လည်း ခေါ်ဆိုသည်။

၃။ **ဇာတိပညတ်** - ယောက်ျား မိန်းမ အစရှိသောပညတ်၊
- ခန္ဓာငါးပါးအပေါင်းကိုအစွဲပြု၍ ခေါ်ဝေါ်ပညတ်အပ်သော ယောက်ျား၊ ပုဂ္ဂိုလ်၊ လူ၊ နတ် စသည်တို့ဖြစ်သည်။ (သတ္တပညတ်၊ ဥပါဒါပညတ်၊ ပုဂ္ဂိုလ်ပညတ် ဟူ၍လည်း ခေါ်ပါသည်။)

၄။ **ဒိသာ ကာလပညတ်** - အရှေ့အနောက်စသောပညတ်၊
- လ၊ နေတို့၏ လှည့်ပတ်သွားလာမှုကို အစွဲပြု၍ခေါ်ဝေါ်သော အရှေ့၊ အနောက်၊ နံနက်၊ ည စသော ကာလ စသည်တို့ ဖြစ်သည်။

၅။ **အာကာသပညတ်** - တွင်း၊ လိုဏ်ခေါင်း၊ ဟင်းလင်းပြင် စသော ပညတ်၊
- မဟာဘုတ်တို့၏ မထိစပ်သည်ကို အစွဲပြု၍ ခေါ်ဝေါ်သော တွင်း၊ လိုဏ် စသော ဟင်းလင်းအရပ်၊ အာကာသကောင်းကင် စသည်တို့ ဖြစ်သည်။

၆။ **နိမိတ္တပညတ်** - ကသိုဏ်း၊ အသုဘ၊ ဥဂ္ဂဟနိမိတ် စသော ပညတ်၊
- ပွားများအပ်သော ဘာဝနာအစဉ်အားဖြင့် ထင်လာသော အခြင်းအရာကို အစွဲပြု၍ ခေါ်ဝေါ်ပညတ်အပ်သော ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်၊ ဥဂ္ဂဟ နိမိတ်၊ ပဋိဘာဂနိမိတ် စသည်တို့ ဖြစ်သည်။

ဤမြေ၊ တောင်၊ လူ၊ နတ် စသော ပညတ်တို့သည် ပရမတ်အားဖြင့် ထင်ရှား မရှိပေ။ မြေသည် အဋ္ဌကလာပ်ရုပ်များသာ ဖြစ်သည်။ လူ၊ နတ်ဆိုသည်မှာလည်း ရုပ်နာမ်မျှသာဖြစ်သည်။

ဤသို့ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထ၏ အရိပ်အယောင် အတုဟူသော အခြင်းအရာအားဖြင့် စိတ်၊ စေတသိက်တို့၏ အာရုံဖြစ်၍ ဖြစ်သော အတ္ထပညတ်ကို ထိုသို့သော အခြင်းအရာကို အကြောင်းပြု၍ ကြံဆ၍ ကောင်းစွာ ပြောဆို ရေတွက်အပ်သည်။ အများက အညီအညွတ် သဘောတူ အသိမှတ်ပြု သမုတ် အပ်သည်။ ခေါ်ဝေါ်သုံးစွဲအပ်၏။ အပြားအားဖြင့် သိစေအပ်သည်။

ထို့ကြောင့် ထိုအရာများကို အတ္ထပညတ်ဟူ၍ဆိုအပ်ပါသည်။

## သဒ္ဒပညတ်

အတ္ထပညတ်တို့ကို အပြားအားဖြင့် သိစေတတ်သည်၏အဖြစ်ကြောင့် သဒ္ဒ ပညတ်မည်၏။ ထိုသဒ္ဒပညတ်သည်-

(က) အမည်အားဖြင့် ၆-ပါး

(ခ) အပြားအားဖြင့် ၆-ပါး ရှိသည်။

## အမည် (နာမ) ၆-ပါး

၁။ နာမ - အနက်၌ ညွှတ်တတ်သောအမည်၊

၂။ နာမကမ္မ - အနက်၌ညွှတ်သည်ဖြစ်၍ မှည့်အပ်၊ ပြုအပ်သောအမည်၊

၃။ နာမဓေယျ - အနက်၌ ညွှတ်တတ်သည်ဖြစ်၍ ထားအပ်သောအမည်၊

၄။ နာမနိရုတ္တိ - ထုတ်၍ဆိုအပ်သော ဝိဂြိုဟ်ဟူသောအမည်၊

၅။ နာမဗျဉ္ဇန - အနက်ကိုပြတတ်သော ဝါကျဟုဆိုအပ်သောပညတ်၊

၆။ နာမအဘိလာပ - ရှေ့ရှုအနက်ကိုဟောတတ်သောသဒ္ဒါဟု ဆိုအပ်သော အမည်။

## သဒ္ဒပညတ်အပြား

**၁။ ဝိဇ္ဇမာနပညတ်** - ပရမတ္ထအားဖြင့် ထင်ရှားရှိသောပညတ်၊ (ရုပ်တရား၊ နာမ်တရားများ၏အမည်၊ ဖဿ၊ ဝေဒနာ၊ ပထဝီ၊ အာပေါစသည်)

**၂။ အဝိဇ္ဇမာနပညတ်** - ပရမတ္ထအားဖြင့် ထင်ရှားမရှိသောပညတ်၊ (မြေကြီး၊ တောင်၊ ယောကျ်ား၊ မိန်းမစသည်)

**၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** - ပရမတ်အားဖြင့် ထင်ရှားရှိ၊ မရှိသောပညတ်၊ (ပညာဝါပုရိသော=ပညာရှိသောယောကျ်ား)

ပညာဝါ = ဝိဇ္ဇမာန

ပုရိသော = အဝိဇ္ဇမာန

**၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** - ပရမတ်အားဖြင့် ထင်ရှားမရှိ၊ ရှိသောပညတ်၊ (ဣတ္ထိသဒ္ဒ = မိန်းမအသံ)

ဣတ္ထိ = အဝိဇ္ဇမာန

သဒ္ဒ = ဝိဇ္ဇမာန

**၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** - ပရမတ်အားဖြင့် ထင်ရှားရှိသော အနက်နှစ်ရပ်ကို ရောစပ်၍သိစေတတ်သော သဒ္ဒပညတ်၊ (စက္ခုဝိညာဏံ=မျက်စိ၌မှီသောအသိစိတ်၊)

စက္ခု = ဝိဇ္ဇမာန

ဝိညာဏ = ဝိဇ္ဇမာန

**၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**- ပရမတ်အားဖြင့် ထင်ရှားမရှိသောအနက်နှစ်ရပ်ကို ရောစပ်၍ သိစေတတ်သော သဒ္ဒပညတ်၊ (ရာဇပုတ္တော= မင်းသား)

ရာဇ = အဝိဇ္ဇမာန
ပုတ္တ = အဝိဇ္ဇမာန

<u>ထပ်မံရှင်းပြချက်</u>

၁။ **ဝိဇ္ဇမာနပညတ်** - မူလသဘာဝကို မစွန့်မူ၍ မဖောက်ပြန်ဘဲ ထင်ရှားရှိသောရုပ်၊ ဝေဒနာ အစရှိသည်ကို ရုပ်-ဝေဒနာဟူသော အမည်ဖြင့်ပင် သိစေကြသည်။

- အမည်အားလုံးသည် ပညတ်ဖြစ်သည်။
- ရုပ်၊ ဝေဒနာသည် ထင်ရှားရှိသောပညတ် ဖြစ်သည်။
- ထင်ရှားရှိသောစကားလုံးပေါ်တွင် သုံးနှုန်းထားသောကြောင့် ဝိဇ္ဇမာနပညတ် ဟုခေါ်ဆိုပါသည်။
- ရုပ်သည် ထင်ရှားရှိသော ပရမတ္ထတရားဖြစ်သည်။ ပရမတ္ထအားဖြင့် ထင်ရှားရှိနေသည့်အပေါ်တွင် မှည့်ခေါ်ထားသည့် အားလုံးသောပညတ်များသည် ဝိဇ္ဇမာန ဖြစ်သည်။
- ကိုယ်ပူသည်၊ မီးပူသည်၊ နေပူသည် စသည်ဖြင့် အပူဓာတ်သည် ထင်ရှားရှိ၏။ တကယ်စင်စစ်ရှိသော အပူဓာတ်ပေါ်တွင် မှည့်ထားသည်။ တေဇောစသော စကားလုံးများသည် ဝိဇ္ဇမာနပညတ်ဖြစ်သည်။ ဝဏ္ဏ၊ သဒ္ဒ စသော နာမည်အားလုံးသည် ဝိဇ္ဇမာနပညတ်ဖြစ်သည်။

၂။ **အဝိဇ္ဇမာနပညတ်** - ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မြေ၊ တော၊ တောင် အစရှိသည်တို့ကို မြေ၊ တော၊ တောင်ဟူသောအမည်ဖြင့် သိစေကြသည်။

- မြေ၊ တော၊ တောင်၊ စားပွဲ၊ စာအုပ် စသောအမည်များသည် တစ်ဦးနှင့်တစ်ဦး သိစေရုံမျှသာ ခေါ်ဝေါ်ထားသည်။
- တကယ်စင်စစ် ရှိသည်ကို ခေါ်ထားသည်မဟုတ်၊ တကယ် မရှိသောအရာများ ဖြစ်သည်။ ထိုတကယ်မရှိသည်များကို တစ်ဦးနှင့် တစ်ဦး သိရှိနားလည်စေရန် ခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။

- ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်များကို ပုံစံအလိုက် မှည့်ခေါ်ထားခြင်းသည် အဝိဇ္ဇမာနပညတ်ဖြစ်သည်။
- ဖောင်တိန်ဟုပြောရာတွင် ဖောင်တိန်၏ပုံစံသည် အတ္ထပညတ်(ဖန်တီးပညတ်) ဖြစ်သည်။ ဖောင်တိန်ဟူသော နာမည်ကား အဝိဇ္ဇမာနသဒ္ဒပညတ်ဖြစ်သည်။
- ကလေးဟုဆိုရာဝယ်-
  - ကလေး၏သဏ္ဌာန် = အတ္ထပညတ် (ပုဂ္ဂလပညတ်)
  - ကလေးဟူသောနာမည် = အဝိဇ္ဇမာနသဒ္ဒပညတ်၊
- အရှေ့ဟုဆိုရာဝယ်-
  - နေရာအရှေ့သည် = အတ္ထပညတ် (ဒိသာပညတ်)
  - အရှေ့ဟူသောနာမည်သည်= အဝိဇ္ဇမာနသဒ္ဒပညတ်၊

၃။ **ဝိဇ္ဇမာနေန၊ အဝိဇ္ဇမာနပညတ်** - ထင်ရှားရှိခြင်းဖြင့် ထင်ရှားမရှိသောအရာကို မှည့်ခေါ်ထားသော နာမည်စကားလုံးဖြစ်သည်။

ဥပမာ - အဘိညာဉ်ရှိသူ
- အဘိညာဉ်သည် တကယ်ရှိသောပရမတ်ဖြစ်သည်။ အကြမ်းအားဖြင့် စိတ်ကိုဆိုလိုပြီး အနုစိတ်အားဖြင့် ပညိန္ဒြေစေတသိက် ဖြစ်သည်။
- အဘိညာဉ်ရှိသူသည်ကား ထင်ရှားမရှိတော့ပေ။

၄။ **အဝိဇ္ဇမာနေန၊ ဝိဇ္ဇမာနပညတ်** - ထင်ရှားမရှိခြင်းဖြင့် ထင်ရှားရှိသောအရာကို မှည့်ခေါ်ထားသော နာမည်စကားလုံး ဖြစ်သည်။

ဥပမာ - မိန်းမအသံ (ဣတ္ထိသဒ္ဒ)
- မိန်းမသည် တကယ်မရှိသောပညတ်ဖြစ်သည်။ အသံသည်ကား ထင်ရှားသော ပရမတ်တရားဖြစ်သည်။
- တကယ်စင်စစ်မရှိခြင်းဖြင့် ရှိခြင်းကိုမှည့်ခေါ်ထား၍ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်ဖြစ်ပါသည်။

၅။ **ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်** - ထင်ရှားရှိခြင်းဖြင့် ထင်ရှားရှိသောအရာကို မှည့်ခေါ်ထားသော နာမည်စကားလုံးဖြစ်သည်။

ဥပမာ - စက္ခုဝိညာဏ် = မျက်စိအသိစိတ်၊

- စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်ဓာတ်သည် တကယ်စင်စစ် ထင်ရှားရှိသည်။
- ဝိညာဏ်ဟုခေါ်သောအသိစိတ်သည်လည်း ထင်ရှားရှိ၏။
- လေသံဟုဆိုရာဝယ်-
  လေဟူသောဝါယောသည် စင်စစ်ရှိ၏။
  အသံဟူသောသဒ္ဒသည် ထင်ရှားရှိသည်။
- ဤသို့ထင်ရှားရှိခြင်းဖြင့် ထင်ရှားရှိသောအရာကို မှည့်ခေါ်ထားပါသည်။

၆။ **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** - ထင်ရှားမရှိခြင်းဖြင့် ထင်ရှားမရှိသောအရာကို မှည့်ခေါ်ထားသော နာမည်စကားလုံး ဖြစ်သည်။

ဥပမာ - မင်းသား

- မင်းသည်လည်းထင်ရှားမရှိ၊
- သားသည်လည်းထင်ရှားမရှိ၊

- အလားတူ စာမျက်နှာ၊ ရန်ကုန်သူ၊ စားပွဲပေါ်၊ အိပ်ရာအောက်၊ ကျွန်ုပ်သမီး စသည်တို့သည် ထင်ရှားမရှိခြင်းဖြင့် ထင်ရှားမရှိသည့်အရာများကို မှည့်ခေါ်ထားသော အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်များ ဖြစ်ကြပါသည်။

## ပညတ် ၂-ပါးသိရပုံ

လူဟူသော အသံတစ်ခုကို ကြားရာဝယ်-

- ထိုလူဟူသောစကားသံ (ပစ္စုပ္ပန်သဒ္ဒါရုံ)ကို အစဉ်လိုက်၍ဖြစ်သော သောတဝိညာဏဝီထိသည် ပထမဖြစ်သည်။

- ထို့နောက် ချုပ်သွားပြီးဖြစ်သော ထိုလူ-ဟူသောအသံ (အတိတ်သဒ္ဒါရုံ)ကို အာရုံပြု၍ ရှေးဝီထိနောက်သို့ အစဉ်လိုက်၍ဖြစ်သော (တဒနုဝတ္တက) မနောဒွါရဝီထိ ဖြစ်သည်။
- ထိုဝီထိတို့၏ အခြားမဲ့၌ လူဟူသောအမည်နာမ၊ နာမပညတ် (ဝါ)သဒ္ဒပညတ်ကိုအာရုံပြု၍သိသော နာမဂ္ဂဟဏဝီထိသည်ဖြစ်သည်။
- ထိုနောက်မှ လူသဏ္ဍာန်ဒြပ်၊ အကောင်အထည်ကြီး စိတ်မျက်စိထဲ၌ ပေါ်လာသော အသွင်သဏ္ဍာန်ဒြပ်ကိုယူသော မနောဒွါရဝီထိ(အတ္ထဂ္ဂဟဏဝီထိ) သည် ဖြစ်၏။
- ထိုဝီထိ ၄-မျိုးဖြစ်ရာတွင်-

ပထမဝီထိဖြင့် - အသံကြားရုံဝီထိ၊

ဒုတိယဝီထိဖြင့် - ကြားရသောအသံကို ထပ်၍အာရုံပြုသောဝီထိ၊
(နာမပညတ်၊ အတ္ထပညတ်တို့ကို မသိရသေးပါ။)

တတိယဝီထိဖြင့် - သဒ္ဒပညတ်၊ နာမပညတ်ကို သိရသောဝီထိဖြစ်သည်။

စတုတ္ထဝီထိဖြင့် - အတ္ထပညတ်ကို သိရသောဝီထိဖြစ်သည်။

(တတိယ၊ စတုတ္ထဝီထိစိတ်တို့ဖြင့် ပညတ် ၂-မျိုးကို သိရသည်ဟူ၍ မှတ်ရပါမည်။)

## သဒ္ဒပညတ် (နာမပညတ်)ဖြစ်ပေါ်လာပုံ

ကမ္ဘာဦးအစတွင် အတ္ထပညတ် (ဒြပ်၊ သဏ္ဍာန်)တို့သာရှိသေးသည်။ နာမည်မရှိသေးပါ။

နောက်ပိုင်းတွင်မှ ပညာရှိတို့က မြေအစိုင်အခဲကြီးကို မာကြောသောသဘောရှိသောကြောင့် ပါဠိလို ပထဝီ-ဟူ၍လည်းကောင်း၊ ဘူမိဟူ၍လည်းကောင်း၊ မြန်မာလို မြေကြီးဟူ၍လည်းကောင်း ဆိုင်ရာလူမျိုးအလိုက် သတ်မှတ်ခေါ်ဝေါ်ကြသဖြင့် သဒ္ဒပညတ် (နာမပညတ်)ပေါ်လာရပါသည်။ မရေမတွက်နိုင်သောအမည်များ အသီးသီး ပေါ်လာရပါသည်။

တဒနုဝတ္တကမနောဒွါရဝီထိ၏အခြားမဲ့၌ နာမဂ္ဂဟဏဝီထိဖြစ်သည်ဟုဆိုသော်လည်း စာအုပ် စသောအသံများကိုကြားရာ၌ကား ''စာ''ဟူသောအသံနှင့် ''အုပ်''

ဟူသောအသံ ၂-ရပ်ပေါင်းကို ပေါင်းစပ်အာရုံပြုသော သမူဟဂ္ဂဟဏအနုဗန္ဓက မနော ဒွါရဝီထိဖြစ်ပြီးမှ နာမဂ္ဂဟဏဝီထိဖြစ်သည်။

နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိတို့တွင်လည်း-

- နားထောင်သူ (ကြားရသူ)မဟုတ်ဘဲ ပြောဆိုသူဖြစ်ပါက အတ္ထဂ္ဂဟဏဝီထိ အလျင်ဖြစ်ပြီး နာမဂ္ဂဟဏဝီထိက နောက်မှဖြစ်သည်။
- မြင်ခြင်း၊ နံခြင်း၊ အရသာသိခြင်း၊ တွေ့ထိခြင်းကိစ္စတို့၌လည်း အတ္ထဂ္ဂဟဏ ဝီထိဖြစ်ပြီးမှ နာမဂ္ဂဟဏဝီထိဖြစ်ပါသည်။
- မြင်ရ-ကြားရသည်တို့မှာ ပရမတ်ဖြစ်သောရူပါရုံ၊ သဒ္ဒါရုံတို့၏ ဇောနဲ့ဖြစ် သော်လည်း နာမ်ခေတ်(အသိ)အချို့လှည့်စား၍ သတ္တဝါတို့သန္တာန်၌ ပညတ်များ သာ ထင်ရှားပေါ်လွင်နေသည်ကို သိနိုင်ပါသည်။

## သစ္စာ ၂-ပါး

၁။ ပရမတ္ထသစ္စာ- စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့၏ မိမိတို့သဘော၌ မှန်ကန်မှုသည် ပရမတ္ထသစ္စာ၊

၂။ သမ္မုတိသစ္စာ- ပညတ်တို့၏ မိမိတို့ပညတ်နယ်၌ မှန်ကန်မှုသဘောသည် သမ္မုတိ သစ္စာ၊

* * * *

# ကမ္မဋ္ဌာန်းပိုင်း

ကမ္မဋ္ဌာန = ကမ္မဿ + ဋ္ဌာနံ = ကမ္မဋ္ဌာနံ

ကမ္မဿ - သမထ-ဝိပဿနာဘာဝနာကို ပွားများအားထုတ်မှု၏

ဋ္ဌာနံ - တည်ရာအာရုံသည်

ကမ္မဋ္ဌာနံ - ကမ္မဋ္ဌာန်းမည်၏။

- သမထ-ဝိပဿနာလုပ်ငန်း၏တည်ရာဌာန(အာရုံ)ကို ကမ္မဋ္ဌာန်းဟုခေါ်ပါသည်။

**သမထကမ္မဋ္ဌာန်း** - သမာဓိ၊ ဈာန်တရားရရန် နီဝရဏတရားတို့ငြိမ်းအောင် အားထုတ်သောကမ္မဋ္ဌာန်း -၄၀-လုပ်ငန်းအာရုံကို သမထကမ္မဋ္ဌာန်းဟု ခေါ်သည်။

တရားကိုယ်မှာ - လောကီကုသိုလ်၊ ကြိယာစိတ်များ၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်ဖြစ်သည်။

(ဤသမထဘာဝနာအားထုတ်လျှင် မဟဂ္ဂုတ်ဈာန်များရနိုင်ပါသည်။)

**ဝိပဿနာကမ္မဋ္ဌာန်း** - မဂ်-ဖိုလ်ရရန် ရုပ်-နာမ်တို့ကို အနိစ္စ-ဒုက္ခ-အနတ္တ ဟု လက္ခဏာတင်ကာရှုတတ်သော ဉာဏ်ပညာကို ဝိပဿနာကမ္မဋ္ဌာန်းဟု ခေါ်ပါသည်။

တရားကိုယ်မှာ - မဟာကုသိုလ်၊ မဟာကြိယာစိတ်များ၌ရှိသော ပညိန္ဒြေစေတသိက် ဖြစ်ပါသည်။

(ဤဝိပဿနာကိုပွားများလျှင် မဂ်-ဖိုလ်ကိုရနိုင်ပါသည်။)

**ဘာဝနာ** - လွန်စွာအကျိုးများသဖြင့် မိမိသန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သောတရားကို ဘာဝနာ ဟု ခေါ်ပါသည်။

**ဘာဝနာပွားမှု** - ထိုဘာဝနာကို မိမိသန္တာန်၌ဖြစ်လာအောင်၊ ပွားများလာအောင် အားထုတ်မှုကို ဘာဝနာပွားသည် ဟု ခေါ်ပါသည်။

**သမထဘာဝနာ** - သမထကမ္မဋ္ဌာန်းများကိုပွားမှု

- ကာမစ္ဆန္ဒစသောနီဝရဏခပ်သိမ်းတို့ကို ကင်းငြိမ်းစေတတ်သော ဘာဝနာသည် သမထ၊

**ဝိပဿနာဘာဝနာ** - ဝိပဿနာကမ္မဋ္ဌာန်းများကိုပွားမှု

- အနိစ္စ စသောအခြင်းအရာအားဖြင့် အဖန်ဖန်ရှုခြင်းသည် ဝိပဿနာ၊

(ဘာဝနာနှစ်ပါးတည်ရာသည် ကမ္မဋ္ဌာန်း မည်ပါသည်။)

**- အကျိုးတရား၊ လွန်များပြား၊ ပွားများဖြစ်စေရာ၊ ဘာဝနာ**

**- ဘာဝနာဒွိ၊ သမ,ဝိ၊ ငြိမ်းနိ၊ ရှုနိစ္စာ။**

## သမထကမ္မဋ္ဌာန်း

**သမထဘာဝနာ-၄၀**

| | | |
|---|---|---|
| ၁။ ကသိဏ်း | - | ၁၀ ပါး |
| ၂။ အသုဘ | - | ၁၀ ပါး |
| ၃။ အနုဿတိ | - | ၁၀ ပါး |
| ၄။ အပ္ပမညာ | - | ၄ ပါး |
| ၅။ သညာ | - | ၁ ပါး |
| ၆။ ဝဝတ္ထာန် | - | ၁ ပါး |
| ၇။ အာရုပ္ပ | - | ၄ ပါး |
| | | ၄၀ ပါး |

**- ကသိုဏ်း၊ အသု၊ အနု၊ အပ္ပါ-ဝဏ္ဏာ၊**

**- သညာ-အာရုပ္ပါ၊ ဘာဝနာ၊ လေးဆယ်ကမ္မဋ္ဌာနာ။**

**ကသိုဏ်း - ၁၀**

ကသိဏ = အလုံးစုံ

- အလုံးစုံအကုန်အစင် တစ်ပြိုင်နက်တည်းမြင်လာအောင် ဆင်ခြင်ရှု ကြည့်သောအာရုံကို ကသိုဏ်းဟုခေါ်သည်။

| | | | |
|---|---|---|---|
| ၁။ ပထဝီကသိုဏ်း | = | မြေကသိုဏ်း-မြေဝိုင်းအာရုံ | ဘူတကသိုဏ်း ၄-ပါး |
| ၂။ အာပေါကသိုဏ်း | = | ရေကသိုဏ်း-ရေဝိုင်းအာရုံ | |
| ၃။ တေဇောကသိုဏ်း | = | မီးကသိုဏ်း-မီးဝိုင်းအာရုံ | |
| ၄။ ဝါယောကသိုဏ်း | = | လေကသိုဏ်း-လေအာရုံ | |
| ၅။ နီလကသိုဏ်း | = | အညိုရောင်ကသိုဏ်း-အညိုအဆင်းအာရုံ | ဝဏ္ဏကသိုဏ်း ၄-ပါး |
| ၆။ ပီတကသိုဏ်း | = | ရွှေဝါရောင်ကသိုဏ်း-ရွှေဝါအဆင်းအာရုံ | |
| ၇။ လောဟိတကသိုဏ်း | = | အနီရောင်ကသိုဏ်း-အနီအဆင်းအာရုံ | |
| ၈။ ဩဒါတကသိုဏ်း | = | အဖြူရောင်ကသိုဏ်း-အဖြူအဆင်းအာရုံ | |
| ၉။ အာကာသကသိုဏ်း | = | လဟာပြင်ကသိုဏ်း-အပေါက်အခေါင်း ဟင်းလင်းပြင်အာရုံ၊ | |
| ၁၀။ အာလောကကသိုဏ်း | = | အလင်းကသိုဏ်း-အလင်းရောင်အာရုံ၊ | |

**- မြေ, ရေ, မီး, လေ၊ ညို, ရွှေ, နီ, ဖြူ၊ ပေါက်, လင်း, ဟူ၊ ဆယ်ဆူ ကသိဏာ။**

**- ဝီ, အာ, တေ, ယော၊ နီ, ပီ, လော၊ ဩ, အာ-အာ- ကသိဏာ**

**အသုဘ- ၁၀**

အသုဘ = သေပြီးနောက်ဖြစ်ပေါ်လာသော မတင့်တယ်သော လူသေကောင်၏ ကိုယ်ခန္ဓာအမျိုးမျိုးကို အသုဘ ဟုခေါ်ပါသည်။

၁။ ဥဒ္ဓုမာတက = သေပြီး ၂-ရက်၊ ၃-ရက် အလွန်ဖူးဖူးရောင်ပွနေသော စက်ဆုပ် ဖွယ်ရာလူသေကောင်၊

၂။ **ဝိနီလက** = ညိုမည်းသောအဆင်းရှိလာသော စက်ဆုပ်ဖွယ်ရာ လူသေကောင်၊
၃။ ဝိပုဗ္ဗက = ပြည်တစိုစိုနှင့်ပေါက်ကွဲပြီး ခြေ၊ လက်၊ ခေါင်းပြတ်နေသော စက်ဆုပ်ဖွယ်ရာလူသေကောင်၊
၄။ ဝိစ္ဆိဒ္ဒက = ထက်-အောက်ပိုင်းဖြတ်ထားသော စက်ဆုပ်ဖွယ်ရာလူသေကောင်၊
၅။ ဝိက္ခာယိတက= ခွေးတို့ခဲစားထားအပ်၍ အပိုင်းပိုင်းပြတ်နေသော စက်ဆုပ်ဖွယ်ရာ လူသေကောင်၊
၆။ ဝိက္ခိတ္တက = လက်၊ ခြေ၊ ခေါင်းတို့ တစ်ခြားစီ ဖရိုဖရဲကျဲနေသော စက်ဆုပ်ဖွယ်ရာ လူသေကောင်၊
၇။ ဟတဝိက္ခိတ္တက=ဓားဖြင့်အပိုင်းပိုင်းစိတ်ဖြတ်ထားသော စက်ဆုပ်ဖွယ်ရာ လူသေကောင်၊
၈။ လောဟိတက= သွေးများယိုထွက်လိမ်းကျံနေသော စက်ဆုပ်ဖွယ်ရာ လူသေကောင်၊
၉။ ပုဠုဝက = ပိုးလောက်တို့ တဖွားဖွားကျနေသော စက်ဆုပ်ဖွယ်ရာလူသေကောင်၊
၁၀။အဋ္ဌိက = အရိုးစုမျှသာရှိသော လူသေကောင်၊

- **ဖူး၊ ညို၊ စီး၊ ဖြတ်၊ ခဲအပ်၊ ဖရို၊ စိတ်၊ ယို၊ ပိုးကျ၊ ရိုးစုမျှ၊ ဆယ်ဝအသုဘာ။**
**ဥဒ်၊ ဝိ၊ ပုဗ်၊ ဆိဒ်၊ ဝိက္ခာ-က္ခိတ်၊ ဟတဝိက္ခိတ္တာ။**
**လောဟိတ်၊ ပုဠု၊ အဋ္ဌိစု၊ ဆယ်ခု အသုဘာ။**

**အနုဿတိ ၁၀-ပါး**

အနု = အဖန်ဖန်အထပ်ထပ်
သတိ = အောက်မေ့ခြင်း၊ သတိရခြင်း
အနုဿတိ = အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်မှု(သတိ)ကို အနုဿတိ ဟုခေါ်ပါသည်။

၁။ ဗုဒ္ဓါနုဿတိ = ဘုရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၂။ ဓမ္မာနုဿတိ = တရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၃။ သံဃာနုဿတိ = သံဃာ့ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊

၄။ သီလာနုဿတိ = မိမိ၏သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၅။ စာဂါနုဿတိ = မိမိ၏စွန့်ကြဲမှုကို အဖန်ဖန်အောက်မေ့ခြင်း၊
၆။ ဒေဝတာနုဿတိ = နတ်တို့ကို သက်သေပြု၍ မိမိ၏ကုသိုလ်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၈။ မရဏာနုဿတိ = မိမိ၏သေရမည်ကို အဖန်ဖန်အောက်မေ့ခြင်း၊
၉။ ကာယဂတာသတိ = ၃၂-ကောဋ္ဌာသကို အဖန်ဖန်အောက်မေ့ခြင်း၊
၁၀။အာနာပါနဿတိ = ထွက်လေ၊ ဝင်လေကို စနစ်တကျအောက်မေ့ခြင်း။

- **ဗုဒ်၊ ဓ၊ သံ၊ လ၊ စာ၊ ဒေဝ၊ ဥပ၊ မရဏာ-ကာ-အာနာ။**
- **နုဿတိဆယ်ပါး၊ ချိန်မှန်ပွား၊ ခေါ်ကြားကမ္မဋ္ဌာနာ။**

**အပ္ပမညာ ၄-ပါး**

အပ္ပမညာ - ဤရွေ့ဤမျှ ဟု အတိုင်းအရှည်ပမာဏမထား၊ မခွဲခြားဘဲ သတ္တဝါတို့အပေါ်၌ထားသောတရားကို အပ္ပမညာဟုခေါ်ပါသည်။
၁။ မေတ္တာ - သတ္တဝါတို့ကို ချစ်ခင်မြတ်နိုး၊ ကောင်းကျိုးလိုလားခြင်း၊
၂။ ကရုဏာ- အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း၊
၃။ မုဒိတာ - အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်ခြင်း၊
၄။ ဥပေက္ခာ- သတ္တဝါပညတ်ကိုသာအာရုံပြု၍ လျစ်လျူရှုခြင်း။

(ဤ ၄-ပါးကိုပင် ဗြဟ္မာတို့၏နေခြင်းနှင့်တူသောကြောင့် ဗြဟ္မဝိဟာရတရားဟူ၍လည်းကောင်း၊ မြင့်မြတ်သောသူတို့၏ အကျင့်မျိုးဖြစ်သောကြောင့် ဗြဟ္မစိုရ်တရားဟူ၍လည်းကောင်း ခေါ်ပါသည်။)

**မစ်၊ ကရု၊ မု၊ ဥ၊ ပွားများမှု၊ ခေါ်မှူ အပ္ပမညာ။**

**အာဟာရေပဋိကူလသညာ ၁-ပါး**

အစာအာဟာရ စားဖွယ်သောက်ဖွယ်တို့၌ ရွံရှာဖွယ်ဟူ၍ မှတ်ထင်ပွားများခြင်းသည် အာဟာရေပဋိကူလသညာ မည်ပါသည်။

- **အာဟာရတွင်၊ ရွံဖွယ်မြင်၊ မှတ်ထင် ပဋိကူလသညာ။**

**စတုဓာတုဝဝတ္ထာန် - ၁-ပါး**

ခန္ဓာကိုယ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟု ဓာတ်ကြီးလေးပါးကို ဉာဏ်ဖြင့် ပိုင်းခြားဆင်ခြင်ခြင်းသည် စတုဓာတုဝဝတ္ထာန် မည်ပါသည်။

- **ဓာတ်ကြီးလေးအင်၊ ပိုင်းခြားမြင်၊ မှတ်ထင်စတုဓာ ဝဝတ္ထာ။**

**အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါး**

အရူပဈာန်ကိုရစေနိုင်သော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

၁။ အာကာသာနဉ္စာယတန - ကသိုဏ်းကိုခွာ၍ရအပ်သောအဆုံးမရှိသော ကောင်းကင်ပညတ်အာရုံ၊

၂။ ဝိညာနဉ္စာယတန - အဆုံးမရှိသော ပထမာရုပ္ပဝိညာဏ်အာရုံ၊

၃။ အာကိဉ္စညာယတန - ပထမာရုပ္ပဝိညာဏ်၏ တစ်စိုးတစ်စိ မရှိခြင်း၊ နတ္ထိဘောပညတ်အာရုံ၊

၄။ နေဝသညာနာသညာယတန- ရုန့်ရင်းသောသညာကားမရှိ၊ သိမ်မွေ့သောသညာကား မရှိမဟုတ်၊ ရှိသည်သာဖြစ်သော တတိယာရုပ္ပဝိညာဏ်အာရုံ။

**အာ၊ ဝိ၊ ကိဉ်၊ နေ၊ ဤလေးထွေ၊ မှတ်လေအာရုပ္ပါ။**

**ပညတ်ကမ္မဋ္ဌာန်း ၂၈-ပါး - ကသိုဏ်း-၁၀၊ အသုဘ-၁၀၊ ကောဋ္ဌာသ** ပညတ်-၁၊ အာနပါန-၁၊ အပ္ပမညာ-၄၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်၊

**ပရမတ္ထကမ္မဋ္ဌာန်း ၁၂-ပါး** - ကျန်အနုဿတိ-၈၊ သညာ-၁၊ ဝဝတ္ထာန်-၁၊
ကျန် အာရုပ္ပဝိညာဏ်-၂၊

# သပ္ပါယဘေဒ
## (စရိုက် ၆-ပါး)

**စရိုက်** - ပင်ကိုရိုးရာဖြစ်နေကျထက် လွန်ကဲပိုမိုအဖြစ်များသော အမူအရာကို စရိုက် ဟု ခေါ်ပါသည်။

(ယခုဘဝ၌အဖြစ်များသော အမူအကျင့်သဘောကို စရိုက်(စရိတ)ဟုခေါ်သည်။ ရှေးရှေးဘဝအဆက်ဆက်ကလိုက်ပါလာသော အထုံဓာတ်သဘောတစ်မျိုးကို ဝါသနာ ဟုခေါ်သည်။)

၁။ ရာဂစရိုက် - ရာဂကြီးမှု၊ ကာမဂုဏ်လိုက်စားလွန်မှု၊
၂။ ဒေါသစရိုက်- ဒေါသကြီးမှု၊ စိတ်ဆိုးလွယ်ခြင်း၊ ကြောက်တတ်ခြင်း၊
၃။ မောဟစရိုက်- ထုံထိုင်းဖျင်းအမှု၊ အသိဉာဏ်နည်းမှု၊
၄။ ဝိတက်စရိုက်- အတွေးအကြံများမှု၊ အလုပ်မတွင်ကျယ်မှု၊
၅။ သဒ္ဓါစရိုက် - ယုံကြည်မှုများခြင်း၊ ကြည်ညိုမှုလွန်ကဲခြင်း၊
၆။ ဗုဒ္ဓိစရိုက် - ဉာဏ်ပညာအသုံးချမှုများခြင်း၊ စစ်ကြောဝေဖန်မှုများခြင်း၊

**- ရာ၊ ဒေါ၊ မော၊ ဝိ၊ သဒ်၊ ဗုဒ္ဓိ၊ စရိ ဤခြောက်ဖြာ။**

## စရိုက်နှင့်ကမ္မဋ္ဌာန်းတွဲစပ်ပုံ

| | ရာဂ | ဒေါသ | မောဟ | ဝိတက် | သဒ္ဓါ | ဗုဒ္ဓိ | စရိုက်-၆ |
|---|---|---|---|---|---|---|---|
| ကသိုဏ်း-၁၀ | | ဝဏ္ဏ-၄ | | | | | ကြွင်း-၆ |
| အသုဘ-၁၀ | ၁၀ | | | | | | |
| အနုဿတိ-၁၀ | ကာယ-၁ | | အာနာ-၁ | အာနာ-၁ | ဗုဒ္ဓါမှ ဒေဝါ-၆ | မရဏ၊ ဥပ-၂ | |
| အပ္ပမညာ-၄ | | ၄ | | | | | |
| သညာ-၁ | | | | | | ၁ | |
| ဝဝတ္ထာန်-၁ | | | | | | ၁ | |
| အာရုပ္ပ-၄ | | | | | | | ၄ |
| | ၁၁ | ၈ | ၁ | ၁ | ၆ | ၄ | ၁၀ |

- ကာယ၊ အသု၊ ဆယ့်တစ်ခု၊ လျော်မှုရာဂမှာ
- ဝဏ္ဏ၊ မည၊ ဝုဋ္ဌေနှ၊ လျော်စွဒေါသမှာ
- အာနပါန၊ တစ်ခုက၊ လျော်စွ မောဟ ဝိတက်သာ
- ဗုဒ်၊ ဓ၊ သံ၊ ဃာ၊ စာ၊ ဒေဝါ၊ လျော်စွာသဒ္ဓါ ရမည်သာ
- မရဏနှင့်ဥပသမာ၊ သညာတစ်တန်၊ ဝဝတ္ထာန်၊ သင့်ပြန်ဗုဒ္ဓိသာ
- ဝီ၊ အာ၊ တေ၊ ယော၊ အာ၊ အာ-ဋ္ဌော၊ ရပွေါ် သဗ္ဗထာ။

### ကသိုဏ်းဝန်းစီစဉ်ပုံ

ကသိုဏ်းဝန်းပြုလုပ်ရာ၌-

- မောဟစရိုက်များသူဖြစ်က ကသိုဏ်းဝန်းငယ်လျှင် အာရုံမထင်ဘဲ ပို၍တွေဝေစေနိုင်သောကြောင့် ကောက်နယ်လောက်သောတလင်းပြင်ကို ပြုလုပ်ရမည်။
- ဝိတက်စရိုက်များသူဖြစ်က ကြီးလျှင်ပို၍အာရုံပြန့်သွားနိုင်သည့်အတွက် သမာဓိ စူးစိုက်ရန် တစ်ထွာလက်လေးသစ်ရှိကသိုဏ်းဝန်းငယ်ငယ်ကို ပြုလုပ်ရမည်။

# ဂေါစရဘေဒ

**ဂေါစရဘေဒ** = နိမိတ်အာရုံကိုအခြေခံ၍ ကမ္မဋ္ဌာန်းများအား ခွဲခြားဝေဖန်မှုကို ဂေါစရဘေဒဟုခေါ်ပါသည်။

## ၁။ ပရိကမ္မနိမိတ်

- အထက်-အထက်ဘာဝနာကို ပြုပြင်ပေးတတ်၍ ပရိကမ္မဘာဝနာ၊
- အပ္ပနာဘာဝနာ၏ ရှေ့အဖို့ဖြစ်သောကြောင့် ပရိကမ္မဘာဝနာ၊
  ပထဝီကသိုဏ်းကို စတင်ပွားများပါက-
- ရှေးဦးစွာ ပန်းကန်ပြား၊ ဗန်း၊ ဆန်ကောငယ်စသည်ဖြင့် အညီအညွတ် ကောင်းစွာ ပြုလုပ်ထားသော ပထဝီကသိုဏ်းအတွက် ပုံစံကို မိမိရှေ့တွင်တည့်တည့်ထား၍ ထိုပထဝီကသိုဏ်းကို စူးစူးစိုက်စိုက်ကြည့်ပြီး မြေ-မြေ-မြေ ဟု မရပ်မနား ရှုမှတ်ပွားရပါမည်။
- ထိုသို့ရှုမှတ်ပွားများစဉ် မျက်စိဖြင့်မြင်နေရသော ပထဝီကသိုဏ်းအာရုံသည် ပရိကမ္မနိမိတ်အာရုံမည်ပါသည်။

## ၂။ ဥဂ္ဂဟနိမိတ်

- ပရိကမ္မနိမိတ် ပွားများဖန်များလာသော် မျက်စိဖြင့် တိုက်ရိုက်မကြည့်တော့ဘဲ စိတ်ဖြင့်မှန်းဆနိုင်သော ပရိကမ္မနိမိတ်ကို ဥဂ္ဂဟနိမိတ် ဟု ခေါ်သည်။
- ကမ္မဋ္ဌာန်းစီးဖြန်းစအခါ၌ ကသိုဏ်းဝန်းကို တိုက်ရိုက်ကြည့်ရှု မြင်ရသောအာရုံသည် ပရိကမ္မနိမိတ်ဖြစ်၏။
- ထိုနိမိတ်သည် ရှုဖန်များလာသော် စိတ်ထဲဝယ် စွဲမြဲလာသဖြင့် မျက်စိပိတ်လိုက်သည်ဖြစ်စေ၊ မျက်နှာလွှဲထားသည်ဖြစ်စေ ပကတိမြင်ရသကဲ့သို့ ထင်ထင်ရှားရှား ပေါ်နေပါသည်။
- ဤသို့ ထင်ပေါ်လာသောနိမိတ်သည် ဥဂ္ဂဟနိမိတ်အာရုံ မည်ပါသည်။

## ၃။ ပဋိဘာဂနိမိတ်

- ထိုဥဂ္ဂဟနိမိတ်အာရုံကိုပင် ဆက်လက်၍ရှုဖန်များလာသောအခါ ထိုနိမိတ်သည် ကြေးမုံအိမ်မှ ကြည်လင်သောကြေးမုံချပ်ကို ထုတ်ယူသကဲ့သို့လည်းကောင်း၊ တိမ် စသော မိုးပြာကောင်းကင်၌ ပျံသန်းနေသောဗျိုင်းငှက်သည် အလွန်ထင်ရှား သကဲ့သို့လည်းကောင်း အလွန်သန့်ရှင်းကြည်လင်လာသည်။
- ဤနိမိတ်သည် မူလစီစဉ်ခဲ့သော ကသိုဏ်းဝန်း စသည်နှင့်တူစွာ စိတ်ထဲ၌ ထင်ပေါ်လာသောအာရုံဖြစ်သည်။
- ထိုအာရုံသည် ပရိကမ္မနိမိတ်ထက် အဆပေါင်းများစွာ ကြည်လင်တောက်ပနေပြီး အပြစ်အနာအဆာကင်းစင်နေသည်။ ငြိမ်သက်နေသည်။
- ထိုနိမိတ်ကို ပဋိဘာဂနိမိတ် ဟုခေါ်သည်။

## နိမိတ် ၃-ပါးနှင့် ကမ္မဋ္ဌာန်း-၄၀ တွဲပုံ

| | |
|---|---|
| ၁။ ပရိကမ္မနိမိတ်အာရုံ<br>ဥဂ္ဂဟနိမိတ်အာရုံ | - ကမ္မဋ္ဌာန်း ၄၀-လုံးနှင့် ထိုက်သည့်အားလျော်စွာ ပရိယာယ်အားဖြင့် ရအပ်သည်။ မုချရခြင်းမဟုတ်။ (ဤ၌ ကသိုဏ်း၊ အသုဘ၊ ကောဋ္ဌာသ၊ အာနပါန စသည်တို့၌ နိမိတ် ၂-ပါးလုံးကို မုချရထိုက်သော်လည်း ဗုဒ္ဓါနုဿတိစသည်တို့၌ကား အဘယ်အခိုက်မှာ ပရိကမ္မ နိမိတ်၊ ဘယ်အခိုက်မှာ ဥဂ္ဂဟနိမိတ်ဟု အထင်အရှား ခွဲခြား၍မရ၊ ခန့်မှန်း-အယူအဆလောက်သာ ခွဲခြားနိုင် သဖြင့် ပရိယာယ်အားဖြင့် ရထိုက်၏ဟု ဆိုရပါမည်။) |
| ၂။ ပဋိဘာဂနိမိတ် | - ကသိုဏ်း-၁၀၊ အသုဘ-၁၀၊ ကာယဂတာသတိ၊ အာနပါနဿတိ၊ပေါင်း-၂၂-ပါး ရအပ်ပါသည်။ (ဤကမ္မဋ္ဌာန်း ၂၂-ပါးတို့၌ ပဋိဘာဂနိမိတ်ကို အာရုံ ပြု၍ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့ဖြစ်ကုန်၏။) |

(ရှေးအနုဿတိ ၈-ပါး၊ အပ္ပမညာ ၄-ပါး၊ အာရုပ္ပ ၄-ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်၊ ၁၈-ပါးတို့သည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ၂-ပါးကို ပရိယာယ်အားဖြင့် ရကောင်း၏။ ပဋိဘာဂနိမိတ်ကို မရနိုင်ပါ။)

## ဘာဝနာဘေဒ

**ဘာဝနာဘေဒ** - ကမ္မဋ္ဌာန်း-၄၀-တို့ကို ရသင့်ရထိုက်သော ဘာဝနာအမျိုးအစားအားဖြင့် ခွဲပြရာကဏ္ဍကို ဘာဝနာဘေဒ ဟုခေါ်ပါသည်။

### ၁။ ပရိကမ္မဘာဝနာ

- ကသိုဏ်းဝန်းပထဝီကို ပထဝီဟူ၍ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ပွားများမှုကို ပရိကမ္မဘာဝနာဟု ခေါ်ပါသည်။
- ဤဘာဝနာသည် အထက်-အထက်ဖြစ်သော ဘာဝနာကို ပြုပြင်ပေးတတ်၍ ပရိကမ္မမည်ပါသည်။ (ဝါ) အပ္ပနာဘာဝနာ၏ ရှေ့အဖို့ဖြစ်သောကြောင့် ပရိကမ္မမည်ပါသည်။

တစ်နည်း: - ပရိကမ္မနိမိတ် + ဥဂ္ဂဟနိမိတ်အာရုံထင်လာအောင် ပွားများမှုဘာဝနာကိုပင် ပရိကမ္မဘာဝနာ ဟုခေါ်ပါသည်။
(ကာမာဝစရသမာဓိဘာဝနာအဆင့်သာ ရှိသေးသည်။)

### ၂။ ဥပစာရဘာဝနာ

- ရှာန် မဂ် ဖိုလ် တရားတည်းဟူသော အပ္ပနာဘာဝနာ၏ အနီးအပါးဖြစ်သော ဘာဝနာပွားများမှုကို ဥပစာရဘာဝနာဟု ခေါ်သည်။ (ဝါ) တဒင်္ဂပဟာန်အားဖြင့် နီဝရဏတရားတို့ကို ခွာသည်မှစ၍ ဂေါတြဘူအဆုံးရှိသော ကာမာဝစရဘာဝနာကို ဥပစာရဘာဝနာဟု ခေါ်ပါသည်။
(ကာမာဝစရ၊ ဥပစာရသမာဓိဘာဝနာအဆင့်ပင်ရှိသေးသည်။)

**၃။ အပ္ပနာဘာဝနာ**

- ဆိုင်ရာအာရုံ၌ စွဲမြဲသက်ဝင်တည်နေသော ဈာန်-မဂ်ဖိုလ်တရားများကို အပ္ပနာဘာဝနာ ဟု ခေါ်ပါသည်။
- ဥပစာရဘာဝနာထက်လွန်ကဲ၍ အာရုံ၌ စွဲမြဲစွာသက်ဝင်တည်နေသော ဘာဝနာသည် အပ္ပနာဘာဝနာ
- အထပ်ထပ်ပွားများမှုဘာဝနာတန်ခိုးကြောင့် (အပ္ပနာဈာန်) ရူပါဝစရပထမဈာန် အစဆုံး ဖြစ်လာ၏။
- ထိုသို့ ရူပါဝစရပထမဈာန်စသော အပ္ပနာဈာန်ရအောင် အားထုတ်မှုကိုပင် အပ္ပနာဘာဝနာ ဟု ခေါ်သည်။

**ပထမဈာန်ဝီထိပုံ**

မန္ဒပုဂ္ဂိုလ် - ဘွင်-ဘွင်-န-ဒ-မ-ပ-ဥ-နု-ဂေါ-ဈာန်-ဘွင်-ဘွင်
တိက္ခပုဂ္ဂိုလ် - ဘွင်-ဘွင်-န-ဒ-မ-ဥ-နု-ဂေါ-ဈာန်-ဘွင်-ဘွင်

(ဥပစာရဘာဝနာဖြင့် ပဋိဘာဂနိမိတ်ထင်လာအောင် ပွားများအားထုတ်သောအခါ သမာဓိ အားကောင်းလာသည်။)

ထိုအချိန်တွင် ပထဝီကသိုဏ်းအာရုံများ အလွန်ထင်ရှားနေသဖြင့် ကာမစ္ဆန္ဒ စသောနီဝရဏတရားများ မဝင်နိုင်တော့ပါ။

ထိုအခါ စိတ်သည် အလွန်သန့်ရှင်းစင်ကြယ်နေသဖြင့် ဥပစာရသမာဓိဇော (ဈာန်ရလုရခင်အချိန်၌ ကာမာဝစရဉာဏသမ္ပယုတ်ဇော ၈-ပါးတွင် တစ်ပါးပါး) တို့ ဖြစ်လာပါသည်။

ထို့နောက် ပထဝီကသိုဏ်းကို ဆက်လက်ပွားရာ ဘာဝနာတ စ်ခိုးကြောင့် ရူပါဝစရပထမဈာန်အပ္ပနာသမာဓိဇောသို့ ရောက်ရပါသည်။

- **ပဋိဘာဂ၊ ထင်မြင်က၊ နီဝရဏကွာ၊**
- **နီဝရဏ၊ ကင်းစင်က၊ ဥပစာရလာ၊**
- **ဆက်လက်ပွားပြန်၊ ဘာဝနာကံ၊ ပ,ဈာန်အပ္ပနာ။**

# နိမိတ် ၃-ပါးနှင့် ဘာဝနာတွဲစပ်ပုံ

## ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ

ရှေးဦးစွာတရားအားထုတ်သူအား မိမိအားထုတ်သော ကမ္မဋ္ဌာန်းပေါ်၌ နိမိတ်ကို ယူနေစဉ် တွေ့ရသောအာရုံသည် ပရိကမ္မနိမိတ်ဖြစ်သည်။

ထိုနိမိတ်ကိုအာရုံပြု၍ ပွားများနေသောဘာဝနာသည် ပရိကမ္မဘာဝနာပင် ဖြစ်ပါသည်။

## ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ

တစ်ခုခုသောကမ္မဋ္ဌာန်းကိုအာရုံပြု၍ စီးဖြန်းနေစဉ် ထိုအာရုံကို မျက်စိဖြင့်မကြည့်တော့ဘဲ စိတ်ထဲမှာထင်မြင်လာသောအခါ ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။

ထိုဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ ပွားများလာသော ဘာဝနာသည်လည်း ပရိကမ္မဘာဝနာပင် ဖြစ်နေပါသေးသည်။ သို့သော် ယခင် ပရိကမ္မဘာဝနာထက် ပို၍ အားကောင်းလာပါသည်။

## ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ

စိတ်ထဲတွင်ရရှိပြီးသော ဥဂ္ဂဟနိမိတ်အပေါ်၌ ပွားများအားရှိပြီးသော ပရိကမ္မဘာဝနာဖြင့်ပင် ထပ်ကာ-ထပ်ကာပွားများနေသူမှာ ထိုဥဂ္ဂဟနိမိတ်ရခါစနှင့်မတူ၊ ပို၍-ပို၍ သန့်ရှင်းလာသည်၊ ပို၍-ပို၍ ပြတ်သားလာသည်။

ပို၍သန့်ရှင်းပြတ်သားသည့်အတွက် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းပြီး ပယ်ဖျောက်မရနိုင်လောက်အောင် စိတ်ထဲသို့ တိုးဝင်နေသကဲ့သို့ ဖြစ်၍တည်နေတော့၏။

ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း အခြားအာရုံများကိုသိဖို့အတွက် အခွင့်ရရန် မလွယ်တော့ဘဲ ထိုနိမိတ်အာရုံတစ်ခုတည်းကိုပင် စိတ်ဝင်စားစွာသိ၍နေသော အချိန်သို့ ရောက်ရှိလေသည်။

ထိုသို့စိတ်ဝင်စားဖွယ်ရာကောင်းသော အာရုံနိမိတ်ကို ပဋိဘာဂနိမိတ် ဟုခေါ်သည်။

ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ စီးဖြန်းနေသောဘာဝနာသည် ဈာန်တရားနှင့် အလွန်နီးကပ်နေပြီးဖြစ်၍ ဥပစာရဘာဝနာ ဖြစ်ပါသည်။

## ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ (ရူပဈာန်ဖြစ်ပုံ)

ပဋိဘာဂနိမိတ်ကို ဥပစာရဘာဝနာဖြင့် အဖန်ဖန်ပွားများနေစဉ် ထိုပဋိဘာဂ နိမိတ်ကိုပင် အာရုံပြုလျက် အခြားအာရုံများသို့ အနည်းငယ်မျှ လွင့်ပါးခြင်းမရှိသော၊ ပဋိဘာဂနိမိတ်အာရုံထဲတွင် တည်ငြိမ်သော၊ အလွန်စူးစူးစိုက်စိုက်ရှိသော စိတ်တစ်ခု ဖြစ်ပေါ်လာပါသည်။

ထိုစိတ်တွင် အလွန်ထင်ရှားသော အင်အား ၅-မျိုး ပါလာပါသည်-

ထိုအင်အား ၅-မျိုးမှာ-

- ဝိတက် ခေါ် ထိရောက်စွာကြံစည်နိုင်သောအင်အား၊
- ဝိစာရ ခေါ် ထိရောက်စွာသုံးသပ်နိုင်သောအင်အား၊
- ပီတိ ခေါ် အလွန်ကြည်လင်နှစ်သက်သောအင်အား၊
- သုခ ခေါ် အလွန်အေးမြချမ်းသာသောအင်အား၊
- ဧကဂ္ဂတာ ခေါ် အလွန်တည်ငြိမ်သောအင်အား။

ထိုအင်အား ၅-မျိုးသည် ပဋိဘာဂနိမိတ်အာရုံတစ်ခုတည်းကိုသာ အာရုံပြုနေသည်။

ထိုစိတ်ကို ရူပါဝစရပထမဈာန်စိတ် ဟုခေါ်ပါသည်။ ထိုစိတ်တွင်ပါဝင်သော အင်အား ၅-ပါးမှာလည်း ပထမဈာန်တွင်ပါဝင်သော ဈာန်အင်္ဂါ ၅-ပါးဖြစ်ပါသည်။

(ဉာဏ်မထက်သောသူတို့ကား အပ္ပနာသို့မရောက်နိုင်သော်လည်း ရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို မပျောက်ကွယ်သွားအောင် အထူးစောင့်ရှောက်လျက် အထပ်ထပ် အားထုတ်ရာ၏။)

## ဒုတိယဈာန် စသည်တို့ဖြစ်ပုံ

ပထမဈာန်ကိုရပြီးနောက် ဒုတိယဈာန်စသည်ကို အလိုရှိသောယောဂီသည် မိမိ ရအပ်ပြီးသောဈာန်ကိုပင် ဝသီဘော် ၅-ပါးဖြင့် အစွမ်းသတ္တိရှိအောင် ပြုပြီး-

- ဝိတက်စသော ရုန့်ရင်းသောဈာန်အင်္ဂါတို့ကို ပယ်ခြင်းငှာလည်းကောင်း၊
- ဝိစာရစသော သိမ်မွေ့သောဈာန်အင်္ဂါဖြစ်ခြင်းငှာလည်းကောင်း

အဖန်တလဲလဲ ဆက်လက်အားထုတ်သော် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန် အစဉ်အတိုင်း ထိုက်သည့်အားလျော်စွာ ဖြစ်ကြပါသည်။

**နိမိတ် ၃-ပါးနှင့်ဘာဝနာတွဲစပ်ပုံဇယား**

| | |
|---|---|
| ၁။ ပရိကမ္မနိမိတ်<br>၂။ ဥဂ္ဂဟနိမိတ် | ၁။ ပရိကမ္မဘာဝနာ |
| ၃။ ပဋိဘာဂနိမိတ် | ၂။ ဥပစာရဘာဝနာ<br>၃။ အပ္ပနာဘာဝနာ |

- **ပရိ - ဥဂ္ဂ၊ နှစ်ပါးက၊ ပရိကမ္မဘာဝနာ၊**
- **ပဋိဘာမှု၊ ဥပ + အပ္ပနာယှူ၊ ပွားမှုဘာဝနာ။**

ဘာဝနာ ၃-ပါးနှင့် ကမ္မဋ္ဌာန်း ၄၀-တွဲစပ်ပုံ

| နိမိတ် | ဘာဝနာ ၃-ပါး | ရအပ်သောကမ္မဋ္ဌာန်း | |
|---|---|---|---|
| ပရိကမ္မ | ပရိကမ္မ | ကမ္မဋ္ဌာန်း-၄၀လုံးရသည်။ | ၄၀ |
| ဥဂ္ဂဟ | ပရိကမ္မ | | |
| ဥဂ္ဂဟ * | ဥပစာရ * | * ဗုဒ္ဓါမှ မရဏာနုဿတိထိ ၈-ပါး<br>အာဟာရေပဋိကူလသညာ၊<br>စတုဓာတုဝဝတ္ထာန် | ၁၀ |
| ဥဂ္ဂဟ △ | ဥပစာရ၊ အပ္ပနာ △ | △ အပ္ပမညာ-၄၊ အာရုပ္ပ-၄ | ၈ |
| ပဋိဘာဂ | ဥပစာရ | ကသိုဏ်း-၁၀၊ အသုဘ-၁၀၊<br>ကာယဂတာသတိ၊ အာနာပါနဿတိ | ၂၂ |
| ပဋိဘာဂ | အပ္ပနာ | | |

✱ အပ္ပနာသို့မရောက်နိုင်သော ဤကမ္မဋ္ဌာန်း ၁၀-ပါးတို့၌ ဘုရားဂုဏ်တော် စသည်တို့ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ပွားများရသည်။
(ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ)
ထိုသို့ပွားများ၍ ဂုဏ်တော်အာရုံများကို ကောင်းစွာ အာရုံယူအပ်ပြီးသော် စိတ်ပို၍ တည်ကြည်လာပြီး သမာဓိအားကောင်းသော ဘာဝနာဖြစ်လာသည်။
(ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ)
ထို့နောက် ဥပစာရဘာဝနာလည်း ဖြစ်လာပါတော့သည်။
(ဥဂ္ဂဟနိမိတ်နှင့် ဥပစာရဘာဝနာ)

Δ အပ္ပနာသို့ရောက်သော်လည်း ပဋိဘာဂနိမိတ် ကို မရကောင်းသော အပ္ပမညာ-၄၊ အာရုပ္ပ-၄၊ ပေါင်း ၈-ပါးသော အပ္ပနာဘာဝနာသည် ဥဂ္ဂဟနိမိတ်ကိုသာ အာရုံပြုသည်။
ထိုကမ္မဋ္ဌာန်း ၈-ပါးမှ အပ္ပမညာတို့သည် သုခိတ၊ ဒုက္ခိတ သတ္တဝါပညတ်၌ ဖြစ်ကုန်၏။

<u>အကျဉ်းချုပ်မှတ်ရန်-</u>

၁။ ပရိကမ္မဘာဝနာ - ကမ္မဋ္ဌာန်း-၄၀-လုံး ရ၏။

| | | | |
|---|---|---|---|
| ၂။ ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ | ဗုဒ္ဓါနုဿတိမှမရဏာနုဿတိထိ | - | ၈ |
| | အာဟာရေပဋိကူလသညာ | - | ၁ |
| | စတုဓာတုဝဝတ္ထာန် | - | ၁ |
| | | | ၁၀-ပါးရ၏ |

| | |
|---|---|
| အပ္ပနာဘာဝနာအထိ (ဘာဝနာ ၃-ပါးစလုံး) | ကသိုဏ်း-၁၀၊ အသုဘ-၁၀ |
| | အပ္ပမညာ-၄၊ အာရုပ္ပ-၄ |
| | ကာယဂတာသတိ-၁၊ အာနပါနဿတိ-၁ |
| | = ၃၀-ရ၏။ |

- ၁၀-ပါးသည် ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာသာရသဖြင့် အပ္ပနာဈာန်သို့ မပေါက်ရောက်နိုင်။

- အကြွင်း-၃၀ သည်သာ ဘာဝနာ ၃-ပါးလုံးရသဖြင့် အပ္ပနာဈာန်သို့ ပေါက်ရောက်နိုင်သည်။

- *အနုဿတိ-ရှစ်၊ သညာ-တစ်၊ နောက်တစ်ဝဝတ္ထာ၊*
- *ပရိ-ဥပ၊ နှစ်ခုမျှ၊ ရထိုက်ဘာဝနာ၊*
- *အကြွင်းသုံးဆယ်၊ အာရုံဝယ်၊ သုံးသွယ်ဘာဝနာ။*

## အပ္ပနာသို့ပေါက်ရောက်နိုင်သော ကမ္မဋ္ဌာန်း-၃၀ ကို ဈာန်အားဖြင့် ခွဲဝေဖန်ပုံ

| | | | |
|---|---|---|---|
| ၁။ ကသိုဏ်း-၁၀+အာနပါန | - ၁၁ | = | ဈာန် ၅-ပါးလုံးရနိုင်သည်။ |
| ၂။ အသုဘ-၁၀+ကာယဂတာသတိ | - ၁၁ | = | ပထမဈာန်တစ်ခုကိုသာရနိုင်သည်။ |
| ၃။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ | - ၃ | = | ပ၊ ဒု၊ တ၊ စ-၄-ပါးသာ ရနိုင်သည်။ |
| ၄။ ဥပေက္ခာ | - ၁ | = | ပဥ္စမဈာန်တစ်ခုသာရနိုင်သည်။ |
| ၅။ အာရုပ္ပ | - ၄ | = | ဆိုင်ရာအရူပဈာန် ၄-ပါးသို့ ရောက်နိုင်သည်။ |

၁။ ပထမဈာန်၏အာရုံ-ပထမဈာန်ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းများမှာ-

-၁ ၊ ၂ ၊ ၃ အရ - ၂၅-ပါး

၂။ ဒု၊ တ၊ စ ဈာန်တို့၏ အာရုံကမ္မဋ္ဌာန်းများမှာ-

-၁ ၊ ၃ အရ - ၁၄-ပါး

၃။ ပဥ္စဈာန်၏အာရုံကမ္မဋ္ဌာန်းများမှာ-

-၁ ၊ ၄ အရ - ၁၂-ပါး

၄။ အရူပဈာန်တို့၏ အာရုံကမ္မဋ္ဌာန်းများမှာ-

- အာရုပ္ပ - ၄-ပါး

၅။ မည်သည့်ဈာန်ကိုမျှ မဖြစ်စေသောကမ္မဋ္ဌာန်းများမှာ

- ဗုဒ္ဓါနုဿတိ မှ မရဏာနုဿတိအထိ - ၈-ပါး
- အာဟာရေပဋိကူလသညာ - ၁-ပါး
- စတုဓာတုဝဝတ္ထာန် - ၁-ပါး

---------

၁၀-ပါး

---------

## ဝသီဘော် ၅-ပါး

**ဝသီဘော်** - ရပြီးဈာန်များ စွမ်းရည်ထက်မြက်အောင် လေ့ကျင့်မှုကို ဝသီဘော် ဟုခေါ်ပါသည်။

တစ်နည်း: - စွမ်းရည်သတ္တိရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ အစွမ်းသတ္တိကို ဝသီဘော် ဟုခေါ်သည်။

ပထမဈာန်ကို ရရှိပြီးသောပုဂ္ဂိုလ်သည် မိမိရရှိထားသောဈာန်ကို စွမ်းရည်ထက်မြက်အောင် (မိမိကျက်ထားပြီးသော စာကို မမေ့ရလေအောင် အမြန်ရွတ်နိုင်၊ ရေးနိုင်အောင် လေ့ကျင့်ခန်းများ အမျိုးမျိုး ပြန်လှန်ကျင့်ရသကဲ့သို့) ရပြီးဈာန်ကို အစိတ်စိတ်အားဖြင့်လည်းကောင်း၊ အပေါင်းအားဖြင့်လည်းကောင်း အထပ်ထပ် ဝင်စားရသည်။

ထိုသို့ အထပ်ထပ်လေ့ကျင့်ထားမှသာ လိုအပ်သလို ဈာန်ကို ချက်ချင်းဝင်စားနိုင်၏။ လိုအပ်သည့်အချိန်အတိုင်းအတာအထိ ဈာန်စိတ်ဖြစ်နေအောင် ထားနိုင်၏။ လိုအပ်သလို ဈာန်မှထနိုင်သည်။ ရပ်သိမ်းနိုင်သည်။

၁။ **အာဝဇ္ဇနဝသီဘော်** - ဈာန်အင်္ဂါအသီးသီးကို လျင်မြန်စွာဆင်ခြင်နိုင်သော စွမ်းရည် (မနောဒွါရာဝဇ္ဇန်း၏စွမ်းရည်)

***ဈာန်အင်္ဂါစု၊ ဆင်ခြင်မှု၌၊ တစ်ခုဝီထိ၊ တစ်ခု၏ကြား၊***
***ဘဝင်မခြားဘဲ၊ ဆက်သွားဆင်ခြင်၊ စွမ်းနိုင်လျှင်သော်၊***
***ဝသီဘော်၊ မိန့်ခေါ်အာဝဇ္ဇနာ။***

ပထမစျာန်ကိုရပြီးသောပုဂ္ဂိုလ်သည် ပထမစျာန်တွင်ပါဝင်သော ဝိတက်စသော စျာန်အင်္ဂါတစ်ခုချင်းကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများ (တစ်ဝီထိနှင့် တစ်ဝီထိကြား ဘဝင်မခြားဘဲ (န-ဒ-မ)လောက်သာဖြစ်ပြီး ပစ္စဝေက္ခဏာဇောဝီထိများ အဆက်မပြတ် ဆက်ကာ-ဆက်ကာဖြစ်နေအောင် ဆင်ခြင်နိုင်သော အစွမ်းသတ္တိ ဖြစ်ပါသည်။

ဝီထိပုံစံ - ၊ + န + ဒ + × + မ - ပစ္စဝေက္ခဏာဇော

(ဘဝင်မခြား) + န - ဒ + × + မ - ပစ္စဝေက္ခဏာဇော

- မနောဒွါရာဝဇ္ဇန်းပြီးသည်နှင့် ပစ္စဝေက္ခဏာဇောဆက်ဖြစ်သောကြောင့် အာဝဇ္ဇန်းသည် ပစ္စဝေက္ခဏာဇောဖြစ်စေပြီး သီးသန့်ဘဝင်မခြားစေဘဲ န + ဒ - လောက်သာဖြစ်စေပြီး ပစ္စဝေက္ခဏာဇောများကို ဆက်ကာ-ဆက်ကာ ဖြစ်စေနိုင်သောကြောင့် မနောဒွါရာဝဇ္ဇန်း၏အစွမ်းကြောင့် ဖြစ်ရသည်ဟု ဆိုပါသည်။

၂။ **သမာပဇ္ဇနဝသီဘော်** - လျင်မြန်စွာ စျာန်ဝင်စားနိုင်သောစွမ်းရည်၊

*ဝင်စားလိုလျှင်၊ အပိုဘဝင်တို့၊ မဝင်မခြား၊ အလျင်အားဖြင့်၊*
*ဝင်စားနိုင်သော်၊ ဝသီဘော်၊ မှီနိုခေါ်သမာပဇ္ဇန။*

စျာန်အင်္ဂါကို နိုင်နင်းအောင်၊ မမေ့အောင် နဂိုအတိုင်းပြန်၍ အလေ့အလာ ပြုခြင်း၊ ထိုသို့ အလေ့အလာပြုသဖြင့် စျာနသမာပဇ္ဇနဝီထိမှာ မိမိသန္တာန်၌ တစ်ကြိမ်ထက် တစ်ကြိမ်၊ လျင်သည်ထက်လျင်မြန်စွာ ဖြစ်ပေါ်လာအောင် ဘဝင်မခြားဘဲ ထပ်ကာ-ထပ်ကာ ဝင်စားနိုင်နင်းသော စွမ်းရည်သတ္တိ ဖြစ်သည်။

ဝီထိပုံစံ - န - ဒ - မ - ပ - ဥ - နု - ဂေါ- ပထမစျာန်များ (ဘဝင်မခြားဘဲ)

- န - ဒ - မ - ပ - ဥ - နု - ဂေါ- ပထမစျာန်များ
- ဝီထိပုံစံများကို နဂိုအတိုင်း ပြန်ဝင်စားလေ့ကျင်ခြင်းဖြစ်၍ အစအဆုံး ပထမစျာန်ရစဉ်က ဝီထိပုံစံအတိုင်းပင် ဖြစ်ပါသည်။

၃။ **အဓိဋ္ဌာနဝသီဘော်** - ဘဝင်စိတ်ကိုလွှမ်းမိုး၍ ဈာန်စိတ်အစဉ်ကို မိမိအလိုရှိသမျှ ထိန်းထားနိုင်သောစွမ်းရည်၊

*ရှည်ရှည်တိုတို၊ တန့်ထားလိုလျှင်၊ ဘဝင်လွှမ်းဖိ၊*
*မကျတည့်အောင်၊ ဈာန့်၏အစဉ်၊ ထားနိုင်လျှင်သော်၊*
*ဝသီဘော်၊ မိန့်ခေါ်ဓိဋ္ဌာန်။*

၄။ **ဝုဋ္ဌာနဝသီဘော်** - ရည်မှန်းထားသော ကာလအပိုင်းအခြားကို မကျော်လွန်စေဘဲ ဈာန်မှထနိုင်သောစွမ်းရည်၊

*ချိန့်ခါတိုရှည်၊ ရည်ရွယ်မှန်းဆ၊ ထိုခဏ၌၊ ဈာန်မှထခြင်း၊*
*စွမ်းနိုင်လျှင်းသော်၊ ဝသီဘော်၊ မိန့်ခေါ်ဝုဋ္ဌာန်။*

၅။ **ပစ္စဝေက္ခဏာဝသီဘော်** - ဈာန်အင်္ဂါဆင်ခြင်သော ဝီထိတို့ကို ဘဝင်များစွာ မခြားစေဘဲ ဆင်ခြင်နိုင်သောစွမ်းရည်

*ပစ္စဝေက္ခဏာ၊ ဇောစောကာဖြင့်၊ ဈာန်အင်္ဂါစု၊ ဆင်ခြင်မှုစစ်၊*
*နည်းတူဖြစ်၍၊ အာဝဇ္ဇန်၊ ဝသီတာမြောက်၊ အစွမ်းရောက်က၊*
*ပစ္စဝေက်ခေါ်၊ ဝသီဘော်လည်း တစ်ပါးတည်း၊*
*အပြီးရောက်နေကျ။*

(ပစ္စဝေက္ခဏာဝသီဘော်သည် အာဝဇ္ဇနဝသီဘော်နှင့်တူသည်။)

**အထူးမှာ-** အာဝဇ္ဇနဝသီဘော်၌ ဘဝင်မခြားအောင်ပြုသည်မှာ မနောဒွါရာဝဇ္ဇန်း၏ အစွမ်းသတ္တိဖြစ်သည်။

- ပစ္စဝေက္ခဏာဝသီဘော်၌ ဘဝင်မခြားအောင်ပြုသည်မှာ ပစ္စဝေက္ခဏာဇော၏ အစွမ်းသတ္တိဖြစ်သည်။

ဤသို့လျှင် ပထဝီကသိုဏ်းကို နိမိတ် ၃-မျိုး၊ ဘာဝနာ ၃-မျိုးဖြင့် အဆင့်ဆင့်ပွားများ၍ ပထမဈာန်ကိုရပြီးသောပုဂ္ဂိုလ်သည် ဆက်လက်၍ ဝသီဘော် ၅-မျိုးဖြင့် အလေ့အကျင့်ရအောင် များများလုပ်ထားလျှင် နိုင်နင်းအောင်ပြုထားလျှင် ပထမဈာန်နှင့် ပတ်သက်သမျှ အစွမ်းကုန် နိုင်နင်းပါတော့သည်။

## ဒုတိယဈာန်တက်ပုံ

ပထမဈာန်ရပြီး၍ ဝသီဘော် ၅-မျိုးတို့ဖြင့် နိုင်နင်းပြီးသောယောဂီသည် ဒုတိယဈာန် ရလိုသော် မိမိရထားပြီးသော ပထမဈာန်ကို-

"ငါရပြီးသောပထမဈာန်၌ ဝိတက်သည် ဟိုကြံ-သည်ကြံဖြင့် ရန့်ရင်းကြမ်းတမ်း သည်၊ ကာမဂုဏ်များကို ကြံစည်မိနိုင်သည်၊ ကာမစ္ဆန္ဒစသော နီဝရဏရန်သူများနှင့် နီးကပ်နေသည်၊ ရပြီးဈာန်ပင် ပြန်လျှော့ကျနိုင်သည်၊ ဝိတက်မပါသော ဒုတိယဈာန်ကိုရမှ ကောင်းလေစွ"

ဟု ပထမဈာန်ကိုအပြစ်မြင်ပြီး ဒုတိယဈာန်ကို လိုချင်စိတ်ဖြင့် စိတ်မျက်စိထဲတွင် စွဲထင်နေသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် မြေ-မြေ ဟု ကာမာဝစရ ဥပစာရသမာဓိဇောစိတ်ဖြင့် အဖန်ဖန်ပွားများလတ်သော် ထိုပွားများမှု ဘာဝနာ တန်ခိုးကြောင့် ဒုတိယဈာန်အပ္ပနာသမာဓိဇောများဖြစ်ပြီး ဒုတိယဈာန်ကို အစဦးဆုံး ရရှိမှုဖြစ်တော့သည်။

ထိုဒုတိယဈာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင် လေ့ကျင့်မှု ပြုရ ပြန်သည်။

ဝီထိပုံစံ - ဘ-ဘ-ဘ-န-ဒ-မ-ပ-ဥ-နု-ဂေါ-ဒုတိယဈာန်-ဘ-ဘ

## တတိယဈာန်တက်ပုံ

ဒုတိယဈာန်ရပြီးသောယောဂီသည်-

"ငါရထားပြီးသော ဒုတိယဈာန်၌ ဝိစာရဈာန်အင်္ဂါသည် ဟိုဟိုဒီဒီ သုံးသပ်မှုများ နေသဖြင့် ရန့်ရင်းကြမ်းတမ်းမှု ရှိနေသေးသည်၊ သုံးသပ်မှုများပြီး ဝိတက်သို့ ပြန် ရောက်သွားနိုင်၍ တဖြည်းဖြည်း ဈာန်လျှော့သွားနိုင်၏၊ ဝိတက်ရန်သူနှင့် နီးနေ၏၊ ဝိစာရမပါသော တတိယဈာန်ကိုရမှ ကောင်းလေစွ"

ဟု ဒုတိယဈာန်ကိုအပြစ်မြင်ပြီး တတိယဈာန်ကို လိုချင်သောစိတ်ဖြင့် ပထဝီ ကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ရှုမှတ်ပွားများသောအခါ တတိယဈာန် ကို ရပါသည်။

ထိုတတိယဈာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင် လေ့ကျင့်မှု ပြုရပြန်သည်။

**စတုတ္ထဈာန်တက်ပုံ**

စတုတ္ထဈာန်တက်လိုသောယောဂီသည်-

''ငါရပြီးသော တတိယဈာန်၌ ပီတိဈာန်အင်္ဂါသည် နှစ်သက်မှုရှိသဖြင့် ရန်နှင့်ရင်းကြမ်းတမ်းသေး၏၊ နှစ်သက်မှုပီတိကြောင့် သုံးသပ်မှု ဝိစာရပြန်ဖြစ်နိုင်သဖြင့် ဝိစာရရန်သူနှင့် နီးကပ်နေပြန်၏၊ မတည်ငြိမ်သေး၊ တဖြည်းဖြည်း ဈာန်လျော့နိုင်၏၊ ပီတိမပါသော စတုတ္ထဈာန်ရလျှင် ကောင်းလေစွ''

ဟု တတိယဈာန်အပြစ်ကိုမြင်ပြီး စတုတ္ထဈာန်ကို လိုချင်သောစိတ်ဖြင့် ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွားများလျှင် စတုတ္ထဈာန်ကို ရပါသည်။

ထိုစတုတ္ထဈာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင် လေ့ကျင့်ရသည်။

**ပဥ္စမဈာန်တက်ပုံ**

ပဥ္စမဈာန်တက်လိုသောယောဂီသည်-

''ငါရပြီးသော စတုတ္ထဈာန်၌ သုခဈာန်အင်္ဂါသည် ချမ်းသာကိုခံစားသော စိတ်ရှိသဖြင့် ခံစားရင်း နှစ်သက်မှုပီတိသို့ ပြန်ရောက်ပြီး တဖြည်းဖြည်း ဈာန်ပြန်လျော့ကျနိုင်၏၊ ပီတိရန်သူနှင့် နီးကပ်နေ၏၊ သုခမပါသော ပဥ္စမဈာန်ကိုရက ကောင်းလေစွ''

ဟု စတုတ္ထဈာန်ကိုအပြစ်မြင်ပြီး ပဥ္စမဈာန်ကို လိုချင်သောစိတ်ဖြင့် ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွားများသော် ပဥ္စမဈာန်ကို ရလေသည်။

ထိုပဥ္စမဈာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင် လေ့ကျင့်မှု ပြုရပြန်သည်။

ဝီထိပုံစံ - ဘ-ဘ-ဘ-န-ဒ-မ-ပ-ဥ-နု-ဂေါ-ပဥ္စမဈာန်-ဘ-ဘ

**အရူပဈာန် ၄-ပါးကို အဆင့်ဆင့်ရရှိပုံ**

ရူပါဝစရ ပဥ္စမဈာန်ရပြီး အရူပါဝစရဈာန်သို့ တက်ရောက်လိုသော ယောဂီသည်

ရူပါဝစရစျာန်ရအောင် ပွားများအားထုတ်ခဲ့သော အာကာသကသိုဏ်းကြဉ် ကသိုဏ်း ၉-ပါးတွင် တစ်ပါးပါးကို ဘာဝနာဖြင့် ပယ်ခွာရသည်။

မူလပထဝီကသိုဏ်းနိမိတ် စသော အာရုံကို အာရုံမပြုတော့ဘဲနေပြီး ထိုသို့ အာရုံမပြုဖန်များသောအခါ ဟင်းလင်းပြင် (အာကာသ)ကောင်းကင်ကြီးသာ ထင်လာတော့သည်။

ထိုသို့ပေါ်လာသော အာကာသဟင်းလင်းပြင်အာရုံကို ကသိဏုဂ္ဃါဋိမာကာသ= (ရူပစျာန်ရအောင် အားထုတ်ခဲ့သော ကသိုဏ်းအာရုံကို ခွါ၍ရအပ်သော ကောင်းကင်အာရုံ)ဟု ခေါ်ပါသည်။

၁။ ထိုကောင်းကင်ဟင်းလင်းပြင်ကို အာကာသောအနန္တော၊ အာကာသော အနန္တော- "ကောင်းကင်ဟင်းလင်းပြင်ကြီးသည် အဆုံးမရှိ" ဟု အဖန်ဖန် ဆက်လက်ပွားများသော် ပွားများမှုဘာဝနာတန်ခိုးကြောင့် ပထမအရူပ အာကာသာနဉ္စာယတန စျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။
ဝီထိပုံစံ-ဘ-ဘ-ဘ-န-ဒ-မ-ပ-ဥ-နု-ဂေါ-ပထမအရူပစျာန်-ဘ-ဘ
ပထမအရူပစျာန်စိတ်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် လေ့လာရပြန်ပါသည်။

၂။ ထိုအာကာသာနဉ္စာယတန ပထမကုသိုလ် (သို့မဟုတ်)ကြိယာစိတ်ဝိညာဏ်ကိုပင် ဝိညာဏံ အနန္တံ ဝိညာဏံ အနန္တံ "အာကာသာနဉ္စာယတနစိတ်ဝိညာဏ်သည် အဆုံးမရှိ" ဟု အဖန်ဖန်ပွားလတ်သော် နှစ်ခုမြောက်ဝိညာဏဉ္စာယတနစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။
ထိုစျာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် လေ့လာရပြန်၏။

၃။ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ တစ်စိုးတစ်စိမျှ မရှိတော့ခြင်းတည်းဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၍ နတ္ထိကိဉ္စိ-နတ္ထိကိဉ္စိ= "စိုးစဉ်းမျှ-နည်းနည်းလေးမျှ မရှိ၊ ပထမအရူပစိတ်ဝိညာဏ်မရှိတော့ချေ"ဟု အဖန်ဖန်ဆက်လက်ပွားများသော် တတိယမြောက် အာကိဉ္စညာယတနအရူပစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာပါသည်။
ယင်းကို ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင်လေ့လာရပြန်၏။

၄။ ထိုအာကိဉ္စညာယတနကုသိုလ်(သို့မဟုတ်) ကြိယာဝိညာဏ်ကိုပင် အာရုံပြု၍ သန္တမေတံ ပဏီတ မေတံ = "ဤငါရပြီးသော အာကိဉ္စညာယတနအရူပစိတ် ဝိညာဏ်သည် ငြိမ်သက်၏၊ နူးညံ့၏၊ ငါရပြီးသော အာကိဉ္စညာယတနအရူပ ဝိညာဏ်သည် မွန်မြတ်၏၊ သိမ်မွေ့၏" ဟု အဖန်ဖန်ဆက်လက်ပွားများသော် စတုတ္ထမြောက် နေဝသညာ နာသညာယတန အရူပဈာန်စိတ်သည် အပ္ပနာ၏အစွမ်း ဖြင့် ဖြစ်ပေါ်လာပါသည်။

ထိုဈာန်ကိုလည်း ဝသီဘော် ၅-မျိုးဖြင့် နိုင်နင်းအောင်လေ့လာရပြန်၏။

## အဘိညာဉ်

**အဘိ** = ထူးကဲသော၊

**ဉာဏ** = ဉာဏ်နှင့်ယှဉ်သောဈာန်စိတ်၊

**အဘိညာဉ်** - အလွန်အကျူးအထူးသိတတ်သော ရူပပဉ္စမဈာန်နှင့်ယှဉ်သော ဉာဏ်ကို အဘိညာဉ်ဟု ခေါ်ပါသည်။

- ထိုဉာဏ်နှင့်ယှဉ်သော ပဉ္စမဈာန်ကိုလည်း သဟာစရဏ(တကွဖြစ်ဖက်) နည်းအရ အဘိညာဉ်ဟုပင် ခေါ်ပါသည်။
- အဘိညာဉ်တန်ခိုးရအောင် ရူပါဝစရပဉ္စမဈာန်ကိုအခြေခံ၍ အဓိဋ္ဌာန်ကာ အပြန်ပြန်အလှန်လှန်ပွားများသဖြင့် အဘိညာဉ်တန်ခိုးကိုရပါသည်။
- ပါရမီထူးရှိသူတို့ကား မဂ်ရရုံမျှ၊ ရူပပဉ္စမဈာန်ကိုရရုံမျှဖြင့် အဘိညာဉ် ကိုရနိုင်ပါသည်။
- ပါရမီထူးမရှိသူတို့ကား ဈာန် ၉-ပါး၊ ၈-ပါးလုံး၊ ကသိုဏ်း ၁၀-ပါး လုံး၍ ၁၄-ပါးသောနည်းတို့ဖြင့် အသားကျစွာ လေ့လာအားထုတ် ပါမှ ဈာနသိဒ္ဓိတစ်မျိုးမျိုးပေါက်ကာ အဘိညာဉ်ကို ရနိုင်ပါသည်။ (ရူပါဝစရကုသိုလ်ပဉ္စမဈာန်စိတ်နှင့် ရူပါဝစရကြိယာပဉ္စမဈာန်စိတ် ၂-ပါးကို အဘိညာဉ်ဒွေး ဟုခေါ်ပါသည်။)

## အဘိညာဉ်ဖြစ်ပုံ

၁။ အဘိညာဉ်၏အခြေခံ (ပါဒက)ဖြစ်သော ရူပပဉ္စမဈာန်ကိုဝင်စားရမည်။
(အဓိဋ္ဌာန်မှု၏အခြေခံလည်းဖြစ်သည်။)
ဝီထိပုံစံ -န-ဒ-မ-ပ-ဥ-နု-ဂေါ-ပဉ္စမဈာန်များ-ဘ

၂။ ထိုပဉ္စမဈာန်မှထပြီးနောက် လိုသောအရာအတွက် အဓိဋ္ဌာန်သောအားဖြင့် သတံဟောမိ သဟဿံ ဟောမိ= "ငါသည် .လူအရာကိုဖန်ဆင်းလို၏၊ လူအထောင်ကိုဖန်ဆင်းလို၏" စသည်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း ပရိကံကို ပြုရသည်။
(ဤသည်မှာ အဓိဋ္ဌာန်သော ကာမဇောဝါရ မနောဒွါရဝီထိဖြစ်သည်။)
ဝီထိပုံစံ -န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဘ

၃။ ထို့နောက် အဘိညာဉ်အခြေခံ (ပါဒက)ရူပပဉ္စမဈာန်ကို ဝင်စားရပြန်ပါသည်။
ဝီထိပုံစံ -န-ဒ-မ-ပ-ဥ-နု-ဂေါ-ပဉ္စမဈာန်များစွာ -ဘ
(အဘိညာဉ်၌ အလေ့အလာမရသေးသူမှသာလျှင် ဤပါဒကဈာန်ကို ပြန်ဝင်စားရပါသည်။ အလေ့အလာရပြီးသူမှာ ဤပါဒကဈာန်ကို ဝင်စားရန်မလိုပါ။)

၄။ ထို့နောက် အဘိညာဉ်ဝီထိဖြစ်ကာ အဘိညာဉ်ဇောတစ်ကြိမ်ကျသည်နှင့်တစ်ပြိုင်နက် အဓိဋ္ဌာန်ထားသောအရာလည်း ဖြစ်ပါတော့သည်။
ဝီထိပုံစံ -န-ဒ-မ-ပ-ဥ-နု-ဂေါ- အဘိညာဉ်ဇော ၁-ကြိမ် -ဘ
မန္ဒပညာ - ဉာဏ်နုံ့သူအတွက် ဈာန် ၅-မျိုးဖြစ်သည်။
တိက္ခပညာ - ဉာဏ်ထက်သူအတွက် ဝိတက်၊ ဝိစာရ ၂-ပါးကို တစ်ပြိုင်တည်း ပယ်နိုင်-လွန်နိုင်သဖြင့် ဈာန် ၄-မျိုးသာ ဖြစ်သည်။

ထို့ကြောင့် မန္ဒပုဂ္ဂိုလ်အတွက် ရူပါဝစရနောက်ဆုံးပဉ္စမဈာန်သည် ပဉ္စမဈာန်ဖြစ်ပြီး တိက္ခပုဂ္ဂိုလ်အတွက် ရူပါဝစရနောက်ဆုံးဈာန်သည် စတုတ္ထဈာန်ဖြစ်သည်။

*ပါဒကဈာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန်ပါဒက၊ စတုတ္ထ၊ ကျတုံအဘိညာ။*

**အဘိညာဉ် ၇-မျိုး**

၁။ ဣဒ္ဓိဝိဓ - တန်ခိုးအမျိုးမျိုးကို အလိုရှိသလိုဖန်ဆင်းနိုင်သော အဘိညာဉ်၊

၂။ ဒိဗ္ဗစက္ခု - နတ်မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သိမ်မွေ့သော အဆင်းတို့ကို မြင်နိုင်သောအဘိညာဉ်၊

၃။ ဒိဗ္ဗသောတ - နတ်တို့၏နားကဲ့သို့ ဝေးသောအသံ၊ သိမ်မွေ့ သောအသံတို့ကို ကြားနိုင်သော အဘိညာဉ်၊

၄။ ပရစိတ္တဝိဇာနန - ရှေ့ ၇ ရက်၊ နောက် ၇ ရက် ကာလပတ်လုံး၌ ဖြစ်သော (စေတောပရိယ) သူတစ်ပါးတို့၏ စိတ်ဖြစ်အင်ကို သိနိုင်သော အဘိညာဉ်၊

၅။ ပုဗ္ဗေနိဝါသာနုဿတိ - မိမိနှင့်သူတစ်ပါးတို့၏ ခန္ဓာအစဉ် အမျိုးအမည် ဖြစ်ရပ်အားလုံးကို ပြန်ပြောင်းအောက်မေ့သိမြင် နိုင်သော အဘိညာဉ်၊

၆။ ယထာကမ္မူပဂ - ကံအားလျော်စွာ သုဂတိ ဒုဂ္ဂတိဘုံတို့သို့ ရောက် သောသူများကို သိနိုင်သောအဘိညာဉ်၊

၇။ အနာဂတံသ - မိမိနှင့် သူတစ်ပါးတို့၏ နောင်ဖြစ်မည့်အကြောင်း အရာတို့ကို သိမြင်နိုင်စွမ်းသော အဘိညာဉ်၊

အဘိညာဉ်၅-ပါးဟုဆိုက - ယထာကမ္မူပဂဉာဏ်နှင့်အနာဂတံသဉာဏ်ဟဲ့သည် ဒိဗ္ဗစက္ခုအဘိညာဉ်၌ အကျုံးဝင်သွား၍ ၅-ပါးယူရသည်။

အဘိညာဉ် ၆-ပါးဆိုက - အထက်ပါလောကီအဘိညာဉ် ၅-ပါးတွင် လောကုတ္တရာအဘိညာဉ်ဖြစ်သော အာသဝက္ခယ အဘိညာဉ်ကို ထည့်ရပါသည်။

အာသဝက္ခယအဘိညာဉ် - အာသဝေါတရားတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တ မဂ်ဉာဏ်၊

- *ဣ, စ, သော, ပ၊ ပုဇ်၊ ယထာ၊ နာဂ၊ သတ္တအဘိညာ*
- *ယထာ၊ နာဂ၊ စက္ခု၊ ပဠအဘိညာ၊*
- *ထိုတွင်အာသဝက်၊ ထပ်၍စွက်၊ ဆ,ထက်အဘိညာ။*

**ကမ္မဋ္ဌာန်း -၄၀ ကို ဘုံအားဖြင့်ခွဲဝေပါက-**

- ကာမဘုံ(လူ့ဘုံ)၌ - ကမ္မဋ္ဌာန်း-၄၀ လုံးရ၏။
  (နတ်ဘုံ)၌ - အသုဘ-၁၀၊ ကာယဂတာသတိ၊ အာဟာရေပဋိကူလသညာ ဤ ၁၂-ပါးကြဉ်၊ ကျန်ကမ္မဋ္ဌာန်း ၂၈-ပါးရသည်။
- ရူပဘုံ (အသညသတ်ကြဉ်) - အာနာပါနထပ်ကြဉ်၊ နတ်ပြည်၌ရသောကမ္မဋ္ဌာန်း ၂၇-ပါး ရသည်။
- အရူပဘုံ - အာရုပ္ပ ၄-ပါး ရသည်။

## ဝိပဿနာကမ္မဋ္ဌာန်း

**ဝိပဿနာ** - အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် ရှုပွားကာ မဂ်-ဖိုလ်ရအောင် အားထုတ်ခြင်းသည် ဝိပဿနာ၊

ဤဝိပဿနာအခန်းဝယ်-

- ဝိသုဒ္ဓိ - ၇-ပါး
- လက္ခဏာ - ၃-ပါး
- အနုပဿနာ - ၃-ပါး
- ဝိပဿနာဉာဏ် - ၁၀-ပါး
- ဝိမောက္ခ - ၃-ပါး
- ဝိမောက္ခမုခ - ၃-ပါး တို့ ပါဝင်ပါသည်။

# ဝိသုဒ္ဓိ ၇-ပါး

## ၁။ သီလဝိသုဒ္ဓိ

- သီလအထူးစင်ကြယ်ခြင်း။

**သီလ ၄-မျိုး**

(၁) ပါတိမောက္ခသံဝရသီလ - ရဟန်း၊ ရဟန်းမတို့အတွက် ပညတ်**အပ်သော** ၂၂၇-သွယ်သော ဝိနည်းသိက္ခာပုဒ်တို့ကို **သဒ္ဓါ** တရားဖြင့် စောင့်ထိန်းခြင်း။

(၂) **အာဇီဝပါရိသုဒ္ဓိသီလ** - အသက်မွေးမှုစင်ကြယ်ခြင်းသီလ၊

လူပုဂ္ဂိုလ်များ - သမ္မာအာဇီဝဖြင့်အသက်မွေးခြင်း။

ရဟန်းများ - ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ဆေးကုခြင်း စသော ကုလဒူသကဖြင့် အသက်မမွေး**ခြင်း**၊ ဆွမ်းခံခြင်းစသည်ဖြင့် ဘုရားရှင်ဝိနည်းတော်**အတိုင်း** ဝီရိယအားထုတ်၍ စင်ကြယ်စွာ အသက်မွေး**ခြင်း**။

(၃) ပစ္စယသန္နိဿိတသီလ - ပစ္စည်းကိုမှီ၍ဖြစ်သောသီလ၊

- တရားသဖြင့် စင်ကြယ်စွာရလာသောပစ္စည်း လေးပါးကို ပစ္စဝေက္ခဏာ အမြဲဆင်ခြင်၍ သုံးဆောင်ရခြင်း။

- ဤသီလကား ပညာပြဋ္ဌာန်း၏။ ပညာရှိသူ**မှသာ** ပစ္စည်းလေးပါးကို သုံးစွဲရာ၌ ဆင်ခြင်နိုင်**သည်**။

(၄) ဣန္ဒြိယသံဝရသီလ - မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တံခါး**ပေါက်** တို့ကို အကုသိုလ်မဖြစ်အောင် စောင့်ထိန်း**ခြင်း**။

**ဤလေးမျိုးစောင့်ထိန်းခြင်းသည်** သီလဝိသုဒ္ဓိ (သီလအထူးစင်ကြယ်မှု) မည်**ပါသည်**။

- အာဇီဝဋ္ဌမကသီလဟုဆိုအပ်သော ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး၊

**မိစ္ဆာဇီဝ**တို့မှရှောင်ကြဉ်ခြင်းအပြင် အခြားကျင့်ကြံသင့်သော ဝတ်ကြီး ဝတ်ငယ် စုတင် ၁၃-ပါးတို့ကို ဖြည့်ကျင့်လျှင်လည်း တစ်နည်းအားဖြင့် သီလဝိသုဒ္ဓိ မည်ပါသည်။

## ၂။ စိတ္တဝိသုဒ္ဓိ

- စိတ်အထူးစင်ကြယ်ခြင်း။

**ဥပစာရသမာဓိစိတ်** - (ဈာန်ရခါနီး တည်ကြည်သောစိတ်= ဥပစာရ **သမာဓိ** ဇော ၈-ခု)

**အပ္ပနာသမာဓိစိတ်** - (ဈာန်ရပြီး ဈာန်နှင့်တည်ကြည်နေသောစိတ်= မဟဂ္ဂုတ်ဇော -၁၈-ခု)

**ထို**ဥပစာရသမာဓိစိတ်နှင့် အပ္ပနာသမာဓိစိတ်များဖြစ်နေခြင်းကို စိတ္တဝိသုဒ္ဓိ ဟု ခေါ်သည်။

စိတ္တဝိသုဒ္ဓိဖြစ်မှ ဒိဋ္ဌိဝိသုဒ္ဓိစသော အထက်ဝိသုဒ္ဓိများ ပြည့်စုံစွာဖြစ်နိုင်သည်။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ

- အမြင်၊ အယူအဆအထူးစင်ကြယ်ခြင်း။
  - ရုပ်-နာမ်တရားတို့ကို အမှန်တရားခွဲခြားသိအောင် လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်၊ ဤလေးပါးဖြင့် သိမ်းဆည်းဆင်ခြင်သုံးသပ်လျှင် ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတစ်ပါး-ယောကျ်ား-မိန်းမ-အတ္တဟူသော အမြင်မှားများ ပျောက်ပြီး ရုပ်-နာမ်တရားတို့၏ ကိုယ်ပိုင်လက္ခဏာ စသည်တို့ကို အသီးသီးရှုပွားခြင်းဖြင့် အမြင်မှန်ရခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်ပါသည်။
  - ထိုဉာဏ်သည်ပင် ရုပ်-နာမ်တို့ကို အမှန်အတိုင်းပိုင်းခြား၍လည်း**ကောင်း**၊ ကွဲပြားစွာသိ၍လည်းကောင်း နာမရူပပရိစ္ဆေဒဉာဏ်၊ တစ်နည်း-**နာမရူပ** ပရိစ္ဆေဒဉာဏ် ဟူ၍ ခေါ်ပါသည်။

## ၄။ ကင်္ခါဝိတရဏာဝိသုဒ္ဓိ

- နာမ်-ရုပ်တို့ဖြစ်လာပုံအကြောင်းကို ပိုင်းခြားသိသဖြင့် ယုံမှားကင်း၍ စင်ကြယ်ခြင်း၊
- ယုံမှားမှု ၁၆-ပါးမှ လွန်မြောက်၍စင်ကြယ်ခြင်း။

**ယုံမှားခြင်း ၁၆-မျိုး**

<u>အတိတ်ကာလ၌ယုံမှားခြင်း ၅-ပါး</u>

၁။ အဝ္တ္ထ၊ လိပ်ပြာ (ငါသည် အတိတ်အခါ၌ ဖြစ်ခဲ့ဖူးလေပြီးလော)

၂။ မဖြစ်ဖူးလေပြီးလော-မဖြစ်ဖူးထင်ပါရဲ့

၃။ အတိတ်က အဘယ်သို့သောသူ ဖြစ်ခဲ့ဖူးလေသနည်း (မင်းလား၊ ပုဏ္ဏားလား)

၄။ အတိတ်က အဘယ်ပုံသဏ္ဌာန် ဖြစ်ဖူးလေသနည်း (တို၊ ရှည်၊ ပိန်၊ ဝ စသည်)

၅။ အတိတ်က ဘယ်လိုပုဂ္ဂိုလ်ဖြစ်ပြီး ဘယ်လိုပုဂ္ဂိုလ် ဖြစ်ခဲ့ပါသလဲ (မင်းဖြစ်ပြီး ပုဏ္ဏားဆက်ဖြစ်ပါသလား၊ သူဌေးဆက်ဖြစ်သလား စသည် အဆက်ဆက်ဖြစ်ပုံကို ယုံမှားသည်။)

<u>အနာဂါတ်ယုံမှားခြင်း ၅-ပါး</u>

၁။ အဝ္တ္ထ၊ လိပ်ပြာ (ငါသည် အနာဂတ်မှာ ဖြစ်ဦးမှာလား၊ သဿတဒိဋ္ဌိ)

၂။ မဖြစ်ဘဲ ပြတ်စဲသွားမှာလား (ဥစ္ဆေဒဒိဋ္ဌိ)

၃။ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဦးမှာလဲ (မင်းလား-ပုဏ္ဏားလား)

၄။ ဘယ်လိုပုံသဏ္ဌာန်ဖြစ်ဦးမှာလဲ (တို၊ ရှည်၊ ပိန်၊ ဝ)

၅။ ဘယ်လိုပုဂ္ဂိုလ် ဆက်ဖြစ်ဦးမှာလဲ (မင်းပြီးတော့ ပုဏ္ဏား၊ နတ်လားစသည်)

<u>ပစ္စုပ္ပန်ယုံမှားခြင်း ၆-ပါး</u>

၁။ ငါမှဟုတ်ရဲ့လား

၂။ မဟုတ်ဘဲဖြစ်နေသလား

၃။ ငါ ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်

၄။ ငါ ဘယ်လိုပုံသဏ္ဌာန်ပါလိမ့်

၅။ ငါ ဘယ်ဘဝကလာသလဲ

၆။ ဒီဘဝပြီးတော့ ဘယ်ဘဝရောက်မည်လဲ။

ဤ ၁၆-မျိုးဖြစ်နေရခြင်းမှာ ရုပ်နာမ်ဖြစ်ပုံအကြောင်းမှန်ကိုမသိ၍ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည် ပညတ်ကို စွဲနေခြင်းကြောင့်ဖြစ်သည်။ ရုပ်နာမ် ဖြစ်ပုံကိုသိသောအခါ ပညတ်စွဲပျောက်ပြီး ယုံမှားခြင်း ၁၆-မျိုး မဖြစ်တော့ပါ။

နာမ်ရုပ် ဖြစ်ပုံကို သေချာစွာသိသောအခါ ဝိစိကိစ္ဆာ ၈-မျိုးလည်း မဖြစ်တော့ပါ။

<u>ဝိစိကိစ္ဆာ ၈-ပါး</u>

၁။ ဘုရား၌မဆုံးဖြတ်နိုင်၊ ယုံမှားခြင်း၊

၂။ တရား၌မဆုံးဖြတ်နိုင်၊ ယုံမှားခြင်း၊

၃။ သံဃာ၌မဆုံးဖြတ်နိုင်၊ ယုံမှားခြင်း၊

၄။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ၃-ပါး၌ မဆုံးဖြတ်နိုင်၊ ယုံမှားခြင်း၊

၅။ သံသရာရှေ့ပိုင်း (အတိတ်ကသံသရာ)ရှိခဲ့သည် ဟု မဆုံးဖြတ်နိုင်ခြင်း၊

၆။ အနာဂတ်သံသရာရှိသည်ဟု မဆုံးဖြတ်နိုင်ခြင်း၊

၇။ ရှေ့ပိုင်း-နောက်ပိုင်း နှစ်မျိုးစလုံး၌ မဆုံးဖြတ်နိုင်ခြင်း၊

၈။ ပဋိစ္စသမုပ္ပါဒ်၌ မဆုံးဖြတ်နိုင်ခြင်း။

ကင်္ခါဝိတရဏဝိသုဒ္ဓိသည် ပစ္စယပရိဂ္ဂဟဉာဏ်(နာမ်-ရုပ်သိမ်းဆည်းသော ဉာဏ်-ယထာဘူတဉာဏ်)ပင်ဖြစ်သည်။ ဝိပဿနာဉာဏ်စဉ်ကား မဟုတ်သေးပါ။

**စူဠသောတာပန်**

ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို မိမိသန္တာန်၌ အကြွင်းအကျန်မရှိအောင် ပယ်ထားနိုင်သော သူသည် သောတာပန်အစစ်ဖြစ်သည်။

ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ရောက်ပြီးသောယောဂီသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ မပယ်သတ်နိုင်သေးစေကာမူ အတော်ကြာအောင် ပယ်ခွာထားနိုင်၏။

ထို့ကြောင့် ထိုယောဂီသည် သောတာပန်နှင့်အလားတူသော စူဠသောတာပန် ဖြစ်ပါသည်။

စူဠသောတာပန်သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့နှင့် ပြည့်စုံပြီးဖြစ်၍ ကမ္မပထ မြောက်သော ဒုစရိုက်မှုများကို ပြုကျင့်တော့မည်မဟုတ်ပါချေ။

ထို့ကြောင့် အရိယာစခန်းသို့ မတက်လှမ်းမီ သေသွားပါက သုဂတိဘုံဘဝသို့ ဧကန်မုချရောက်ပါမည်။

## ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

- မဂ်ဟုတ်-မဟုတ် ဉာဏ်ဖြင့်မြင်၍ စင်ကြယ်ခြင်း။
- ပြီးခဲ့သောဝိသုဒ္ဓိ ၄-ပါးသည် ဝိပဿနာဉာဏ်စဉ်များနှင့် မဆိုင်သေးပေ။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိအဆင့်ရောက်မှ ဝိပဿနာဉာဏ်များ အဆင့်ဆင့် တက်လာပါမည်။
- နာမ်-ရုပ်တရားတို့၏ဖြစ်ကြောင်းကို သိမ်းဆည်းပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုအကြောင်းနှင့်တကွဖြစ်ကုန်သော၊ အတိတ် စသည် ပြားကုန်သော၊ ဘုံသုံးပါး၌ဖြစ်သော၊ သင်္ခါရဟုဆိုအပ်သော နာမ်-ရုပ်တရားတို့ကို ခန္ဓာ အစရှိသော နည်းအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာယာဉ် ၃-ချက်တင်၍ ဆင်ခြင်ရှုပွားရပါသည်။

**လက္ခဏာ ၃-ပါး**

၁။ အနိစ္စလက္ခဏာ - ရုပ်-နာမ်တရားတို့၏မမြဲခြင်း၊ ပျက်စီးတတ်ခြင်း အမှတ်အသား၊
၂။ ဒုက္ခလက္ခဏာ - ရုပ်-နာမ်တရားတို့၏ ပျက်စီးစေခြင်းဖြင့် နှိပ်စက် ညှင်းပန်းဆင်းရဲခြင်းအမှတ်အသား၊
၃။ အနတ္တလက္ခဏာ - ရုပ်-နာမ်တရားတို့၏ ဖြစ်မြဲဓမ္မတာအတိုင်း ဖြစ်ပွားခြင်း၊ မိမိအလိုသို့မလိုက်၊ အစိုးမရခြင်းအမှတ်အသား။

**အနုပဿနာ ၃-ပါး**

၁။ အနိစ္စာနုပဿနာ - ရုပ်-နာမ်တရားတို့ကို မမြဲဟု အဖန်ဖန်ရှုမှတ်တတ် သောဉာဏ်၊
၂။ ဒုက္ခာနုပဿနာ - ရုပ်-နာမ်တရားတို့ကို ဆင်းရဲဟု အဖန်ဖန်ရှုမှတ်တတ် သောဉာဏ်၊
၃။ အနတ္တာနုပဿနာ - ရုပ်-နာမ်တရားတို့ကို အစိုးမရဟု အဖန်ဖန်ရှုမှတ်ဘတ် သောဉာဏ်။

**ဝိပဿနာဉာဏ် ၁၀-ပါး**

**၁။ သမ္မသနဉာဏ်** - ရုပ်-နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု သုံးသပ်တတ် သောဉာဏ်၊
- သမ္မသနနည်း ၄- နည်းရှိပါသည်။

**(က)ကလာပသမ္မသန** - အပေါင်းအစုအနေဖြင့် သုံးသပ်ခြင်း။
- ကင်္ခါဝိတရဏာဝိသုဒ္ဓိဖြင့် ရုပ်-နာမ်တရားတို့၏ ဖြစ်ကြောင်းကုန်စင်ကို ထင်လင်းစွာသိမြင်ပြီးသော ယောဂီသည် မိမိသိမြင်ပြီးသော ရုပ်-နာမ်တရား

တို့ကို မိမိနှစ်သက်ရာ-

- ခန္ဓာတစ်ပါးစီအားဖြင့်လည်းကောင်း၊
- အာယတနတစ်ပါးစီအားဖြင့်လည်းကောင်း၊
- ဓာတ်တစ်ပါးစီအားဖြင့်လည်းကောင်း
  သဲသဲမဲမဲဖိ၍ လက္ခဏာရေး သုံးချက်တင်ကာ
  သုံးသပ်ရမည်။

သုံးသပ်နည်းမှာ - ရူပက္ခန္ဓာသည်-

- အနိစ္စံခယဋ္ဌေန
  (ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ)
- ဒုက္ခံဘယဋ္ဌေန
  (ကြောက်မက်ဖွယ်ဘေးဖြစ်သောကြောင့် ဒုက္ခ)
- အနတ္တာအသာရကဋ္ဌေန
  (အနှစ်သာရမရှိသောကြောင့်အနတ္တ)

စသည်ဖြင့် လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်ရမည်။

ဤသို့ခန္ဓာတစ်ခုချင်းအနေဖြင့် သုံးသပ်ခြင်းကို ကလာပသမ္မသနနည်းဟု ခေါ်သည်။

အကျဉ်းအားဖြင့် - ရူပံ-အနိစ္စံ-ဒုက္ခံ-အနတ္တာ
- ဝေဒနာ-အနိစ္စံ-ဒုက္ခံ-အနတ္တာ
  စသည်ဖြင့် ပွားနိုင်သည်။

ဤသို့လျှင် ကြွင်းခန္ဓာ၊ အာယတန၊ ဓာတ်တို့ကို နှစ်သက်ရာကို သုံးသပ်နိုင်သည်။ မိမိနှစ်သက်ရာသည် မိမိနှင့်သင့်လျော်သည့် ကမ္မဋ္ဌာန်းပင် ဖြစ်ပါသည်။

**ခ )အဒ္ဓါသမ္မသန** - ရုပ်-နာမ်တရားတို့ကို အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဖြင့် ပိုင်းခြား၍ သုံးသပ်ပွားများသည့်နည်းဖြစ်သည်။

သုံးသပ်နည်းမှာ - အတိတ်ဘဝ၌ဖြစ်ခဲ့သောရုပ်ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ။ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်။

- ဤသို့ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊
- ကြောက်ဖွယ်ဘေးဖြစ်သောကြောင့် ဒုက္ခ
- အနှစ်သာရမရှိသောကြောင့် အနတ္တ။

**(ဂ)သန္တတိသမ္မသန** - အအေးရုပ်စဉ်-အပူရုပ်စဉ် စသည်ဖြင့် တစ်ဘဝတည်း၌ အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်သောနည်းဖြစ်သည်။

ပွားများပုံမှာ - အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့မရောက် ချုပ်ပျောက်ခဲ့လေပြီ။
- ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊
- ကြောက်ဖွယ်ဘေးဖြစ်သောကြောင့် ဒုက္ခ၊
- အနှစ်သာရမရှိသောကြောင့် အနတ္တ။

- ဤအတူ ရူပါရုံကိုအာရုံပြုသော ဝီထိစိတ်အစဉ်သည် သဒ္ဒါရုံကို အာရုံပြုသော ဝီထိစိတ်အစဉ်သို့မရောက်။
- အနိဋ္ဌာရုံကိုအာရုံပြုသော ဒုက္ခဝေဒနာသည် ဣဋ္ဌာရုံကို အာရုံပြုသော သုခဝေဒနာသို့မရောက် စသည်ဖြင့် ချဲ့ထွင်၍ သုံးသပ်နိုင်ပါသည်။

**(ဃ)ခဏသမ္မသန** - ရုပ်-နာမ်တို့၏ ဥပါဒ်-ဌီ-ဘင်ခဏအားဖြင့် အနိစ္စစသည် သုံးသပ်ဆင်ခြင်ပွားများမှု၊

ပွားများပုံမှာ - အတိတ်ခဏ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်သို့မရောက် ချုပ်ပျောက်ခဲ့လေပြီ။
- ဤသို့ ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ၊
- ကြောက်ဖွယ်ဘေးဖြစ်သောကြောင့် ဒုက္ခ၊
- အနှစ်သာရမရှိသောကြောင့် အနတ္တ၊

- အတီတဘဝင်၌ဖြစ်သော စိတ်-စေတသိက်တို့သည် အတီတဘဝင်ခဏ၌ ချုပ်ငြိမ်းခဲ့လေပြီ၊ ဘဝင်္ဂစလနသို့ မရောက်ချေ။
- ကုန်ခန်းခြင်းသဘောကြောင့် အနိစ္စ စသည်ဖြင့် ပွားများရသည်။

၂။ **ဥဒယဗ္ဗယဉာဏ်** - ရုပ်-နာမ်တို့၏ဖြစ်ခြင်း(ဥပါဒ်)နှင့်ပျက်ခြင်း(ဘင်)တို့ကို ထင်မြင်အောင်ရှုတတ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်၊
- သမ္မသနဉာဏ်အမြင် ရင့်သန်လာသော ယောဂီပုဂ္ဂိုလ်သည် ထိုခန္ဓာ ၅-ပါး၊ ရုပ်-နာမ်တရားတို့၏ဖြစ်ခြင်းအကြောင်း ၅-မျိုးတို့ကို တိုး၍ သိမြင်လာမည်။
- ရုပ်ဖြစ်ကြောင်းမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရတို့တည်း။
- စေတသိက်နာမ်တို့ကိုဖြစ်စေသော အကြောင်းတို့ကား အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿတို့တည်း။
- စိတ်နာမ်တရားတို့ကိုဖြစ်စေသောအကြောင်းတို့ကား အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမရူပတို့တည်း။
- ထို ၅-မျိုးချုပ်ခြင်းကြောင့် ရုပ်ချုပ်ရ၏-ဟုသိသော အဖြစ်အပျက်ကို အဖန်တလဲလဲရှုမြင်သုံးသပ်သော ဥဒယဗ္ဗယဉာဏ်၏ ရှေ့ပိုင်းဖြစ်ပေါ်လာ၏။

ထိုသို့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၏အရှေ့ပိုင်း၊ ယင်းဉာဏ် ၂-မျိုးတို့ဖြင့် အသိဉာဏ်ရင့်သန်လာသော ယောဂီသန္တာန်၌ ရုပ်နာမ်တို့အပေါ်တွင် အသိဉာဏ်အမြင် သန့်ရှင်းစင်ကြယ်လာသဖြင့် ထိုယောဂီ၏ ရုပ်-နာမ်ခန္ဓာတို့လည်း စင်ကြယ်မှုတန်ခိုးကြောင့် ဩဘာသ(အလင်းရောင်)တောက်ပခြင်းစသော ထူးခြားချက် ၁၀-မျိုး ဖြစ်ပေါ်လာလေသည်။

## ဝိပဿနုပက္ကိလေသ ၁၀-ပါး

ဝိပဿနာအန္တရာယ် ၁၀-ပါး(ဝါ)ဝိပဿနာညစ်ညူးကြောင်း ၁၀-ပါး(ဝါ) ဝိပဿနာ ၁၀-ပါးဟူ၍ ခေါ်ပါသည်။

၁။ **ဩဘာသ**- ကိုယ်ရောင်ကိုယ်ဝါ၊
- ဝိပဿနာစိတ်၏အစွမ်းကြောင့် လွန်စွာကြည်လင်သော အလင်းရောင်များ ကိုယ်မှထွက်ပေါ်လာမှု၊

၂။ **ပီတိ** - ဝိပဿနာနှင့်ယှဉ်သော အလွန်ကျေနပ်နှစ်သက်ဖွယ်ရာ ၅-မျိုး ဖြစ်ပေါ်လာမှု၊

(က)ခုဒ္ဒကာပီတိ - ကြက်သီးမွေးညင်းထရုံ သေးငယ်စွာဖြစ်သော ပီတိ၊

(ခ)ခဏိကာပီတိ - လျှပ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏပျက်သော ပီတိ၊

(ဂ)ဩက္ကန္တိကာပီတိ- ဒီရေလှိုင်းလုံးကြီးလွှမ်းဖုံးလာသကဲ့သို့ တစ်ကိုယ်လုံး လွှမ်းဖုံး သက်ရောက်သော ပီတိ၊

(ဃ)ဥဗ္ဗေဂါပီတိ - မိမိအဟုန်ဖြင့် ကိုယ်ကိုအထက်သို့မြှောက်နိုင်သောပီတိ၊

(င)ဖရဏာပီတိ - တစ်ကိုယ်လုံး၌ ကြာမြင့်စွာပျံ့နှံ့နေသောပီတိ၊

ယင်းပီတိများကို မဂ်တရားဟု ထင်နေတတ်သည်။

၃။ ပဿဒ္ဓိ - ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၂-ပါး ငြိမ်းချမ်းခြင်း၊

(ယင်းကို နိဗ္ဗာန် ဟုထင်နေတတ်၏။)

၄။ အဓိမောက္ခ-ကမ္မဋ္ဌာန်းအာရုံ၌ စူးစိုက်စွာ သက်ဝင်ယုံကြည်သော သဒ္ဓါဖြစ်လာတတ်၏။

(ဤသဒ္ဓါကား ယုံကြည်မှုမတ္တမဟုတ်ဘဲ စူးစိုက်သက်ဝင်ဆုံးဖြတ်တတ်သောကြောင့် အဓိမောက္ခအမည်တပ်ရသည်။ အဓိမောက္ခစေတသိက်ကား မဟုတ်)

၅။ ပဂ္ဂဟ (ဝီရိယ) - ဝိပဿနာစိတ်ကို နောက်မဆုတ်နိုင်အောင် အားပေးချီးမြှောက်တတ်သော ဝီရိယလည်း ဖြစ်လာတတ်၏။

၆။ သုခ - မွန်မြတ်သောစိတ္တဇရုပ်တို့ဖြင့် တစ်ကိုယ်လုံး ထုံမွှမ်း၍ ချမ်းမြေစေသော သုခဝေဒနာလည်း ဖြစ်တတ်သည်။

၇။ ဉာဏ(ဗုဒ္ဓိ) - သင်္ခါရတရားတို့၌ ရှုလိုက်တိုင်း-ရှုလိုက်တိုင်း အဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာသိမြင်နိုင်သော ထက်မြက်သော အသိဉာဏ်(ပညာ)သည် ဖြစ်လာတတ်၏။

၈။ ဥပဋ္ဌာန - ကမ္မဋ္ဌာန်းအာရုံ၌ စွဲမြဲစွာတည်သောသတိတရားလည်း ဖြစ်ပေါ်လာတတ်၏။

၉။ ဥပေက္ခာ - တတြမဇ္ဈတ္တုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာတို့ဖြစ်လာသည်။ ဗျာပါရမများဘဲ အသင့်အားဖြင့်ရှုတတ်သော တတြမဇ္ဈတ္တတာ စေတသိက်သည် တတြမဇ္ဈတ္တုပေက္ခာဖြစ်၏။ ဖြစ်မှု-ပျက်မှုကို အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သော အာဝဇ္ဇန်းနှင့်ယှဉ်သည့် စေတနာကို အာဝဇ္ဇနုပေက္ခာဟု ခေါ်သည်။

၁၀။နိကန္တိ - ကိလေသာဟူ၍ပင် မသိနိုင်လောက်အောင် ဝိပဿနာ၌ တွယ်တာနှစ်သက်သော၊ လွန်စွာသိမ်မွေ့သောတဏှာလည်း ဖြစ်လာတတ်သည်။

(ယင်းကို မဂ်ဟုထင်နေတတ်သည်။)

*ဥဒယဉာဏ်၊ ရင့်သန်တို့လတ်၊ ဖြစ်လာတတ်၊ ဆယ်ရပ်အန္တရာယ်။*

ထိုသို့နှစ်သက်နေလျှင် ဟုတ်လှပြီ-ဟု ထင်နေခြင်းမာန၊ အယူမှားသွားခြင်း-ဒိဋ္ဌိ တရားတို့ဖြစ်ကာ တုန်လှုပ်၊ ပျံ့လွင့်မှုတို့ဖြစ်၍ ဖြစ်ပေါ်လာသဖြင့် ရပြီး ဝိပဿနာဉာဏ်စဉ်များမှာ ပျောက်သွားရပြန်ပါသည်။

အထက်ပါ ၁၀-မျိုး ဖြစ်ပေါ်လာသောအခါ ထိုဩဘာသ စသည်ကို မဂ်၊ ဖိုလ် နိဗ္ဗာန်တရားရပြီ ဟု အထင်ရှိပြီး ကျေနပ်နှစ်သက်ကာ ဝိပဿနာတရားကို ဆက်လက် အားမထုတ်လျှင် ရပြီးသော ဉာဏ်စဉ်များပါ ပျောက်သွားတတ်သည်။ အထက်ဉာဏ်စဉ် များနှင့် မဂ်-ဖိုလ်တရားတို့သို့ မတက်ရောက်နိုင်တော့ပေ။

ထို့ကြောင့် ဤ ၁၀-ပါးကို ဝိပဿနုပက္ကိလေသ=ဝိပဿနာညစ်ညူးကြောင်း၊ ဝိပဿနာပျက်ကြောင်း အန္တရာယ် ၁၀-မျိုး ဟု ခေါ်ခြင်းဖြစ်သည်။

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ရင့်သန်အောင် အားထုတ်၍ဩဘာသစသည် ဖြစ်ပေါ်လာသောအခါ ဤဩဘာသစသည် သည် မဂ်-ဖိုလ်တရား မဟုတ်သေးပါ။ ဝိပဿနာ၏ အန္တရာယ်များသာ ဖြစ်သေးသည်။

အထက်ဉာဏ်စဉ် ၉-မျိုးကိုရရှိအောင် ဆက်လက်အားထုတ်မှ မဂ်-ဖိုလ်တရား

ရနိုင်သည်ဟု မဂ်ဟုတ်သည်-မဟုတ်သည်ကိုသိသောဉာဏ်အမြင်သည် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်ပါသည်။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

- မဂ်သို့ရောက်ကြောင်း စင်ကြယ်သောဉာဏ်အမြင်၊ ဥဒယဗ္ဗဉာဏ်နောက်ပိုင်း မှစ၍ အနုလောမဉာဏ်တိုင်အောင် ၉ ပါးသော ဉာဏ်အစု။
- လမ်းမှန်နှင့် လမ်းမှားကို ပြတ်သားစွာ ပိုင်းခြားသိမြင်ပြီးသောအခါ ဥဒယဗ္ဗယဉာဏ် ထက်သန်လာအောင် တစ်ဖန်အားထုတ်ရသည်။ ထိုအခါ ရုပ်-နာမ် အဖြစ်အပျက် နှစ်မျိုးလုံးကို ထင်ရှားစွာ မြင်ရသည်။

*ဖြစ်ပွားပျက်မှု၊ အာရုံရှု၊ ဖြစ်မှုဥဒယဗ္ဗယဉာဏ်။*

**၃။ ဘင်္ဂဉာဏ်** - ရုပ်-နာမ်တို့၏ အပျက်ကိုသာမြင်သောဉာဏ်၊

- ဥပက္ကိလေသမှလွတ်မြောက်ပြီးသော ယောဂီ၏ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အဖြစ်အပျက်တို့သည် အလွန်လျင်မြန်စွာ ထင်လာကြကုန်သည်။ ထိုအခါ အဖြစ်ကို အာရုံမပြုတော့ဘဲ အပျက်ကိုသာ ရှုမိတော့သည်။ ထိုဉာဏ်ကို ဘင်္ဂဉာဏ်ဟုခေါ်၏။
- သင်္ခါရတရားတစ်ခု၏ အပျက်ကို အာရုံပြုသော ဘင်္ဂဉာဏ်၏အပျက်ကို တစ်ဖန် နောက်ထပ်ဉာဏ်တစ်ခုက ဆက်၍ အာရုံပြုနိုင်သည့်အခါ ဘင်္ဂဉာဏ် အထွတ်အထိပ်သို့ရောက်သည်။

*အပျက်ကိုသာ၊ ရှုတုံပါ၊ မှတ်ပါဘင်္ဂဉာဏ်။*

**၄။ ဘယဉာဏ်** - ရုပ်-နာမ်တို့ကို ကြောက်စရာဘေးအဖြစ် ထင်မြင်လာမှု၊

- ဘင်္ဂဉာဏ်ဖြင့် ရုပ်-နာမ်တို့၏အပျက်ကို ရှုဖန်များလတ်သော် ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ကြောက်လန့်ထိတ်လန့် သံဝေဂထင်မြင်လာသည်။
- ထိုသံဝေဂထင်မြင်မှုသည် ဘယဉာဏ် ဖြစ်သည်။

*အပျက်ကိုမြင်၊ သံဝေဂ်၊ ရှုလျှင် ဘယဉာဏ်။*

၅။ **အာဒီနဝဉာဏ်** - ရုပ်-နာမ်တို့အပေါ် အပြစ်မြင်၍ အားကိုးရာမရှိသည်အဖြစ်ကို ရှုမြင်သောဉာဏ်၊

- ဘယဉာဏ်ဖြင့် ကြောက်မက်ဖွယ်သဘောကို သိမြင်မှုအားကြီးလတ်သော် ထိုရုပ်ခန္ဓာတို့၌ အားကိုးဖွယ်ရာ ဘာမျှမရှိသည်၏အဖြစ်ကို သိမြင်လာသည်။
- သားရဲရှိသောတော၊ ကျားရှိသောတောင်စောင်း၊ မိကျောင်းရှိသောရေပြင်၌ အပြစ်မြင်သကဲ့သို့ ရုပ်-နာမ်တို့အပေါ်၌ အပြစ်ကိုရှုတတ်သောဉာဏ်သည် အာဒီနဝဉာဏ် မည်ပါသည်။

***ဘေးရှိသောမျိုး၊ ရုပ်-နာမ်ဆိုး၌၊ ကိုးရာမရှိ ထင်မြင်ဘိ၊ မှတ်သိ အာဒီနဝဉာဏ်။***

၆။ **နိဗ္ဗိဒါဉာဏ်** - ရုပ်-နာမ်တို့ကို ဘေးဟုမြင်ပြီး ထို၌မပျော်မွေ့ ငြီးငွေ့လာသော ဉာဏ်အမြင်

- ရုပ်-နာမ်သင်္ခါရတရားတို့၏ အပြစ်ကိုသာ မြင်နေ ထင်နေသော ယောဂီသည် ထိုတရားတို့ အပေါ်၌ မပျော်မွေ့နိုင်ဘဲ ငြီးငွေ့လာ၏။
- ထိုသို့ ငြီးငွေ့လာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ် မည်ပါသည်။

***မပျော်မမွေ့၊ လွန်ငြီးငွေ့၊ ခေါ်လေ့ နိဗ္ဗိဒါဉာဏ်။***

၇။ **မုဉ္စိတုကမျတာဉာဏ်** - ရုပ်-နာမ်တို့၏ အပြစ်ကိုသိသောအခါ ရုပ်-နာမ်တို့မှ လွတ်လိုသောဉာဏ်၊

- သင်္ခါရတရားတို့၌ ငြီးငွေ့အားသန်လာသောအခါ ထိုတရားတို့မှ လျင်မြန်စွာ လွတ်မြောက်လိုသောဉာဏ် ဖြစ်လာသည်။ ပိုက်ကွန်အတွင်းမှငါး၊ မြွေဖမ်းခံရသောဖား၊ ညွတ်ကွင်းမိသောသမင်တို့ လွတ်လိုသကဲ့သို့ သင်္ခါရနယ်ပယ်မှ လွတ်ကင်းလိုသောဉာဏ်ဖြစ်လာသည်။
- ထိုဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဟုခေါ်သည်။

***ငြီးငွေ့အားသန်၊ လျင်မြန်အသီ၊ လွတ်လိုဘိ၊ မုဉ္စိတုကမျတာဉာဏ်။***

၈။ **ပဋိသင်္ခါဉာဏ်** - လွတ်ချင်လွန်းအားကြီးသဖြင့် ကမ္မဋ္ဌာန်းတရားများကို အင်တိုက်အားတိုက် ရှုမှတ်သောဉာဏ်၊

- သင်္ခါရတရားတို့မှ လွတ်မြောက်လိုသောဆန္ဒ ပြင်းပြလာသောအခါ လွတ်ခြင်း၏အကြောင်းကို ပြည့်စုံစေခြင်းငှာ ထိုတရားတို့အပေါ်၌ နိစ္စ-သုခ-အတ္တအားဖြင့် တစ်ဖန်ပြန်၍ မစွဲနိုင်အောင် ကမ္မဋ္ဌာန်းဘာဝနာ-၄၀ သော နည်းများဖြင့် လက္ခဏာယာဉ် ၃-ချက်ဖြင့် ပြန်၍ သုံးသပ်သော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟုခေါ်ပါသည်။

ဥပမာ- မြွေဟောက်တစ်ကောင်ကို ငါးထင်ပြီး ဖမ်းမိသောယောကျ်ားသည် မြွေဟောက်မှန်းသိသောအခါ ကြောက်လန့်ရွံမုန်းမိ၍ မြွေကို အလျင်အမြန် လွှင့်ပစ်လိုလာသည်။ သို့သော် မြွေကိုက်မခံရလေအောင်၊ မြွေကိုပင်ပန်းသွားအောင် မြွေကို မိမိဦးခေါင်းထက် တင်မြှောက်ပြီး သုံးလေးကြိမ် မွှေ့ယမ်းပြီးမှ အဝေးသို့ လွှင့်ပစ်သကဲ့သို့ ရုပ်နာမ်တို့ကို လက္ခဏာယာဉ် ၃-ပါးတင်ပြီး တစ်ဖန်ရှုမှတ်ခြင်း ဖြစ်သည်။

*လွတ်လိုလှ၍၊ ဘာဝနာလေးဆယ်၊ ပွားပြန်နှယ်၊ မှတ်ဖွယ်ပဋိသင်္ခါဉာဏ်။*

**၉။ သင်္ခါရုပေက္ခာဉာဏ်** - သင်္ခါရတို့ကို ကြောက်စရာ၊ ရွံမုန်းစရာအဖြစ် မရှုတော့ဘဲ လျစ်လျူရှုသည့်အနေဖြင့် ရှုမှတ်သောဉာဏ်၊

- လက္ခဏာယာဉ်တင်၍ အင်တိုက်အားတိုက်ရှုဖန်များသောအခါ သင်္ခါရတရားတို့၌ သာယာနှစ်သက်ခြင်းလည်းမရှိ၊ ကြောက်မက်ဖွယ်ဟူ၍လည်း ဂရုမစိုက်ဘဲ အလယ်အလတ်အားဖြင့် လျစ်လျူရှုကာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်သောဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်ပါသည်။
- ဥပမာ- ဖောက်ပြန်သောဇနီးသည်ကို ကွာရှင်းလိုက်သောယောကျ်ားသည် ထိုဇနီးသည်ဟောင်းက တစ်ဖန်ဖောက်ပြန်သည်ကိုမြင်ရလျှင် မိမိနှင့် မသက်ဆိုင်တော့သလို လျစ်လျူရှုနေနိုင်သကဲ့သို့ ရုပ်-နာမ်တို့၌ သာယာနှစ်သက်ခြင်း မရှိ၊ ကြောက်ရွံ့ခြင်းလည်းမရှိဘဲ လျစ်လျူရှုကာ လက္ခဏာယာဉ်-၃-ပါးတင်ကာ ရှုနေခြင်းမျိုးဖြစ်သည်။

*ရုပ်-နာမ်ဓမ္မ၊ သင်္ခါရဝယ်၊ မတွယ်သသူ၊ လျစ်လျူရှု၊ ခေါ်မူသင်္ခါရုပေက္ခာဉာဏ်။*

**၁၀။အနုလောမဉာဏ်** - ရုပ်-နာမ်တရားတို့၌ လက္ခဏာယာဉ်-၃-ပါး ရှုနေသဖြင့် ရှုဉာဏ် ၉-ပါးနှင့်လည်း မဆန့်ကျင်၊ ဖြစ်ပေါ်လတ္တံ့သော ဗောဓိပက္ခိယတရားများနှင့် လျော်စွာဖြစ်သောဉာဏ်၊

- ထိုရုပ်-နာမ်တရားတို့၌ တွယ်တာမှုလည်းမရှိ၊ နှလုံး မသာယာမှုလည်းမရှိ၊ (တတြမဇ္ဈတ္တုပေက္ခာနှင့်ယှဉ်သောအခါ)-
မဂ္ဂဝီထိ-န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖိုလ်
ဟူသော မဂ္ဂဝီထိ အစဉ်အတိုင်း အထက်ဂေါတြဘု-မဂ်-ဖိုလ်-ဇောတို့အား လည်းကောင်း၊ မိမိနှင့် ဥပစာရ သမာဓိဇောချင်းတူသော အောက်ပရိကံ၊ ဥပစာ ဇောအားလည်းကောင်း သင့်လျော်သော အနုလောမဉာဏ် ဖြစ်ပေါ်လာပါသည်။
- သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့ကို လျစ်လျူရှုကာ အနိစ္စ-ဒုက္ခ- အနတ္တ ဟု ရှုဖန်များသော် သင်္ခါရတို့ကို အာရုံမပြုတော့ဘဲ သင်္ခါရမှလွတ်ရာ နိဗ္ဗာန်သို့ စိတ်ညွှတ်နေသည်။
- ယောဂီ၏စိတ်သည် နိဗ္ဗာန်ကို မမြင်သေးသမျှ သင်္ခါရကိုပင် အာရုံပြုနေရင်း နိဗ္ဗာန်ကို ဆက်လက်ရှာဖွေနေ၏။
- နိဗ္ဗာန်ကို မြင်လောက်သောအကြိမ်၌ ပရိကံ၊ ဥပစာ၊ အနုလုံဟု အမည်ရကြသော အနုလောမဉာဏ်ဖြစ်ပေါ်လာပြီးနောက် ဂေါတြဘူဖြင့် နိဗ္ဗာန်ကိုအာရုံ ပြုလျက် မဂ်-ဖိုလ်ရောက်အောင် တိုးတက်သွားပါသည်။
- ဥပမာ-ပင်လယ်ခရီးသွားသင်္ဘောတွင် ကမ်းကြည့်တတ်သော ကျီးတစ်ကောင် ကို လွှတ်လိုက်သည်။ ထိုကျီးသည် ကမ်းကိုမမြင်သော် ရွက်တိုင်တွင် ပြန်လာ၍ နားသည်။ ကမ်းခြေကိုတွေ့သည့်အခါ ပြန်မလာတော့ဘဲ ကမ်းအရောက် ပျံသွားသကဲ့သို့ပင် ဖြစ်ပါသည်။
- ထို့ကြောင့် အနုလောမဉာဏ်သည် မဂ္ဂဝီထိ၌ပါသော ပရိကံ၊ ဥပစာ၊ အနုလုံတို့ပင် ဖြစ်ပါသည်။
- ဂေါတြဘူကား သင်္ခါရကိုအာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ဝိပဿနာဉာဏ်၌ မပါဝင်ပေ။ သို့သော် ဝိပဿနာဉာဏ်၏ အထွတ်အထိပ်နှင့်

တူသောကြောင့် ဝိပဿနာတွင် သွင်းယူထားပါသည်။

- ဤဉာဏ်၉-ပါးအဆင့်ဆင့် (ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှ အနုလောမဉာဏ်အထိ) အဆင့်ဆင့် ပေါ်ပေါက်သိမြင်လာခြင်းကို ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်ပါသည်။

*ရှေ့နောက်လျော်မှု၊ ကျေးဇူးပြု၊ အနုလောမဉာဏ်။*

**ဂေါတြဘူစိတ်** - ပုထုဇဉ်အနွယ်ကို လွှမ်းမိုးကျော်လွှန်နိုင်သောစိတ်၊

- မဂ္ဂဝီထိဦပါဝင်သော ပရိကံ၊ ဥပစာ၊ အနုလုံစိတ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာတစ်ပါးပါးကို အာရုံပြု၏။
- ဂေါတြဘူစိတ်သည်ကား ရုပ်-နာမ်သင်္ခါရကို အာရုံမပြုဘဲ နိဗ္ဗာန်ကို အာရုံပြု၏။
- ဂေါတြဘူသည် မဂ်ရှေ့မှ နိဗ္ဗာန်ကိုညွှန်ပြတတ်သောကြောင့် မဂ်ဇော၊ ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သည့် အာဝဇ္ဇန်းနှင့်တူသည်ဟု မှတ်ချက်ချကြပါသည်။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ**

အနုလောမဉာဏ်နှင့် အနုလောမဉာဏ်၏ အနီးအပါးဖြစ်သော ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်တို့ကို-

- အပါယ်စသည်မှလည်းကောင်း၊
- သင်္ခါရနိမိတ်မှလည်းကောင်း

ထ၍ ဝုဋ္ဌာနမည်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟုခေါ်ပါသည်။

**အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်အထူး**

ဤဉာဏ်တို့သည် မဂ္ဂဝီထိတစ်ခုအတွင်းရှိ မဂ်၏ ရှေ့အဖို့ဖြစ်သော ဥပစာရ သမာဓိဇောချင်းတူကြသော်လည်း-

- အနုလောမဉာဏ်သည် မောဟအမှောင်ကိုပယ်နိုင်သည်။
  နိဗ္ဗာန်ကိုကားမမြင်နိုင်ပါ။
- ဂေါတြဘုဉာဏ်ကား နိဗ္ဗာန်ကိုမြင်နိုင်သည်။
  မောဟကိုကား မပယ်နိုင်။
  ဤသို့အားဖြင့် ထူးပါသည်။

ဂေါတြဘူဉာဏ်သည် မဂ်ဉာဏ်၏ အာဝဇ္ဇန်းအရာ၌တည်သဖြင့် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၌လည်း မဝင်၊ အထက်၌ဖြစ်သော ဉာဏဒဿနဝိသုဒ္ဓိ၌လည်း မဝင်ပေ။

ဝိပဿနာ၏ အလျဉ်၌ကျသဖြင့် ဝိပဿနာဉာဏ်ကားဖြစ်ပြီး သီးခြား ဂေါတြဘူဉာဏ်ဟု အမည်တပ်ရပါသည်။




## ၇။ ဉာဏဒဿနဝိသုဒ္ဓိ

- မဂ်ဉာဏ် ၄-ပါး
- ၆-ပါးသော ဝိသုဒ္ဓိအစဉ်ဖြင့်ပွား၍ ရအပ်သော မဂ်ဉာဏ်လေးပါးသည် သစ္စာလေးပါးကို သိတတ်ပြီး စင်ကြယ်သောနိဗ္ဗာန်ကို မြင်နိုင်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိ မည်ပါသည်။

**မဂ်စိတ်ဖြစ်ပုံ**

ဂေါတြဘူစိတ်ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက်တည်း နိဗ္ဗာန်ကိုအာရုံပြုလျက် မဂ်စိတ်ဖြစ်လာသည်။

**ဆီမီး**သည် မီးစာကိုလောင်ခြင်း၊ အမှောင်ကိုပယ်ခြင်း၊ အလင်းကိုဖြစ်စေခြင်း၊ ဆီကိုကုန်စေခြင်း၊ ကိစ္စလေးချက် တစ်ပြိုင်နက်ပြီးစေသကဲ့သို့ မဂ်စိတ်သည်လည်း-

- ဒုက္ခသစ္စာကိုပိုင်းခြားသိခြင်း၊
- သမုဒယသစ္စာကိုပယ်ခြင်း၊
- နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း၊
- မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်း ဟူသော ကိစ္စ ၄-ချက်ကို တစ်ပြိုင်နက်တည်း ပြီးစေပါသည်။

မန္ဒပုဂ္ဂိုလ် - န- ဒ- မ- ပ- ဥ- နု- ဂေါ- မဂ်- ဖိုလ်- ဖိုလ်- ဘ- ဘ
တိက္ခပုဂ္ဂိုလ် - န- ဒ- မ- ဥ- နု- ဂေါ- မဂ်- ဖိုလ်- ဖိုလ်- ဖိုလ်- ဘ- ဘ

မဂ်စိတ်တစ်ခု၌ ကိစ္စ ၄-ချက်ရှိရာ မဂ်လေးပါးအတွက် ကိစ္စ ၁၆-ချက် ရှိပါသည်။

## ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ

မဂ္ဂဝီထိပြီးနောက် ဘဝင်ကျ၍ ဘဝင်ပြတ်သောအခါ မိမိရသောမဂ်-ဖိုလ်စသည်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်ပါသည်။

ယင်းဝီထိရှိ မဟာကုသိုလ်(သို့မဟုတ်)မဟာကြိယာဇောနှင့်ယှဉ်သော ဉာဏ်ကို ပစ္စဝေက္ခဏာဉာဏ်ဟု ခေါ်ပါသည်။

## ပစ္စဝေက္ခဏာ ၅-ဝီထိ

| | |
|---|---|
| ၁။ ရအပ်ပြီးသော မဂ်ကို ဆင်ခြင်သောဝီထိ<br>၂။ ရအပ်ပြီးသော ဖိုလ်ကို ဆင်ခြင်သောဝီထိ<br>၃။ ရအပ်ပြီးသော နိဗ္ဗာန်ကို ဆင်ခြင်သောဝီထိ | } ဧကန်ဆင်ခြင်၏။ |
| ၄။ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သောဝီထိ<br>၅။ ကြွင်းသောကိလေသာကို ဆင်ခြင်သောဝီထိ | } အနေကန်ဆင်ခြင်၏။ |

- သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် ပစ္စဝေက္ခဏာ ၅ ဝီထိလုံး အသီးသီးရနိုင်သည်။

- ရဟန္တာပုဂ္ဂိုလ်သည် ကြွင်းကျန်သောကိလေသာမရှိသောကြောင့် ပစ္စဝေက္ခဏာ ၄-ဝီထိသာ ရနိုင်သည်။
- ထို့ကြောင့် ပစ္စဝေက္ခဏာ ၁၉-ဝီထိ ရှိပါသည်။

**ပစ္စဝေက္ခဏာ ၁၉-ဝီထိ**

- မဂ်တစ်မျိုးမျိုးရပြီးလျှင် အထက်ပါပစ္စဝေက္ခဏာဝီထိ ၅-မျိုးစီရသောကြောင့်-

| | |
|---|---|
| သောတာပတ္တိမဂ်၌ | - ၅ မျိုး |
| သကဒါဂါမိမဂ်၌ | - ၅ မျိုး |
| အနာဂါမိမဂ်၌ | - ၅ မျိုး |
| အရဟတ္တမဂ်၌ | - ၄ မျိုး |
| စုစုပေါင်း | - ၁၉ မျိုး |

- အရဟတ္တမဂ်တွင် ကြွင်းကျန်သော ကိလေသာမရှိတော့၍ ၄-မျိုးသာရတော့သည်။
- ထို့ကြောင့် ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ဟု ခေါ်ပါသည်။

**မဂ္ဂပစ္စဝေက္ခဏာဝီထိပုံစံ**

န-ဒ ----- မ -ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဘ-ဘ

**အထက်မဂ် ၃-ပါး ဝီထိပုံစံ**

မန္ဒပုဂ္ဂိုလ် - န- ဒ- မ- ပ- ဥ- နု- ဝေါ- မဂ်- ဖိုလ်- ဖိုလ်
တိက္ခပုဂ္ဂိုလ် - န- ဒ- မ- ဥ- နု- ဝေါ- မဂ်- ဖိုလ်- ဖိုလ်- ဖိုလ်- ဘ- ဘ
ဝေါ = (ဝေါဒါန်) = ဖြူဖွေးကြည်လင်သန့်ရှင်းသောစိတ်

**ဖလသမာပတ္တိဝီထိပုံစံ (ရပြီးဖိုလ်ကို အထပ်ထပ်ဝင်စားခြင်း)**

မန္ဒပုဂ္ဂိုလ် - န- ဒ- မ- နု - နု- နု - နု- ဖိုလ်စိတ်များစွာ - ဘ
တိက္ခပုဂ္ဂိုလ် - န- ဒ- မ- နု - နု- နု - ဖိုလ်စိတ်များစွာ - ဘ

## ဝိသုဒ္ဓိ ၇-ပါးကို အခြေ-ကိုယ်-ခေါင်းခွဲပုံ

၁။ အခြေခံ (မူလဝိသုဒ္ဓိ) - သီလဝိသုဒ္ဓိ + စိတ္တဝိသုဒ္ဓိ၊

၂။ ကိုယ် (သရီရဝိသုဒ္ဓိ) - မဂ်တည်းဟူသော ဉာဏဝိသုဒ္ဓိဖြစ်ရန် နီးစွာသော အကြောင်းဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိတို့သည် ကိုယ်သဖွယ်ဖြစ်သော ကြောင့် ကိုယ် (သရီရဝိသုဒ္ဓိ)၊

၃။ ဦးခေါင်း(သီသဝိသုဒ္ဓိ) - ဉာဏဒဿနဝိသုဒ္ဓိ၊

# ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ်စဉ်များ တွဲစပ်ပုံ

<table>
<tr><th>ဝိသုဒ္ဓိအမည်</th><th colspan="2">ဉာဏ်စဉ်အမည်</th><th>မှတ်ချက်</th></tr>
<tr><td>သီလဝိသုဒ္ဓိ</td><td colspan="2">သီလအထူးစင်ကြယ်ခြင်း</td><td></td></tr>
<tr><td>စိတ္တဝိသုဒ္ဓိ</td><td colspan="2">ဥပစာရသမာဓိ+အပ္ပနာသမာဓိ ရအောင်အားထုတ်သဖြင့် စိတ်စင်ကြယ်ခြင်း</td><td rowspan="3">သီလ၊ စိတ္တ၊ ဒိဋ္ဌိ၊ ကင်္ခါ ဤလေးပါးသည် ဝိပဿနာ ဉာဏ်စဉ်နှင့် မဆိုင်သေးပါ။</td></tr>
<tr><td>ဒိဋ္ဌိဝိသုဒ္ဓိ</td><td colspan="2">နာမရူပပရိစ္ဆေဒဉာဏ်</td></tr>
<tr><td>ကင်္ခါဝိတရဏ ဝိသုဒ္ဓိ</td><td colspan="2">ပစ္စယပရိဂ္ဂဟဉာဏ်</td></tr>
<tr><td>မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ</td><td rowspan="2">ဝိပဿနာဉာဏ် ၁၀ ပါး</td><td>သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၏ပထမပိုင်း</td><td>သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်း သာ သက်ဝင်သည်။</td></tr>
<tr><td>ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ</td><td>ဥဒယဗ္ဗယဉာဏ်နောက်ပိုင်းမှ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်စဉ် ၉ ပါး</td><td>ပဋိပဒါစခန်းရောက်သော အခါ ဉာဏ် ၉ ပါးလုံး သက်ဝင်သည်</td></tr>
<tr><td></td><td colspan="2">ဂေါတြဘူဉာဏ်</td><td></td></tr>
<tr><td rowspan="3">ဉာဏဒဿန ဝိသုဒ္ဓိ</td><td colspan="2">မဂ်ဉာဏ်</td><td rowspan="3"></td></tr>
<tr><td colspan="2">ဖိုလ်ဉာဏ်</td></tr>
<tr><td colspan="2">ပစ္စဝေက္ခဏာဉာဏ်များ</td></tr>
</table>

# ဉာဏ်စဉ် ၁၆ ပါးနှင့် ဝိသုဒ္ဓိ ၇ ပါး တွဲစပ်ပုံ (ဒုတိယနည်း)

| | | | | | ဝိသုဒ္ဓိ ၇ ပါး | |
|---|---|---|---|---|---|---|
| | | သီလစင်ကြယ်ခြင်း | | ၁ | သီလဝိသုဒ္ဓိ | မူလ (အခြေခံ) |
| | | ဥပစာရသမာဓိ+အပ္ပနာသမာဓိ | | ၂ | စိတ္တဝိသုဒ္ဓိ | |
| ရုပ်နာမ်သင်္ခါရအာရုံပြု | | ၁ | နာမရူပပရိစ္ဆေဒဉာဏ် | ၃ | ဒိဋ္ဌိဝိသုဒ္ဓိ | သရီရ (ကိုယ်) |
| | | ၂ | ပစ္စယပရိဂ္ဂဟဉာဏ် | ၄ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | |
| | ဝိပဿနာဉာဏ်စဉ် ၁၀-ပါး | ၃ | သမ္မသနဉာဏ် | ၅ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | |
| | | ၄ | ဥဒယဗ္ဗယဉာဏ် (နု / ရင့်) | | | |
| | | ၅ | ဘင်ဉာဏ် | ၆ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | |
| | | ၆ | ဘယဉာဏ် | | | |
| | | ၇ | အာဒီနဝဉာဏ် | | | |
| | | ၈ | နိဗ္ဗိဒါဉာဏ် | | | |
| | | ၉ | မုဉ္စိတုကမျတာဉာဏ် | | | |
| | | ၁၀ | ပဋိသင်္ခါဉာဏ် | | | |
| | | ၁၁ | သင်္ခါရုပေက္ခာဉာဏ် | | | |
| | ဝုဋ္ဌာန | ၁၂ | အနုလောမဉာဏ် | | | |
| နိဗ္ဗာန် | အာရုံပြု | ၁၃ | ဂေါတြဘူဉာဏ် | | ဝိသုဒ္ဓိအစဉ်မှလွတ် | လွတ် |
| | | ၁၄ | မဂ်ဉာဏ် | ၇ | ဉာဏဒဿနဝိသုဒ္ဓိ | သီသ(ခေါင်း) |
| | | ၁၅ | ဖိုလ်ဉာဏ် | | | |
| | | ၁၆ | ပစ္စဝေက္ခဏာဉာဏ် | | | |
| | | ဉာဏ်စဉ် ၁၆ ပါး | | | | |

# ပုဂ္ဂလဘေဒ

(မဂ်ပုဂ္ဂိုလ် ၄-ယောက် ကိလေသာအဆင့်ဆင့်ပယ်ပုံ)

**၁။ သောတာပန်** - သောတ = အရိယာမဂ်တည်းဟူသောရေအလျဉ်သို့
အာပန္န = ရောက်ရှိသူ

- သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်သတ်သောကြောင့် အပါယ်လေးပါးသို့ကျရောက်ခြင်းမှ ကင်းလွတ်သည်။
- ကျန်ကိလေသာများကို အပါယဂမနိယသတ္တိ (အပါယ်ကျရောက်ဖို့ရန် ရှန့်ရင်းကြမ်းတမ်းသောသတ္တိ)လောက်သာ ပယ်သေးသည်။
- အကုသိုလ်စိတ် ၁၂-ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၊ ဝိစိကိစ္ဆာ ၁-ပါး၊ ပေါင်း ၅-ပါးသာ အကြွင်းမဲ့ပယ်သည်။
- ဥဒ္ဓစ္စသည် အပါယ်မကျနိုင်သဖြင့် ဥဒ္ဓစ္စသဟဂုတ်စိတ်ကို တို့ရုံမျှမတို့သေး၊ ကြွင်းသော ၆-ပါးတို့၏ အစွမ်းသတ္တိကိုကား ဖယ်ရှားလိုက်ပါ၏။
- ကာမဘုံ၌ ၇-ကြိမ်သာ ပဋိသန္ဓေနေတော့သည်။
- ရူပ-အရူပဘုံတို့၌ကား ၇-ကြိမ်ထက် လွန်၍လည်း နေကောင်းသည်။

**သောတာပန်ပုဂ္ဂိုလ် ၃-မျိုး**

၁။ ဧကဗီဇိသောတာပန် - ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့်သူ၊

၂။ ကောလံကောလ သောတာပန် - ကာမဘုံ၌ ၂-ဘဝမှ ၆-ဘဝအထိ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့်သူ၊

၃။ သတ္တက္ခတ္တုပရမ သောတာပန် - ကာမဘုံ၌ ၇-ဘဝအထိ ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်မည့်သူ၊
- သောတာပန်ဖြစ်ပြီးလျှင် ကာမဘုံ၌ ၇-ဘဝထက်ပို၍ မဖြစ်နိုင်တော့၊

၇-ဘ၀နှင့် ရဟန္တာဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင်လည်း ကာမဘုံ၌ကား မနေနိုင်တော့ပါ။

- ရူပ-အရူပဘုံ၌ကား ၇-ဘ၀ထက်ပို၍ နေနိုင်သည်။

၂။ **သကဒါဂါမ်** - သကိံ = တစ်ကြိမ်၊
အာဂါမီ = (ဤကာမဘုံသို့) လာဦးမည်။

- ရုန့်ရင်းကြမ်းတမ်းသောကာမရာဂ၊ ဗျာပါဒနှင့် မောဟတို့ကို အကုန်ပယ်သည်။
- သိမ်မွေ့သောကာမရာဂ၊ ဗျာပါဒနှင့် မောဟတို့ကိုကား မပယ်နိုင်သေးပါ။
- ထို့ကြောင့် သကဒါဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်သော ကိလေသာအထူး မရှိသဖြင့် သောတာပတ္တိမဂ်နှင့် အကြွင်းမဲ့ကိလေသာပယ်သတ်ပုံ တူသည်။
- သကဒါဂါမိမဂ်အစွမ်းကား လောဘ၊ ဒေါသ၊ မောဟတို့ကို ခေါင်းပါးရုံသာ တတ်နိုင်သေး၏။
- တစ်ကြိမ် ဤကာမဘုံသို့ လာနိုင်သေး၏။

၃။ **အနာဂါမ်** - ကာမဘုံသို့ လုံး၀ပြန်မလာတော့သော ပုဂ္ဂိုလ်၊

- သိမ်မွေ့သော ကာမရာဂ၊ ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ်သည်။
- အနာဂါမ်ပုဂ္ဂိုလ်စုတေလျှင် အထက်ရူပ-အရူပဘုံတို့၌သာ ဖြစ်ထိုက်သည်။

၄။ **ရဟန္တာ** - ကျန်သောရူပရာဂ၊ မာန၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ အဝိဇ္ဇာ(မောဟ)ဟူသော ကိလေသာတို့ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်သောကြောင့် လောက၌ မြတ်သောအလှူကို ခံထိုက်သည့် ရဟန္တာဖြစ်ပါသည်။

- သန့်ရှင်း၍ မြေဩဇာကြွယ်ဝသော လယ်မြေ၌ စိုက်ပျိုးကြဲချသော မျိုးစေ့ဟူသမျှသည် သန်မာထွားကြိုင်း ပေါက်ဖွားရှင်သန်လာကြပြီးလျှင် အသီးအပွင့်

များစွာကို ဆောင်သကဲ့သို့ ကိလေသာအညစ်အကြေး ကင်းစင်သဖြင့် သန့်ရှင်းမွန်မြတ်သောအဖြစ်သို့ ရောက်ပြီးသော ရဟန္တာအား လှူဒါန်း ပူဇော်သောသူတို့မှာ ကြီးမားသော အကျိုးဖြစ်ထွန်းကြပါသည်။

- ထို့ကြောင့် ရဟန္တာသည် အလှူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး ဖြစ်ပါသည်။
- ရဟန္တာဟူသည် ကိလေသာဟူ၍ မြူမှုမကျန်သဖြင့် မည်သည့်ဘုံသို့မျှ ပဋိသန္ဓေအားဖြင့် မလားရောက်တော့ဘဲ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ဒုက္ခ ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်ပြုတော့ပါသည်။

## သမာပတ္တိဘေဒ

### ၁။ ဖလသမာပတ္တိ

လောက၌ နတ်တို့သည် မိမိတို့ရရှိထားသော နတ်စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့၊ မင်းသည် မင်းစည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့ အရိယာပုဂ္ဂိုလ်များသည် မိမိတို့ရရှိထားသော မဂ်အားလျော်သော အကျိုးဖြစ်သည့် ဖိုလ်ကို အလိုရှိသမျှ ခံစားနိုင်ကြသည်။

ထိုသို့ ဖိုလ်စိတ်တစ်မျိုးတည်း ကြိမ်ဖန်များစွာ ဖြစ်နေသည်ကို ဖလသမာပတ် ဝင်စားသည်ဟု ခေါ်ပါသည်။

ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် မျက်မှောက်သောကိုယ်၏အဖြစ်၌ လောကုတ္တရာချမ်းသာကို ခံစားလိုသောကြောင့် အလိုရှိတိုင်းသောခဏ၌ ကာလအပိုင်းအခြားကို ပြု၍ ဖလသမာပတ်ကို ဝင်စားတော်မူကြသည်။

ဖလသမာပတ်သည် ဝိပဿနာဘာဝနာ၏ အကျိုးထူးသာဖြစ်သည်။ လောကီဈာန်ရမှုနှင့်မဆိုင်။ လောကီဈာန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အရိယာတို့သည် မိမိရအပ်ပြီးသောဖိုလ်ကို ဝင်စားနိုင်ကြသည်။

- သောတာပန်သည် သောတာပတ္တိဖိုလ်ကို ဝင်စားနိုင်၏။
- သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကို ဝင်စားနိုင်၏။

- အနာဂါမ်သည် အနာဂါမိဖိုလ်ကို ဝင်စားနိုင်၏။
- ရဟန္တာသည် အရဟတ္တဖိုလ်ကို ဝင်စားနိုင်၏။

မည်မျှကြာအောင် ဖိုလ်ဝင်စားမည်ဟု မူလရည်မှန်းထားသော အချိန်သို့ ရောက်လျှင် ဖိုလ်စိတ်အစဉ်ရပ်၍ ဘဝင်စိတ်အစဉ်ဖြစ်ပေါ်လာ၏။ ထိုစိတ်အစဉ် ရပ်စဲခြင်းကိုပင် ဖလသမာပတ်မှထသည်ဟု ခေါ်ပါသည်။

<u>ဖလသမာပတ္တိဝီထိ</u>

မန္ဒပုဂ္ဂိုလ် - န - ဒ - မ - နု - နု - နု -နု ဖိုလ်များစွာ ဘ - ဘ

တိက္ခပုဂ္ဂိုလ် - န - ဒ - မ - နု - နု - နု - ဖိုလ်များစွာ- ဘ - ဘ

## ၂။ နိရောဓသမာပတ္တိ

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာရောက်နေခြင်းကို နိရောဓသမာပတ်ဝင်စားသည် ဟုခေါ်ပါသည်။

နိရောဓသမာပတ်ကို ကာမ၊ ရူပ၊ ပဉ္စဝေါကာရဘုံများမှ လောကီဈာန် သမာပတ် ၈-ပါး၊ ၉-ပါးရထားသော အနာဂါမ်ပုဂ္ဂိုလ်များနှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြပါသည်။

ထိုပုဂ္ဂိုလ်များသည် သင်္ခါရတရားတို့၌ သံဝေဂဉာဏ်ဖြင့် ငြီးငွေ့တော်မူကြ၍ သင်္ခါရတို့မှ ကင်းတန်သမျှကင်းလျက် မျက်မှောက်ကိုယ်၏အဖြစ်၌ ချမ်းသာစွာ နေခြင်း အကျိုးငှာ နိရောဓသမာပတ်ဝင်စားကြခြင်း ဖြစ်ပါသည်။

နိရောဓသမာပတ်ဝင်စားလိုသော် ရူပါဝစရပထမဈာန်ကို ရှေးဦးစွာ ဝင်စားရသည်။ ထိုပထမဈာန်မှထပြီးသောအခါ ဈာန်အတွင်း၌ဖြစ်သော သင်္ခါရတရား တို့ကို အနိစ္စ- ဒုက္ခ-အနတ္တအားဖြင့် ဝိပဿနာရှုရပါသည်။

ထိုသို့ဈာန်ဝင်စားခြင်း၊ ဝိပဿနာရှုခြင်းဟူသော သမထ၊ ဝိပဿနာအစုံကို ဒုတိယဈာန်မှစ၍ ဝိညာဏဉ္စာယတနဈာန်တိုင်အောင်ဖြစ်စေပြီး အာကိဉ္စညာယတန ဈာန်ကို ဝင်စားပြန်၏။

ထိုဈာန်မှထသော် ဝိပဿနာမရှုဘဲ ပုဗ္ဗကိစ္စ ၄-ပါးကို ပြုရပါသည်။

၁။ ကိုယ်နှင့်မစပ်၊ သီးခြားထားသော ပရိက္ခရာ၊ ကျောင်း စသည်တို့ကို မိမိဘာမာပတ်ဝင်စားနေခိုက် ရန်သူမျိုး ၅-ပါးတို့ မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ပြုရခြင်း၊

၂။ သံဃာက အလိုရှိ၍ခေါ်သော် သံဃာကို ရိုသေသောအားဖြင့် တမန်ရဟန်း မရောက်မီ ကြိုတင်၍ သမာပတ်မှ ထရပါလို၏ ဟု အဓိဋ္ဌာန်ပြုရခြင်း၊

၃။ ဘုရားရှင်ကို ရိုသေသောအားဖြင့် ဘုရားရှင်အလိုရှိ၍ခေါ်သော် တမန်ရဟန်းတော် မရောက်မီကြိုတင်၍ သမာပတ်မှထရပါလို၏ဟု အဓိဋ္ဌာန်ပြုခြင်း၊

၄။ ခုနစ်ရက်အတွင်း ကမ္မဇရုပ်ကိုဖြစ်စေတတ်သော အသက်၏တည်ခြင်းကို ကြည့်ရှုခြင်း။

(ကာမဘုံသားတို့က ထမင်းအသက် ခုနစ်ရက်ဖြစ်၍ တစ်ကြိမ်လျှင် ၇-ရက်သာ သမာပတ်ဝင်စားနိုင်သည်။ ရူပဗြဟ္မာတို့ကား အလိုရှိသမျှ ကာလရှည်စွာ ဝင်စားနိုင်ကြပါသည်။)

ဤပုဗ္ဗကိစ္စ ၄-ပါးကိုပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ဝင်စားရပါသည်။

ထို နေဝသညာနာသညာယတနစျာန်ဇော ၂-ကြိမ်စောပြီးသည်၏ အခြားမဲ့၌ စိတ်အစဉ်သည် ပြတ်ပြီး စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ချုပ်ခြင်းဟူသော နိရောဓသို့ ဆိုက်ရောက်သွားပါသည်။

အဓိဋ္ဌာန်ထားသော အချိန်စေ့ရောက်၍ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ ပြန်လည်ဖြစ်ပေါ်လာခြင်းကို နိရောဓသမာပတ်မှထသည်ဟု ဆိုပါသည်။

ထိုအခါ၌ အနာဂါမ်ဖြစ်က အနာဂါမိဖိုလ်ဇောတစ်ကြိမ်စောပြီးနောက် ဘဝင်ကျလေတော့သည်။ ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇောတစ်ကြိမ်စောပြီး ဘဝင်ကျသည်။

ထို့နောက်မှ မိမိဖိုလ်ကိုပြန်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဖြစ်ပါသည်။

**<u>နိရောဓသမာပတ္တိဝီထိ</u>**

န-ဒ-မ-ပ-ဥ-နု-ဂေါ-နေဝသညာဇော ၂-ကြိမ် (နိရောဓ) ဖိုလ်-ဘ

## ဝိမောက္ခဘေဒ

ဝိမောက္ခ = ကျွတ်ခြင်း၊ လွတ်ခြင်း
ဘေဒ = အပြား

- ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့မှ လွတ်သောကြောင့် မဂ်နှင့် ဖိုလ်သည် ဝိမောက္ခ မည်ပါသည်။

### ဝိမောက္ခ ၃-မျိုး

၁။ **အနိမိတ္တဝိမောက္ခ** - ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၌ နိမိတ္တ ခေါ် ပုံသဏ္ဌာန်မရှိကြောင်းကို အနိစ္စာနုပဿနာဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်၊

၂။ **အပ္ပဏိဟိတဝိမောက္ခ** - ခန္ဓာငါးပါး ရုပ်-နာမ် တရားတို့၌ တဏှာဖြင့် တောင့်တအပ်သော (သုခ)ချမ်းသာမရှိကြောင်းကို ဒုက္ခာနုပဿနာဉာဏ်ဖြင့်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်ဖိုလ်၊

၃။ **သုညတဝိမောက္ခ** - ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၌ အတ္တမရှိ ဟု အနတ္တာနုပဿနာဉာဏ်ဖြင့်သိ၍ ကိလေသာမှ လွတ်မြောက်သောမဂ်ဖိုလ်၊

***အနိ-အနိစ္စ၊ ဒုက်-ပဏိတ၊ အနတ်-သုည၊ သုံးဝိမောက္ခ။***

### ဝိမောက္ခမုခ ၃-မျိုး (အနုပဿနာ ၃-မျိုး)

(ဝိမောက္ခ = မဂ်၊ ဖိုလ်
မုခ = ဝင်ရာတံခါးပေါက်
အနုပဿနာ = အဖန်ဖန်ရှုမှတ်ခြင်း)

- မဂ်၊ ဖိုလ်တည်းဟူသော ဝိမောက္ခသို့ ဝင်ရောက်ဖို့ရာ တံခါးပေါက်နှင့်တူသည့် ဝိပဿနာတရားကို ဝိမောက္ခမုခ ဟု ခေါ်ပါသည်။

၁။ **အနိစ္စာနုပဿနာ** - အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခ၊

- ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ ပုံသဏ္ဌာန်နိမိတ်မရှိကြောင်းကို ရှုမြင်တတ်သော အနိစ္စာနုပဿနာသည် အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခ မည်ပါသည်။

၂။ **ဒုက္ခာနုပဿနာ** - အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ၊

- ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ ချမ်းသာသုခမရှိကြောင်းကို ရှုမြင်တတ်သော ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ မည်ပါသည်။

၃။ **အနတ္တာနုပဿနာ**- သုညတာနုပဿနာမည်သော ဝိမောက္ခသုခ၊

- ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ အတ္တမရှိဘဲ သုညချည်း ဖြစ်သည်ကို ရှုမြင်တတ်သော အနတ္တာနုပဿနာသည် သုညတာနုပဿနာမည်သော ဝိမောက္ခ မုခ မည်ပါသည်။

ဝိမောက္ခမုခ = ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်၊ — သင်္ခါရုပေက္ခာဉာဏ်
— အနုလောမဉာဏ်

- အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု အဖန်ဖန်ရှုမြင်သိခြင်းသည် သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်များ ရင့်သန်လာခြင်းပင် ဖြစ်ပါသည်။
- ထိုဉာဏ် ၂-မျိုးကိုပင် ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ် ဟု နာမည်တစ်မျိုးတည်းဖြင့် ခေါ်ခြင်းဖြစ်သည်။
- ထိုဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်သို့ရောက်လျှင် ဝိမောက္ခမုခမည်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တံခါးဝသို့ရောက်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုလှမ်း၍ ကြည့်ရှုနိုင်-သိရှိနိုင် ပါတော့သည်။ (သီးခြားနည်းဖြင့် သိမြင်နိုင်စွမ်းမရှိပါ။)

## နိမိတ္တနှင့် အနိမိတ္တာနုပဿနာ

နိမိတ္တ = လက်၊ ခြေ၊ ဦးခေါင်းစသော အပေါင်းသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ မိန်းမ၊ ယောကျ်ား စသည့် ပုံသဏ္ဌာန်အားဖြင့် မှတ်ယူဖြစ်သောကြောင့် နိမိတ္တ၊

အနိမိတ္တာနုပဿနာ = ရုပ် - နာမ်တရားတို့ကို အနိစ္စ-အမြဲမရှိ ဟု ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ရှုမြင်သိရှိလိုက်သောအခါ ပုဂ္ဂိုလ် သတ္တဝါ-ယောကျ်ား-မိန်းမဟူသော နိမိတ်သဏ္ဌာန်များ ကျေပျောက်သွားသည်။

- ထိုနိမိတ်သဏ္ဌာန်များပျောက်အောင် အဖန်ဖန်ရှုခြင်းသည် အနိမိတ္တာနုပဿနာ၊

## ပဏိဟိတနှင့် အပ္ပဏိဟိတာနုပဿနာ

ပဏိဟိတ = မိမိနှစ်သက်ရာအာရုံများကို တွေ့မြင်သောအခါ သုဘပဲ-ကြွေပဲ ဟု မှတ်ထင်ခြင်းသည် ပဏိဟိတ၊

အပ္ပဏိဟိတ = ရုပ်-နာမ်တရားတို့ကို ဆင်းရဲကြောင်းတရားဟု ဝုဋ္ဌာနဂါမိနိနုပဿနာဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိလိုက်သောအခါ ထိုနှစ်သက်စရာတို့ အကုန်ပျောက်ပျက်သွား၏။

- ထိုနှစ်သက်စရာတို့ပျောက်အောင် အဖန်ဖန်ရှုခြင်းသည် အပ္ပဏိဟိတနုပဿနာ၊

## အသုညတနှင့် သုညတာနုပဿနာ

အသုညတ - လူ၊ နတ်၊ ဗြဟ္မာ၊ ငါ၊ သူတပါး၊ ယောကျ်ား-မိန်းမဟူ၍လည်းကောင်း၊ အစိုးရသည်၊ ပိုင်ဆိုင်သည်၊ ခိုင်ခံ့သည်၊ မိမိအလိုသို့ လိုက်သည်၊ ကာလရှည်စွာတည်သည် ဟူ၍လည်းကောင်း၊

- အထင်မှားသမျှ မရေမတွက်နိုင်သော အယူဒိဋ္ဌိအမျိုးမျိုးကို အတ္တဟူ၍လည်းကောင်း၊ ဇီဝဟူ၍လည်းကောင်း ထင်မြင်မှုသည် အသုညတ၊

သုညတာနုပဿနာ - ထိုအသုညတာကို သုညဖြစ်သွားအောင် အနတ္တ (မိမိအလိုသို့ မလိုက်၊ အစိုးမရ၊ မပိုင်နိုင်) သူ့သဘောသူဆောင်နေခြင်းသာ ဖြစ်သည်)ဟု ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ဖြင့် ရှုမြင်သိရှိလိုက်သောအခါ ထိုအတ္တ၊ ဇီဝ(အသုည) သဘောအကုန် ဆိတ်သုဉ်းသွားအောင်(သုညဖြစ်သွားအောင်) ဖျက်ဆီးပယ်ဖျောက်လိုက်၏။

- ထိုသို့အစိုးမရ (သုညဖြစ်သွားအောင်) အဖန်ဖန်ရှုခြင်းသည် သုညတာနုပဿနာ၊

**ဝိမောက္ခ ၃-မျိုးပြားရပုံ**

ဝိမောက္ခဟူသော မဂ်သို့ရောက်ရပုံချင်းတူသော်လည်း ရှုပွားပုံအခြင်းအရာ ၃-မျိုး ကွဲပြားသွားသဖြင့် ဝိမောက္ခဟူသော မဂ် ၃ မျိုး ပြားသွားရပါသည်။

မဂ်သို့ရောက်ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာသည်-

- အနိစ္စဟု ရှုပါက ရအပ်သောမဂ်နှင့်မဂ္ဂါနုဿရဖိုလ်တို့သည် အနိမိတ္တ ဝိမောက္ခ အမည်ရပါသည်။
- ဒုက္ခ ဟု ရှုပါက ရအပ်သော မဂ်နှင့်မဂ္ဂါနုဿရဖိုလ်တို့သည် အပ္ပဏိဟိတ ဝိမောက္ခ အမည်ရပါသည်။
- အနတ္တဟု ရှုပါက ရအပ်သော မဂ်နှင့် မဂ္ဂါနုဿရဖိုလ်တို့သည် သုညတဝိမောက္ခ အမည်ရပါသည်။

ဥပမာ - ရန်ကုန်သို့ မန္တလေးမှလာရာတွင် ကားဖြင့်လာသူ၊ ရထားဖြင့်လာသူ၊ လေယာဉ်ပျံဖြင့်လာသူ ကွဲပြားခြားနားသလို ရောက်ရာနေရာတူသော်လည်း ရောက်ပုံအခြင်းအရာမတူ၍ အမည်များကွဲပြားရပါသည်။

- အနိစ္စကို အဖန်ဖန်ရှုသောတံခါးပေါက်၊
- ဒုက္ခကို အဖန်ဖန်ရှုသောတံခါးပေါက်၊
- အနတ္တကို အဖန်ဖန်ရှုသောတံခါးပေါက်၊

ဤတံခါးပေါက် ၃-ပေါက်မှ နှစ်သက်ရာ တံခါးပေါက်ဖြင့် နိဗ္ဗာန်ဝင်ရောက်နိုင်ပါသည်။

# အဘိဓမ္မာ သင်စရာ

သဒ္ဓါရှိမှု၊ စိတ်ကြည်ဖြူ၊ ကောင်းသူခေါ်ရပါ။

ပညာရှိသူ၊ စွမ်းအားယူ၊ တော်သူခေါ်ရပါ။

တော်လည်းတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ။

ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ။

တော်လည်းတော်ဖို့၊ ကောင်းလာဖို့၊ သင်စို့ ဘိဓမ္မာ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အရှင်သီရိန္ဒာဘိဝံသ(ယော)